www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

# မဟာပြိုင်ဘက်

ချင်းချင်းယွင်၏ ဖျောင်းဝါးလိန်



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၂ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ-၄၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို (ပန်းဧဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း နှင့် မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။

BURMESE CLASSIC



## မိတ်ဖြစ်သွေးဖြစ်

ထိုက်ဂူးမြို့ ...။

ထိုက်ဂူးမြို့သည် လွန်စွာစည်ကားသော မြို့ကြီးတစ်မြို့ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး အချက်အချာကျသည့် လမ်းဆုံလမ်းခွတွင်ရှိ၍ အနယ်နယ်အရပ်ရပ်မှ ကုန်သည်ပွဲစားများ၊ သိုင်းလောကသားများ၊ အပန်းဖြေခရီးထွက်လာသူများဖြင့် ၁၂ လရာသီပတ်လုံး စည်ကားနေသည့် မြို့ကြီးဖြစ်သည်။

ဥဒဟိုသွားလာနေသည့် လမ်းမကြီးတစ်နေရာတွင် ရပ်ဝေးမှ ရောက်ရှိလာဟန်တူသော လူရွယ်တစ်ဦးသည် ဟိုဟိုသည်သည် ငေးမောရင်း ရင်သပ်ရှုမောဖြစ်နေလေသည်။

သူသည် လူသူဝေးလံခေါင်းပါးသောအရပ်၌ ၁၀ နှစ်ကျော်နေထိုင်ကာ သိုင်းပညာကို အပတ်တကုတ် ကြိုးပမ်းသင်ယူ လေ့ကျင့်လာခဲ့သူဖြစ်သည်။

သူ၏အမည်မှာ သုကျိန်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် သိုင်းလောကတွင် လူအများ၏ လေးစားဂုဏ်ယူဖွယ်ရာ သိုင်းသမားဘဝကို ပိုင်ဆိုင်ရှိနိုင်လိမ့်မည်ဟု ယုံကြည်ထားလေသည်။

✵

သုကျိန်းသည် လမ်းမကြီးအတိုင်းလျှောက်လာရင်း ဝမ်းဟာလာသဖြင့် စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်စားသောက်လိုက်သည်။ စားသောက်ပြီးလျှင် မြင်းတစ်ကောင် ရှာဖွေဝယ်ယူပြီး ခရီးဆက်ရန် စိတ်ကူးထား၏။

သို့သော် သူစိတ်ကူးသလို ဖြစ်မလာခဲ့ချေ။ မျှော်လင့်မထားသောကိစ္စတစ်ရပ် ပေါ်ပေါက်လာသဖြင့် သူ၏စိတ်ကူး ပျက်ပြယ်သွားရခြင်း ဖြစ်ပေသည်။ ယင်းကိစ္စကား အခြားမဟုတ်ချေ။

ထိုက်ဝူးမြို့တွင် နှစ်သစ်ကူး ပျော်ပွဲရွှင်ပွဲအဖြစ် သိုင်းပြိုင်ပွဲကျင်းပမည်ဖြစ်ကြောင်း သိရှိလိုက်ရသောကြောင့် ဖြစ်သည်။

သုကျိန်းသည် သိုင်းပြိုင်ပွဲကို စိတ်ဝင်စားသွားလေသည်။

ထို့ကြောင့် ... သူသည် သိုင်းပြိုင်ပွဲကိုကြည့်ရှုပြီးမှ ရှေ့ခရီးဆက်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

✵



ထိုက်ဝူးမြို့စားသည် သိုင်းပညာတတ်မြောက်ထားသူ တစ်ယောက်ဖြစ်သည်။

သိုင်းပညာကို ချစ်မြတ်နိုးသူဖြစ်၍ သိုင်းလောကသားများကို ထိုက်သင့်သလို ချီးမြှင့်မြှောက်စားသူလည်း ဖြစ်သည်။

နှစ်စဉ် နှစ်သစ်ကူးပွဲတော်အချိန်သမယသို့ရောက်လျှင် ပျော်ပွဲရွှင်ပွဲများ ကျင်းပပေးသလို သိုင်းပြိုင်ပွဲကိုလည်း တခမ်းတနား ကျင်းပပေးလေသည်။

ပြိုင်ပွဲ၌ အနိုင်ရသူများကိုလည်း ထိုက်ထိုက်တန်တန် ဆုချီးမြှင့်လေ့ရှိသည်။

ယခုနှစ်တွင် ...

ထိုက်ဝူးမြို့စားလည်း အဖိုးတစ်သိန်းထိုက်တန်သော ရွှေဓားတစ်ချောင်းကို သိုင်းပြိုင်ပွဲ၌ ပထမဆုရသူကို ချီးမြှင့်မည်ဟု ကြေညာထားသည်။

ထို့ကြောင့် ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် အနယ်နယ်အရပ်ရပ်မှ သိုင်းသမားများ ရောက်ရှိလေရာ ထိုက်ဝူးမြို့မှာ ခါတိုင်းနှစ်များထက် ပို၍ စည်ကားသိုက်မြိုက်နေလေတော့သည်။

✵

www.burmeseclassic.com

www.burmeseclassic.com



ထိုက်ပွဲးတစ်မြို့လုံး သိုင်းပြိုင်ပွဲနှင့်ပတ်သက်၍ လွန်စွာစိတ်ဝင်စားလျက်ရှိနေကြသည်။

သုကျိန်းလည်း စိတ်ဝင်စားနေလေသည်။

ထို့ကြောင့် သိုင်း ပြိုင်ပွဲကိုကြည့်ရှုရန် ဆုံးဖြတ်လိုက်ပြီး တည်းခိုခန်းတစ်ခုတွင် အခန်းတစ်ခန်း ငှားရမ်းနေထိုင်လိုက်သည်။

ကံကောင်းသည်ဟုဆိုရပေမည်။

သူ အခန်းတစ်ခန်း ငှားရမ်းပြီးချိန်တွင် မည်သည့်တည်းခိုခန်းမျှ အခန်းလွတ်မရှိတော့ခြင်းကြောင့် ဖြစ်လေသည်။

အနယ်နယ်အရပ်ရပ်မှ ရောက်လာကြသော ခရီးသည်များ သိုင်းလောကသားများကြောင့် တည်းခိုခန်းများ အခန်းလွတ်မကျန်အောင် ပြည့်နှက်သွားလေသည်။

သုကျိန်းသည် လူသူဝေးလံသော တောတောင်ထဲ၌ ကာစနေထိုင်ခဲ့သည်မှ ကြာပြီဖြစ်ရာ လူစည်ကားသော ရပ်ရွာသို့ ရောက်လာသောအခါ ရုတ်တရက် သဟဇာတမဖြစ်ဘဲ စိတ်ရှုပ်ထွေးနေသည်။ မနေတတ် မထိုင်တတ်သလိုဖြစ်နေရသည်။

သို့သော် တဖြည်းဖြည်းနှင့် ကျင့်သားရသည့်အခါ ဖြောက်အိုးဖောက်သံ၊ တူရိယာမှုတ်သံ၊ စကားပြောသံ၊ ရယ်မောသံများ



သည် စိတ်လှုပ်ရှားစရာကောင်းသလို ပျော်စရာလည်းကောင်းသည်ဟု ထင်မှတ်လာ၏။

မည်သို့ဆိုစေ သူ့အနေဖြင့် လူ့လောကထဲသို့ ပြန်လည်ရောက်ရှိလာပြီဟု ဆိုရပေမည်။

သုကျိန်းသည် အခန်းအောင်းနေလိုက်၏။

သိုင်းပြိုင်ပွဲ ကျင်းပချိန်မတိုင်မီ အေးအေးဆေးဆေးနေမည်ဟု ဆုံးဖြတ်ထားလေသည်။

တစ်နေ့တာအချိန် ကုန်ဆုံးတော့မည် ဖြစ်သည်။ အလင်းရောင် တစ်စထက်တစ်စ အားပျော့လာသည်။

သုကျိန်းသည် ညစာ စားသောက်ရန် အခန်းတွင်းမှထွက်ဖို့ ဟန်ပြင်လိုက်သည်။

'ဒေါက် ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

သုကျိန်း အံ့သြသွားသည်။ ဤမြို့တွင် သူနှင့်သိကျွမ်းသူ တစ်ဦးတစ်ယောက်မျှ မရှိပါ။

"ဘယ်သူများပါလိမ့်"

တွေးကာ တံခါးဖွင့်ပေးလိုက်သည်။

တံခါးပွင့်သွားသည့်အခါ အပြင်ဘက်၌ လူရွယ်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်ကို တွေ့ရလေသည်။

ထိုလူရွယ်သည် အပြာရောင်ဝတ်ဆင်ထားပြီး နှစ်လိုဖွယ်ကောင်းသော အပြုံးပိုင်ရှင် ဖြစ်သည်။ သုကျိုန်းကိုပြုံးပြရင်း ...

"ကျွန်တော့်နာမည် လုကောက်လို့ ခေါ်ပါတယ်ဗျာ၊ နောင်ကြီးရဲ့ ဝဲဘက်အခန်းကပါ။ ကျွန်တော် တစ်ယောက်တည်း ပျင်းပျင်းရှိတာနဲ့ နောင်ကြီးကိုလာပြီး မိတ်ဖွဲ့တာပါ"

သုကျိုန်း ဝမ်းသာသွားလေသည်။ သူလည်း တစ်ယောက်တည်း ပျင်းရိနေသည် မဟုတ်ပါလား။

"ဪ ... အထဲကို ဝင်ပါဦးလားဗျာ"

သုကျိုန်းက ဖိတ်ခေါ်လိုက်သည်။ လုကောက်အမည်ရှိ လူရွယ်က ...

"နောင်ကြီး ညစာစားချိန်တောင် ရောက်နေပြီပဲ၊ ကျွန်တော်တို့ တစ်ခုခုစားကြရင် မကောင်းဘူးလား"

သုကျိုန်း ခေါင်းညိတ်လိုက်သည်။

"ကောင်းသားပဲ၊ ကျုပ်လည်း အခုပဲ ညစာထွက်စားတော့မလို့၊ အတူတူသွားကြတာပေါ့"

သုကျိုန်းသည် အခန်းတံခါးကို ပိတ်ပြီး လုကောက်နှင့်အတူတည်းခိုခန်းထဲမှ ထွက်လာခဲ့လေသည်။



စားသောက်ဆိုင်တစ်ဆိုင်သို့ သွားရောက်စားသောက်လိုက်ကြလေသည်။

အချိန်များ တဖြည်းဖြည်းကုန်ဆုံးသွားရာ နေရောင်ပျောက်ကွယ်ပြီး မှောင်ရိပ်သမ်းလာသည်။

ဆိုင်ထဲ၌ မီးအိမ်များထွန်းညှိထား ရာ လင်းလင်းကျင်းကျင်းဖြစ်လာလေသည်။

သုကျိုန်းနှင့် လုကောက်တို့ စားပွဲတစ်လုံး၌ထိုင်ကာ ဝိုင်းဖွဲ့စားသောက်နေကြဆဲဖြစ်သည်။

လုကောက်သည် သဘောကောင်းပြီး ပျော်ပျော်ရွှင်ရွှင်နေတတ်သူတစ်ယောက် ဖြစ်ပုံရလေသည်။ သုကျိုန်းကိုမိတ်ဖွဲ့ပြီး သူကပင် အကုန်အကျခံကာ ကျွေးမွေးလေသည်။

မည်သို့မျှ တားဆီးမရအောင် စေတနာဗရပွဖြင့် ကျွေးမွေးနေခြင်းဖြစ်သည်။

သူတို့စားသောက်ရင်း ...

"နောင်ကြီးက ထိုက်ဝူးမြို့စားရဲ့ သိုင်းပြိုင်ပွဲအတွက် လာခဲ့တာလားဗျာ"

လုကောက်က မေးလိုက်ခြင်းဖြစ်သည်။ သုကျိုန်း ခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က လှရန်မြို့ကို သွားမလို့ပါ။ သိုင်းပြိုင်ပွဲကျင်းပမယ်ကြားလို့ ကြည့်ချင်တာနဲ့ ဒီမှာ တစ်ညနားလိုက်တာပါ"

လှကောက်က ...

"နောင်ကြီးကိုကြည့်ရတာ သိုင်းပညာတတ်မြောက်ထားပုံရတယ်၊ ကျွန်တော်ပြောတာ မှန်ရဲ့လားဗျာ"

ထိုစကားကြောင့် သုကျိန်း မျက်မှောင်ကြုတ်သွားလေသည်။

လှကောက်သည် ခင်မင်ရင်းနှီးစရာကောင်းသော်လည်း စပ်စပ်စုစုပြုလုပ်သည်ကို သုကျိန်း သဘောမကျချေ။

သုကျိန်း အလိုမကျဖြစ်သွားသည်ကို လှကောက် သတိပြုမိသွားပုံရသည်။

"ကျွန်တော် စပ်စပ်စုစု လုပ်တယ်လို့တော့ မထင်စေချင်ပါဘူးဗျာ၊ နောင်ကြီးဟာ သိုင်းပညာတတ်မြောက်ထားတဲ့ လူ တစ်ယောက်လို့ အကဲခတ်မိလို့ပါ"

လှကောက်က ဖြေရှင်းပေးလိုက်သည်။

ထိုအခါမှ သုကျိန်းက ပြုံးကာ ...

"ညီလေးပြောတာမှန်ပါတယ်၊ ကျုပ်က သိုင်းပညာ အနည်းအကျဉ်း တတ်မြောက်ထားပါတယ်"



လှကောက်က ...

"နောင်ကြီးအနေနဲ့ သိုင်းပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မယ့် အစီအစဉ် ရှိသလားဗျာ"

သုကျိန်းက ခေါင်းခါယမ်းလိုက်သည်။

"မရှိပါဘူး"

လှကောက်က ...

"အင်း ... နောင်ကြီးသာဝင်ပြီးယှဉ်ပြိုင်မယ်ဆိုရင် သိပ်ကောင်းမှာပဲ၊ ကျွန်တော် အဖော်ရတာပေါ့"

သုကျိန်းက ...

"ကျုပ် ပါဝင်ယှဉ်ပြိုင်ဖို့ စိတ်ကူးမရှိပါဘူး"

"ဒီတစ်ခါပြိုင်ပွဲက အတော့်ကို စိတ်ဝင်စားစရာကောင်းတာဗျ၊ ပထမဆုရရင် အဖိုးတစ်သိန်းထိုက်တန်တဲ့ ရွှေများကို ချီးမြှင့်မှာဗျ"

သုကျိန်းက ဘာမှမပြောဘဲ ပြုံးလိုက်လေသည်။

လှကောက်က ဆက်ပြောသည်။

"ကျွန်တော်က ပထမဆုရအောင် ကြိုးစားမယ်လို့ ဆုံးဖြတ်ထားပါတယ်ဗျာ"

"ကောင်းတာပေါ့ ... ကြိုးစားရင် ဖြစ်နိုင်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ရောက်တတ်ရာရာပြောဆိုရင်း စားသောက်နေကြစဉ် လူတစ်ယောက်သည် သူတို့အနီးသို့ ရောက်ရှိလာ၏။

ထိုလူမှာ အနက်ရောင်ဝတ်ဆင်ထားပြီး ခက်ထန်ကြမ်းတမ်းသော ရုပ်သွင်ရှိလေသည်။

စားပွဲအနီး၌ လာရပ်လိုက်သဖြင့် လုကောက်နှင့်သုကျိန်းတို့ မော့ကြည့်လိုက်ကြသည်။

ထိုလူက လုကောက်ကို စိုက်ကြည့်လိုက်ပြီး ...

"မင်းက သိုင်းပြိုင်ပွဲမှာ ပထမရအောင် ကြိုးစားမယ် ... တတ်လား"

ဟု မေးလာလေသည်။

လုကောက် ရယ်မောလိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်က အစွမ်းကုန်ကြိုးစားမယ်လို့ ဆုံးဖြတ်ထားပါတယ်"

"ဟား ဟား ဟား"

အနက်ရောင်ဝတ်ထားသူက ဟားတိုက်ရယ်မောလိုက်လေသည်။ လုကောက်နှင့်သုကျိန်းတို့ ကြောင်အမ်းအမ်းဖြစ်သွားကြ၏။

လုကောက်က မျက်မှောင်ကုတ်ကာ ...



"ဘာဖြစ်လို့လဲဗျ"

ဟု မေးလိုက်သည်။ ထိုလူက ...

"မင်းက ပထမရအောင် ကြိုးစားမယ်ဆိုလို့ သဘောကျပြီးရယ်နေတာပေါ့ကွ၊ ပထမရအောင်ကြိုးစားဖို့ပဲ သိတယ်၊ ဒုက္ခရောက်မှာကိုတော့ ထည့်မစဉ်းစားဘူး၊ ဒါကြောင့် ရယ်တာ"

"ပထမရအောင် ကြိုးစားတာနဲ့ ဒုက္ခရောက်ရမှာ ဘာဆိုင်လို့လဲ"

လုကောက်က မကျေမနပ်လေသံဖြင့် ပြန်ပြောသည်။ ထိုလူက ...

"ဆိုင်တာပေါ့၊ ငါတို့ရဲ့သခင်လေးသာ ဒီပြိုင်ပွဲမှာ ပထမရမှာကွ၊ သခင်လေးသွားမယ့်လမ်းမှာ အနှောင့်အယှက်ပေးလာတဲ့လူ မှန်သမျှ ဒုက္ခရောက်ရမှာချည်းပဲ"

"ဒါကတော့ဗျာ၊ ပြိုင်ပွဲမှာ စာရေးနည်းလမ်းတကျ ယှဉ်ပြိုင်ရင် ပညာသာတဲ့လူ ပထမရမှာပေါ့ဗျာ၊ ဘာမှ ပူပန်စရာမလိုပါဘူး"

လုကောက်က ပြန်ပြောလိုက်သည်။ ထိုလူက နှုတ်ခမ်းမဲ့ကာ ...

"ဘာပဲဖြစ်ဖြစ် ... သခင်လေးကို နှောင့်ယှက်မယ့်သူမှန်သမျှ ကျုပ်တို့က လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားသံတွင် ရန်လိုသည့်သဘော၊ ခြိမ်းခြောက်သည့်သဘော ပါဝင်နေသဖြင့် လုကောက်နှင့်သုကျိန်းတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြလေသည်။

ထိုလူက ဆက်ပြောလိုက်၏။

"မင်းလည်း သတိကြပ်ကြပ်ထားပါ"

အသားလွတ် ဝေါက်ငမ်းခံလိုက်ရသဖြင့် လုကောက်သည် လှုငယ်ဗီဗီ ခံပြင်းသွားလေတော့၏။

"မိတ်ဆွေ ... သိုင်းပြိုင်ပွဲကို ဘယ်သူမဆို ပါဝင်ယှဉ်ပြိုင်ခွင့် ရှိကြပါတယ်၊ ပထမဆုကိုလည်း ပြိုင်ပွဲဝင်တဲ့လူတိုင်း မျှော်မှန်းနိုင်ကြပါတယ်၊ မိတ်ဆွေက ပြိုင်ပွဲဝင်မယ့်လူတွေကို ခုလို လိုက်ပြီး ခြိမ်းခြောက်နေတာကိုသာ မြို့စားကြီးသိသွားရင် အရေးယူခံရမှာသေချာတယ်"

လုကောက်၏ အချက်ကျကျပြောဆိုမှုကြောင့် ထိုလူ မျက်နှာပျက်သွားလေသည်။

သို့တိုင် ...

"ကျုပ် သတိပေးပြီးပြီ၊ မင်းက ရှေ့ဆက်ကြိုးစားမယ်ဆိုရင် ကျုပ်တို့အဆိုးမဆိုနဲ့"

ထိုလူသည် ပြောဆိုကြိုးဝါးကာ လှည့်ထွက်သွားလေသည်။



လုကောက် သက်ပြင်းချလိုက်သည်။ သုကျိန်းဘက်သို့လှည့်ကာ ...

"အတော်ဆိုးတဲ့လူတွေပဲ၊ နောင်ကြီးကော ဘယ်လိုသဘောရသလဲ"

ဟု မေးလေသည်။

"သူတို့က ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ပထမရဖို့ပဲ မျှော်မှန်းထားပုံရတယ်"

သုကျိန်းက မှတ်ချက်ချသည်။ လုကောက်က ...

"ဘာပဲဖြစ်ဖြစ် ပြိုင်ပွဲမှာ တရားသဖြင့် ကြိုးစားပြီးရယူရင်လည်း ဖြစ်နိုင်တာပါပဲ၊ တခြားလူတွေကိုလိုက်ပြီး ခြိမ်းခြောက်နေစရာ မလိုပါဘူး"

သုကျိန်း ခေါင်းညိတ်လိုက်သည်။

"ဒါတော့ ဟုတ်ပါတယ်"

လုကောက်က သက်ပြင်းချရင်း ...

"အင်း ... ဒီနှစ်ပြိုင်ပွဲဟာ အတော့်ကိုထူးခြားလိမ့်မယ်ဆိုတာ ထင်ရှားနေပြီ၊ နောင်ကြီးရော ဝင်ပြိုင်ပါလားဗျာ၊ ဒါဆို သိပ်ကို ကြည့်ကောင်းမှာဗျ"

သုကျိန်း ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ညီက ကျုပ်ကို ပြိုင်ပွဲဝင်စေချင်နေတာကိုး၊ မဖြစ်ပါဘူးကွာ ... ကျုပ်က ပါဝင်ယှဉ်ပြိုင်ဖို့ စိတ်မကူးပါဘူး"

"ဒါဆိုလည်း ကျွန်တော် ပြိုင်ပွဲဝင်နေတဲ့အချိန်မှာ နောင်ကြီး အနားကနေ အားပေးနေရင် သိပ်ကောင်းမှာပဲ"

သုကျိန်း ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ ... ကျုပ်က ပြိုင်ပွဲကိုကြည့်ဖို့ ဆုံးဖြတ်ထားတယ်၊ ညီလေးကို အားပေးမှာပါ"

ထိုစကားကြောင့် လုကောက် ဝမ်းသာသွားသည်။

"ဝမ်းသာလိုက်တာဗျာ"

သူတို့သည် အားရပါးရ စားသောက်ကြပြီးနောက် ကျသင့်ငွေ ပေးချေကာ စားသောက်ဆိုင်ထဲမှ ထွက်လာခဲ့ကြသည်။

ထို့နောက် မြို့တစ်ပတ် လှည့်သည်ကြည့်ရှုကြပြီး တည်းခိုခန်းသို့ပြန်ကာ အနားယူလိုက်ကြလေတော့သည်။

✲✲✲



## ပြိုင်ပွဲ

အားလုံးမျှော်လင့်နေကြသော သိုင်းပြိုင်ပွဲကြီးကား စတင်လေပြီ။

သိုင်းပြိုင်ပွဲကို ထိုက်ဂူးမြို့စားဂေဟာရှေ့ မြေကွက်လပ်တွင် စင်မြင့်ထိုးကာ ကျင်းပခြင်း ဖြစ်လေသည်။

မြေကွက်လပ်ပတ်ပတ်လည်တွင် ပွဲကြည့်ပရိသတ်များဖြင့် ကြက်ပျံမကျ စည်ကားလျက်ရှိနေသည်။

ထိုက်ဂူးမြို့စားကြီးကိုယ်တိုင် သိုင်းပြိုင်ပွဲကို လာရောက်ကြည့်ရှု အားပေးလေသည်။

ထို့ပြင် ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အကဲဖြတ်လူကြီးများအားလုံး စုံစုံညီညီ ရောက်ရှိလာကြလေသည်။

ပြိုင်ပွဲကို တစ်ရက်တည်းနှင့်အပြီး ကျင်းပမည်ဖြစ်ရာ တစ်ရာကျော်မျှရှိသော ပြိုင်ပွဲဝင်များကို အဆိုင်းငါးဆိုင်းခွဲကာ ယှဉ်ပြိုင်စေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူကျိန်းသည် ပြိုင်ပွဲသို့ရောက်ရှိလာပြီး လုကောက်ကို အားပေးခဲ့လေသည်။

☼

သိုင်းပြိုင်ပွဲ ...။

နံနက် ဝေလီဝေလင်းအချိန်မှာပင် သိုင်းပြိုင်ပွဲကို စတင်ခဲ့ခြင်းဖြစ်၏။

လုကောက်သည် ပြိုင်ပွဲတွင် တက်တက်ကြွကြွ ပါဝင်ယှဉ်ပြိုင်လာခဲ့ရာ သူ၏ ထက်မြက်သောသိုင်းပညာကြောင့် ပြိုင်ပွဲတိုင်းတွင် အနိုင်ရခဲ့လေသည်။

လာရောက်ကြည့်ရှုအားပေးနေသော သူကျိန်းက ဝမ်းသာနေသည်။

လုကောက်သည် အလားအလာရှိသော လူငယ်လေး တစ်ယောက်ဖြစ်ပြီး သိုင်းပြိုင်ပွဲ၌ ပြိုင်ဘက်များကို ဖြတ်ကျော်ကာ ပထမဆု ဆွတ်ခူးနိုင်သည့် အရည်အချင်းရှိသူဖြစ်ကြောင်း သူကျိန်း ခန့်မှန်းအကဲဖြတ်မိလေသည်။

တစ်စထက်တစ်စ ပြိုင်ပွဲအရှိန်မြင့်လာပြီး နောက်ဆုံး ဆန်ခါတင်အဆင့်တွင် လုကောက်အပါအဝင် သိုင်းသမားလေးယောက်သာ



ကျန်ရှိတော့၏။

ထိုအချိန်တွင် သူကျိန်းသည် လုကောက်၏အန္တရာယ်ကို စတင်ရိပ်စားမိလာလေတော့၏။

သူသည် လုကောက်အတွက် အထူးပင် စိုးရိမ်ပူပန်လာမိလေသည်။

☼

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားလေပြီ။

မွန်းလွဲပိုင်းအချိန်သို့ ရောက်ရှိလာပြီ ဖြစ်သည်။ သိုင်းပြိုင်ပွဲသည်လည်း ပြီးဆုံးသွားတော့မည် ဖြစ်သည်။

နောက်ဆုံး ဆန်ခါတင်အဆင့်တွင် လုကောက်အပါအဝင် သိုင်းသမားလေးယောက်သာ ကျန်ရစ်တော့သည်။

ထိုလေးယောက်သည် နှစ်ယောက်တစ်တွဲ ယှဉ်ပြိုင်ရမည်ဖြစ်သလို အနိုင်ရသူအချင်းချင်း ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။

နောက်ဆုံးယှဉ်ပြိုင်ပွဲ၌ အနိုင်ရသူ ပထမဆုရမည်ဖြစ်ပြီး မြို့စားကြီး၏ ရွှေဓားဆုကို ချီးမြှင့်ခြင်းခံရမည်ဖြစ်သည်။

ပြိုင်ပွဲသည် ခေတ္တရပ်နားပြီး ပြန်လည်ယှဉ်ပြိုင်ရမည့်အချိန်သို့ ရောက်သောအခါ ထူးခြားမှုတစ်ခု ဖြစ်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ခါတင်အဆင့်၌ ရောက်ရှိနေကြသော သိုင်းသမားလေးယောက်အနက် နှစ်ယောက်မှာ ဆက်၍ယှဉ်ပြိုင်ခြင်းမပြုတော့ဘဲ ပြိုင်ပွဲမှ နုတ်ထွက်သွားခြင်းဖြစ်လေသည်။

ထို့ကြောင့် လုကောက်တွင် ပြိုင်ဘက်နှစ်ယောက် လျော့သွားပြီး သစ္စာစံအိမ်မှ မင်းသားလေးကျူးထိုက်နှင့်သာ ဗိုလ်လုပွဲဆင်နွှဲစရာရှိတော့သည်။

လုကောက်သည် မင်းသားလေးကျူးထိုက်ကို အနိုင်ယူကာ ပထမဆု ဆွတ်ခူးရန် အားသန်နေသည်။

နောက်ဆုံးပြိုင်ပွဲဖြစ်၍လည်း တက်တက်ကြွကြွ ဖြစ်နေသည်။

သို့သော် သုကျိန်းမှာ လုကောက်အတွက် စိုးရိမ်နေလေသည်။

အကြောင်းမှာ ...

လုကောက်အား လာရောက်ခြိမ်းခြောက်ခဲ့သည့် အနက်ရောင်ဝတ်ဆင်ထားသူသည် မင်းသားလေး ကျူးထိုက်၏လူ ဖြစ်နေခြင်းကြောင့်ပင်။

မင်းသားလေးကျူးထိုက်သည် လုကောက်အား အနိုင်ရရန် နည်းမျိုးစုံအသုံးပြုကာ ယှဉ်ပြိုင်လိမ့်မည်ဖြစ်သည်။



မင်းသားလေး ကျူးထိုက်က အကောက်ကြံမည်ဆိုလျှင် လုကောက် ခံနိုင်ပါမည်လော။

သုကျိန်းသည် လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ လုကောက်ကို ကူညီရန် ဆုံးဖြတ်လိုက်ရလေတော့သည်။

ယခု လုကောက်နှင့်မင်းသားလေးကျူးထိုက်တို့ ယှဉ်ပြိုင်နေကြပြီဖြစ်သည်။

နောက်ဆုံးဗိုလ်လုပွဲဖြစ်၍ ပွဲကြည့်ပရိသတ်များ ကလည်း သောင်းသောင်းဖြဖြ အားပေးကြလေသည်။

သုကျိန်းက ပြိုင်ပွဲကို မျက်တောင်မခတ် အကဲခတ်ကြည့်နေ၏။ လုကောက်အတွက်လည်း စိုးရိမ်ပူပန်နေမိလေသည်။

ပြိုင်ပွဲသည် တစ်စထက်တစ်စ ပြင်းထန်လာပြီး အထွဋ်အထိပ်သို့ ရောက်လာသည်။

လုကောက်က ပညာကုန်သုံးရာ တစ်စထက်တစ်စ အသာစီးရလာလေတော့သည်။

မင်းသားလေးကျူးထိုက်၏သိုင်းပညာလည်း မခေပါ။

သို့သော် အနိုင်ရဖို့ စိတ်ပြင်းပြနေသဖြင့် သူ၏တိုက်ကွက်များသည် အလောတကြီးဖြစ်နေကာ ထိရောက်မှု အားနည်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



လုကောက်က အချက်ကျကျ ပြန်လည်တိုက်ခိုက်လိုက်ရာ မင်းသားလေး နောက်ဆုတ်နေရတော့၏။

လုကောက်မှာ အသာစီးရလာပြီး မင်းသားလေးကျူးထိုက်မှာ ခံစစ် ဖြစ်သွားလေသည်။

လုကောက်သည် အခြေအနေနှင့် အခွင့်အရေးကို ကောင်းစွာ အသုံးချတတ်သူဖြစ်သည်။ အသာစီးရသည်နှင့် ရေပက်မဝင်အောင် ဖိပြီး တိုက်ခိုက်လိုက်လေတော့၏။

အနိုင်အရှုံးပေါ်သည်အထိ တောက်လျှောက်တိုက်ခိုက်သွားတော့မည်ဖြစ်သည်။

သုကျိန်း ပင့်သက်ရှိုက်လိုက်သည်။

နောက်ထပ် သိုင်းကွက်နှစ်ဆယ်ခန့် ကိုက်ခိုက်ပြီးသည်နှင့် လုကောက် အနိုင်ရသွားမည်မှာ သေချာနေပေတော့၏။

သိုင်းလောကအတွက် အလားအလာရှိသော သိုင်းသမားလူငယ်တစ်ယောက် ပေါ်ထွက်လာပြီဟု ဆိုနိုင်သည်။

ပရိသတ်များကလည်း လုကောက်ကို တစ်ခဲနက် အားပေးကြလေသည်။

လုကောက် လုံးဝအနိုင်ရသွားတော့မည်ဖြစ်၍ သုကျိန်းစိတ်လျှော့လိုက်သည်။



လုကောက်အတွက် စိုးရိမ်စရာမလိုတော့ဟုလည်း ယုံကြည်လိုက်လေသည်။

ထိုစဉ်မှာပင် ...

တိုက်ပွဲအခြေအနေသည် အံ့ဩစရာကောင်းလောက်အောင် ပြောင်းလဲသွားလေတော့၏။

လုကောက်သည် တစ်ဟုန်ထိုး ဖိ၍တိုက်ခိုက်နေရာမှ ခန္ဓာကိုယ် ဒယီးဒယိုင်ဖြစ်သွားကာ နောက်ဆုတ်လိုက်၏။

ထိုတခဏအချိန်အတွင်းမှာပင် ...

"ယား"

မင်းသားလေးကျူးထိုက်က ဩသံပေးကာ ပြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။

လုကောက်သည် နောက်ဆုတ်ရှောင်ရင်း လက်ဝှေ့ယမ်းကာ ကြိုးစားပြီး ခုခံသေး၏။

သို့သော် အဆက်မပြတ် ကျရောက်လာသော မင်းသားလေး ကျူးထိုက်၏ တိုက်ခိုက်မှုဒဏ်ကို မခံနိုင်တော့ပါ။

မင်းသားလေးကျူးထိုက်၏ လက်ဝါးရိုက်ချက်သည် လုကောက်၏ ရင်ဝကို တည့်တည့်မတ်မတ် ရိုက်ချမိသွားတော့သည်။

"အား"

www.burmeseclassic.com

www.burmeseclassic.com



လုကောက် စူးရှစွာအော်ဟစ်လိုက်သည်။ ပါးစပ်ထဲမှသွေးများ အန်ထုတ်ပြီး ရှေ့သို့ ခေါင်းငိုက်စိုက်ကျသွားလေသည်။

ထိုစဉ် ...

"ယား"

မင်းသားလေးကျူးထိုက်က ပြာသံပေးကာ ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။

'ဝုန်း'

လုကောက်သည် အပေါ်မြောက်တက်သွားကာ စင်မြင့်ထက်မှနေ၍ မြေပေါ်သို့ ခေါက်ထိုးမိုးမျှော် ထိုးကျလာတော့သည်။

"ညီလေး"

သုကျိန်း အထိတ်တလန့် အော်လိုက်သည်။

မျက်စိများ ပြာဝေသွားပြီး လုကောက်ထံသို့ တစ်ဟုန်ထိုး ပြေးသွားလေတော့သည်။

✵

ပြိုင်ပွဲပြီးဆုံးသွားပြီဖြစ်သည်။

လုကောက် မရှုမလှ အရေးနိမ့်သွားကာ မင်းသားလေးကျူးထိုက် အနိုင်ရသွားပြီ ဖြစ်လေသည်။



"ညီလေး"

သုကျိန်းသည် လုကောက်ထံ ပြေးသွားပြီး ဖေးမလိုက်လေသည်။

လုကောက်သည် မြေပေါ်တွင် ဆန့်ဆန့်ကြီး လဲနေ၏။

သုကျိန်းက ပြေး၍ ပွေ့ထူလိုက်ရာ လုကောက်က ...

"နောင်ကြီး ... သူတို့ အကောက်ကြံ"

စကားဆုံးအောင် မပြောနိုင်ဘဲ နှုတ်ခမ်းထောင့်မှ သွေးများ စီးကျလာ၏။

"ညီလေး ညီလေး"

သုကျိန်း အော်ခေါ်လိုက်သော်လည်း သူ၏အသံကို လုကောက် ကြားနိုင်တော့မည် မဟုတ်ပါ။

သုကျိန်းသည် လုကောက်အတွက် မခံမရပ်နိုင်အောင် ဖြစ်သွား၏။ ချက်ချင်းပင် လုကောက်၏ခန္ဓာကိုယ်ပေါ်တွင် စစ်ဆေးကြည့်လိုက်၏။

ထိုအခါ လုကောက်၏ ဝဲဘက်ပခုံး၌ စိုက်ဝင်နေသော အပ်ကလေးတစ်ချောင်းကို တွေ့လိုက်ရ၏။

တစ်စုံတစ်ယောက်က လုကောက်ကို အကောက်ကြံကာ အပ်နှင့်ပစ်ပြီး နှောင့်ယှက်ခဲ့ခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



အပ်ထိထားသည့်နေရာတစ်ဝိုက်တွင် ညိုမည်းနေရာ အဆိပ်ရှိကြောင်း ထင်ရှား၏။

လုကောက်သည် အဆိပ်အပ်ထိသွားသဖြင့် အကြောအခြင် များ ဆိုင်းလျက် ဟန်ချက်ပျက်ကာ ဆက်လက်တိုက်ခိုက်နိုင်ခြင်း မရှိတော့ပါ။

ထိုအချိန်တွင် မင်းသားလေးကျူးထိုက်က အခွင့်အရေးယူ ကာ အနိုင်တိုက်ခိုက်လိုက်ခြင်းဖြစ်ပေသည်။

ထိုစဉ် ...

"ယှဉ်ပြိုင်ပွဲမှာ မင်းသားလေးထိုက်ကျူး အနိုင်ရ ဗိုလ်စွဲသွား ပါပြီ"

စင်မြင့်ပေါ်မှ ကြေညာသံထွက်ပေါ်လာသည်ကို ကြား လိုက်ရလေတော့၏။

✲

မင်းသားလေးကျူးထိုက်သည် ကလိန်ကကျစ်ဉာဏ်ဖြင့် အကောက်ကြံကာ လုကောက်အား အနိုင်ရ ဗိုလ်စွဲသွားခြင်း ဖြစ်လေ သည်။

ပွဲကြည့်ပရိသတ်များနှင့် အကဲဖြတ်လူကြီးများမှာ လု



ကောက် အကောက်ကြံခံလိုက်ရသည်ကို မသိကြသည်မှာ အံ့သြ စရာကောင်းလှသည်။

အားလုံးက မင်းသားလေးကျူးထိုက်အား အနိုင်ပေးလိုက် ကြ၏။

အကြိတ်အနယ် ယှဉ်ပြိုင်ရသော နောက်ဆုံးဗိုလ်လုပွဲဖြစ်၍ လုကောက် ဒဏ်ရာရကာ သေဆုံးသွားသော်လည်း မင်းသားလေး ကျူးထိုက်အပေါ် အပြစ်ကျရောက်ခြင်း မရှိပေ။

ယှဉ်ပြိုင်ပွဲ၌ အသက်အန္တရာယ် ထိခိုက်နိုင်သည်ကို ကြိုတင် ကြေညာကာ ပြိုင်ပွဲစည်းကမ်းစည်းမျဉ်းများကို သဘောတူ လက်ခံမှ သာ ပါဝင်ယှဉ်ပြိုင်ခွင့် ပြုထားသည် မဟုတ်ပါလား။

အကဲဖြတ်လူကြီးများက မင်းသားလေးကျူးထိုက် အနိုင်ရ ကြောင်း ကြေညာလိုက်သည်နှင့် ...

"ခဏနေကြပါဦးဗျာ"

ဟန့်တားသံနှင့်အတူ သုကျိန်းသည် စင်မြင့်ပေါ်သို့ လှစ်ခနဲ ရောက်ရှိသွားလေသည်။

အကဲဖြတ်လူကြီးနှင့် မင်းသားလေးကျူးထိုက်တို့က လှည့် ကြည့်လာကြလေသည်။

သုကျိန်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ပြိုင်ပွဲရဲ့အနိုင်အရှုံး ရလာဒ်ကို ထုတ်ဖော်ကြေညာဖို့ စောပါသေးတယ် ခင်ဗျာ၊ ဘာကြောင့်လဲဆိုတော့ ပြိုင်ပွဲဝင်လုကောက်ဟာ မင်းသားလေးကျုံးထိုက်ကို အသာစီးနဲ့ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရလုဆဲဆဲအခြေအနေရောက်မှ တစ်စုံတစ်ယောက်က အဆိပ်အငံနဲ့ တိတ်တဆိတ် တိုက်ခိုက်မှုခံရပြီး အရေးနိမ့်သွားတာ ဖြစ်ပါတယ်၊ ဒါဟာ မသမာတဲ့လုပ်ရပ်တစ်ခု ဖြစ်တာကြောင့် အဖြစ်မှန်ကို ဖော်ထုတ်စစ်ဆေးပေးဖို့ မေတ္တာရပ်ခံချင်ပါတယ်"

သုကျိန်း၏စကားကို ကြားသည့်အခါ အကဲဖြတ်လူကြီး အံ့ဩသွားသည်။

"လုကောက်ကာ အကောက်ကြံခံရတာကြောင့် ရှုံးနိမ့်သွားတယ်လို့ မင်းဆိုလိုချင်တာလား"

သုကျိန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ လုကောက်ရဲ့အလောင်းကို စစ်ဆေးကြည့်ရင် အဖြစ်မှန်ကို တွေ့ရပါလိမ့်မယ်"

အကဲဖြတ်လူကြီးသည် ချက်ချင်းပင် မြို့စားကြီးထံသို့ သွားရောက်သတင်းပို့ တိုင်ပင်လိုက်လေသည်။

သုကျိန်းက ...

"နောက်ဆုံးအဆင့်ပြိုင်ပွဲမှာ ပြိုင်ပွဲဝင်နှစ်ယောက် ဆက်



လက်ယှဉ်ပြိုင်ခြင်း မပြုကြတော့ဘဲ နုတ်ထွက်သွားခဲ့ကြတာဟာ တစ်စုံတစ်ယောက်ရဲ့ခြိမ်းခြောက်မှုကြောင့် ဖြစ်ပါလိမ့်မယ်"

ဟု ဆက်လက်တင်ပြပြီး ပြိုင်ပွဲမစမီတစ်ရက်က လုကောတ်အား လူတစ်ယောက်က လာရောက်ခြိမ်းခြောက်ခဲ့ပုံကို ပြောပြလိုက်လေသည်။

မြို့စားကြီးသည် တရားမျှတမှုကို လိုလားသူဖြစ်လေသည်။

သူကျင်းပပေးသော သိုင်းပြိုင်ပွဲ၌ မသမာမှုများ ဖြစ်ပေါ်လာခြင်းကြောင့် ခံပြင်းသွားပြီး ပြိုင်ပွဲကိုရပ်ဆိုင်းကာ အဖြစ်မှန်ကို ဖော်ထုတ်ရန် အမိန့်ချလိုက်သည်။

ပြိုင်ပွဲမှ နုတ်ထွက်သွားသူနှစ်ယောက်အား ခေါ်ယူစစ်ဆေးလိုက်သောအခါ သုကျိန်းတင်ပြသလို ခြိမ်းခြောက်မှုအန္တရာယ်နှင့် ကြုံခဲ့ရသဖြင့် ရှေ့ဆက်ယှဉ်ပြိုင်ခြင်း မပြုကြတော့ကြောင်း ဝန်ခံကြသည်။

မြို့စားကြီး၏တာဝန်ပေးချက်ဖြင့် တာဝန်ရှိသူများက အမှုတပြင်း စုံစမ်းခဲ့ကြရာ နောက်ဆုံးတွင် မင်းသားလေး ကျုံးထိုက်၏ လက်ချက်ဖြစ်ကြောင်း ပေါ်ပေါက်လာသည်။

မြို့စားကြီးသည် မင်းသားလေးကျုံးထိုက်အား အပြစ်ပေးကာ ထောင်သွင်းအကျဉ်းချထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပြိုင်ပွဲ၏ ပထမဆုကို သေဆုံးသွားသော လုကောက်ကို ချီးမြှင့်လိုက်လေသည်။

ဤတွင် ...

သုကျိန်းသည် အဖိုးတစ်သိန်းထိုက်တန်သော ရွှေများကို လုကောက်၏နေအိမ်သို့ ပို့ပေးရန် တာဝန်ယူခဲ့ရလေတော့သည်။

***



## မှသားမပါ လက်ာမချော

'ခွပ်ခွပ် ခွပ်ခွပ်'

မြင်းခွာသံများ တခွပ်ခွပ် ထွက်ပေါ်နေသည်။

စိမ်းလန်းစိုပြည်နေသော တောလမ်းကလေးအတိုင်း မြင်းစီးသမားတစ်ယောက် ခရီးနှင်လာ၏။

ထိုမြင်းစီးသမားမှာ သုကျိန်းဖြစ်ပါသည်။

သုကျိန်းသည် ကျောပေါ်တွင် ရှည်မျောမျော အထုပ်တစ်ထုပ်ပိုးကာ မြင်းကို အသားကျစီးကာ ခရီးနှင်လာနေခြင်းဖြစ်သည်။

သူဦးတည်ရာအရပ်မှာ တိမ်ခိုးကျေးရွာသို့ ဖြစ်လေသည်။

လုကောက်သည် ထိုက်ဝူးမြို့တွင် ပြိုင်ပွဲဝင်စဉ်က သူ၏နေရပ်ကို တိမ်ခိုးကျေးရွာဟု ဖော်ပြထားသည်။

ထို့ကြောင့် လုကောက်ရရှိခဲ့သော ပထမရွှေများကို တိမ်ခိုးကျေးရွာသို့ ပို့ပေးရန် သုကျိန်းတာဝန်ဖြစ်လာသည်။

လုကောက်၏အလောင်းကို လောလောဆယ် ထိုက်ဝူးမြို့

www.burmeseclassic.com

www.burmeseclassic.com



သူသာနေ့တွင် မြှုပ်နှံထားပြီး တိမ်မိုးရွာမှ လုကောက်၏မိဘဆွေမျိုးများထံ အကြောင်းကြားပြီးမှ အလောင်းကို လွှဲပြောင်းသယ်ယူရမည် ဖြစ်လေသည်။

သုကျိန်းသည် သိုင်းလောကကို ခြေချလိုက်သည်နှင့် စိတ်မကောင်းစရာ ဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့လိုက်ရသည်။

သူသည် လုကောက်ကို ခင်မင်မိသဖြင့် ယခုကဲ့သို့ ကူညီရန် တာဝန်ယူခဲ့ခြင်း ဖြစ်ပေသည်။

သုကျိန်းသည် နှစ်ရက်တိုင်တိုင် ခရီးပြင်းနှင်ခဲ့ပြီးနောက် တိမ်မိုးကျေးရွာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားလေတော့၏။

✻

တိမ်မိုးကျေးရွာသည် သာယာလှပသော ရွာတစ်ရွာဖြစ်ပါသည်။

ရွာသူရွာသားများသည် လယ်ယာဥယျာဉ်ခြံမြေလုပ်ငန်း လုပ်ကိုင် အသက်မွေးကြသည်။ အလွန် ရိုးသားဖြူစင်သော တောင်သူများ ဖြစ်ကြလေသည်။

သုကျိန်းသည် တိမ်မိုးကျေးရွာသို့ရောက်သည့်အခါ လုကောက် နေထိုင်ရာအိမ်ကို စုံစမ်းမေးမြန်းလေ၏။



လုကောက်သည် လူချစ်လူခင်များပုံရ၏။ သူနေထိုင်ရာ အိမ်ကို အခက်အခဲမရှိ သိရှိခဲ့ရလေသည်။

လုကောက်၏အိမ်သည် မြောက်ဘက်ရွာပြင် ယာတောထဲ၌ ရှိလေသည်။

သုကျိန်းသည် ယာတောသို့ရောက်သည့်အခါ မြင်းပေါ်မှ ဆင်းကာ မြင်းဇက်ကြိုးကို ဆွဲ၍ မြင်တွေ့နေရသော အိမ်ကလေးဆီသို့ လှမ်းလာခဲ့သည်။

ယာတောထဲ၌ သီးပင်စားပင်များ စုံလင်လှပြီး နေချင့်စဖွယ် ကောင်းလှပေသည်။

'ဝုတ် ဝုတ်'

အိမ်အနီးသို့ရောက်သွားသည့်အခါ ခွေးတစ်ကောင်သည် တဝုတ်ဝုတ်ဟောင်ကာ ပြေးထွက်လာလေသည်။

မရှေးမနှောင်းမှာပင် ...

"ဖြူလေး ဖြူလေး ... ပြန်လာခဲ့စမ်း"

မိန်းကလေးတစ်ယောက်၏အသံ ထွက်ပေါ်လာ၏။

'ဝုတ် ဝုတ်'

ခွေးဖြူလေးသည် သုကျိန်းနှင့်မလှမ်းမကမ်း၌ ရပ်ကာ တဝုတ်ဝုတ် ဟောင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖျင်ကြမ်းထည်များဝတ်ထားသော မိန်းကလေးတစ်ယောက် ထွက်လာသည်။

ထိုမိန်းကလေးသည် သုကျိန်းကို မြင်လိုက်ရသည့်အခါ ...

"ဟောတော့ ... ဧည့်သည်တစ်ယောက် ရောက်နေတာကိုး"

ဟု လွှတ်ခနဲ ရေရွတ်လိုက်သည်။ တစ်ဆက်တည်းပင် ...

"မေမေရေ ... ဧည့်သည်တစ်ယောက် ရောက်လာတယ်"

ဟု အိမ်အတွင်းဘက်သို့လှည့်ကာ အော်လိုက်၏။ အိမ်ထဲမှ

"လုလု ... ဧည့်သည်ကို ခေါ်လိုက်လေ"

အဘွားအိုတစ်ယောက်၏အသံ ထွက်ပေါ်လာသည်။

လုလုဆိုသောမိန်းကလေးက သုကျိန်းဘက်သို့ ပြန်လှည့်ကာ ...

"ကြွပါရှင်"

ဟု ဖိတ်ခေါ်လိုက်သည်။

သုကျိန်းက မိန်းကလေးနောက်မှ လိုက်ပါသွားသည်။

အိမ်ကလေးမှာ သေးငယ်သော်လည်း သပ်သပ်ရပ်ရပ် ရှိနေပေသည်။ တောသဘာဝ ရိုးရိုးရှင်းရှင်းဖြင့် နေချင့်စဖွယ်ကောင်းအောင် ပြုပြင်ထားလေသည်။



အိမ်ထဲသို့ ဝင်လိုက်လျှင် မျက်မမြင်အဘွားအိုတစ်ယောက်ကို တွေ့ရလေသည်။

"သမီးလုလု ... ဧည့်သည်ကို နေရာထိုင်ခင်းပေးပါ။ ပြီးတော့ စားစရာသောက်စရာ စီစဉ်ပေးပါကွယ်"

ဟု ပြောလေသည်။ လုလုဆိုသောမိန်းကလေးက ...

"ကောင်းပါပြီ မေမေ"

သူမသည် အတွင်းဘက်အခန်းသို့ဝင်သွားရန် ဟန်ပြင်လိုက်သောအခါ သုကျိန်းက ဟန့်တားလိုက်လေသည်။

"အို ... နေပါစေဗျာ၊ ကျွန်တော်က အခုပဲပြန်မှာပါ။ ဒါထက် ဒေါ်ဒေါ်ဟာ လုကောက်နဲ့ ဘယ်လိုများ ပတ်သက်နေသလဲဆိုတာ သိပါရစေခင်ဗျာ"

အဘွားအိုက ...

"လုကောက် ... ဟုတ်လား၊ လုကောက်ဟာ ဒေါ်ဒေါ့်ရဲ့ သားပေါ့ကွယ်၊ လုကောက်ဟာ သူ့အဖေထားခဲ့တဲ့ သိုင်းကျမ်းကို ဖတ်ရှုလေ့ကျင့်ပြီး ထိုက်ဝူးမြို့က သိုင်းပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မယ် ဆိုပြီး ထွက်သွားတာပဲကွဲ့"

သုကျိန်း ပင့်သက်ရှိုက်လိုက်မိသည်။ လုကောက် သေဆုံးသွားပြီဖြစ်ကြောင်း ပြောမထွက်နိုင်အောင် ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုက ...

"မောင်ရင်လေးဟာ သားလေးလုကောက်ရဲ့ မိတ်ဆွေ သူငယ်ချင်းများလားကွယ်"

ဟု မေးလာလေသည်။ သုကျိန်းက ...

"ဟုတ်ပါတယ် ခင်ဗျာ"

မောင်ရင်လေးက ကျူပ်သားလွေးထက် အသက်ပိုကြီးမယ် ထင်ပါရဲ့ကွယ်"

"ဟုတ်ပါတယ် ခင်ဗျာ"

"အင်းလေ ... သားရဲ့မိတ်ဆွေဆိုတော့ ဒေါ်ဒေါ်တို့ရဲ့မိတ်ဆွေပဲပေါ့။ ဘာမှ အားနာစရာမလိုဘူး။ ပျော်သလို နေနိုင်ပါတယ်ကွယ်"

သုကျိန်း သက်ပြင်းချလိုက်သည်။

"ကျွန်တော် ဒီမှာတည်းခိုဖို့လာတာ မဟုတ်ပါဘူး။ တခြားကိစ္စတစ်ခုကြောင့်ပါ"

"ဟင် ... ဘယ်လိုအကြောင်းကိစ္စများ ရှိနေလို့လဲကွယ် ... ပြောပါဦး"

အဘွားအိုက ထိတ်ထိတ်ပျာပျာ မေးလာလေသည်။

သုကျိန်းက ...



"ကျွန်တော့်ကို လုကောက်က လွှတ်လိုက်တာပါ"

"ဟင်"

သုကျိန်းက ဆက်ပြောလိုက်သည်။

"လုကောက်ဟာ ထိုက်ဝူးမြို့ သိုင်းပြိုင်ပွဲမှာ ပထမရခဲ့ပါတယ်၊ ဟောဒီရွှေဓားကို ဆုအဖြစ် ရခဲ့ပါတယ်"

သုကျိန်းသည် ပြောပြီး ကျောပေါ်မှ ရှည်မျောမျောအထုပ်ကို ယူကာ အဝတ်များ ခွာချလိုက်သည်။

ထိုအခါ ရွှေရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပသွားပြီး ရွှေဓား ထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေသည်။

"လုလိုက်တဲ့ဓား"

လုလုက လွှတ်ခနဲ ရေရွတ်လိုက်သည်။ အဘွားအိုက ...

"ဓားကောင်းတစ်လက် ... ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

အဘွားအိုက ...

"ဒါ ဒါဟာ"

သုကျိန်းက ပြောလိုက်သည်။

"လုကောက်ဟာ ထိုက်ဝူးမြို့ သိုင်းပြိုင်ပွဲမှာ ပါဝင်ဆင်နွှဲပြီး ပထမဆု ဆွတ်ခူးခဲ့ပါတယ်၊ ထိုက်ဝူးမြို့ စားချီးမြှင့်တဲ့ ရွှေဓားကို အိမ်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပို့ပေးဖို့ ကျွန်တော့်ကိုမှာပြီး တခြားပြိုင်ပွဲတွေ ဆက်ယှဉ်ပြိုင်ဖို့ ခရီးထွက်သွားပါတယ်"

"ဪ ... သားလေးလုကောက်က တခြားပြိုင်ပွဲတွေ ဆက်ပြီးယှဉ်ပြိုင်ဖို့ ခရီးဆက်သွားပြီကိုး"

အဘွားအိုကပြောလိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျာ"

"ကောင်းပါပေတယ်ကွယ်၊ သူ့အဖေဟာလည်း တစ်ချိန်က သိုင်းလောကမှာ ထင်ရှားခဲ့တဲ့ သိုင်းသမားတစ်ယောက်ပေါ့၊ ကျုပ်နဲ့ အိမ်ထောင်ကျပြီးမှ သိုင်းလောကကို ကျောခိုင်းလိုက်တာလေ"

သုကျိန်းမှာ လိမ်လည်ပြောဆိုလိုက်ရသည့်အတွက် မလုံမလဲ ဖြစ်နေမိ၏။ ထို့ကြောင့် ...

"ဒေါ်ဒေါ် ... ကျွန်တော်လည်း သွားစရာရှိလို့ ကျေးဇူးပြုပြီး ပြန်ခွင့်ပြုပါဦး ခင်ဗျာ"

ဟု ခွင့်တောင်းလိုက်သည်။

အဘွားအိုက ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"ကောင်းပါပြီကွယ် ... မင်းရဲ့သူငယ်ချင်း ပြန်ရောက်လာတဲ့အခါ မင်းက ဆုချီးမြှင့်တဲ့ဓား လာပေးသွားတယ်ဆိုတာ ပြောပြလိုက်ပါ့မယ်"



"ဟုတ်ကဲ့ခင်ဗျာ ... ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

သုကျိန်းသည် အဘွားအိုအား နှုတ်ဆက်ကာ ထွက်ခွာလာခဲ့လေတော့သည်။ စိတ်ထဲကမူ သိပ်မကောင်းလှချေ။

✲

ယာတောထဲမှ မိန်းကလေးမှာ မလှမ်းမကမ်းတွင် ကျွန်ရစ်ခဲ့ပြီ ဖြစ်လေသည်။

သုကျိန်းသည် အိမ်ကလေးကို ကျောခိုင်းကာ ထွက်လာခဲ့သည်။

သူ၏ မြင်းချည်နှောင်ထားသည့်နေရာအနီးသို့ ပြန်လည်ရောက်ရှိသွားပြီး မြင်းကိုဆွဲကာ ထွက်သွားရန် ဟန်ပြင်လိုက်စဉ် ...

"အစ်ကိုကြီး ခဏနေပါဦးရှင်"

ဟန့်တားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

သုကျိန်း ခြေလှမ်းရပ်ပြီး လှည့်ကြည့်လိုက်၏။ လုလုဆိုသော မိန်းကလေးက ပြေးလိုက်လာသည်ကို တွေ့လိုက်ရလေသည်။

"ဪ ... ညီမ"

လုလုက ...

"အစ်ကိုကြီး ... ကျွန်မ တစ်ခုမေးပါရစေ၊ ကျေးဇူးပြုပြီး

www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်း ဖြေစေချင်ပါတယ်ရှင်"

သုကျိန်း ရင်ထိတ်သွားပြီး ...

"ညီမက ဘာများသိချင်လို့လဲ"

ဟု မေးလိုက်လေသည်။ လုလုက ...

"ကျွန်မအစ်ကို လုကောက် တစ်စုံတစ်ခုများ ဖြစ်သွားလို့လားရှင်"

"ဟင်"

သုကျိန်း ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားသည်။

လုလုက ...

"အစ်ကိုလုကောက် တစ်ခုခုဖြစ်နေပြီ မဟုတ်လားရှင် ... ကျေးဇူးပြုပြီး အမှန်အတိုင်း ပြောပြစေချင်ပါတယ်ရှင်"

သုကျိန်း ငိုင်သွားသည်။ အဖြစ်မှန်ကိုပြောပြရန် သူ့တွင် အင်အားမရှိပါ။ လုလုက ...

"အစ်ကိုလုကောက်သာ ပြိုင်ပွဲမှာ ပထမရတယ်ဆိုရင် ကိုယ်တိုင် ရွှေဓားကိုယူပြီး အိမ်ကိုပြန်လာမှာပေါ့ရှင်၊ ခုလို လူကြုံနဲ့ ပေးခိုင်းလိုက်မှာ မဟုတ်ပါဘူး"

သုကျိန်းသည် လုလုကို ငေးကြည့်နေမိသည်။

လုလုသည် ညက်ကောင်းသောမိန်းကလေးတစ်ယောက်



ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေသည် မဟုတ်ပါလားး။

လုလုက ...

"ကျွန်မအစ်ကိုရဲ့အဖြစ်မှန်ကို ပြောပြပါလားရှင်"

သုကျိန်း သက်ပြင်းချလိုက်သည်။

"အင်း ... တကယ်တော့ သူ သူ"

သုကျိန်းမှာ ရှေ့ဆက်မပြောနိုင်ဘဲ စကားတစ်ပိုင်းတစ်စဖြင့် ရပ်သွားလေသည်။ လုလုက ...

"အစ်ကိုဟာ သိုင်းပြိုင်ပွဲဝင်ဖို့ အိမ်ကထွက်သွားခါနီးမှာ သူ့အတွက် အန္တရာယ်ရှိနိုင်တယ်ဆိုတာ ပြောပြသွားပါတယ်၊ အစ်ကိုဟာ ဖေဖေ့လိုပဲ သိုင်းသမားကောင်းတစ်ယောက် ဖြစ်ရမယ်ဆိုတဲ့ ခံယူချက်ကို ကျွန်မတို့အားလုံး သဘောပေါက် ခံယူထားကြပါတယ်ရှင်"

သုကျိန်း မတတ်သာတော့ပေ။

"ကောင်းပြီလေ ... ညီမသိချင်ရင် ကျုပ် အမှန်အတိုင်း ပြောပြပါ့မယ်၊ ညီမရဲ့အစ်ကိုလုကောက်ဟာ ထိုက်ဝူးမြို့ပြိုင်ပွဲမှာ လူတစ်ယောက်ရဲ့ကောက်ကျစ်မှုကြောင့် ဒုက္ခရောက်ခဲ့ရပါတယ်"

လုကောက်နှင့်ပတ်သက်ပြီး အမှန်အတိုင်း ပြောပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကျွန်မ ထင်သလို ဖြစ်နေပြီပေါ့ရှင်"

လုလုက ခေါင်းငုံ့ကာ ညည်းတွားလိုက်လေသည်။

သုကျိန်းက ...

"လုကောက်အတွက် ကျုပ် စိတ်မကောင်းပါဘူး၊ လူယုတ်မာ မင်းသားလေး ကျူးထိုက်လည်း အပြစ်ပေးအရေးယူခံနေရပါပြီ"

ဟု ပြောလိုက်သည်။

လုလု ခေါင်းပြန်မော့လိုက်သောအခါ သူမ၏ပါးပြင်ပေါ်မှ မျက်ရည်စီးကြောင်းများ ရှိနေသည်ကို တွေ့ရလေသည်။

"ခုလို အမှန်အတိုင်းပြောပြတာကို ကျေးဇူးတင်ပါတယ်ရှင်၊ မေမေ့ကိုတော့ အစ်ကိုလုကောက်ဟာ တခြားပြိုင်ပွဲတွေကိုသွားပြီး ယှဉ်ပြိုင်နေတယ်လို့ ပြောထားလိုက်ပါ့မယ်"

သုကျိန်း ခေါင်းညိတ်လိုက်သည်။

"ကဲ ညီမ ... ကျုပ်ကိုခွင့်ပြုပါဦး၊ ကိစ္စလေးတွေ ဆောင်ရွက်ပြီးစီးသွားရင် ညီမတို့ဆီကို ကျုပ် တစ်ခေါက်လာခဲ့ပါဦးမယ်"

"ကျေး' ကျေးဇူးပါပဲရှင်"

သုကျိန်းသည် စိတ်မကောင်းစွာဖြင့် လုလုကို နှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်။

နေမွန်းတည့်တော့မည် ဖြစ်လေသည်။



လမ်းဆုံလမ်းခွနံဘေးရှိ ထမင်းဆိုင်လေးတွင် ခေတ္တရပ်နားကာ ထမင်းစားသောက်နေကြသည့် ခရီးသည်များဖြင့် စည်စည်ကားကား ရှိနေလေသည်။

သုကျိန်းသည် ထိုထမင်းဆိုင်လေးသို့ ရောက်သောအခါ ခေတ္တရပ်နား စားသောက်လိုက်လေသည်။

ခရီးသွားများ ဝင်ထွက်သွားလာ စားသောက်ကြသည့် နေရာဖြစ်၍ လူမျိုးစုံလင်လှသလို သတင်းအစုံအလင်ကြားရသော နေရာလည်း ဖြစ်ပေတော့သည်။

သုကျိန်းသည် စားသောက်ရင်း ဝဲဘက်ရှိ စားပွဲတစ်လုံး၌ ဝိုင်းဖွဲ့ထိုင်ကာ စားသောက်ရင်း ပြောဆိုနေကြသူများ၏ စကားသံများကြောင့် စိတ်ဝင်စားသွားလေသည်။

သူတို့သည် ထိုက်ဂူးမြို့သိုင်းပြိုင်ပွဲအကြောင်း ပြောဆိုနေကြသည် မဟုတ်ပါလား။

"ကျုပ်က မင်းသားလေးကျူးထိုက်ဘက်က လောင်းထားတာဆိုတော့ မင်းသားလေးကို အရှုံးပေးလိုက်တာကြောင့် ကျုပ်လည်း ငွေငါးသောင်းလောက် ရှုံးသွားတယ်ပေါ့ဗျာ"

ဟု ပြောလေသည်။ သုကျိန်း ပင့်သက်ရှိုက်လိုက်သည်။

ထိုက်ဂူးမြို့ သိုင်းပြိုင်ပွဲ၏နောက်ကွယ်တွင် လောင်းကစား

www.burmeseclassic.com

www.burmeseclassic.com



မှုများ ပါဝင်ပတ်သက်နေသည် မဟုတ်ပါလား။

"ဒါကြောင့် လုကောက်ဆိုတဲ့ကောင်လေးဘက်က လောင်းပါလို့ ကျုပ်ပြောတာပေါ့။ ဟဲ ဟဲ … ကျုပ်ကတော့ လုကောက်ဘက်က လောင်းခဲ့မိလို့ ငွေအတော်များများ အနိုင်ရလိုက်တယ်လေ"

ပထမလူက …

"ခင်ဗျားက အနိုင်ရထားတယ်ဆိုတော့ ကျုပ်တို့ကို ကျွေးရမယ်"

ဒုတိယလူက …

"စိတ်ချ … ကျုပ်ပဲ ဒကာခံပါ့မယ်၊ ကြိုက်သလောက်စားကြ သောက်ကြပါဗျာ"

"ဟား ဟား ဟား"

"ဟား ဟား ဟား"

ရယ်မောသံများ စီစီညံသွားလေသည်။ သုကိုျန်း ခေါင်းခါယမ်းလိုက်သည်။ သူတို့က ရန်ပွဲ နွှဲနေကြသော်လည်း လုကောက်၏ မိသားစုကမူ ဝမ်းနည်းပူဆွေးနေရသည် မဟုတ်ပါလား။

သုကိုျန်းသည် စားသောက်ပြီးစီးသွားပြီဖြစ်သလို ရှေ့ဆက်နားမထောင်လိုတော့သဖြင့် ထိုင်ရာမှထရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် …



"လုကောက်သာ အသက်ရှင်နေသေးတယ်ဆိုရင် ကျုပ်တထပ်ပြီး လောင်းလိုက်ချင်သေးတယ်၊ ဒီတစ်ခါ မင်းသားလေး အနိုင်ရမှာသေချာတယ်"

"နေပါဦး … မင်းသားလေးက ထောင်သွင်းအကျဉ်းချခံထားရတယ် မဟုတ်ပါလား"

"ဟဲ ဟဲ ဟဲ … မင်းသားလေးလိုလူစားမျိုးကို ကြာကြာထောင်သွင်း အကျဉ်းချထားလို့ ရမတဲ့လား"

"နေပါဦး … မင်းသားလေးက လွတ်မြောက်သွားလို့လား"

"ဒါပေါ့ဗျာ၊ သစ္စာစံအိမ်ဟာ ခေတ်အဆက်ဆက် နာမည်ကျော်ကြားခဲ့တဲ့ စံအိမ်တစ်ခုပဲဗျ၊ ထိုက်ဝူးမြို့စားက အရေးမယူမဖြစ်လို့သာ မင်းသားလေးကို အရေးယူလိုက်ရတာ၊ အခြေအနေအေးချမ်းသွားတာနဲ့ ပြန်လွှတ်ပေးလိုက်တာပေါ့ဗျာ"

ထိုစကားကြားရသည့်အခါ သုကိုျန်းမှာ မကျေမနပ် ဖြစ်သွားလေတော့သည်။ ယုတ်မာလှသည့် မင်းသားလေးကို နောင်ကြဉ်သွားစေရန် ထောင်သွင်း အကျဉ်းချထားရမည် ဖြစ်ပေသည်။

ယခုတော့ မင်းသားလေးအား လွှတ်ပေးလိုက်ပြီဟု သိရသည်။ သုကိုျန်းသည် ထိုက်ဝူးမြို့တော်ဝန်နှင့် ချက်ချင်းသွားရောက်တွေ့ဆုံရန် ဆုံးဖြတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ခ ကျသင့်ငွေပေးချေကာ ဆိုင်ထဲမှ ထွက်လာခဲ့သည်။ ရုတ်တရက် ကြားခဲ့ရသော သတင်းများကြောင့် ဒေါသထွက်နေသော်လည်း ဆိုင်အပြင်ဘက်သို့ ရောက်လာသောအခါ စိတ်တည်ငြိမ်မှု ပြန်လည်ရရှိလာလေသည်။

လုကောက်သေဆုံးသွားပြီဖြစ်ရာ ပြန်ပြီး အသက်ရှင်လာတော့မည် မဟုတ်ချေ။ ထိုက်ဝူးမြို့ သိုင်းပြိုင်ပွဲ၌ လုကောက်ကို ပထမပေးလိုက်ပြီးပြီ ဖြစ်သည်။

ထိုပထမဘွဲ့ကို ပြန်လည်ရုပ်သိမ်း၍ ရတော့မည် မဟုတ်ပါ။ မင်းသားလေးသည် လူယုတ်မာတစ်ယောက်ဖြစ်ကြောင်း လူသိရှင်ကြား ထင်ရှားပေါ်လွင်သွားခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် သူသည် ထပ်မံ၍ အစမဖော်လိုတော့ပါ။

"အင်း ... ပြီးတာတွေကလည်း ပြီးပါပြီလေ၊ ဒီအတိုင်းထားလိုက်တာပဲ ကောင်းပါတယ်၊ မင်းသားလေးလည်း နောက်နောင်မဟုတ်တာ လုပ်ရဲတော့မှာ မဟုတ်တော့ပါဘူး"

ယင်းသို့ တွေးတောစိတ်လျှော့ပြီး သူ၏ခရီးစဉ်အတိုင်း ရှေ့ဆက်ထွက်လာခဲ့လေတော့သည်။

✵✵✵



## ရှပ်ထွေးမွေလီ ဤလောကီ

ကောင်းကင်ပေါ်တွင် လမင်းထိန်ထိန်သာနေသည်။

အေ မြသော ညလေများက တဖြူးဖြူးတိုက်ခတ်လျက်ရှိ၏။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။

သုကျိန်းသည် သစ်ပင်ကြီးတစ်ပင်အောက်၌ ထိုင်ကာ ကောင်းကင်ပေါ် မော့ကြည့်နေ၏။

သူ့ရင်ထဲ၌ ကြည်နူးသာယာနေပါသည်။

လူတစ်ယောက်၏ကိစ္စကို သူမေ့ထားလိုက်ပြီဖြစ်သည်။

မင်းသားလေးကျူးထိုက်သည် နောက်ထပ်မကောင်းမှုများ ပြုလုပ်တော့မည်မဟုတ်ဟုလည်း ယုံကြည်ထားလေသည်။

သုကျိန်းသည် လူသူကင်းဝေးသော တောတောင်ထဲ၌ ဆယ်နှစ်လုံးလုံး ကေစာ နေထိုင်ခဲ့ပြီး ယခုမှ သိုင်းလောကသို့ ပြန်ဆင်းလာခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းရှိပါသည်။

သိုင်းလောက၌ သူတွေ့ဆုံရမည့်လူခုနစ်ယောက် ရှိနေခြင်းကြောင့် ဖြစ်သည်။

ထိုလူခုနစ်ယောက်နှင့် ပြန်လည်တွေ့ဆုံရန် အရေးကြီးပေသည်။

သူတို့ လူချင်းဆုံတွေ့ပြီးလျှင် လွန်ခဲ့သောဆယ်နှစ်က ထားခဲ့ကြသော ကတိစကားတစ်ခုကို အကောင်အထည်ဖော်ကြရမည် ဖြစ်လေသည်။

ထိုကတိစကားကား ...

✵

သုကျိန်းသည် သစ်ပင်ကြီးအောက်၌ထိုင်ကာ အမောဖြေရင်း မလှမ်းမကမ်း၌ စားကျက်လုနေထားသော မြင်းညိုကြီးကို ကြည့်လိုက်လေသည်။

မြင်းညိုကြီးသည် မြက်စားနေပြီး အမောပြေ လန်းဆန်းသွားရုံ ရှိလေသည်။ သုကျိန်းက ...

"အင်း ... ရှေ့ခရီးဆက်လို့ ရလောက်ပြီ"

ဟုတွေးကာ မြင်းညိုကြီးထံသို့ လှမ်းသွားသည်။



ထိုစဉ် ...

"အား"

စူးရှသော အော်ဟစ်သံတစ်ချက် ဝဲဘက်တစ်နေရာမှ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟင်"

သုကျိန်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

လူပြတ်လှသော တောလမ်းတစ်နေရာ၌ ညအချိန်မတော်ကြီး စူးရှသောအော်ဟစ်သံ ထွက်ပေါ်လာသည်မှာ အဘယ်ကြောင့်ပါနည်း။

သုကျိန်းသည် သတိကြီးစွာထား၍ နားစွင့်နေလိုက်သည်။

အတန်ကြာသည့်တိုင် နောက်ထပ်အသံဗလံ ထွက်ပေါ်လာသည်ကို မကြားရတော့ချေ။

သုကျိန်း မျက်မှောင်ကြုတ်သွား၏။

"ငါ နားကြားလွဲတာများလား"

ကိုယ့်ကိုယ်ကိုယ် ဝေဝေဝါဝါဖြစ်သွားသည်။

သို့သော် အော်ဟစ်သံကို သေသေချာချာကြားလိုက်ရခြင်း ဖြစ်သည်။ နားကြားလွဲခြင်း မဟုတ်နိုင်ဟု ယုံကြည်၏။

သုကျိန်း မနေနိုင်တော့ပါ။ သွားရောက်စုံစမ်းကြည့်ရန် ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လိုက်လေသည်။

အော်ဟစ်သံ ထွက်ပေါ်လာရာဆီသို့ သတိကြီးစွာထားရင်း လှမ်းလာခဲ့လေသည်။

သစ်ပင်ချုံနွယ်များကို အတန်ကြာလျှောက်လာခဲ့ပြီး တောအုပ်ကိုလွန်မြောက်ကာ မြက်ခင်းပြင်တစ်ခုသို့ ရောက်လာသည်။

မြက်ခင်းပြင်တွင် ပိုင်ရှင်မဲ့ဖြစ်နေသော မြင်းတစ်ကောင်ကို တွေ့ရလေသည်။

မြင်းပိုင်ရှင် မည်သည့်နေရာ ရောက်ရှိသွားပါသနည်း။

သုကျိန်းက မျက်စိလျှင်လျှင်ထားကာ အကဲခတ်ကြည့်လိုက်၏။ ထိုအခါ မလှမ်းမကမ်းတွင် လဲကျနေသူတစ်ယောက်ကို တွေ့မြင်လိုက်ရလေတော့၏။

သုကျိန်း ခြေလှမ်းရပ်သွားသည်။ လဲကျနေသူအား မသိမသာ အကဲခတ်ကြည့်လိုက်သည်။

လဲကျနေသူမှာ မလှုပ်မယှက် ဖြစ်နေ၏။

သုကျိန်းသည် အတန်ကြာ အကဲခတ်ကြည့်ပြီးမှ ထိုလူထံသို့ မသိမသာ ချဉ်းကပ်သွားလေသည်။

အနီးသို့ရောက်သွားသည့်အခါ ထိုလူ့ရင်ဝ၌ ဓားမြှောင်တစ်လက် စိုက်ဝင်ကာ သွေးခြင်းခြင်း နီရဲနေသည်ကို တွေ့ရလေသည်။



သုကျိန်း စိတ်မကောင်းဖြစ်သွားလေသည်။

"ဟင် ... ဘယ်လိုများ ဖြစ်ရတာလဲ"

ထိုလူအား မေးမငွေ့ တွေ့လိုက်၏။ ထိုလူမှာ သေငယ်ဇောဖြင့် မျောနေပြီဖြစ်သည်။ သုကျိန်းက ...

"မိတ်ဆွေ ခင်ဗျား ဘယ်သူလဲ၊ ဘာကြောင့် ခုလိုဖြစ်ရတာလဲ"

ထိုလူသည် အားယူ၍ မျက်လုံးဖွင့်ကြည့်လာ၏။ သုကျိန်းကို မြင်သည့်အခါ ...

"ကျုပ် ကျုပ်ကို ကျောက်စုက သစ္စာဖောက်ပြီး လုပ်ကြံသွားတယ်"

ဟု ပြောလေသည်။ သုကျိန်းက ...

"ခင်ဗျားဘယ်သူလဲ၊ ကျောက်စုဆိုတာကော ဘယ်သူလဲ၊ ဘယ်လိုဖြစ်တယ်ဆိုတာ ပြောပြပါဦး၊ ခင်ဗျားကို ကျုပ်ကူညီပါ့မယ်"

ဟု ပြောလိုက်လေသည်။ ထိုလူက အားယူကာ ...

"ကျုပ်က ဖေလွှယ်ပါ၊ ကျောက်စုနဲ့ ကျုပ်တို့နှစ်ယောက်က လူကောင်းတွေတော့ မဟုတ်ကြပါဘူး၊ ဓားရတွေပါ ခင်ဗျာ"

"ဪ" ...

"ကျုပ်တို့ အိမ်တစ်အိမ်ကို ဖောက်ထွင်းပြီး အိုးတန်ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရလာတော့ ဝေစုခွဲပေးရမှာစိုးလို့ ကျောက်စုက ကျုပ်ကို အကောက်ကြံသွားတာပါ … အဟွပ် အဟွပ်"

ထိုသူသည် ပြောရင်း ချောင်းတဟွပ်ဟွပ်ဆိုးလာပြီး နှုတ်ခမ်းထောင့်မှ သွေးများ စီးကျလာလေသည်။

သုကျိန်း စိတ်ပျက်သွားလေသည်။

ဒုစရိုက်သမားများသည် တစ်ယောက်အပေါ်တစ်ယောက် သစ္စာမရှိကြသည်မှာ အဆန်းမဟုတ်ချေ။

ယခုတော့ လွှေယိဆိုသူသည် အချင်းချင်း အကောက်ကြံခံရကာ သေဆုံးသွားရတော့မည် ဖြစ်လေသည်။

"ကျုပ်က မကောင်းမှုတွေကို စွန့်လွှတ်ထားခဲ့တာ ကြာပါပြီ၊ ခုတော့ ကျုပ်သားလေး နေမကောင်းဖြစ်နေတာနဲ့ ဆေးဖိုးငွေလိုတာကြောင့် ကျောက်စုလာပြောတဲ့ကိစ္စကို လက်ခံလိုက်တာပါ"

လွှေယိက ပြောသည်။

သုကျိန်း မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျားရဲ့သားက ဘာဖြစ်နေလို့လဲ"

"သူ့ နေမကောင်းတာ ကြာပါပြီ၊ ရောဂါပျောက်ကင်းအောင် ကုသို့ ငွေငါးသောင်းလောက် ကုန်ပါလိမ့်မယ်"

"ခင်ဗျားရဲ့သားက ဘယ်မှာလဲ"



"ဖုံးစုမြို့မှာပါ။ ဒီကနေ ရှေ့ဘက်ငါးမိုင်လောက် အကွာမှာ ရှိပါတယ်၊ မြို့စွန်က ခါးကုန်းအရက်ဆိုင်ဘေးက အိမ်မှာ ကျုပ်ရဲ့သား လွှေမင်း ရှိနေပါတယ်ဗျာ"

သုကျိန်းသည် လွှေမင်းအား သွားရောက်တွေ့ဆုံကာ အကူအညီပေးရန် စိတ်ကူးလိုက်လေသည်။

လွှေယိက အားယူကာ …

"ကျုပ်သာ ကျောက်စုဆီက ဝေစုရရင် ကျုပ်သားလေး အသက်ကို ကယ်တင်နိုင်မှာပါ။ ခု ခုတော့ …"

စကားဆုံးအောင် မပြောနိုင်တော့ပါ။ လွှေယိသည် သုကျိန်း၏ရင်ခွင်ထဲမှာပင် ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေတော့သည်။

သုကျိန်း သက်ပြင်းချလိုက်မိသည်။

"အင်း … အချိန်တွေသာ ဆယ်နှစ်ဆယ်မိုး ပြောင်းလဲသွားခဲ့တယ်၊ သိုင်းလောကဟာ မပြောင်းလဲသေးပါလား"

သုကျိန်းသည် လွှေယိ၏အလောင်းကို ကောင်းမွန်စွာ မြှုပ်နှံသင်္ဂြိုဟ်လိုက်သည်။ ထို့နောက် ဖုံးစုမြို့ဆီသို့ ဦးတည်ကာ ထွက်လာခဲ့လေတော့သည်။

✲✲✲

www.burmeseclassic.com

www.burmeseclassic.com



## သမားတော်၏ နိုက်နောင်ဇာ

တစ်ညတာ ကုန်ဆုံးသွားပြီဖြစ်သည်။

အရှေ့ဘက်တွင် အရုဏ်ဦး၏ရောင်နီများ ထွက်ပေါ်လာသည်။

မကြာမီ မိုးစင်စင်လင်းလာတော့မည် ဖြစ်လေသည်။

သုကျိန်းသည် မြင်းညိုကြီးကို အသားကျစီးနှင်းလာရင်း အဝေးမှ ဖုံးစုမြို့လေးကို လှမ်းပြီး တွေ့မြင်လိုက်ရသောအခါ ဝမ်းသာသွားလေသည်။

ဖုံးစုမြို့တွင် ဖခင်ပြန်အလာကို စောင့်မျှော်နေမည့် ဝေဒနာရှင်လေးတစ်ယောက် ရှိနေသည် မဟုတ်ပါလား။

သုကျိန်းသည် လွေ့ယိ၏သား လွေ့မင်းကို ကူညီရန် ဆုံးဖြတ်လိုက်လေသည်။

လွေ့ယိသည် ဒုစရိုက်သမားတစ်ယောက် ဖြစ်ခဲ့သည် ထားဦး၊ လွေ့မင်းတွင် အပြစ်ရှိမည်မဟုတ်ပေ။



လူလူချင်း ညှာတာထောက်ထားသည့်စိတ် ရှိမည်ဆိုလျှင် လွေ့မင်းအား ကူညီရမည်သာ ဖြစ်လေသည်။

သုကျိန်းသည် မြို့ထဲသို့ရောက်သည့်အခါ ခါးကုန်းအရက်ဆိုင်ကို စုံစမ်းလိုက်လေသည်။

စောစောစီးစီး အရက်ဆိုင်ကို စုံစမ်းနေခြင်းကြောင့် လူအများက နှာခေါင်းရှုံ့ကြလေသည်။

မည်သို့ဆိုစေ ခါးကုန်းအရက်ဆိုင် ရှိသည့်နေရာသို့ သုကျိန်း ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားလေသည်။

ခါးကုန်းအရက်ဆိုင်နံဘေး၌ အိုမင်းဟောင်းနွမ်းနေပြီဖြစ်သော အိမ်တစ်လုံး ရှိနေသည်။

"အိမ်ရှင်တို့ အိမ်ရှင်တို့"

သုကျိန်း တုံ့ပြန်သံ မကြားရချေ။

သုကျိန်းက အိမ်ထဲသို့ လှမ်းဝင်လိုက်သည်။

အိမ်ထဲ၌ အိမ်ထောင်ပရိဘောဂပစ္စည်းများ မရှိဘဲ ဖုန်အလိမ်းလိမ်း ပေကျံနေသည်။ အိမ်နံရံအချို့ ပြိုကျနေသလို ခေါင်မိုးများလည်း ပေါက်ပြဲနေပါသည်။

မကြာမီ တစ်အိမ်လုံး ပြိုကျသွားတော့မည်သဖွယ် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲရောက်သွားမှ ထောင့်တစ်နေရာတွင် ဖျာစုတ်လေးပေါ် လဲနေသည့် ကောင်လေးတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုကောင်လေးမှာ အသက်နှစ်ဆယ်ခန့်ရှိမည် ထင်ရသည်။ မျက်တွင်းဟောက်ပက်၊ အရိုးပေါ်အရေတင် ပိန်ချုံးနေလေသည်။

သုကျိန်း အိမ်ထဲဝင်လာသည်ကို တွေ့သော်လည်း ဘာမှမပြောဘဲ မျက်လုံးလေး ကလယ်ကလယ်ဖြင့် ကြည့်နေသည်။

"မင်းက လွှမင်းလား"

သုကျိန်းက မေးလိုက်သည်။

ကောင်လေး မျက်တောင် ပုတ်ခတ်ပုတ်ခတ် လုပ်လိုက်သည်။ ဟုတ်မှန်ကြောင်း ဝန်ခံသည့်သဘော ဖြစ်လေသည်။

သုကျိန်းက ...

"ကဲ ငါ့ညီ ... မင်း ဘာမှမစိုးရိမ်နဲ့တော့၊ မင်းရဲ့ရောဂါဝေဒနာ သက်သာပျောက်ကင်းသွားအောင် ငါကူညီမယ် ...ဟုတ်ပြီလား"

လွှမင်းက ဘာမှမပြောဘဲငေးကြည့်နေလေသည်။

ထိုစဉ် ခြေသံများထွက်ပေါ်လာပြီး လူတစ်ယောက် အိမ်ထဲသို့ ဝင်လာသည်ကို တွေ့ရလေသည်။

ထိုလူမှာ အဝတ်အစား ခပ်နွမ်းနွမ်း ဝတ်ဆင်ထား၏။ လက်ထဲ၌ ဆန်ပြုတ်ပန်းကန်ကိုင်လာသည်။



သုကျိန်းကိုမြင်သည့်အခါ ...

"ဧည့်သည်ရောက်နေတာကိုး၊ ကျုပ်က လွှယိပြန်လာပြီ ထင်နေတာ"

ဟု ပြောလေသည်။ သုကျိန်းက ...

"လွှယိက ကိစ္စရှိလို့ တော်တော်နဲ့ပြန်လာနိုင်မှာမဟုတ်ဘူး။ ဒါကြောင့် သူ့ရဲ့သားလေးကို ဆေးကုပေးဖို့ ကျုပ်ကိုလွှတ်လိုက်တာပါ"

ထိုလူက ...

"လွှမင်းကို ဆေးကုပေးဖို့ ... ဟုတ်လား၊ သိပ်ကောင်းတာပေါ့ဗျာ၊ ကျုပ်က ဟိုဘက်ခါးကုန်းကြီးဆိုင်က အလုပ်သမား တစ်ယောက်ပါ၊ လွှယိတို့သားအဖနဲ့ ခင်တယ်လေ၊ လွှယိမရှိတော့ လွှမင်းကို ကျုပ်ကပဲ စောင့်ရှောက်ထားရတာ၊ လွှယိဟာ အရင်က လူဆိုးတစ်ယောက်ဖြစ်ခဲ့ပေမယ့် ခုတော့ လူကောင်းတစ်ယောက်ဖြစ်နေပါပြီ၊ ဈေးထဲမှာကုန်ထမ်းပြီး ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားသောက်နေတာပါ။ အခု သူ့သားကိုဆေးကုဖို့ ငွေလိုတာနဲ့ ကျောက်စုဆိုတဲ့လူနဲ့ လိုက်သွားတာ"

"ဟုတ်ပါတယ် ... သူက ချက်ချင်းပြန်လာနိုင်သေးမှာ မဟုတ်လို့ ကျုပ်ကိုလွှတ်လိုက်တာပါ။ ဒါထက် ကျောက်စုကို ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



သိသလား"

ထိုလူက ...

"သိပါတယ် ... လူရှုပ်လူပွေတစ်ယောက်ပါဗျာ"

"သူ့ကို ဘယ်နေရာမှာ ရှာတွေ့နိုင်မလဲ"

"ကျောက်စုက လောင်းကစားသမားဗျ။ လက်ထဲငွေရှိတာနဲ့ လောင်းကစားဝိုင်းမှာ အချိန်ကုန်နေတာပဲ၊ သူ လွေ့ယိနဲ့အတူတူ ထွက်သွားတာ ပြန်ရောက်ပြီလား၊ မရောက်သေးဘူးလား ဆိုတာတော့ မသိရသေးဘူး"

သုကျိန်းက ကျောက်စုအကြောင်း ဆက်မမေးတော့ဘဲ ...

"လွှေမင်းကို ဆေးကုပေးဖို့ သမားတော်ရှိတဲ့နေရာကို ညွှန်ပြပါလားဗျာ"

ဟု ပြောလိုက်လေသည်။ ထိုလူက ...

"မြို့အရှေ့ပိုင်းမှာ သမားတော်ကြီးချီဆိုရင် မသိတဲ့လူ မရှိပါဘူး၊ သူက ဆေးပညာကို တစ်ဖက်ကမ်းခပ် တတ်မြောက်ထားပေမယ့် ငွေသိပ်မက်လို့ လူတွေက အပြစ်ပြောကြတယ်၊ လွှေမင်လေးကို သူ ကုသပေးမယ်ဆိုရင် ပျောက်ကင်းသွားမှာပါ၊ ဒါပေမဲ့ သူက ငွေငါးသောင်း တောင်းနေတယ်၊ လွှေယိက စားဖို့တောင် အနိုင်နိုင်ဆိုတော့ ဘယ်လိုလုပ် ပေးနိုင်ပါ့မလဲ"



"ကိစ္စမရှိပါဘူးဗျာ၊ သမားတော်ကြီးချီက လွှေမင်းကို ဆေးကုပေးပါလိမ့်မယ်"

"ဗျာ"

"ဖြစ်နိုင်ရင် လွှေမင်းကို ခဏကြည့်ထားပေးပါ၊ ကျုပ် သမားတော်ကြီးကို သွားပင့်လိုက်ပါဦးမယ်"

ထိုလူသည် သုကျိန်းကို မယုံကြည်နိုင်စွာ ကြည့်လိုက်၏။ သုကျိန်းသည် ပြောသည့်စကားအတိုင်း ဖြစ်အောင်လုပ်မည့်သူဟု သဘောပေါက်လိုက်သဖြင့် ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

သုကျိန်းသည် လွှဲမင်း၏အိမ်ကလေးမှ ထွက်လာခဲ့လေတော့သည်။

☼

သမားတော်ကြီးချီသည် ငွေအလွန်မက်သူဖြစ်သည်။

ဆေးပညာ တစ်ဖက်ကမ်းခပ်တော်ပြီး အခြားသူများ ကုမရသည့် ရောဂါ ဝေဒနာရှင်များကိုပင် ပျောက်ကင်းချမ်းသာအောင် ကုသပေးနိုင်လေသည်။

ဆေးပညာအလွန်တော်သော်လည်း ငွေကို အလွန်မတန်တောင်းသဖြင့် နာမည်ပျက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ သုကျိန်းသည် သမားတော်ကြီးချို၏ထံသို့ ရောက်ရှိလာလေသည်။

သမားတော်ကြီးချို၏ တပည့်တစ်ယောက်က ...

"သမားတော်ကြီး မအားပါဘူးဗျာ၊ အရေးကြီးတဲ့မိတ်ဆွေတစ်ယောက်နဲ့ နေ့လယ်စာစားသောက်ဖို့ ချိန်းထားတာ သွားရမှာဖြစ်ပါတယ်"

ဟု ဆီးကြိုပြောလေသည်။ သုကျိန်းက ...

"လူမမာတစ်ယောက်ကို ဆေးကုပေးဖို့ထက် နေ့လယ်စာစားဖို့က ပိုအရေးကြီးသလား"

တပည့်လုပ်သူက ...

"သမားတော်ကြီးကို ဝေဖန်စရာအကြောင်း မရှိပါဘူးခင်ဗျာ၊ သွားနိုင်ပါပြီ"

"ကျုပ်မသွားဘူးဆိုရင်ကော"

"ဒီလိုဆိုရင် မောင်းထုတ်ရမှာပေါ့"

"ဟား ဟား ဟား"

သုကျိန်းက ဟားတိုက်ရယ်မောလိုက်လေသည်။

"ကောင်းပြီ ... ကျုပ်ကို မောင်းထုတ်နိုင်ရင် မောင်းထုတ်ပေတော့"



ဟု ပြောလိုက်လေသည်။ ထိုလူက ...

"ဟေ့ ... လာကြစမ်း"

ဟု အော်ခေါ်လိုက်လျှင် လူလေးယောက် ပြေးလွှားလာကြလေသည်။ ထိုလူက ...

"သူ့ကို မောင်းထုတ်ပစ်လိုက်ကြစမ်း"

ဟု အမိန့်ပေးလိုက်လေသည်။

ရောက်ရှိလာကြသူ လေးယောက်သည် ချက်ချင်းပင် သုကျိန်းကို ဝိုင်းရံထားလိုက်ကြသည်။

သုကျိန်းက ...

"ဘေးဖယ်လိုက်ကြစမ်း"

ဟု ငေါက်ကာ လက်ဝှေ့ယမ်းလိုက်လျှင် ...

'ဝုန်း'

"အား"

"အောင်မယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ထိုလူလေးယောက်သည် ဖရိုဖရဲ လွင့်စဉ်သွားတော့သည်။ သမားတော်ကြီးချို၏ လူယုံတပည့် မျက်လုံးပြူးသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း မင်း"

သုကျိန်းက ...

"သမားတော်ကြီးချီကို ခေါ်လိုက်ပါ"

ဟု ပြောလိုက်သည်။ ထိုစဉ် ...

"ဟော့ ... ဆူဆူညံညံနဲ့ ဘာဖြစ်နေကြတာလဲ"

အော်ငေါက်သံ ထွက်ပေါ်လာသည်။

ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသော လူဝကြီးတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရလေသည်။

လူယုံတော်က ...

"သမားတော်ကြီး ... ဒီမှာလာပြီး နှောင့်ယှက်နေပါတယ်"

ဟု ပြောလိုက်သည်။

သမားတော်ကြီးချီသည် သုကျိန်းကိုစိုက်ကြည့်လိုက်ပြီး ...

"မင်းက ငါ့ရဲ့အိမ်ထဲလာပြီး နှောင့်ယှက်စော်ကားပုံတာ သေချင်လို့မဲ ဖြစ်ရမယ်"

ဟု ငေါက်လိုက်သည်။ သုကျိန်းက ...

"ကျုပ်ထက်အရင် ခင်ဗျားသေသွားနိုင်တယ်ဆိုတာ မမေ့ပါနဲ့ဗျာ"

ခပ်တည်တည်စိုက်ကြည့်ရင်း ပြောလိုက်လေသည်။



သမားတော်ကြီးချီက ...

"မင်း မင်း"

သုကျိန်းက ...

"ခင်ဗျားက ရောဂါဝေဒနာခံစားနေရတဲ့ ကောင်လေး တစ်ယောက်ကို ဆေးကုပေးရလိမ့်မယ်၊ ခင်ဗျား ငြင်းမယ်ဆိုတာနဲ့ သေသွားလိမ့်မယ်"

သမားတော်ကြီးချီ မကျေမနပ် ဖြစ်သွားလေသည်။

"ကျုပ်က ဘာကြောင့် ဆေးကုပေးရမှာလဲ"

"ကောင်းပြီ"

သုကျိန်းသည် လက်တစ်ဖက်ဆန့်ထုတ်ကာ သမားတော်ကြီးချီ၏ လက်ကောက်ဝတ်ကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်လေသည်။

"အား"

ရုတ်တရက် နာကျင်သွားသဖြင့် သမားတော်ကြီးချီ စူးရှစွာ အော်ဟစ်လိုက်လေသည်။

သုကျိန်းက ...

"ခါးကုန်းအရက်ဆိုင်သေးမှာနေတဲ့ လွေမင်းဆိုတဲ့ ကောင်လေးကို ခင်ဗျား ဆေးကုပေးရလိမ့်မယ်၊ ခင်ဗျား ငြင်းမယ်ဆိုရင် သေဖို့သာ ပြင်ထား"

www.burmeseclassic.com

www.burmeseclassic.com



ငွေမျက်နှာတစ်ခုတည်းကိုသာ ကြည့်တတ်သော သမားတော်ကြီးချီကို မည်သို့ကိုင်တွယ်ရမယ်ဖြစ်ကြောင်း သုကျိန်း သဘောပေါက်ထား၏။

သုကျိန်းသည် တကယ်တမ်း လုပ်မည့်သူဖြစ်ကြောင်း သမားတော်ချီ နားလည်လိုက်လေသည်။ ထို့ကြောင့် ...

"ကျုပ် ကျုပ် လက်နာလှပြီ လွှတ်ပါဗျာ၊ လွှေမင်းကို ကျုပ် ဆေးကုပေးပါ့မယ်"

ဟု ပြောလိုက်ရလေတော့သည်။

သုကျိန်း ကျေနပ်သွားသည်။ သမားတော်ချီအား လွှတ်ပေးလိုက်ပြီး ...

"ကောင်းပြီ ... ခင်ဗျား စကားမတည်ဘူးဆိုရင် ကျုပ် အဆိုး မဆိုနဲ့"

ဟုပြောကာ လှည့်ထွက်လာခဲ့လေတော့သည်။

☼

သုကျိန်းသည် သမားတော်ကြီးချီက လွှေမင်းကို ဆေးကုပေးလိမ့်မည်ဟု ယုံကြည်ထားလေသည်။ ထို့ကြောင့် ဖုံးစုမြို့ တစ်ပတ် လည်ပတ်နေလိုက်လေသည်။



လူနေမြို့ရွာများနှင့် ကင်းဝေးခဲ့သည်မှာ ဆယ်နှစ်ရှိခဲ့ပြီ မဟုတ်ပါလား။

ညနေစောင်းတော့မှ လွှေမင်းထံသို့ သွားလေသည်။

အိမ်ထဲလှမ်းဝင်လိုက်သည်နှင့် တစ်ယောက်တည်းထိုင်ကာ ငိုင်နေသည့် ခါးကုန်းအရက်ဆိုင်မှ အလုပ်သမားကို တွေ့လိုက်ရလေသည်။

ထိုအလုပ်သမားသည် လွှေမင်းကို စောင့်ရှောက်နေသူလည်း ဖြစ်သည်။

ထိုလူသည် သုကျိန်းကိုမြင်လျှင် ...

"ခင်ဗျားရောက်လာမှပဲ တစ်ခါတည်း ကိစ္စပြတ်သွားတော့တယ်"

ဟု ပြောလေသည်။

သုကျိန်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဘာဖြစ်လို့လဲဗျ၊ သမားတော်ချီ ရောက်လာပြီး လွှေမင်းကို ဆေးကုပေးတယ် မဟုတ်လား"

ဟု မေးလိုက်သည်။ ထိုလူက ...

'ထွီ'

ကြမ်းပြင်ပေါ် တံတွေးထွေးချလိုက်ပြီးမှ ...

www.burmeseclassic.com

www.burmeseclassic.com



"သမားတော်ချီရဲ့လူတစ်ယောက် ရောက်လာပြီး လွှမင်းရဲ့ ဝေဒနာ တစ်ခါတည်းသက်သာပျောက်ကင်းသွားရမယ်ဆိုပြီ ဆေးတစ်လုံး ပေးသွားတယ်၊ ကျုပ်က ဝမ်းသာအားရ ဆေးတိုက်လိုက်တာပေါ့၊ ဆေးလည်းသောက်ပြီးရော လွှမင်း ပါးစပ်ထဲက အမြှုပ်တွေထွက်လာပြီး တစ်ခါတည်း သေသွားတာပဲ"

"ဟာ"

မမျှော်လင့်သောစကား ကြားလိုက်ရသဖြင့် သုကျိန်း လွှတ်ခနဲ အသံထွက်သွားလေသည်။

သမားတော်ချီသည် သူ့အား အရွဲ့တိုက်သည့်အနေနှင့် လွှမင်းအတွက် အဆိပ်ဆေးပေးလိုက်ခြင်းဖြစ်ကြောင်း ထင်ရှားနေပေတော့သည်။ ထိုလူက ...

"လွှမင်းရဲ့အလောင်းကို ကျုပ်ကိုယ်တိုင်ပဲ မြို့ပြင်သုသာန်မှာ မြေမြှုပ်သင်္ဂြိုဟ်လိုက်ရတာဗျ"

သုကျိန်းသည် ထိုလူ ဆက်ပြောနေသည့်စကားများကို နားမထောင်နိုင်တော့ပါချေ။ သူ၏ရင်ထဲ ဒေါသမီး ဟုန်းဟုန်းတောက်လောင်လာပြီး ...

"သိကြသေးတာပေါ့ကွာ"

ဟု ကြုံးဝါးကာ ချာခနဲလှည့်ပြီး ပြေးထွက်လာခဲ့မိသည်။



သူ၏ခြေလှမ်းများသည် သမားတော်ချီ၏အိမ်သို့ ဦးတည်နေလေတော့သည်။

☼

"ဟား ဟား ဟား"

"ဟား ဟား ဟား"

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်နေသည်။ သမားတော်ကြီးချီ၏ ညွှန့်သည်များ ရောက်ရှိနေပုံရလေသည်။

သုကျိန်းသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ အိမ်ထဲ လှမ်းဝင်လိုက်လေသည်။

"ရပ်လိုက်စမ်း"

အစောင့်များက ဟန့်တားလိုက်ကြလေသည်။

သို့သော် သုကျိန်းက ခြေလက်များ ခပ်သွက်သွက်လှုပ်ရှားလိုက်သည်နှင့် ...

'ဝုန်း'

"အား"

"အောင်မယ်လေး"

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အစောင့်များ ဖရိုဖရဲဖြစ်ကာ အဝေးသို့ လွင့်စဉ်သွားကြလေတော့သည်။

"ဘာဖြစ်တာလဲဟေ့"

အတွင်းဘက်မှ ကျယ်လောင်သောမေးမြန်းသံ ထွက်ပေါ်လာလေသည်။ သုကျိန်းက …

"ကျုပ်က လူယုတ်မာကြီးရဲ့တပည့်တွေကို ဆုံးမနေတာပေါ့"

ဟုပြောလိုက်၏။

ဧည့်ခန်းအတွင်း၌ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသော သမားတော်ကြီးရှိသည် ဧည့်သည်အချို့အား ဧည့်ခံကျွေးမွေးနေသည်ကို တွေ့မြင်ရလေသည်။

သမားတော်ကြီးရှိသည် သုကျိန်းကိုမြင်လျှင် မျက်လုံးပြူးသွား၏။

"ဟင် … မင်း မင်း"

သုကျိန်းက မဲ့ပြုံးတစ်ချက်ပြုံးကာ …

"ကျုပ်က ပြောတဲ့အတိုင်း လုပ်တတ်တဲ့လူဆိုတာ ခင်ဗျား သိမှာပေါ့"

စကားဆုံးသည်နှင့် သုကျိန်းသည် လျှပ်တစ်ပြက် ရှေ့တိုး



သွားလေသည်။

"မလုပ်နဲ့"

သမားတော်ကြီးမှာ ထိတ်ထိတ်ပျာပျာ ဖြစ်ကာ လက်ကာလိုက်၏။ သုကျိန်းက လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်ရာ …

'ဖြောင်း'

"အား"

သမားတော်ကြီးရှိ၏ လက်နှစ်ချောင်း သွင်သွင်ကျိုးသွားပြီး ရှုရှုရှား အော်ဟစ်လိုက်လေသည်။

သမားတော်ကြီးရှိ ခံလိုက်ရသည်ကို တွေ့ရသည့်အခါ ဧည့်သည်သုံးယောက် ငြိမ်မနေနိုင်ကြတော့ဘဲ ဓုန်းခနဲ ထရပ်လိုက်ကြလေသည်။

"ဟေ့ … ဒါဘာလုပ်တာလဲ"

"ရပ်လိုက်စမ်း"

ဟု အော်ငေါက်ကာ ပိုင်းရံလိုက်လေသည်။ သုကျိန်းက …

"ဒီကိစ္စ ခင်ဗျားတို့နဲ့မဆိုင်ဘူး။ အေးအေးဆေးဆေး ဘေးဖယ်နေလိုက်ရင် ကောင်းမယ်"

ထိုလူသုံးယောက်အနက် တစ်ယောက်က …

"ဘာကွ … မင်းက ကျုပ်တို့မိတ်ဆွေ သမားတော်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



လည်း စော်ကားသေးတယ်၊ ကျုပ်တို့က လက်ပိုက်ကြည့်နေရမှာလား”

သမားတော်ကြီးချိုက ...

“ဟုတ်ပါတယ်ဗျာ၊ သူ့ကြောင့် ကျုပ်လက်တွေလည်း ကျိုးတုန်ပါပြီ၊ သူ့ကို ဆုံးမလိုက်ပါ”

ဟု အော်ပြောလေသည်။ သုကျိုန်းက ...

“ခင်ဗျားဟာ ငွေမပေးနိုင်တာနဲ့ ဧောဂါဝေဒနာခံစားနေရတဲ့ ကလေးငယ်တစ်ယောက်ကို အဆိပ်ကျွေးပြီး သတ်ပစ်လိုက်တာဘာသဘောလဲဗျ၊ ခင်ဗျားကို ခွင့်မလွှတ်နိုင်ဘူး”

ပြောပြီး ရှေ့တိုးသွားရာ ...

“ရပ်လိုက်စမ်း”

ဝိုင်းထားသူသုံးယောက်သည် ချက်ချင်း ဟန်တားတိုက်ခိုက်လိုက်လေသည်။ သူတို့သည် သိုင်းသမားများဖြစ်ကြောင်း ထင်ရှားပေါ်လွင်လာလေသည်။

သုကျိုန်းကလည်း ပြန်လည်တိုက်ခိုက်လိုက်၏။ သူတို့ ထိပ်တိုက် ရင်ဆိုင်မိလိုက်ကြသည်နှင့် ...

‘ဗုန်း’

“အား”



“အောင်မယ်လေး”

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာပြီး ထိုလူ သုံးယောက် ဖရိုဖရဲ နောက်ဆုတ်သွားကြရလေတော့သည်။

သူတို့သည် သုကျိုန်းကို မျက်လုံးပြူး၍ ကြည့်ကာ ...

“မင်း မင်းဘယ်သူလဲ”

ဟု မေးလိုက်လေသည်။ သုကျိုန်းက ...

“ကျုပ် ဘယ်သူလဲဆိုတာ အရေးမကြီးဘူး၊ လူယုတ်မာသမားတော်ကြီးဘက်က ခင်ဗျားတို့ ဝင်မပါမိကြဖို့ အရေးကြီးတယ်”

ထိုလူသုံးယောက်အနက် တစ်ယောက်က ...

“ကောင်းပြီ ... ဒီကနေ့ကိစ္စကို ကျုပ်တို့ ကျေနပ်မှာမဟုတ်ဘူး၊ ပြန်တွေ့ကြသေးတာပေါ့”

ဟုပြောကာ ခြေလှမ်းကျဲကျဲဖြင့် ထွက်သွား၏။ ကျန် နှစ်ယောက်လည်း သူ့နောက်မှ လိုက်ပါသွားကြလေသည်။

✲

သိုင်းသမားများဖြစ်ကြဟန်ရှိသော ညှို့သည်သုံးယောက် ထွက်သွားကြပြီဖြစ်လေသည်။

သမားတော်ကြီးချိုမှာ မျက်စိသူငယ် နားသူငယ်ဖြင့် ကျန်

www.burmeseclassic.com

www.burmeseclassic.com



ရစ်ခဲ့လေသည်။ သုကျိန်းက ...

"ခင်ဗျားရဲ့ရက်စက်ယုတ်မာမှုကို ဘယ်လိုဖြေရှင်းမလဲ"

ဟု မေးလိုက်လေသည်။ သမားတော်ကြီးချိုက ...

"ဒီကောင်လေးကို ဆေးကုပေးလည်းအပိုပဲ၊ ရောဂါကျွမ်းနေပြီ၊ သူသေသွားတာကတောင် ကောင်းဦးမယ်၊ ကျုပ်ကုပေးလည်း သက်ဆိုးရှည်မှာ မဟုတ်ဘူး"

ဟု ပြောလေသည်။ သုကျိန်းက ...

"ဘာပဲဖြစ်ဖြစ် ခင်ဗျားဟာ သမားတော်တစ်ယောက်ပဲ၊ ရောဂါဝေဒနာခံစားနေရတဲ့ လူတစ်ယောက်ကိုဆေးကုပေးဖို့ ခင်ဗျားမှာ တာဝန်ရှိတာပေါ့"

"ကျုပ် ကျုပ်က"

သုကျိန်းက ...

"ကဲ ... ခင်ဗျားကို ကျုပ်သက်သက်ညှာညှာ အပြစ်ပေးပါ့မယ်၊ လျှမင်းကို ခင်ဗျားက အဆိပ်ကျွေးလိုက်တယ် မဟုတ်လား"

"ဟုတ် ဟုတ်ပါတယ်"

သမားတော်ချို မငြင်းနိုင်တော့ဘဲ ဝန်ခံလိုက်ရလေသည်။

"ကောင်းပြီ ... အဆိပ်ဆေးတစ်လုံး ထုတ်လိုက်ပါ"

"ကျုပ်"



"စကားမရှည်နဲ့ ... ကျုပ်ပြောသလို လုပ်ပါ"

သမားတော်ကြီးချိုသည် အဆိပ်ဆေးလုံးလေး တစ်လုံးကို သွား၍ ထုတ်ယူလိုက်လေသည်။ သုကျိန်းက ...

"အဲ အဲဒီအဆိပ်ဆေးကို ခင်ဗျားသောက်လိုက်ပေတော့"

"ဗျာ"

"ခင်ဗျားဘာသာ သောက်မလား၊ ကျုပ်က အတင်းတိုက်ရမလား"

သမားတော်ကြီးတို့သည် သုကျိန်းပြုသမျှ နတော့မည့် အခြေအနေကို သဘောပေါက်သွားလေသည်။ ထို့ကြောင့် ...

"ကျုပ် မှားပါပြီ၊ ကျုပ်ရဲ့အကျင့်ဆိုးတွေကို ပြုပြင်ပါတော့မယ်၊ ကျုပ်ကို ချမ်းသာပေးပါဗျာ"

ဟု တောင်းပန်တိုးလျှိုးလေသည်။ သူ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာလေသည်။ သမားတော်ချိုသည် အလွန်ကြောက်ရွံ့ထိတ်လန့်နေသလို နောင်တရနေပြီ ဖြစ်လေသည်။

သုကျိန်းက ...

"မလိုချင်ဘူး ... ခင်ဗျား မြန်မြန်သောက်လိုက်စမ်း"

သမားတော်ချိုသည် မည်သို့မျှ မတတ်နိုင်တော့သဖြင့် ...

"ကျုပ်လောဘရမ္မက်ကြီးတယ်၊ မကောင်းတဲ့စိတ်ထား ရှိခဲ့

www.burmeseclassic.com

www.burmeseclassic.com



လို့ ခုတော့ကျုပ်သေရတော့မယ်၊ နောက်နောင် ကျုပ်ဟာ လူကောင်း တစ်ယောက် ဖြစ်ချင်ပါတယ်၊ ခုလိုအဖြစ်ဆိုးနဲ့ မကြုံပါရစေနဲ့လို့ ဆုတောင်းပါတယ်”

ဟု ရေရွတ်ကာ အဆိပ်ဆေးကိုသောက်ချရန် ဟန်ပြင်လိုက်လေသည်။

သုကျိန်းသည် သမားတော်ချီကိုကြည့်ရင်း ရင်ထဲဖော်မပြနိုင်သော ခံစားချက်တစ်ခု ဖြစ်ပေါ်လာသည်။

လွှမင်းလေးကား သေဆုံးသွားချေပြီ။

လွှမင်း၏ဖခင် လွှယီလည်း သေဆုံးသွားပြီဖြစ်သည်။ လွှမင်း အသက်ဆက်ရှင်နေမည်ဆိုလျှင်လည်း ဘဝရှေ့ရေး မတွေးဝံ့စရာပင်။ လွှမင်းအတွက် သေဆုံးသွားခြင်းက အကောင်းဆုံးသာ ဖြစ်ပေသည်။

သမားတော်ချီသည်လည်း နောင်တရနေပြီဖြစ်သည်။

သုကျိန်း သက်ပြင်းချလိုက်သည်။

“ကဲ … ခင်ဗျား အဆိပ်မသောက်ပါနဲ့တော့ဗျာ”

“ဟင်”

သမားတော်ချီ အံ့ဩသွားသည်။

သုကျိန်းကို မယုံကြည်နိုင်စွာ ကြည့်လိုက်ပြီး …



“ကျုပ် ကျုပ်က”

“ခင်ဗျားကို ကျုပ် ချမ်းသာပေးလိုက်မယ်”

“ကျေး ကျေးဇူးပါပဲဗျာ’

သမားတော်ချီသည် အလွန်ဝမ်းသာသွားလေသည်။

သုကျိန်းက …

“ခင်ဗျား နောက်တစ်ကြိမ် မကောင်းမှုလုပ်ဖို့ ကြိုးစားဦးမယ်ဆိုရင်တော့ ကျုပ်က”

သူ၏စကားမဆုံးမီ သမားတော်ချီက ကြားဖြတ်ပြောလိုက်သည်။

“ကျုပ် ကျုပ်က မကောင်းမှုတွေကို ဘယ်တော့မှ မလုပ်တော့ပါဘူး၊ ကျုပ်တတ်ထားတဲ့ဆေးပညာနဲ့ အများအကျိုး ဆောင်ရွက်မယ်လို့ ကတိပြုပါတယ်”

သုကျိန်းက …

“ကောင်းပြီ … ခင်ဗျားသာ ကတိတည်ပါစေ”

“စိတ် စိတ်ချပါဗျာ”

သုကျိန်းသည် သမားတော်ချီကို တစ်ချက်စိုက်ကြည့်ပြီး ချာခနဲ လှည့်ထွက်သွားလေတော့သည်။

✲✲✲

www.burmeseclassic.com

www.burmeseclassic.com



## ခေါင်းလောင်းတောင်မှ မိတ်ဆွေဟောင်း

သုကျိန်းသည် သိုင်းလောကသို့ ဆင်းလာခဲ့သည်မှာ ဆယ့်ငါးရက်ခန့်ရှိပြီဖြစ်လေသည်။

ထိုဆယ့်ငါးရက်အတွင်း စိတ်ရှုပ်ထွေးစရာများနှင့် ကြုံတွေ့ခဲ့ရလေသည်။

မည်သို့ပင်ဖြစ်စေ ...

သူ့အနေဖြင့် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့သည်ဟု ယုံကြည်ထားခဲ့လေသည်။

သုကျိန်းသည် သမားတော်ကြီးချိုကို ဆုံးမပြီးနောက် ရှေ့ခရီး ဆက်လာခဲ့လေသည်။

သို့ဖြင့် နေသာသော နေ့တစ်နေ့တွင် သိုင်းလောကသားများ လာရောက် ဝတ်ပြုလေ့ရှိသည့် ခေါင်းလောင်းတောင်နဂါး ဘုံကျောင်းသို့ ရောက်ရှိလာခဲ့လေတော့သည်။

✲



ခေါင်းလောင်းတောင်မှာ သာယာလှပနေသည်။

နဂါးဘုံကျောင်းသည် ခမ်းနားထည်ဝါစွာ ရှိနေသည်။

သုကျိန်းသည် နဂါးဘုံကျောင်းသို့ ဝင်ရောက် ဂါရဝပြုပြီးဖြစ်သည်။

ဘုံကျောင်းအပျက်ဘက် တောင်စောင်းတစ်နေရာ၌ရပ်ကာ အဝေးသို့ မျှော်ကြည့်နေမိသည်။

သူသည် နဂါးဘုံကျောင်းသို့ ယခုမှ ရောက်ဖူးခြင်း မဟုတ်ပါ။ ယခင်က မကြာခဏ ရောက်ခဲ့ဖူးသည်ဟု ဆိုနိုင်သည်။

သူသည် ယခင်အခါကတည်းက သိုင်းလောက၌ ကျင်လည်ကျက်စားခဲ့ဖူးသည် မဟုတ်ပါလား။

သိုင်းလောက၌ ကျင်လည်ကျက်စားခဲ့စဉ်ကဆိုလျှင် နဂါးဘုံကျောင်းသာမက အခြားထင်ရှားသော နေရာများသို့လည်း အခေါက်ခေါက်အခါခါ ရောက်ခဲ့ဖူးသည်ချည်းသာ ဖြစ်သည်။

သုကျိန်းသည် အဝေးသို့ ငေးမောကြည့်ရင်း မိုးထိတောင်၌ နေထိုင်ခဲ့ရပုံများကို ပြန်လည်မြင်ယောင်လာသည်။

ထိုစဉ်က လွန်စွာမှပင် ပျော်ရွှင်စရာကောင်းသည်ဟု တွေးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်မျှကြာအောင် တွေးတော ငေးမောနေမိမှန်းမသိ။

"လက်စသတ်တော့ မင်းက ဒီမှာရောက်နေတာကိုး"

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသဖြင့် အတွေးပျက်သွားပြီး ချာခနဲ လှည့်ကြည့်လိုက်သည်။

ထိုအခါ လူသုံးယောက် သူ့အနီးသို့ ရောက်လာကြသည်ကို တွေ့လိုက်ရသည်။

သမားတော်ချီ၏အိမ်တွင် ရင်ဆိုင်ခဲ့ရသော သိုင်းသမားသုံးယောက်ဖြစ်ကြောင်း မှတ်မိလိုက်လေသည်။

"ဩော် ... ခင်ဗျားတို့ကိုး"

ထိုလူသုံးယောက်အနက် တစ်ယောက်က ...

"ကျုပ်တို့ မင်းကို မကျေနပ်ဘူးဆိုတာ မင်း သဘောပေါက်မယ် ထင်ပါရဲ့"

သုကျိန်းက ခေါင်းညိတ်ရင်း ...

"ကျုပ် ရိပ်မိပါတယ်ဗျာ"

"အခု ကျုပ်တို့ ဘာကြောင့် လာခဲ့ကြတယ်ဆိုတာကိုလည်း မင်း နားလည်လောက်ရောပေါ့"

သုကျိန်း နားလည်ပါသည်။ အရေးမစိုက်ပါ။

"ခင်ဗျားတို့က ကျုပ်ကို မကျေနပ်လို့ ရင်ဆိုင်ချင်ကြတယ်



ဆိုရင်လည်း ကျုပ်က အသင့်ပါပဲဗျာ"

သုကျိန်းက ခပ်တင်းတင်းပင် ပြန်ပြောလိုက်၏။

ထိုလူသုံးယောက်သည် ချက်ချင်းပင် သုကျိန်းအား ဝိုင်းရံထားလိုက်ကြလေသည်။

သုကျိန်းက မဲ့ပြုံးပြုံးကာ ...

"ခင်ဗျားတို့ရဲ့ သမားတော်ကြီးဆေ ဘင် အမြင်မှန်ရသွားပြီ၊ သူ့ရဲ့ မကောင်းတဲ့စိတ်ထားကို စွန့်လွှတ်လိုက်ပြီ။ ခင်ဗျားတို့က ကျုပ်ကို ရန်ပြုချင်ကြတယ်ဆိုရင်လည်း ခင်ဗျားဝ ဋ်သဘောပဲ"

ထိုလူသုံးယောက်ထဲမှ တစ်ယောက် က ...

"ဟေ့ ... အပိုတွေပြောမနေနဲ့"

ဟု ငေါက်ငမ်းလိုက်၏။ တစ်ယောက် က ...

"သေဖို့သာပြင်ထား"

"ချကွာ"

ကျန်တစ်ယောက်ကပြောပြီး သုံးယော က်သား တစ်ယောက်ထစ်ပေါက်ပြောကာ ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

သုကျိန်းက ပြန်လည်တိုက်ခိုက်လိုက်ရာ သာ ယာလှပသော ပတ်ဝန်းကျင်၌ ပြင်းထန်သောတိုက်ပွဲတစ်ခု ပေါ်ပေါက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုလူသုံးယောက်သည် သုကျိန်းအား ဟန်ပြတိုက်ခိုက်ခြင်းသာ ဖြစ်ပါသည်။ တစ်ခဏမျှ တိုက်ခိုက်ပြီးနောက် ...

"သတ္တိရှိရင် လိုက်ခဲ့"

ဟု အော်ဟစ်ကာ ပြေးလွှားသွားကြလေသည်။

"ဟင်"

သုကျိန်းမှာ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ထိုလူသုံးယောက်သည် ဆက်၍ တိုက်ခိုက်ခြင်းမပြုဘဲ အဘယ်ကြောင့် ပြေးသွားကြပါသနည်း။

အကြောင်းတစ်ခုခု ရှိရမည်ဖြစ်ကြောင်း သုကျိန်း သဘောပေါက်လာလေသည်။ ထို့ကြောင့် ...

"သိကြပေးတာပေါ့ကွာ"

ဟု ကြုံးဝါးကာ နောက်မှ ပြေးလိုက်သွားလေတော့သည်။

✵

ထိုလူသုံးယောက်သည် သစ်ပင်များကို ကွေ့ပတ်ပြေးလွှားကာ မြေကွက်လပ်တစ်ခုသို့ ရောက်သည့်အခါ ခြေလှမ်းရပ်လိုက်ကြလေသည်။

သုကျိန်းသည် ခြေလှမ်းရပ်လိုက်သည်။



ယခု ထိုလူသုံး ယောက်သည် သူ့အား ထောင်ချောက်ဆင်ထားကြောင်း သုကျိန်း သဘောပေါက်ပြီး ဖြစ်လေသည်။

အကြောင်းမှာ ...

မြေကွက်လပ်တွင် ဆံပင်နီကြင်ကြင်ရှိ လူတစ်ယောက် ကျောခိုင်းကာရပ်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ထိုလူသုံးယောက်သည် သုကျိန်းကို ညွှန်ပြရင်း ...

"သူရောက်လာပြီ"

ဟု ဆံပင်နီနှင့်လူအား ပြောလိုက်လေသည်။

"ဟား ဟား ဟား"

ထိုလူက ဟားတိုက်ရယ်မောလိုက်လေသည်။ သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

သုကျိန်းအား မျှားခေါ်လာသူသုံးယောက် ကျေနပ်သွားကြသည်။ သူတို့သည် သုကျိန်းကို မယှဉ်နိုင်သဖြင့် အကူအညီသွားခေါ်လာခဲ့ကြခြင်း ဖြစ်သည်။

သူတို့ခေါ်လာသူက သုကျိန်းအား ဆုံးမနိုင်လိမ့်မည်ဟု ယုံကြည်ထားကြလေသည်။ သူတို့သည် သုကျိန်းကိုကြည့်ကာ ...

"ဒီတစ်ခါ မင်း ပြေးလို့မလွတ်တော့ဘူးကွ"

ဟု ငေါက်လိုက်လေသည်။ ထိုစဉ် ...

www.burmeseclassic.com

www.burmeseclassic.com



"ပြေးလို့မလွတ်တာ သူ့ မဟုတ်ဘူး၊ မင်းတို့"

ဆံပင်နီနှင့်လူ၏စကားသံ ထွက်ပေါ်လာသည်။

ထိုလူသုံးယောက် ကြောင်အမ်းအမ်း ဖြစ်သွားကြ၏။

"ဟင်"

ဆံပင်နီနှင့်လူက ...

"မင်းတို့ သူ့ကိုသွားစတာ ဒုက္ခရောက်ချင်လို့ပဲ၊ သူ ဘယ်သူလဲဆိုတာ မင်းတို့ သိကြသလား"

ထိုလူသုံးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ ဆံပင်နီနှင့်လူက ...

"သူဟာ သိုင်းလောကမှာ ပြိုင်ဘက်ကင်းတဲ့ မိုးထိတောင်အဘိုးအို ချမ်းစန်းဖုံးရဲ့ ရှစ်ယောက်မြောက် တပည့် သုကျိန်းပဲ"

ထိုစကားကြောင့် ...

"ဟင်"

"ဟာ"

ထိုလူသုံးယောက်သည် မိုးထိတောင်အဘိုးအို ချမ်းစန်းဖုံး ဟူသော အမည်ကိုကြားလိုက်ရသည်နှင့် ပါးစပ်အဟောင်းသား ဖြစ်သွားကြကုန်တော့၏။

သူတို့၏မျက်နှာမှာ ဆီးရွက်လောက်ငယ်သွားကြသည်။



သုကျိန်းလည်း အံ့သြသွားသည်။

ဆံပင်နီနှင့်လူသည် အဘယ်ကြောင့် သူ့အား သိနေရပါသနည်း။

သုကျိန်းသည် တွေးတောစဉ်းစားရင်း လူတစ်ယောက်ကို သတိရလာလေသည်။

သိုင်းလောက၌ ပြိုင်ဘက်ကင်းသော မိုးထိတောင်အဘိုးအို ချမ်းစန်းဖုံးတွင် တပည့်ရှစ်ယောက် ရှိသည်။

သုကျိန်းသည် အမှတ်စဉ်ရှစ်ယောက်မြောက် အထွေးဆုံး တပည့်ဖြစ်၏။

သုကျိန်း၏ပညာသင်ဘက် အမှတ်စဉ်ငါးအစ်ကိုတွင် အလွန်ရင်းနှီးသော မိတ်ဆွေတစ်ယောက် ရှိသည်။

ခြင်္သေ့ကြီးတစ်ကောင်သဖွယ် ဆံပင်နီကြင်ကြင်ရှိသော ခြင်္သေ့ထိဂူးဆိုသူ ဖြစ်လေသည်။

ယခုတွေ့နေရသည့် ဆံပင်နီနှင့် လူမှာ ...

"နောင်ကြီးဟာ ခြင်္သေ့ထိဂူး မဟုတ်လားဗျာ"

သုကျိန်းက မေးလိုက်ရာ ...

"ဟား ဟား ဟား"

ထိုလူက ဟားတိုက်ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သုကျိန်းဘက်သို့လှည့်လိုက်ပြီး ...

"သိပ်မှန်တာပေါ့ကွာ၊ မင်းက ငါ့နာမည်ကိုတောင် မှတ်မိနေသေးတာကိုး၊ မင်းတို့ညီအစ်ကိုတစ်တွေ လူချင်းကွဲသွားကြတာ ဆယ်နှစ်လောက်တောင် ရှိကြပြီ ထင်တယ်"

"မှန်ပါတယ်ခင်ဗျာ"

သုကျိန်းက လက်နှစ်ဖက်ဆုတ်ကာ ဦးညွှတ်လိုက်သည်။

"နောင်ကြီးထိပ္ပူးကို ဂါရဝပြုပါတယ်ဗျာ"

ဆံပင်နီနှင့်လူမှာ သိုင်းလောက၌ ထင်ရှားနေသော ခြသေ့ ထိပ္ပူးဖြစ်လေသည်။

ထိပ္ပူးက ...

"သုကျိန်း ... မင်း သိုင်းလောကကို ပြန်ပြီးခြေချလာတာကို မင်းရဲ့အစ်ကိုတွေသာ သိသွားကြရင် သိပ်ကို ဝမ်းသာကြမှာပဲ"

သုကျိန်းပြုံးလိုက်သည်။

"ကျွန်တော်က သူတို့နဲ့ သွားတွေ့မှာပါ"

"အေး ... မင်းရဲ့အမှတ်ငါး အစ်ကိုကို တွေ့ချင်ရင် ငါနဲ့လိုက်ခဲ့"

သုကျိန်းက ချက်ချင်းပင် လက်ခံလိုက်၏။

"ကောင်းပါပြီဗျာ"



"သူ မင်းကိုတွေ့ရင် သိပ်ပြီး ဝမ်းသာသွားမှာပဲ၊ ကဲ လာ ... သွားကြစို့"

စကားဆုံးသည်နှင့် ထိပ္ပူးသည် ချာခနဲလှည့်ကာ ထွက်သွားလေ၏။

သုကျိန်းလည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ထိပ္ပူး နောက်မှ လိုက်ပါသွားလေတော့၏။

သုကျိန်းအား ဒုက္ခပေးရန် ကြိုးစားခဲ့သူ သုံးယောက်မှာ ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်ခဲ့ကြလေတော့သည်။

✲

သုကျိန်းသည် ထိပ္ပူးနှင့်လိုက်ပါသွားရာ သုံးရက်မြောက်သောနေ့တွင် ခြံဝင်းတစ်ခုသို့ ရောက်ရှိသွားလေသည်။

ခြံဝင်းမှာ ကျယ်ဝန်းပြီး သီးပင်စားပင်များ စိုစိုလင်လင် စိုက်ပျိုးထားလေသည်။

အစောင့်အကြပ်များလည်း ဟိုဟိုသည်သည် သွားလာနေကြသည်။

ဤခြံဝင်းပိုင်ရှင်သည် အလွန်ချမ်းသာကြွယ်ဝပြီး ပွားရေးလုပ်ငန်း အများအပြားပိုင်ဆိုင်ထားသူဖြစ်ကြောင်း ထင်ရှားနေသည်။

www.burmeseclassic.com



အစောင့်များသည် ခြသေ့်ကြီးထိဂူးကို တွေ့သောအခါ အရိုအသေပြုကြလေသည်။

ထိဂူးသည် ဤနေရာ၌ အရေးပါအရာရောက်သူဖြစ်မည်ဟု သုကျိန်း တွေးမိလေသည်။

နှစ်ယောက်သား ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားကြရာ ခမ်းနားထည်ဝါလှသော အဆောက်အအုံကြီးရှေ့သို့ ရောက်ရှိလာခဲ့ကြလေသည်။

ထိဂူးက တံခါးဝ၌ စောင့်ကြပ်နေကြသူများကိုကြည့်ကာ...

"မင်းတို့ဆရာ ရှိသလားဟေ့"

ဟု မေးလိုက်လေသည်။

အစောင့်များက ထိဂူးကို ဦးညွှတ်လိုက်ပြီး ...

"ရှိပါတယ်ခင်ဗျာ၊ အရှေ့ဘက်အဆောင်မှာပါ"

ဟု တရိုတသေ ပြန်ပြောလေသည်။

"ဪ ... မင်းတို့ဆရာ အလုပ်ရှုပ်နေပြီထင်တယ်"

"ဟုတ်ပါတယ် ... အနီးအနား ပတ်ဝန်းကျင်က လူတချို့ရောက်နေပါတယ်"

"ကောင်းပြီ ... ငါသွားတွေ့လိုက်ဦးမယ်"

"ဟုတ်ကဲ့"



ထိဂူးက သုကျိန်းဘက်လှည့်ကာ ...

"သွားစို့"

ဟုပြောပြီး အိမ်ထဲဝင်သွားလေသည်။

သုကျိန်းလည်း လိုက်သွားလေသည်။

အိမ်ထဲသို့ ရောက်သွားကြသောအခါ လူသုံးလေးယောက်သည် ခေါင်းငိုက်စိုက်ချကာ ထွက်လာသည်ကို တွေ့ရသည်။

ထိုလူများသည် သုကျိန်းတို့ကိုပင် သတိမပြုမိနိုင်ဘဲ ...

"တော်တော်ကို မတရားတဲ့လူပဲ"

"ဟုတ်တယ် ... သူ့ကြောင့် ငါတို့ဘဝ ပြာပုံထဲက ထွက်ရတော့မှာ မဟုတ်ဘူး"

သုကျိန်း အံ့ဩသွားသည်။

ဤအဆောက်အအုံပိုင်ရှင်မှာ လူကောင်းတစ်ယောက်မဟုတ်ပါ၏လောဟု တွေးမိလေသည်။

"မင်း ဘာတွေ စဉ်းစားနေတာလဲ၊ လာ ... သွားစို့"

ထိဂူးကပြောပြီး အရှေ့ဘက်အဆောင်သို့ သုကျိန်းကို ခေါ်ဆောင်သွားလေသည်။

သူတို့နှစ်ယောက်သည် ပန်းဥယျာဉ်ကို မျက်နှာပြုထားသည့် အဆောင်ကြီးတစ်ဆောင်သို့ ရောက်ရှိသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိဂူးက အခေါင်ထဲသို့ တန်းဝင်လိုက်သည်။ သုကျိန်းလည်း လိုက်လာသည်။

အခေါင်ထဲ ခြေချလိုက်သည်နှင့် ...

"သွားကြ သွားကြ ... ခင်ဗျားတို့ သုံးရက်အတွင်း ငွေမပေးနိုင်ရင် ခင်ဗျားတို့ပစ္စည်းတွေအားလုံး သိမ်းယူရမှာပဲ၊ ဒါ ကျုပ်ရဲ့ နောက်ဆုံးစကားပဲ ... သွားကြတော့"

ကျယ်လောင်သော အော်ငေါက်သံကြီး ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လူတစ်ယောက်သည် ခေါင်းငုံ့ကာ ခပ်သွက်သွက် ထွက်သွားသည်ကိုလည်း တွေ့လိုက်ရလေသည်။

သုကျိန်း မျက်မှောင်ကြုတ်သွားပြန်သည်။

သူ၏စိတ်ထဲ မသိုးမသန့်ဖြစ်လာသည်။ ဤနေရာသည် ကောင်းသောနေရာတစ်ခု မဟုတ်ကြောင်းလည်း ယုံကြည်လာလေသည်။

ထိုစဉ် ...

"ဘယ်လိုလဲ သူငယ်ချင်း ... အလုပ်တွေများလွန်းလို့ စိတ်ရှုပ်နေပြီလား၊ ကျုပ်က မင်းအတွက် အကောင်းဆုံးလက်ဆောင်တစ်ခု ယူလာတယ်"



ထိဂူး၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

တစ်ဆက်တည်းပင် အခန်းထဲမှလည်း တုံ့ပြန်သံ ထွက်ပေါ်လာသည်။

"ဟား ဟား ဟား ... ခင်ဗျားရောက်လာတာကိုး၊ လာဗျို့"

ထိဂူးက ...

"ဟောဒီမှာ ကြည့်စမ်းပါဦး ... ခင်ဗျားအတွက် လက်ဆောင်လေဗျာ"

အခန်းတွင်း၌ ထိုင်နေသူမှာ ခန္ဓာကိုယ်ဝဝဖိုင့်ဖိုင့် ရှိသူ တစ်ယောက် ဖြစ်သည်။

ထိုလူသည် ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသလို လက်ချောင်းများတွင် ရွှေလက်စွပ်၊ စိန်လက်စွပ်များ ဝတ်ဆင်ထားသည်ကို တွေ့ရသည်။

အလွန်ချမ်းသာကြွယ်ဝပြီး စည်းစိမ်ခံစား နေနိုင်သူ တစ်ယောက်ဖြစ်ကြောင်း ထင်ရှားလေသည်။

ထိုလူသည် သုကျိန်းကို အတန်ကြာအောင် စိုက်ကြည့်နေ၏။ ပြီးမှ ...

"ညီလေး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဝမ်းသာအားရခေါ်ကာ ထိုင်ရာမှထိုက်လေသည်။

သူသည် လှုပ်ရှားလိုက်သောအခါ ခန္ဓာကိုယ်နှင့် မလိုက်အောင် လှုင်မြန်ပေါ့ပါးနေသည်ကို တွေ့ရလေသည်။

သုကျိန်းသည် လူဝကြီးကို မယုံကြည်နိုင်စွာကြည့်ရင်း ...

"အစ်ကိုရှူး"

ဟု ခေါ်လိုက်မိသည်။

ထိုလူမှာ သူ၏ အမှတ်ငါးအစ်ကို ရှောင်ဂူး ဖြစ်နေသည် မဟုတ်ပါလား။

"ဟား ဟား ဟား"

အမှတ်ငါးအစ်ကို ရှောင်ဂူးသည် သုကျိန်း တအံ့တသြ ဖြစ်နေသည်ကို တွေ့ရလျှင် ကျယ်လောင်စွာ ရယ်မောလိုက်လေသည်။

✲✲✲



–

## ကတိစကား

ထိုပွဲ၊ သုကျိန်းနှင့် ရှောင်ဂူးတို့ ဝိုင်းဖွဲ့ထိုင်မိကြပြီ ဖြစ်သည်။

စားပွဲပေါ်၌ စားသောက်ဖွယ်ရာများ၊ အရက်များ အလျှံပယ် ရှိနေ၏။

လူဝကြီးရှောင်ဝူးသည် သူ့ထံသို့ သုကျိန်းရောက်ရှိလာခြင်းကြောင့် ဝမ်းသာမဆုံး ဖြစ်နေလေသည်။

"ညီလေး ... တို့များမတွေ့ရတာ ဆယ်နှစ်လောက် ရှိပြီနော်၊ ခုလို ပြန်တွေ့ရမယ်လို့ မမျှော်လင့်ခဲ့ဘူး"

သုကျိန်းက ...

"အစ်ကိုဝူး ... ကျွန်တော်တို့ မိုးထိတောင်က လမ်းမခွဲခင် ဆယ်နှစ်ကြာတဲ့အခါ ပြန်ပြီး ဆုံတွေ့ကြမယ်လို့ ကတိပေးခဲ့ကြသေးတယ်လေ"

ရှောင်ဝူး ဦးခေါင်းညိတ်လိုက်သည်။

"အင်း ... ဟုတ်ပါရဲ့၊ ကျုပ်က အသက်ကြီးလာတဲ့အပြင်

www.burmeseclassic.com

www.burmeseclassic.com



အလုပ်တွေများလွန်းတော့ မေ့သွားတယ်၊ နှစ်တွေလည်း ကြာညောင်းခဲ့ပြီ မဟုတ်လား"

"ကျွန်တော်တို့ တပည့်ရှစ်ယောက်ဟာ ဆယ်နှစ်ကြာတဲ့အခါ မိုးထိတောင်မှာ ပြန်လည်ဆုံတွေ့ကြမယ်၊ ဆရာ့ရဲ့ အုတ်ဂူရှေ့မှာ စည်းစည်းလုံးလုံးနဲ့ ပူဇော်ကန်တော့ကြမယ်လို့ ကတိစကား ထားခဲ့ကြတာပဲ၊ ဒီကိစ္စကို မေ့ထားလို့ မကောင်းပါဘူးဗျာ"

သုကျိန်းက မကျေမနပ်လေသံဖြင့် ပြောလိုက်လေသည်။

"အင်း ... ညီလေးအပြစ်တင်ရင်လည်း ခံရမှာပဲ၊ တို့တစ်တွေ မိုးထိတောင်က ဆင်းလာပြီးနောက် ကိုယ့်လမ်းကိုယ်လျှောက်ခဲ့ကြတာပဲ မဟုတ်လား၊ ပြန်ပြီးဆုံတွေ့ဖို့ဆိုတာ ..."

ရှောင်ဝူးက စကားဆုံးအောင် မပြောဘဲ ရပ်ထားလိုက်လေသည်။

သုကျိန်းက ...

"ကျွန်တော်ကတော့ မိုးထိတောင်မှာ ထားခဲ့တဲ့ကတိစကားကို အလေးအနက်ထားပြီး သိုင်းလောကထဲကို ပြန်ဆင်းလာခဲ့တာပဲ"

ဟုပြောလိုက်သည်။ ရှောင်ဝူးက ...

"ဒါထက် ငါ့ညီက ဒီဆယ်နှစ်အတွင်း ဘယ်ပျောက်နေတာလဲ၊ တခြားလူတွေကို တွေ့တဲ့အခါ တွေ့ရတယ်၊ သတင်းစကား ကြားရတယ်၊ ငါ့ညီအကြောင်းတော့ ဘာမှ မကြားရဘူး၊ ကျန်တဲ့လူတွေကလည်း ငါ့ညီအကြောင်းကို စိတ်ဝင်စားနေကြမှာ သေချာတယ်"

ဟု စကားလွှဲကာ ပြောလိုက်လေသည်။ သုကျိန်းက ...

"ကျွန်တော်က အနောက်ဘက်တောင်တန်းဒေသမှာ ရောက်နေတာပါ။ လူသူဝေးလံခေါင်းပါးတဲ့ အရပ်ဒေသ ဆိုပါတော့"

ရှောင်ဝူးက ...

"အတော့်ကို ဖူးရိုးငွေ့စရာ ကောင်းတဲ့နေရာ ဖြစ်မှာပေါ့ ငါ့ညီရာ၊ ဆယ်နှစ်လုံးလုံး အဲဒီလိုနေရာမျိုးမှာ သွားပြီး ဒုက္ခခံနေရသလား"

"ကျွန်တော် ဒုက္ခခံတာ မဟုတ်ပါဘူး၊ သိုင်းပညာ လေ့ကျင့်နေတာပါ"

သူ၏စကားအဆုံးတွင် ...

"ဟား ဟား ဟား"

ရှောင်ဝူးက ဟားတိုက်ရယ်မောလိုက်လေသည်။

"ညီလေးရယ် ... ကျုပ်တို့ဟာ ပြိုင်ဘက်ကင်းတဲ့ မိုးထိတောင် အဘိုးအိုရဲ့ တပည့်တွေပါ၊ ဒီလောက်တောင် အပင်ပန်းခံပြီး လေ့ကျင့်နေစရာ မလိုပါဘူး၊ တို့ကို ဘယ်သူကမှ မစော်ကားဝံ့ကြပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



သုကျိန်း သက်ပြင်းချလိုက်လေသည်။

"အစ်ကိုဝူး … ဆရာမကွယ်လွန်မှီက မှာကြားခဲ့တဲ့စကားကို မမေ့သင့်ပါဘူးဗျာ"

ရှောင်ဝူးက မျက်မှောင်ကြုတ်လိုက်ပြီး …

"ဘာလဲ … တောင်ပိုင်းသိုင်းရာဇာနဲ့ အဆက်အနွယ်တွေကို သတိထားရမယ်ဆိုတာလား"

သုကျိန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် … တောင်ပိုင်းသိုင်းရာဇာဟာ ဆရာ့ရဲ့ ပြိုင်ဘက်တစ်ယောက်ပါ။ သူနဲ့ ဆရာဟာ ဘယ်သူပညာသာတယ် ဆိုတာ သိကြရအောင် သုံးလေးကြိမ်မက ယှဉ်ပြိုင်ခဲ့ကြတာ ကျွန်တော်တို့အားလုံး အသိပဲ"

ရှောင်ဝူးက …

"ဒါပေမဲ့ ဘယ်သူမှ အသာမရဘဲ သရေပွဲချည်းပဲ ဖြစ်ခဲ့ကြတယ် မဟုတ်လား။ ဆရာ ကွယ်လွန်သွားပြီဖြစ်သလို တောင်ပိုင်းသိုင်းရာဇာကြီးလည်း သေဆုံးသွားခဲ့ပြီပဲ၊ ဂရုစိုက်စရာ မလိုတော့ပါဘူးကွာ"

သုကျိန်း ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးဘူး အစ်ကိုဝူး … ဆရာ့မှာ တပည့်အဖြစ်



ကျွန်တော်တို့ရှစ်ယောက် ကျန်ရစ်ခဲ့သလို တောင်ပိုင်းသိုင်းရာဇာကြီးမှာ တိမ်လွှာနဲ့ ပျံလွှားဆိုတဲ့ တပည့်နှစ်ယောက် ကျန်ရစ်ခဲ့တာပဲ မဟုတ်လား"

"ညီလေးအပြစ်တင်ရင်လည်း ခံရမှာပဲ၊ ဒီကိစ္စတွေကို ကျုပ် စိတ်မဝင်စားတော့ဘူး"

"ဟင်"

"ညီလေး စဉ်းစားကြည့်လေ … ဆရာတွေလည်း ကွယ်လွန်သွားခဲ့ကြပြီ၊ တပည့်တွေက ဆက်ပြီးယှဉ်ပြိုင်နေကြမယ်ဆိုတာ ဘယ်လိုလုပ်ပြီး သဘာဝကျမှာလဲ၊ သူတို့လမ်း သူတို့လျှောက်၊ တို့လမ်း တို့လျှောက်ကြတာ အကောင်းဆုံးပဲမဟုတ်လား"

သုကျိန်း စိတ်ဓာတ်ကျသွားလေသည်။

အကယ်၍ တောင်ပိုင်းသိုင်းရာဇာ၏ တပည့်များကသာ သိုင်းပညာကို အပတ်တကုတ်လေ့ကျင့်၍ သိုင်းလောကသို့ ခြေချလာကြလျှင် မိမိတို့ အခက်ကြုံရမည်ဟု ယုံကြည်မိလေသည်။

တောင်ပိုင်းသိုင်းရာဇာ၏ တပည့်များသည် သူတို့ဆရာ၏ မပြီးဆုံးသေးသောတာဝန်ကို ဆက်လက်ထမ်းဆောင်ကြမည်ဆိုလျှင် …

"ညီလေး ကျုပ်ကိုကြည့်ပါဦး … ဘယ်လိုအဘောရသလဲ"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဝူး၏စကားကြောင့် သုကျိန်း ကြောင်သွားသည်။

"အစ်ကိုဝူး ဘာကိုဆိုလိုတာလဲ"

ရှောင်ဝူးက ...

"ငါဟာ သိုင်းသမားတစ်ယောက်နဲ့ တူသေးသလားလို့ပါ ကွာ"

သုကျိန်း ခေါင်းခါယမ်းလိုက်သည်။

"လုံးဝကို မတူတော့ပါဘူး"

"ဟား ဟား ဟား"

ရှောင်ဝူးက ရယ်မောလိုက်လေသည်။

"မှန်လိုက်လေကွာ ... ကျုပ်က သိုင်းသမားဘဝကိုမှ မ မက်မောတော့ဘဲ"

"အစ်ကိုဝူးက"

"ဟဲ ဟဲ ... ငါက သူဌေးသူကြွယ်တစ်ယောက် ဖြစ်နေပြီ လေ"

သုကျိန်း ပါးစပ်ပိတ်ထားလိုက်လေသည်။

ရှောင်ဝူးက ဆက်ပြောသည်။

"တစ်ခုတော့ရှိတယ် ... ဆရာကွယ်လွန်တဲ့ ဆယ်နှစ် မြောက်တဲ့နေ့ကျရင် မိုးထိတောင်ပေါ်ကို ကျုပ် ရောက်အောင်လာ



ပြီး ဆရာ့ကို ဂါရဝပြုပါ့မယ်"

သုကျိန်းကား အကြီးအကျယ် စိတ်ပျက်နေပြီဖြစ်လေသည်။

သူ၏ ပညာသင်ဘက်အစ်ကိုများသည် သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားသော သိုင်းသမားကြီးများ ဖြစ်နေကြမည်ဟု ယုံကြည်မျှော်လင့်ခဲ့သည်။

ယခုတော့ သူ၏အထင်နှင့်အမြင်မှာ တလွဲစီ ဖြစ်နေချေပြီ။

"ကဲ ညီလေး ... ရောက်တုန်းရောက်ခိုက် အေးအေးဆေး ဆေးပေါ့ကွာ၊ စားလိုက်ပါဦး"

သုကျိန်းမှာ စားချင်စိတ်ပင် မရှိတော့ပါ။

သို့သော် ရှောင်ဝူး စိတ်မကောင်းဖြစ်မည်ကို မလိုလား သဖြင့် စားသောက်လိုက်ရလေသည်။

ထို့ပြင် ရှောင်ဝူးက အတင်းဆွဲထားသဖြင့် ရှောင်ဝူး၏အိမ် တွင် တစ်ရက်၊ နှစ်ရက် တည်းခိုရန်လည်း ဆုံးဖြတ်လိုက်လေသည်။

✷

ကောင်းကင်ပေါ်တွင် လဝန်း ထိန်ထိန်သာနေသည်။

လရောင်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေ လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညဉ့်နက်ပြီဖြစ်သော်လည်း သုကျိုန်း အိပ်မပျော်သေးပါ။

သိုင်းလောကသို့ မျှော်လင့်ချက်ကြီးစွာ ပြန်လည်ခြေချလာခဲ့ရာမှ မမျှော်လင့်ဘဲ စိတ်မချမ်းမြေ့စရာအဖြစ်နှင့် ကြုံတွေ့လိုက်ရပြီ မဟုတ်ပါလား။

သုကျိုန်းသည် အပြောင်းလဲကြီး ပြောင်းလဲနေသော ရှောင်ဝူးနှင့်ပတ်သက်၍ စိတ်ဓာတ်ကျဆင်းသလို လွန်ခဲ့သောနှစ်မှ အဖြစ်အပျက်များကို ပြန်လည်မြင်ယောင်လာမိလေသည်။

ထိုစဉ်က မိုးထိတောင်ပေါ်၌ အလွန်ဝမ်းနည်းကြေကွဲဖွယ်ကောင်းသောဖြစ်ရပ်နှင့် ကြုံတွေ့ခဲ့ရသည်။

ထိုစဉ်က သူတို့၏ဆရာ မိုးထိတောင်အဘိုးအိုသည် မကျန်းမမာဖြစ်ကာ မီးစာကုန်ဆီခန်း ဘဝ၏နောက်ဆုံးအချိန် ရောက်နေသည့်ကာလ ဖြစ်လေသည်။

✵

မိုးထိတောင်ပေါ်တွင် ကျောက်တုံးများဖြင့် ဆောက်လုပ်သော အိမ်ကလေးတစ်လုံးရှိသည်။

မိုးထိတောင်အဘိုးအိုချန်းစန်းဖုံး နေထိုင်သော အိမ်ကလေးဖြစ်သည်။



ထိုကျောက်တုံးအိမ်ကလေး၌ ချန်းစန်းဖုံး၏တပည့် ရှစ်ယောက် စုံစုံညီညီ ရောက်ရှိနေကြသည်။

အားလုံးသည် အိပ်ရာထက်ဝယ် လဲလျောင်းနေသော ချန်းစန်းဖုံးကို ဝမ်းနည်းပူဆွေးစွာ ငေးကြည့်နေမိကြလေသည်။

ချန်းစန်းဖုံးသည် အရိုးပေါ်အရေတင်ပိန်ချုံးနေပြီဖြစ်သည်။

သိုင်းပညာကို နှစ်ပေါင်းများစွာ အပတ်တကုတ် လေ့လာလိုက်စားခဲ့ပြီး အတွင်းအား အလွန်ကောင်းသူဖြစ်၍လည်း အခုချိန်ထိ ခံနိုင်ရည်ရှိနေခြင်းဖြစ်သည်။

ချန်းစန်းဖုံးသည် တပည့်ရှစ်ယောက်အား သိုင်းပညာကို ဆက်၍လေ့ကျင့်ကြရန်၊ တောင်ပိုင်းသိုင်းရာဇာ၏တပည့်နှစ်ယောက်ကို သတိထားရန် အလေးအနက်ထားကာ မှာကြားသွားခဲ့သည်။

ထိုတပည့်နှစ်ယောက်သည် အစွမ်းအစရှိသူများ ဖြစ်ကြောင်း ယုံကြည်ထားသည်။

ချန်းစန်းဖုံး စိုးရိမ်နေသည်မှာ သုကျိုန်းအတွက် ဖြစ်သည်။

"သုကျိုန်း"

ချန်းစန်းဖုံးက ခေါ်လိုက်သဖြင့် ...

"အမိန့်ရှိပါ ဆရာ ... ကျွန်တော်နားထောင်နေပါတယ်"

သုကျိုန်းက ရှေ့တိုးသွားကာ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချွန်းစန်းဖုံးက ...

"သုကျိန်း ... မင်းဟာ ငါ့တပည့်ရှစ်ယောက်ထဲမှာ အငယ်ဆုံးဖြစ်သလို သိုင်းပညာ အနုနယ်ဆုံးလည်းဖြစ်တယ်၊ ဒါကြောင့် အစ်ကိုတွေနဲ့ ရင်ပေါင်တန်းနိုင်အောင် ကြိုးစားလေ့ကျင့်စေချင်တယ်"

"စိတ်ချပါ ဆရာ ... ကျွန်တော် အပြင်းအထန် ကြိုးစားမယ်လို့ ကတိပေးပါတယ် ဆရာ"

"ကောင်းပါပေတယ်ကွယ် ... မင်း ကြိုးစားပါ၊ သိုင်းပညာ ထိပ်တန်းရောက်တယ်ဆိုတာ ကြိုးစားမှုရဲ့ အခြေခံအုတ်မြစ်ပဲကွဲ့၊ မင်းအစ်ကိုတွေက မင်းထက် ပညာသာတယ်ဆိုပြီး စိတ်မပျက်နဲ့၊ ကြိုးစားမှုရဲ့ရလာဒ်ကို တစ်နေ့ မင်း ခံစားရမှာပါ"

သုကျိန်းသည် ဆရာကြီးဖြစ်သူ၏စကားကို တစ်သဝေမတိမ်း နားထောင်ရန် နိုင်မာစွာ ဆုံးဖြတ်လိုက်လေသည်။

☀

သုကျိန်းသည် ကောင်းကင်ပေါ်မှ လဝန်းကို ငေးမောကြည့်နေရင်း ဆရာဖြစ်သူ၏စကားကို ပြန်လည်ကြားယောင်နေလေသည်။

သူသည် ဆယ်နှစ်လုံးလုံး အပြင်းအထန် ကြိုးစားလေ့ကျင့်ခဲ့ပါသည်။



ထို့ကြောင့် သူ၏သိုင်းပညာ ဆထက်ထမ်းပိုး တိုးတက်လာပြီဟု ယုံကြည်နားလည်ထားလေသည်။

သို့သော် သူ၏ပညာသွင်ဘက်အစ်ကိုများ မည်သို့ရှိမည်ကို သူ ခန့်မှန်း၍မရချေ။

ယခုတွေ့နေရသောရှောင်ဝူးကား သိုင်းပညာအဓိကမထားဘဲ ချမ်းသာကြွယ်ဝမှုနောက်ကို လိုက်နေသူ ဖြစ်လေပြီ။

အန္တရာယ်ဆိုသည်မှာ တွေ့မြင်နိုင်သည် မဟုတ်ပါ။

တောင်ပိုင်းသိုင်းရာဇာ၏ တပည့်များကသာ သိုင်းလောကသို့ ခြေချလာပြီး သူတို့ဆရာ၏ပညာနှင့် မိုးထိတောင်အဘိုး၏ပညာ မည်သူကသာကြောင်း ဖော်ထုတ်ရန် ကြိုးစားလာကြမည်ဆိုလျှင် ...။

သုကျိန်း မည်မျှကြာအောင် တွေးတောနေမိမှန်းမသိ — နောက်ကျောဘက်မှ ခြေသံများထွက်ပေါ်လာတော့မှ သတိဝင်လာသည်။

လှည့်ကြည့်လိုက်သောအခါ လေသာဆောင်ထဲသို့ လှမ်းဝင်လာသည့် ခြသေ့်ကြီးထိဂူးကို တွေ့လိုက်ရလေသည်။

ထိဂူးက ...

"ဘယ်လိုလဲ ... မင်း အိပ်မပျော်နိုင်သေးဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလာလေသည်။ သုကျိန်းက ...

"ဟုတ်တယ် ... နည်းနည်း အိုက်စပ်စပ်ရှိနေလို့ပါ"

ထိပ္ပူး ပြုံးလိုက်သည်။

"မင်းက ရှောင်ပူးနဲ့ပတ်သက်ပြီး အိပ်မပျော်နိုင်အောင် ဖြစ်နေတာ မဟုတ်လား"

သုကျိန်းက ဘာမှမပြောဘဲ နေလိုက်လေသည်။

ထိပ္ပူးက ...

"သူဟာ သိုင်းပညာကို စိတ်မဝင်စားတာတော့ အမှန်ပဲကွ၊ ငါလည်း ဖျောင်းဖျပြောဆိုခဲ့သေးတာပဲ၊ ဒါပေမဲ့ မရတော့ဘူး။ သူဟာ သိုင်းသမားတစ်ယောက်ဆိုတဲ့ဘဝကို စွန့်လွှတ်ချင်တဲ့ဆန္ဒတောင် ရှိနေပုံရတယ်"

"အစ်ကိုရှောင်ပူး ဒီလိုဖြစ်သွားတာ တာမလွှန်ရောက်နေတဲ့ ဆရာသာသိနိုင်မယ်ဆိုရင် အတော့်ကို စိတ်မကောင်းဖြစ်မှာပဲ"

သုကျိန်းက ညည်းတွားလိုက်လေသည်။

ထိပ္ပူးက ...

"ဒါတော့ ကံတရားပေါ့ကွာ၊ လူ့ဘဝဆိုတာ ပုံသေကားချပ်တွက်ဆထားလို့မှ မရတာ၊ အခြေအနေနဲ့ အချိန်အခါကိုလိုက်ပြီး ပြောင်းလဲသွားတတ်တဲ့သဘော ရှိတာပဲလေ"



"ဒါထက် အစ်ကိုရှောင်ပူးက ဘယ်လိုလုပ်ပြီး ဒီလောက်တောင် ချမ်းသာကြွယ်ဝလာတာလဲ"

ထိပ္ပူး ပခုံးတွန့်လိုက်ပြီး ...

"သူက ငွေရှာတဲ့လူပဲ၊ ငွေကိုရအောင်ရှာတော့ ငွေရတာပေါ့၊ ချမ်းသာလာတာ ဘာဆန်းသလဲ"

သုကျိန်း မျက်မှောင်ကြုတ်ကာ ...

"ငွေရရင်ပြီးရော ဘာမဆိုလုပ်မယ်ဆိုတဲ့ သဘောပေါ့ ... ဟုတ်လား"

ထိပ္ပူးက ဘာမှမပြောချေ။ သုကျိန်းက ...

"အစ်ကိုပူးကိုကြည့်ရတာ အခြေအနေ သိပ်မဟန်ဘူး၊ သူ အမှားလုပ်မိတာနဲ့ ဆရာပါ နာမည်ပျက်လိမ့်မယ်"

ထိပ္ပူး ခေါင်းခါယမ်းလိုက်သည်။

"သူကတော့ ဒါတွေကို သိပ်ပြီး ဂရုစိုက်ပုံ မရတော့ဘူး"

"ဒုက္ခပါပဲဗျာ"

သုကျိန်း ညည်းတွားမိလိုက်လေသည်။

ထိပ္ပူးက ...

"အကောင်းဆုံးကတော့ သိုင်းလောကထဲက သူ [illegible]ထွက်သွားတာကို မင်းတို့က လက်ခံလိုက်ကြဖို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



သုကျိုန်း ဘာမှမပြောနိုင်တော့ပါ။

ထိဂူးက ...

"မင်းကို မေးစရာရှိသေးတယ်၊ မင်းရဲ့အစ်ကိုတွေ ဘယ်ရောက်နေကြတယ်ဆိုတာ မင်းသိသလား"

သုကျိုန်း ခေါင်းခါလိုက်သည်။

"ကျွန်တော်မသိဘူးဗျ။ မိုးထိတောင်ကနေ လူချင်းခွဲခဲ့ကြပြီးကတည်းက လုံးဝမတွေ့ကြတော့တာပဲ၊ ကျွန်တော်က ဆရာကွယ်လွန်တဲ့ ဆယ်နှစ်မြောက်နေ့ကျရင် မိုးထိတောင်ပေါ်မှာ ညီအစ်ကိုတွေအားလုံး ပြန်ပြီးဆုံတွေ့ကြလိမ့်မယ်လို့ မျှော်လင့်ထားခဲ့တာ"

ထိဂူးက ...

"အေး ... မင်းရဲ့ အမှတ်ခြောက်အစ်ကိုတွေ့ချင်တယ်ဆိုရင် ချုံကင်းမြို့ကိုသွားပါ။ သူက အဲဒီမှာ မြို့စားကြီး ဖြစ်နေတယ်"

"ဗျာ"

သုကျိုန်း ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။ ထိဂူးကို မယုံကြည်နိုင်စွာ ကြည့်လိုက်ပြီး ...

"အမှတ်ခြောက်အစ်ကိုပေ့လုက မြို့စားဖြစ်နေတယ် ... ဟုတ်လား"

"ဟုတ်တယ် ... သူက မြို့စားသမီးနဲ့ လက်ထပ်ခဲ့တာ၊



ယောက္ခမဖြစ်တဲ့ မြို့စားကြီးကွယ်လွန်သွားတော့ မင်းရဲ့အစ်ကိုဟာ အလိုလို မြို့စားဖြစ်လာတာပေါ့"

သုကျိုန်း ပြုံးလိုက်မိလေသည်။ အမှတ်ငါး ရှောင်ဂူးသည် သူဌေးသူကြွယ်တစ်ယောက် ဖြစ်နေသလို အမှတ်ခြောက်ပေ့လုသည် မြို့စားတစ်ယောက် ဖြစ်နေသည်။

ဆယ်နှစ်ဟူသောအချိန်အတွင်း အပြောင်းအလဲကြီးပြောင်းလဲသွားခဲ့ကြပြီ မဟုတ်ပါလား။

"ကျွန်တော် ချုံကင်းမြို့ကို သွားမယ်"

သုကျိုန်းက ပြောလိုက်လေသည်။

✵

နေဝန်းနီမှာ အရှေ့ဘက်မှ ပေါ်ထွက်လာပြီဖြစ်သည်။

တစ်ညတာ အချိန်ကုန်ဆုံးသွားပြီး နေ့သစ်တစ်နေ့ အစပျိုးလာပြီ ဖြစ်သည်။

သုကျိုန်းသည် ရှောင်ဂူးကိုနှုတ်ဆက်ကာ ထွက်လာခဲ့လေသည်။

ရှောင်ဂူးက သူ့ထံ၌နေရန် အတင်းဆွဲထားသော်လည်း သုကျိုန်းက တောင်းပန်ပြီး ထွက်လာခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဝူးက ဆရာဖြစ်သူ၏ ဆယ်နှစ်ပြည့်အခမ်းအနားကျင်းပရန် မိုးထိတောင်သို့ လာဖြစ်အောင်လာမည်ဟု ကတိပြုခဲ့လေသည်။

သုကျိုန်းသည် ရှောင်ဝူးထံမှ ထွက်လာခဲ့ပြီး အနီးပတ်ဝန်းကျင် ကျေးရွာများ၌ စုံစမ်းကြည့်လိုက်သည်။

သို့ဖြင့် ရှောင်ဝူးမှာ ငွေတိုးကြီးစား အမြတ်ထုတ်သူ၊ ဆင်းရဲနွမ်းပါးသူများအပေါ် ကုပ်သွေးစုပ်သူ၊ ငွေရလျှင် ဘနဖူး သိုက်တူးမည့်သူအဖြစ် ပြောင်းလဲနေပြီဖြစ်ကြောင်း သိလိုက်ရလေသည်။

ရှောင်ဝူးနှင့်ပတ်သက်၍ စိတ်ထိခိုက်ရလေသည်။

မိုးထိတောင်၌ ပြန်လည်တွေ့ဆုံကြသောအခါ ရှောင်ဝူး၏ လုပ်ရပ်များကို ဖော်ထုတ်တားမြစ်ရန် စိတ်ပိုင်းဖြတ်ထားလိုက်လေတော့သည်။

✲✲✲



## သံယောဇဉ်

သုကျိုန်းသည် ချုံကင်းမြို့သို့ဦးတည်ကာ ခရီးနှင်လာခဲ့လေသည်။

တောလမ်းတစ်ခုမှ ဖြတ်လာစဉ် ...

"ဟား ဟား ဟား"

ကျယ်လောင်သော ရယ်မောသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာသဖြင့် သုကျိုန်း ရင်ထိတ်သွားသည်။

မြင်းဇက်ကြိုးကို တင်းတင်းဆွဲကာ ရပ်ပြီး ရယ်သံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်သည်။

ထိုအခါ လူသန်ကြီးသုံးယောက်သည် မိန်းကလေး တစ်ယောက်အား လမ်းပိတ်နှောင့်ယှက်နေသည်ကို တွေ့ရလေသည်။

မြင်ကွင်းမှာ မည်သို့မျှ ကြည့်မကောင်းပေ။

မိန်းကလေးတစ်ယောက်အား နိုင်ထက်စီးနင်း နှောင့်ယှက်နေသည်ကို သုကျိုန်းအနေဖြင့် လက်ပိုက်ကြည့်မနေနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် …

"မိတ်ဆွေတို့ … ဘာကြောင့်များ သူတစ်ပါးကို အနှောင့်အယှက် ပေးချင်ရတာလဲဗျာ"

ဟု လှမ်းပြောလိုက်သည်။

လူသန်ကြီးသုံးယောက် လှမ်းကြည့်လာကြ၏။ သုကျိန်းကို မြင်သည့်အခါ …

"ဟေ့ကောင် … မင်းနဲ့ဘာမှမဆိုင်ဘူး၊ ဝေးဝေးထွက်သွားစမ်း"

ဟု ငေါက်ငမ်းလိုက်သည်။

"ခင်ဗျားတို့ မိန်းကလေးကို မနှောင့်ယှက်ကြပါနဲ့ဗျာ"

သုကျိန်းက ထပ်မံတောင်းပန်လိုက်သည်။

လူသန်ကြီးသုံးယောက်သည် မကျေမနပ် ဖြစ်သွားကြ၏။

"ဒီကောင် သေချင်ပြီထင်တယ်"

"ဟုတ်တယ် … ဆုံးမလိုက်ကြတာပေါ့"

"ချကွာ"

တစ်ယောက်တစ်ပေါက်ပြောကာ သုကျိန်းထံသို့ ပြေးဝင်လာကြ၏။

မိန်းကလေးက မျက်မှောင်ကြုတ်ကာ ကြည့်နေသည်။



သုကျိန်းသည် ပြေးဝင်လာသော လူသန်ကြီးသုံးယောက်အား ဆီးကြိုတိုက်ခိုက်လိုက်သည်။

'ဝုန်း'

"အား"

"အောင်မယ်လေး"

စူးရှသောအော်ဟစ်သံများနှင့်အတူ လူသန်ကြီးသုံးယောက် ဖရိုဖရဲ လွင့်စဉ်သွားကြလေသည်။

သုကျိန်းက မည်သို့ဆုံးမလိုက်သည်ကိုပင် ထိုသူသုံးယောက် မသိနိုင်ခဲ့ကြချေ။

သုကျိန်းသည် ခေသူမဟုတ်ကြောင်း ချက်ချင်း သဘော ပေါက်သွားကြ၏။ သူတို့သည် ဆက်၍ ရင်မဆိုင်ဝံ့ကြတော့ဘဲ —

"ပြေး ပြေး"

တစ်ယောက်တစ်ပေါက် အော်ပြောကာ ထွက်ပြေးကြလေ သည်။

ထိုအခါ သုကျိန်းသည် သက်ပြင်းချလိုက်ပြီး မိန်းကလေး ဘက်သို့ လှည့်ကြည့်လိုက်သည်။

"ဟင်"

သုကျိန်း လွတ်ခနဲ ရေရွတ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ ...

မိန်းကလေးအား မတွေ့ရတော့ခြင်းကြောင့် ဖြစ်လေသည်။

မိန်းကလေး မည်သည့်နေရာ ရောက်ရှိသွားပါသနည်း။

သုကျိန်းက ဟိုဟိုသည်သည် ရှာဖွေကြည့်လိုက်သည်။

မိန်းကလေးသည် ကြောက်ရွံ့ထိတ်လန့်ကာ ခြေဦးတည့်ရာ ထွက်ပြေးသွားခြင်း ဖြစ်မည် တွေးလိုက်မိသည်။

သုကျိန်းသည် ဒုက္ခရောက်နေသူတစ်ယောက်အား ကူညီနိုင်လိုက်သဖြင့် ကျေနပ်ပီတိဖြစ်ပြီး မြင်းပေါ်တက်ကာ ရှေ့ခရီးဆက်လိုက်လေသည်။

မကြာပါချေ ...။

ချုံကင်းမြို့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားလေတော့သည်။

✲✲✲



## ဆဋ္ဌမအခန်း

ချုံကင်းမြို့တွင်းသို့ ဝင်လိုက်သည်နှင့် ကြီးကျယ်ခမ်းနားလှသော မြို့စားဂေဟာကို တွေ့မြင်ရမည် ဖြစ်ပေသည်။

မြို့စားဂေဟာရှေ့၌ လုံ့ရှည်များကိုင်ထား သော အစောင့်အကြပ်များ စောင့်ကြပ်နေကြသည်ကို တွေ့ရ၏။

သုကျိန်းသည် ထည်ဝါလှသော မြို့စားဂေဟာ ကို ကြည့်ကာ စိတ်ထဲ သိမ်ငယ်သလို ဖြစ်သွားလေသည်။

သူ၏ပညာသင်ဘက် အမှတ်ခြောက်အစ်ကိုက မြို့စားကြီးတစ်ယောက် ဖြစ်နေသည်ကိုလည်း မယုံနိုင်အောင် ဖြစ်မိလေသည်။

သိုင်းသမားများသည် စည်းစိမ်ဥစ္စာ၊ ရာထူးဂုဏ်ရှိန်ကို မက်မောသူများ မဟုတ်ဘဲ မြင်းတစ်စီး၊ ဓားတစ်လက်ဖြင့် သိုင်းလောက တစ်နံတစ်လျားသွားကာ အမျိုးဘာသာအကျိုး၊ သိုင်းလောကအကျိုး သယ်ပိုးဆောင်ရွက်နေကြသူများ မဟုတ်ပါလား။

အမှတ်ငါးအစ်ကို ရှောင်ဝူးသည် ငွေနောက်လိုက်သူ ဘစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် ဖြစ်နေသလို အမှတ်ခြောက်အစ်ကိုကား ရာထူးဂုဏ်ရှိန်ကို မက်မောသူတစ်ယောက် ဖြစ်နေပြီလော။

သုကျိန်းသည် မည်မျှကြာအောင် တွေးတောနေမိမှန်း မသိ။

"ဟော့ကောင် ... မြင်းပေါ်ကဆင်းစမ်း"

အော်ဟစ်သံ ထွက်ပေါ်လာမှ သတိပြန်ဝင်လာလေသည်။

ကမန်းကတန်းကြည့်လိုက်ရာ မြို့စားဂေဟာမှ အစောင့်အကြပ်များက သူ့အား ဝိုင်းရံထားကြသည်ကို တွေ့လိုက်ရလေသည်။

သုကျိန်း မျက်လုံးပြူးသွားသည်။

"ဟိုက် ... ဘယ်လိုဖြစ်တာပါလိမ့်"

လွှတ်ခနဲ ရေရွတ်မိလိုက်လေသည်။

အစောင့်များ၏ ခေါင်းဆောင်ဖြစ်ဟန်တူသူက ...

"ဟော့ကောင် ... မြို့စားဂေဟာကို အကဲခတ်နေတာ ဘာသဘောလဲ၊ မင်းမှာ မကောင်းတဲ့အကြံအစည်တစ်ခုခု ရှိနေတယ် မဟုတ်လား၊ ခုချက်ချင်း မြင်းပေါ်က ဆင်းပြီး အဖမ်းခံလိုက်စမ်း"

အသားလွတ်ဟိန်းဟောက်ခံရသဖြင့် သုကျိန်း မကျေမနပ် ဖြစ်သွားသည်။



"ကျုပ်မှာ ဘာမှ မကောင်းကြံစရာ အကြောင်းမရှိဘူး။ မင်းတို့ မြို့စားကြီးကို လာတွေ့တာ၊ ကျုပ်က သူ့ရဲ့မိတ်ဆွေပဲ"

"အစောင့်များသည် သူ၏စကားကို ယုံကြည်ခြင်းမရှိကြပါ"

"စကားမရှည်နဲ့၊ မြင်းပေါ်က ဆင်းခိုင်း ဆင်းစမ်း၊ ဟေ့ ... ဒီကောင့်ကို ဖမ်းလိုက်ကြစမ်း"

အစောင့်ခေါင်းဆောင်က နောက်လိုက်များအား အမိန့်ပေးလိုက်ရာ အစောင့်များ ရှေ့တိုးလာကြသည်။

သုကျိန်းအား မြင်းပေါ်မှဆွဲချရန် ဟန်ပြင်လိုက်ကြ၏။

သုကျိန်း မနေနိုင်တော့ပါ။ မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

အစောင့်များက ချက်ချင်းပင် သူ့အား ဖမ်းချုပ်လိုက်ကြလေ၏။

သုကျိန်းက ပြန်လည်ရန်ပြုရန် ဟန်ပြင်ပြီးမှ ...

"ကျုပ်က မင်းတို့မြို့စားရဲ့မိတ်ဆွေပဲ၊ မင်းတို့ ကျုပ်ကို နှောင့်ယှက်စော်ကားတာကို မြို့စားသိသွားရင် မင်းတို့ သက်သာမှာ မဟုတ်ဘူး"

အစောင့်များကား လုံးဝ ဂရုမစိုက်ကြပါချေ။

"အေး ... မင်းတို့ မြို့စားဆီခေါ်သွားမယ်၊ မြို့စားရဲ့မိတ်ဆွေ မဟုတ်ရင် သေဖို့သာပြင်ထားပေတော့"

www.burmeseclassic.com

www.burmeseclassic.com



ငေါက်ငမ်းကာ အစမ္မ ဆွဲခေါ်သွားကြလေသည်။

မကြာပါ‌ေ ...။ မြို့စားဂေဟာအတွင်းဘက်သို့ ရောက်ရှိသွားလေတော့သည်။

☀

မြို့စားဂေဟာအတွင်း၌ အစောင့်များ ခြေချင်းလိမ်အောင် ရှုပ်ထွေးနေသည်ကို တွေ့ရ၏။

အရေးကြီးသော အကြောင်းကိစ္စတစ်စုံတစ်ရာပေါ်ပေါက်နေကြောင်း သုကျိန်း စဉ်းစားမိလိုက်လေသည်။

အစောင့်တို့သည် သူ့အား တွန်းထိုးခေါ်ဆောင်သွားရာ ကျယ်ဝန်းသောအခန်းကျယ်တစ်ခုအတွင်းသို့ ရောက်ရှိသွားသည်။

အခန်းတွင်း၌ ကြိုးတုပ်ဖမ်းဆီးခံနေရသူ သုံးလေးယောက်မျှ ရှိနေသည်ကိုလည်း တွေ့ရလေသည်။

ခန်းမတစ်ဖက်တွင် မြို့စားအဆောင်အယောင် ဝတ်ဆင်ထားသူတစ်ယောက် ရှိနေသည်။

ချုံယင်း မြို့စားဖြစ်သည်။

သုကျိန်းသည် မြို့စားကို တစ်ချက်ကြည့်လိုက်ရုံဖြင့် အမှတ်ခြောက်အစ်ကို ပေ့လုဖြစ်ကြောင်း ချက်ချင်းမှတ်မိလိုက်လေသည်။



ပေ့လုက သုကျိန်းအား သတိမပြုမိသေးပါ။

ကြိုးတုပ်ခံနေရသူများအား စစ်ဆေးကြိမ်းမောင်းနေလေသည်။

"မင်းတို့က ငါ့ကို အာခံချင်ကြတယ်ပေါ့လေ၊ ဟွန်း ... မင်းတို့အားလုံး သေရမယ်ဆိုတာ မှတ်ထား၊ ဟေ့ကောင်တွေ ... ဒီကောင့်ကို အကျဉ်းတိုက်ထဲ ပို့ထားလိုက်"

အစောင့်များသည် ချက်ချင်းပင် ကြိုးတုပ်ထားသူများအား ဆွဲခေါ်သွားကြလေသည်။ သို့ဖြင့် သုကျိန်း အလှည့်သို့ ရောက်လာသည်။

မြို့စားသည် သုကျိန်းအနီးသို့ လှမ်းလာပြီး ...

"ဒီကောင်ကကော ဘာအမှုလဲ"

သုကျိန်းက ...

"အစ်ကိုလု ... ကျုပ်ကိုတောင် မမှတ်မိတော့ဘူးလား"

ဟု ပြောလိုက်သည်။

သူ၏စကားကြောင့် မြို့စားပေ့လု မျက်မှောင်ကြုတ်သွား၏။

"မင်း ဘယ်သူလဲ"

သုကျိန်းက ခေါင်းမော့လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် သုကျိန်းလေဗျာ၊ သေသေချာချာကြည့်ပါဦး ... မမှတ်မိတော့ဘူးလားဗျ"

သူ၏မျက်နှာကို သေသေချာချာတွေ့လိုက်ရမှ မေ့လု မှတ်မိသွားတော့သည်။

"ဟောဗျာ ... ညီလေးသုကျိန်းပါလား။ ဘယ်လိုလုပ်ပြီး ကျုပ်ရဲ့ရန်သူတွေနဲ့ ပေါင်းမိတာလဲ"

သုကျိန်း စိတ်ပျက်သွားလေသည်။

"ဘယ်ကလာဟုတ်ရမှာလဲ၊ ကျုပ်က အစ်ကိုလုဆီကို လာတာ၊ ဂေဟာရှေ့မှာရပ်ပြီး အကဲခတ်ကြည့်နေတုန်း အစောင့်တွေက အထင်မှားပြီး ဖမ်းချုပ်ခဲ့ကြတာ"

ထိုအခါမှ ...

"ဟား ဟား ဟား"

မေ့လု သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဖြစ်မှဖြစ်ရလေ ညီလေးရာ၊ မင်းကလည်း မသင်္ကာစရာ ကောင်းအောင် လုပ်တာကိုး၊ ဟေ့ ... သူ့ကို လွှတ်လိုက်စမ်း၊ သူဟာ ငါ့ညီလေးပဲ"

အစောင့်များ နောက်ဆုတ်သွားကြလေတော့သည်။

မေ့လုက ...



"လာ ညီလေး ... ထိုင်"

သုကျိန်းကို နေရာထိုင်ခင်းပေးလိုက်သည်။ တစ်ဆက်တည်းပင် ...

"ဟေ့ ... စားသောက်စရာတွေ ယူလာခဲ့စမ်း"

အစောင့်များကို အမိန့်ပေးလိုက်လေသည်။

သုကျိန်းမှာ စိတ်ထဲ အောင့်သက်သက် ဖြစ်နေသည်။

မေ့လုထံသို့ လာခဲ့ရာတွင် မကောင်းသောကြိုဆိုခြင်းဖြင့် ကြိုဆိုခံခဲ့ရသည်မဟုတ်ပါလား။

စားသောက်ဖွယ်ရာများ ရောက်ရှိလာသောအခါ ...

"ကဲ ညီလေး ... စားလိုက်ဦး"

သုကျိန်းက ...

"တော်ပါပြီဗျာ ... ကျုပ် ဘာမှ မစားချင်တော့ပါဘူး"

မေ့လု ရယ်မောလိုက်သည်။

"ဘာဖြစ်လို့လဲကွ ... ကျုပ်ကို စိတ်ဆိုးနေလို့လား"

"ဟာ ... မဟုတ်ပါဘူး"

မေ့လုက နှာခေါင်းရှုံ့လိုက်သည်။

"ညီလေး ... မင်း ငါ့အကြောင်း မသိသေးလို့ကွ၊ ငါက မြို့စားဖြစ်နေတာမို့ မလိုလားတဲ့လူတွေ အများကြီးရှိနေတယ်၊ ငါ့ကို

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပေးဖို့ လုပ်ကြံဖို့ ကြိုးစားကြတာ အကြိမ်ကြိမ်ပဲ၊ ဒါကြောင့် ငါကလည်း ဘယ်သူ့ကိုမှ မယုံကြည်နိုင်တော့ဘူး။ ငါ့ကို ဒုက္ခပေးမယ်လို့ မသင်္ကာတဲ့လူတွေကို ဖမ်းဆီးနှိပ်ကွပ်နေရတာပဲပေါ့ကွာ"

သုကျိန်း စိတ်ပျက်သွားလေသည်။

ပေ့လုသည်လည်း ပြဿနာအမျိုးမျိုးနှင့် ရင်ဆိုင်နေရသူ တစ်ယောက် ဖြစ်နေချေသည်တကား။

ထိုစဉ် ...

"မြို့စားကြီး မြို့စားကြီး"

အစောင့်တစ်ယောက်က ကျယ်လောင်စွာ အော်ဟစ်ခေါ်ရင်း ပြေးဝင်လာလေသည်။

ပေ့လုက ...

"ဘာဖြစ်တာလဲဟေ့"

ခပ်ထန်ထန်ပင် ပြန်မေးလိုက်သည်။

"မြို့စားကြီးခင်ဗျာ ... ကို့တာကျောင်းကို ဖမ်းမိလာပါပြီ"

အစောင့်က ဦးညွတ်အစီရင်ခံလေသည်။ ကို့တာကျောင်းဟူသောအမည်ကြားလျှင် ...

"ဟား ဟား ဟား"

ပေ့လုက ကျေနပ်အားရစွာ ရယ်မောလိုက်လေသည်။



သုကျိန်း၏ပခုံးကို ပုတ်ပြီး ...

"ညီလေးသုကျိန်း ... မင်းရောက်လာတာ ငါ့အတွက် အတော်ကို လာဘ်ကောင်းတာပဲ၊ ငါ့ရဲ့ မဟာရန်သူတော်ကြီးကို ဖမ်းမိပြီကွ"

ဟုပြောကာ အစောင့်ဘက် ပြန်လှည့်ပြီး ...

"ငါ့ရှေ့ကို ခေါ်လာခဲ့စမ်း"

အစောင့်က ချက်ချင်း ပြေးထွက်သွားလေသည်။

မကြာပါချေ ...။ ခြေသံများ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး အစောင့်များသည် နှောင်ကြိုးတဲထားသူတစ်ယောက်အား ခေါ်ဆောင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ပေ့လုသည် ထိုလူကိုကြည့်ကာ ...

"ဟား ဟား ဟား"

ကျယ်လောင်စွာ ဟားတိုက်ရယ်မောလိုက်လေသည်။

အစောင့်တို့သည် နှောင်ကြိုးတဲထားသူအား ကြမ်းပြင်ပေါ် ဒူးထောက်စေပြီး နောက်ဆုတ်လိုက်ကြ၏။

ပေ့လုက ထိုလူရှေ့တွင် ဟန်ပါပါ ခါးထောက်ပြီး ...

"ကို့တာကျောင်း ... နောက်ဆုံးတော့ ကျုပ်လက်ထဲ ရောက်လာရတာပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



အဖမ်းခံနေရသည့် ကိုတာကျောင်းဆိုသူ အံကြိတ်လိုက်လေသည်။

"မေလု ... မင်းလိုလူယုတ်မာက မြို့စားရာထူးကို မတရားရယူထားတာကို ငါက ကျေနပ်ရမှာလားကွ"

မေလုက ...

"ဩော် ... မင်းက မြို့စားကြီးရဲ့တူတော်တယ်ဆိုပြီး မြို့စားရာထူးကို လိုချင်နေတာပေါ့လေ"

"ထို့ ... ငါက မင်းလို ရာထူးဂုဏ်ရှိန် မက်မောတဲ့လူများမှတ်နေလား မေလု၊ မင်း မြို့စားရာထူးကို မတရားရယူထားတယ်၊ အခွန်အတုပ်တွေ မတရားကောက်ခံပြီး မြို့သူမြို့သားတွေကို နှိပ်စက်တယ်၊ ငါ မြို့စားဆိုပြီး ထင်ရာလျှောက်လုပ်တယ်၊ မင်းရဲ့ မတရားတဲ့လုပ်ရပ်တွေကြောင့် ငါက ဟန့်တားဖို့ကြိုးစားတာ ဘာဖြစ်သလဲ၊ မင်းသာ တရားမျှတမှုရှိရင် ငါ ဘာမှ ဝင်ပါစရာမလိုဘူးကွ"

"ဩော် ... မင်းက သူရဲကောင်းကြီးတစ်ယောက်ပေါ့ ... ဟုတ်လား၊ မင်းမြှောက်ပေးလို့ ငါ့ကို ဒုက္ခပေးမယ့်လူတွေ ထွက်ပေါ်လာကြတာ ဘာပြောမလဲ၊ ကိုတာကျောင်း ... မင်း မကျေနပ်ရင် ငါ့ဆီကို လာပြီး တစ်ယောက်ချင်း စာရင်းရှင်းပါလား"

"သိပ်ရှင်းချင်တာပေါ့ကွာ၊ သတ္တိရှိရင် ငါ့ကို အနှောင်အဖွဲ့



က လွှတ်ပေးလိုက်လေ"

"ဟား ဟား ဟား"

မေလုက ဟားတိုက်ရယ်မောလိုက်ပြီး ...

"ရပါတယ်ကွာ ... မင်းမှာ ဘယ်လောက်များ အစွမ်းအစရှိလို့လဲ၊ ငါ့ညီကိုပဲ အရင်နိုင်အောင် တိုက်ကြည့်စမ်းပါဦး"

ထိုစကားကြောင့် သုကျိန်း ခေါင်းနားပန်းကြီးသွားသည်။ မေလုသည် သူ့အား မဆီမဆိုင် ဆွဲထည့်နေသည် မဟုတ်ပါလား။

မေလုက လက်ဝှေ့ယမ်းပြလိုက်လျှင် အစောင့်များသည် ကိုတာကျောင်းအား အနှောင်အဖွဲ့မှ လွှတ်ပေးလိုက်ကြလေသည်။

ကိုတာကျောင်းက ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ...

"ယား"

ဗြာသံပေးကာ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

မေလုက သုကျိန်း၏နောက်ကျောသို့ ဝင်ရပ်ကာ ...

"ညီလေး ... သူ့ကို ဆုံးမလိုက်စမ်းပါ"

ထိုအချိန်တွင် ကိုတာကျောင်းကလည်း ပြေးဝင်လာသည်ဖြစ်ရာ သုကျိန်း မနေနိုင်တော့ဘဲ ရင်ဆိုင်လိုက်ရလေသည်။

သုကျိန်းက လက်တစ်ဖက် ဝှေ့ယမ်းလိုက်သည်နှင့် ...

"အင့်"

www.burmeseclassic.com

www.burmeseclassic.com



မသဲမကွဲ ညည်းညူသံ ထွက်ပေါ်လာပြီး ကို့တာကျောင်း သွေးကြောပိတ်ခံရကာ မလှုပ်မယှက် ဖြစ်သွားလေသည်။

"ကဲ ... မင်း ဘာတတ်နိုင်သေးလဲ"

ပေ့လုက အော်ပြောရင်း ရှေ့သို့ခုန်ထွက်လာသည်။

သူ၏လက်ထဲ၌ ဓားတစ်လက်ပါလာပြီး ကို့တာကျောင်း၏ ရင်ဝကို ထိုးသွင်းလိုက်လေသည်။

သွေးကြောပိတ်ခံထားရသော ကို့တာကျောင်း မည်သို့မျှ မရှောင်နိုင်တော့ချေ။

'ဒုတ်'

"အား"

ပေ့လု၏ဓားက ကို့တာကျောင်း၏ရင်ဝသို့ ထိုးသွင်းဝင်ရောက်သွားလေသည်။

"ဟား ဟား ဟား"

ပေ့လုက ဟားတိုက်ရယ်မောလိုက်သည်။

"ကဲ ... မင်း ဘာတတ်နိုင်သေးလဲ"

ကို့တာကျောင်း ဘာမှ မပြောနိုင်တော့ပါ။ ကြမ်းပြင်ပေါ်တွင် တအိအိ ပြိုလဲကျသွားလေသည်။

ပေ့လုက လက်ဖွေ့ယမ်းပြလိုက်သည်။



"ဟေ့ ... သူ့ကိုသယ်သွားပြီး မြို့လယ်လမ်းလေးခွဆုံမှာ ပစ်ထားလိုက်စမ်း။ ငါ့ကို အန်တုဖို့ကြိုးစားရင် ဘယ်လိုဖြစ်ရမယ်ဆိုတာ အားလုံးသိအောင် လုပ်ထားလိုက်"

အစောင့်များသည် ကို့တာကျောင်း၏အလောင်းကို ချက်ချင်း သယ်ဆောင်သွားကြလေတော့သည်။

"ဟား ဟား ဟား"

ပေ့လု အူလှိုက်သည်းလှိုက် ရယ်မောရင်း သုကျိန်း၏ပခုံးကို ပုတ်ကာ ...

"ညီလေး ... ကို့တာကျောင်းက ငါ့ကို ဒုက္ခပေးနေတာ ကြာပြီကွ။ ဒီကနေ့မှ သူ့ကို အပြတ်ရှင်းလိုက်နိုင်တာ၊ ငါ့ညီရောက်လာတာ ငါ့အတွက် ကံကောင်းတာပဲ၊ ဒါထက် မင်းက ဘယ်ပျောက်နေတာလဲ"

သုကျိန်းက လူသူဝေးလံသည့်အရပ်တွင် သွားရောက်စာတ်မြှုပ်နေထိုင်ခဲ့ကြောင်း အကြမ်းဖျင်း ပြောပြလိုက်လေသည်။

"ငါ့ညီ သိုင်းလောကထဲကို ပြန်ဆင်းလာတာ ဘယ်လိုကိစ္စကြောင့်လဲ၊ အရေးမကြီးဘူးဆိုရင် ငါနဲ့အတူနေရင် ကောင်းမယ်၊ ငါ့ညီအတွက် ဘာမှ လိုလေသေးမရှိအောင် စီစဉ်ပေးပါ့မယ်ကွာ"

သုကျိန်းသည် ပေ့လုအား စိုက်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးထိတောင်၌ လမ်းမခွဲမီ သူတို့တိုင်ပင်ထားခဲ့ကြသော ကတိစကားများကို ပေ့လု မေ့သွားပြီလော။

သုကျိန်း သက်ပြင်းချလိုက်ပြီး ...

"ကျွန်တော်က မိုးထိတောင်ကိုသွားမလို့ သိုင်းလောကကို ဆင်းလာခဲ့တာပါ"

ပေ့လု မျက်မှောင်ကြုတ်သွားသည်။

"မိုးထိတောင်ကို သွားမလို့ ... ဟုတ်လား"

"ဟုတ်တယ်၊ ဆရာကွယ်လွန်ပြီး ဆယ်နှစ်ပြည့်မြောက်တဲ့ နေ့မှာ ကျွန်တော်တို့ မိုးထိတောင်ပေါ်မှာ ဆုံတွေ့ကြပြီး ဆရာ့အတွက် အောက်မေ့ဖွယ်အခမ်းအနား လုပ်ကြမယ်၊ အစ်ကိုတို့တစ်တွေ အားလုံး ပြန်ပြီးဆုံတွေ့ကြမယ်လို့ ကတိစကား ထားခဲ့ကြတယ် မဟုတ်လား"

ပေ့လု ခေါင်းကုတ်လိုက်သည်။

"ဟုတ်ပါရဲ့ ... ဒီကိစ္စကို မေ့နေလိုက်တာ၊ ငါ့ညီပြောမှပဲ သတိရတော့တယ်၊ ခုမှတော့ မတွေးတော့ပါဘူးလေ"

"ဗျာ"

ပေ့လုက ပခုံးတွန့်လိုက်ပြီး ...

"ငါ့ညီမြင်တဲ့အတိုင်းပဲ ... ကျုပ်က မြို့စားတစ်ယောက် ဖြစ်နေပြီဆိုတော့ အလုပ်ကိစ္စတွေနဲ့ မအားမလပ်နိုင်အောင်ဘဲ၊ ဒါကြောင့် မိုးထိတောင်ကို သွားနိုင်တော့မယ် မထင်ပါဘူးကွာ"

သုကျိန်းသည် ပေ့လုကိုကြည့်ရင်း ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

သုကျိန်းက ...

"အစ်ကိုလု ... ဘာပဲဖြစ်ဖြစ် မိုးထိတောင်ကို ခဏလောက်တော့ ရောက်အောင်လာဖို့သင့်ပါတယ်၊ တခြားညီအစ်ကိုတစ်တွေ စုံစုံလင်လင် ရောက်လာပါလျက်နဲ့ အစ်ကိုလုက ရောက်မလာဘဲ ပျက်ကွယ်မယ်ဆိုရင် ပြောစရာ ဖြစ်နေပါလိမ့်မယ်"

ပေ့လု မျက်နှာပျက်သွားလေသည်။ သုကျိန်းက ...

"ခဏလေးဖြစ်ဖြစ်တော့ အစ်ကိုလု ရောက်အောင် လာစေချင်တယ်"

အလေးအနက်ထားကာ ထပ်ပြောလိုက်လေသည်။

ပေ့လု သက်ပြင်းချလိုက်၏။

"ဆရာ ဆယ်နှစ်ပြည့်ဖို့ လိုဦးမယ်ထင်ပါတယ်"

"ဟုတ်တယ် ... လိုပါသေးတယ်"

"ကောင်းပြီလေ ... ကျုပ်ရောက်အောင်လာခဲ့ပါ့မယ်"

"ဝမ်းသာပါတယ်ဗျာ၊ အစ်ကိုလု ဆက်ဆက်ရောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ပါ"

ပြောပြီးသည်နှင့် သုကျိန်း ထိုင်ရာမှ ထလိုက်လေ၏။

"ညီလေး ပြန်တော့မလို့လား"

မေ့လုက မေးလိုက်သည်။ သုကျိန်းက ...

"ဟာ ... ညီလေးကလည်း ရောက်တုန်းရောက်ခိုက် တစ်ရက် နှစ်ရက်လောက် နေပါဦးလား"

"ကျွန်တော် တကယ့်ကို သွားစရာရှိလို့ပါ။ ကဲ ... ကျွန်တော့်ကို ခွင့်ပြုပါဦး"

ပြောပြောဆိုဆို သုကျိန်းကထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

"ခဏ"

မေ့လုက ဟန့်တားလိုက်လေသည်။ သုကျိန်းက ...

"အစ်ကိုလု ဘာပြောချင်လို့လဲ"

မေ့လုသည် သုကျိန်းအား စိုက်ကြည့်လိုက်ပြီး ...

"ငါ့ညီက တောတောင်ထဲမှာ ဆယ်နှစ်လုံးလုံး သွားနေတာ ဘယ်လိုရည်ရွယ်ချက်မျိုးကြောင့်လဲ"

သုကျိန်းက ...

"ကျွန်တော့်က ဆရာမှာခဲ့တဲ့အတိုင်း သိုင်းပညာကို ပြင်းပြင်းထန်ထန် လေ့ကျင့်နေခဲ့တာပါ"



"သြော်"

မေ့လုသည် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး ...

"အင်း ... အရင်ကဆိုရင် တို့ညီအစ်ကိုရှစ်ယောက်မှာ မင်းရဲ့ပညာဟာ အနိမ့်ဆုံးဖြစ်ခဲ့တာပဲ"

"ဟုတ်ပါတယ်"

"ခုတော့ ငါ့ညီက အတော်ဆုံးဖြစ်နေပြီထင်တယ်"

သုကျိန်းက တည်ကြည်သောမျက်နှာထားဖြင့် ...

"ကျွန်တော်တော့ ဒီလိုမထင်ပါဘူး၊ ကျွန်တော့်ရှေ့က အစ်ကိုကြီးတွေသာ လေ့ကျင့်မှု မပြတ်ကြဘူးဆိုရင် ကျွန်တော့်ထက် သာနေကြမှာပါ"

မေ့လု မျက်နှာပျက်သွားလေသည်။

"ဘာပဲဖြစ်ဖြစ် ကိုယ့်တာကျောင်းကို သွေးကြောဝိတ်လိုက်တာကိုကြည့်ရင် ငါ့ညီရဲ့ပညာဟာ ကျူပ်ထက်သာနေပြီဆိုတာ ထင်ရှားနေပါပြီ"

သုကျိန်းက ဘာမှမပြောဘဲ နေလိုက်သည်။ မေ့လုက ...

"ငါ့ညီပညာ တိုးတက်လာတာကို ချီးကျူးပါတယ်ကွာ၊ ရောက်တုန်းရောက်ခိုက် ကျူပ်အတွက် ဗဟုသုတရအောင် သိုင်းတစ်

www.burmeseclassic.com

www.burmeseclassic.com



ကွက်လောက် ပြသွားပါလား"

"ဗျာ"

မမျှော်လင့်သောစကား ကြားလိုက်ရသဖြင့် သုကျိန်း ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။

ပေ့လုကို နားမလည်နိုင်စွာ ကြည့်လိုက်လေသည်။

ပေ့လု၏နေရာတွင် အခြားလူတစ်ယောက်သာဆိုလျှင် မိမိအား စိန်ခေါ်ခြင်းဖြစ်သည်ဟု သုကျိန်း တွေးလိုက်မိမည်သာ ဖြစ်လေသည်။ ပေ့လုက ...

"ကျုပ်က သိုင်းပညာကို မလေ့ကျင့်ဘဲ ပစ်ထားတာ အတော်ကြာပြီ၊ ဒါကြောင့် ဌါညီဆီက အကွက်ကောင်းတစ်ကွက်နှစ်ကွက်လောက်များ ရနိုင်မလားလို့ပါ"

"ကျွန်တော်က အပင်ပန်းခံပြီး လေ့ကျင့်ခဲ့တာ မှန်ပါတယ်၊ ဒါပေမဲ့ ဉာဏ်သိပ်မကောင်းတော့ ထင်သလောက် မအောင်မြင်ခဲ့ပါဘူး"

ပေ့လုက ရယ်မောလိုက်သည်။

"ဌါညီကလည်း ကိုယ့်အချင်းချင်းတွေ ပညာလျှို့နေပြန်ပါပြီ၊ လာစမ်းပါ ... သိုင်းကွက်နှစ်ကွက်လောက် ပြခဲ့ပါကွ"

သုကျိန်း၏ရင်ထဲ အတွေးတစ်မျိုး ဖြစ်ပေါ်လာလေသည်။



ပေ့လုသည် ရာထူးဂုဏ်ရှိန်ကို မက်မောကာ သိုင်းပညာကို လျစ်လျူရှုထားခဲ့သည်ဆိုပါလျှင် သူ၏ပညာအခြေအနေကို တွေ့ရပါက ပြန် လည်လေ့လာလိုစိတ်များ ဖြစ်ပေါ်လာနိုင်သည်ဟု ထင်မှတ်လာခြင်း ဖြစ်သည်။

ထို့ကြောင့် ပေ့လု လက်ဆွဲခေါ်သွားရာနောက်သို့ အသာတကြည်ပင် လိုက်ပါသွားခဲ့လေသည်။

☼

ပေ့လုသည် သုကျိန်းအား သီးသန့်အဆောင်အတွင်းသို့ ခေါ်ဆောင်သွားလေသည်။

အဆောင်တွင်းသို့ရောက်လျှင် ...

"ငါညီ ... ကျုပ်ကို အကောင်းဆုံး သိုင်းကွက်တစ်ကွက်နှစ်ကွက်လောက် ပြသွားစမ်းပါ"

"အစ်ကိုလုက သိုင်းပညာပြန်ပြီး လေ့ကျင့်မလို့လား"

"ဒါပေါ့ကွာ"

"ကောင်းပြီလေ ... အစ်ကိုလုသဘောပါပဲ၊ ကျွန်တော် မလေးမစားလုပ်မိသလိုရှိရင်တော့ ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ညီလည်း သတိထားဦး"

ပေ့လုကပြောပြီး ဓားတစ်လက်ဆွဲကိုင်လိုက်သည်။ ပြီးနောက် ...

"ကျူပ်ကပဲ စမယ်၊ ငါ့ညီက ရှောင်ကွက်တွေကို ပြပေးပေါ့"

"ကောင်းပါပြီ"

"ဒါဆို သတိထားပေတော့"

ပေ့လုက ဓားငွေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်လေတော့သည်။

ပေ့လုသည် သုကျိန်းနည်းတူ မိုးထိအောင်အဘိုးအိုထံ၌ ပညာသင်ကြားခဲ့ရသော တပည့်တစ်ဦး ဖြစ်လေသည်။

အလေ့အကျင့် ပြတ်နေသည်ဆိုသည့်တိုင် ဓားကိုင်၍ တိုက်ခိုက်လိုက်သောအခါ ကြောက်မက်ဖွယ်ကောင်း ပြင်းထန်နေလေသည်။

သိုင်းရေးလေ့ကျင့်သည်နှင့် မတူတော့ဘဲ ရန်သူနှင့် သူသေကိုယ်သေ တိုက်ခိုက်နေသောအသွင်မျိုး ဆောင်လာလေသည်။

သုကျိန်း ရင်ထိတ်သွား၏။ ပေ့လု၏ တိုက်ကွက်များကို ပေါ့ဆ၍ မရပါ။ တစ်ချက်ကလေး သတိလက်လွတ်ဖြစ်ရုံနှင့် အသက်ပျောက်သွားနိုင်ကြောင်း ဆင်ခြင်မိလိုက်သည်။



ထို့ကြောင့် သတိကြီးစွာထား၍ ပြန်လည်ချေဖျက် တိုက်ခိုက်လိုက်ရလေသည်။

ပေ့လုက ဓားတစ်လက်ကိုင်ထားသော်လည်း သုကျိန်းကမူ လက်ချည်းဗလာ တိုက်ခိုက်နေခြင်း ဖြစ်သည်။

ပေ့လုက သူ၏ အကောင်းဆုံးဓားကွက်များကို ဖော်ထုတ် တိုက်ခိုက်နေခြင်းဖြစ်သည်။

သို့သော် အသာစီးမရဘဲ သုကျိန်း၏ အင်္ကျီစကိုပင် ထိအောင်တိုက်ခိုက်နိုင်ခြင်း မပြုနိုင်သောကြောင့် ရှက်လည်းရှက် ဒေါသလည်းထွက်လာလေသည်။

"ယား"

ပေ့လုသည် ပြာသံပေးကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်၏။

သူ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ် ကောင်းလာသဖြင့် သုကျိန်း ရင်ထိတ်သွား၏။ ကမျာကယာ နောက်ဆုတ်ရှောင်တိမ်းလိုက်ရ၏။

သို့သော် ပေ့လုက အလွတ်မပေးဘဲ တရကြမ်း လိုက်လံတိုက်ခိုက်ရာ သုကျိန်းမှာ ကြာကြာရှောင်မရတော့ပေ။

"ရပ်လိုက်"

www.burmeseclassic.com

www.burmeseclassic.com



အော်ပြောရင်း လက်ကိုဝှေ့ယမ်း ခုခံလိုက်ရလေသည်။

ဤတွင် ...

'ချွမ်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာပြီး ပေ့လု၏လက်ထဲမှဓားသည် အဝေးသို့ လွင့်စဉ်သွားတော့၏။

ပေ့လု ကပျာကယာ နောက်ဆုတ်လိုက်ရလေသည်။

သုကျိန်းလည်း နောက်ဆုတ်လိုက်သည်။

အကယ်၍ သုကျိန်း ကသာ ဆက်ပြီး တိုက်ခိုက်လိုက်မည်ဆိုပါက ပေ့လု သေချာပေါက် ဒုက္ခရောက်သွားနိုင်ပေသည်။

ပေ့လုသည် မျက်လုံးကြီးပြူးကာ သုကျိန်းကို ကြည့်နေသည်။ သူသည် ပြင်းထန်စွာ တိုက်ခိုက်ခဲ့သည့်တိုင် အနိုင်မရသည့်အပြင် အရေးနိမ့်သွားခဲ့ရပြီ မဟုတ်ပါလော။

"အစ်ကိုလု ... ဘာကြောင့် ဒီလောက်တောင် ကြမ်းကြမ်းတမ်းတမ်း တိုက်ခိုက်ချင်ရတာလဲဗျာ"

သုကျိန်းက လှမ်းပြောလိုက်သည်။

"ဟား ဟား ဟား"

ပေ့လုက ကောက်ကာငင်ကာ ရယ်ချလိုက်ပြီး ...

"ငါ့ညီ သိပ်တော်တယ်၊ ငါ့ညီကို ချီးကျူးပါတယ်ကွာ၊ ငါ



စိတ်ပါသွားပြီး ပြင်းပြင်းထန်ထန် တိုက်ခိုက်မိသလို ဖြစ်သွားတာကို ခွင့်လွှတ်ပါ၊ ငါ့ညီနဲ့ သိုင်းရေးလေ့ကျင့်လိုက်ရလို့ ငါတောင် စိတ်ပြန်ပါလာပြီ၊ ခုချိန်ကစပြီး သိုင်းပညာကို ပြန်လေ့ကျင့်တော့မယ်"

သုကျိန်း သက်ပြင်းချလိုက်သည်။ ပေ့လုသည် ခုတစ်မျိုး တော်ကြာတစ်မျိုး လူစားမျိုးဖြစ်နေပြီတကား။

ဘဝအခြေအနေ ပြောင်းလဲသွားသလို စိတ်သဘောထားလည်း ပြောင်းလဲသွားပြီဟု ဆိုရပေမည်။

မိမိသိုင်းပညာ အပြင်းအထန် လေ့ကျင့်ခဲ့သည်ကို ပေ့လု မနာလိုစိတ် ဖြစ်ပေါ်နေသည်ဟု သုကျိန်း ရိပ်မိလိုက်သည်။

ထို့ကြောင့် ...

"ဒီလောက်ဆို အစ်ကိုလုလည်း ကျေနပ်လောက်ရောပေါ့ဗျာ၊ ကျွန်တော်တို့ မိုးထိတောင်မှာ ပြန်ပြီးဆုံကြတာပေါ့၊ ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

သုကျိန်းက နှုတ်ဆက်လိုက်သည်။

ထို့နောက် ပေ့လု၏ တုံ့ပြန်စကားကိုပင် မစောင့်တော့ဘဲ ကျောခိုင်းထွက်လာခဲ့လေတော့၏။

✲

www.burmeseclassic.com

www.burmeseclassic.com



မြို့လယ်တွင် ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။

ကို့တာကျောင်း၏အလောင်းကို လူစည်ကားသော လမ်းဆုံလမ်းခွ၌ ပစ်ထားသောကြောင့် ဖြစ်သည်။

အချို့က အလောင်းကို မရွံမရှာ လာရောက်ကြည့်ရှုကြသလို အချို့က ဝေးဝေးမှ ရှောင်သွားကြလေသည်။

သုကျိန်းသည် မြို့လယ်သို့ရောက်လာသောအခါ စိတ်မချမ်းမြေ့ဖွယ်မြင်ကွင်းကြောင့် စိတ်ပျက်သွားလေသည်။

ပေ့လူ၏ ထင်ရာစိုင်းသောလုပ်ရပ်များကြောင့် ဆရာဖြစ်သူ နာမည်ပျက်ရတော့မည့်ကိန်း ဆိုက်နေချေပြီ။ တပည့်မကောင်း ဆရာ့ခေါင်းဟူသော ဆိုရိုးစကားရှိသည်မဟုတ်ပါလား။

ထိုအခြေအနေဆိုးမှ လွန်မြောက်ရန် မည်သို့လုပ်ရမည်ကို သုကျိန်း တွေးတောစဉ်းစားနေမိလေသည်။ ထိုစဉ် ...

'ခွပ်ခွပ် ခွပ်ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

အနက်ရောင်ဝတ်ဆင်ထားသော မြင်းစီးသမားတစ်ယောက်သည် လမ်းဆုံလမ်းခွသို့ ဒုန်းစိုင်းရောက်ရှိလာပြီး မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်၏။

ထို့နောက် မြေပေါ်တွင် ရှိနေသော ကို့တာ့ကျောင်း၏



အလောင်းကို ဆွဲပွေ့ယူပြီး မြင်းပေါ်ခုန်တက်လိုက်သည်။ ထို့နောက် မြင်းကိုအော်ငေါက်ကာ ဒုန်းစိုင်းမောင်းနှင်သွားလေသည် ။

အဖြစ်အပျက်မှာ လျှင်မြန်လွန်းသဖြင့် အားလုံး ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

မြင်းစီးသမား အဝေးသို့ရောက်သွားမှ အစောင့်များ သဘိ ဝင်လာကြကာ ...

"ကို့တာကျောင်းရဲ့အလောင်းကို ယူပြေးသွားပြီတော့"

"လိုက်ကြ"

ဗြောသံပေးကာ ပြေးလိုက်သွားကြလေသည်။ သုကျိန်း သက်ပြင်းချလိုက်လေသည်။ အနက်ရောင်ဝတ်ထားသူသည် ကို့တာကျောင်း၏ ဘက်တော်သားတစ်ယောက် ဖြစ်ရမည်ဟု ယူဆလိုက်သည်။

မည်သို့ဆိုစေ ထိုလူ၏လုပ်ရပ်သည် မှန်ကန်နေသည်ဟု ယူဆကာ လက်ပိုက်ကြည့်နေလိုက်၏။

သူ ဖြေရှင်းရမည့်ကိစ္စတစ်ခုကို ကြားဝင်ဖြေရှင်းပေးမည့်သူ တစ်ယောက် ပေါ်ပေါက်လာခြင်းကြောင့် သူ့အတွက် အလုပ်ရှုပ်ရ သက်သာသွားမည်ဟု ဆိုရပေတော့မည်။

✲✲✲

www.burmeseclassic.com

www.burmeseclassic.com



## အန္တရာယ်အငွေ့အသက်

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေသည်။

သုကျိန်းသည် သစ်ပင်ကြီးတစ်ပင်ကို ကျောမှီကာ တွေဝေငေးမောနေ၏။

မလှမ်းမကမ်းတွင် မီးပုံတစ်ခုဖိုထားပြီး မီးဖိုဘေး၌ အိပ်ရာခင်း ခင်းထားသည်။

သုကျိန်း ခရီးဆက်လာရင်း တောအုပ်တစ်အုပ်သို့အရောက် မိုးချုပ်သွားသဖြင့် တောအုပ်ထဲ၌ပင် ညအိပ်ရပ်နားလိုက်ခြင်း ဖြစ်လေသည်။

သုကျိန်းသည် သိုင်းလောကသို့ ဆင်းလာစဉ်က ဆယ်နှစ်ခန့် ကွဲကွာနေခဲ့သော ပညာသင်ဘက် သွေးသောက်ညီအစ်ကိုများနှင့် ပြန်လည်တွေ့ဆုံရမည်ကိုတွေးကာ ပျော်ရွှင်မိခဲ့လေသည်။

ယခုမူ ပျော်ရွှင်မှုများအား တွေးတောစဉ်းစားစရာများ အစားထိုး ဖြစ်ပေါ်လာလေသည်။



ပထမဆုံး စတင်ဆုံတွေ့လိုက်ရသည့် အမှတ်ငါး ရှောင်ဝူးမှစ၍ စိတ်ပျက်စရာ ဖြစ်လာသည်။

ရှောင်ဝူးသည် ဆရာ့စကားကို လုံးဝလျစ်လျူရှုကာ ချမ်းသာကြွယ်ဝရေးတစ်ခုတည်းကို ဦးတည်ကြိုးစားနေ၏။

အမှတ်ခြောက် ပေ့လုမှာလည်း မြို့စားတစ်ယောက် ဖြစ်လျက် ရာထူးဂုဏ်ရှိန်အတွက် တရားလက်လွတ် ထင်တိုင်းပြုမူနေသည်။

မိမိကိုပင် ရန်မူလိုစိတ်ရှိနေသည်ဟု သုကျိန်း ယုံကြည်မိလေသည်။

ကျန်သွေးသောက်ညီအစ်ကိုများကော မည်သို့ရှိကြမည်နည်း။

သုကျိန်း ပထမဆုံး သဘောပေါက်လာသည့် အချက်တစ်ချက်မှာ မည်သူ့ကိုမှ ယုံကြည်၍မရနိုင်တော့ဟူ၍ပင် ဖြစ်လေသည်။

သုကျိန်းသည် တွေးတောစဉ်းစားရင်း စိတ်မချမ်းမြေ့နိုင်အောင် ဖြစ်လာသလို တစ်နေ့လုံး ပင်ပန်းနွမ်းနယ်ခြင်းကြောင့် အိပ်စက်အနားယူလိုစိတ်များ ဖြစ်ပေါ်လာသည်။

အတွေးစများကို မောင်းထုတ်လိုက်ပြီး မျက်လုံးမှိတ်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း မျက်ခွံများ လေးလံလာကာ မှေးခနဲ အိပ်ပျော်သွား၏။

သို့သော် နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်ရသည်တော့ မဟုတ်ပေ။ ဆူဆူညံညံအသံများကြောင့် ဖျတ်ခနဲ လန့်နိုးလာရပြန်လေတော့သည်။

☀

ရှီ

အဝေးမှ စူးရှသောလေချွန်သံထွက်ပေါ်လာသည်။

သုကျိန်း ဖျတ်ခနဲ လန့်နိုးလာလေသည်။

ချက်ချင်း လူးလိမ့်ထလိုက်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

သုကျိန်း အကဲခတ်နေစဉ်မှာပင် …

ရှီ

လေချွန်သံတစ်ချက် ထွက်ပေါ်လာပြန်သည်။

ယခုတစ်ကြိမ် လေချွန်သံသည် အဝေးဝေးမှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

သုကျိန်း မျက်မှောင်ကြုတ်သွားသည်။



"ဒါ တစ်ယောက်နဲ့တစ်ယောက် အချက်ပေးတဲ့ လေချွန်သံပဲ၊ ညအချိန်မတော် လှုပ်ရှားနေကြတာ ဘယ်လိုလူစားမျိုးတွေပါလိမ့်"

လေချွန်သံမှာ ထပ်မံထွက်ပေါ်လာခြင်းမရှိတော့ဘဲ တိတ်ဆိတ် ပျောက်ကွယ်သွားလေသည်။

သုကျိန်း အတန်ကြာ စောင့်ဆိုင်းနေလိုက်သော်လည်း ထပ်မံထွက်ပေါ်လာခြင်း မရှိတော့ချေ။

သုကျိန်း သက်ပြင်းချလိုက်သည်။

လေချွန်သံနောက် လိုက်မသွားဘဲနေရန် ဆုံးဖြတ်ပြီး သစ်ပင်အောက်၌ ပြန်ထိုင်ချကာ ပင်စည်ကို ကျောမှီထားလိုက်၏။

မကြာပါချေ …။ သုကျိန်းမှာ တခေါခေါဟောက်ကာ အိပ်ပျော်သွားလေတော့သည်။

☀

အရှေ့ဘက်တွင် အရုဏ်ဦး၏ရောင်နီများ ပျို့အန်တက်လာပြီဖြစ်သည်။

သုကျိန်း အိပ်ပျော်နေရာမှ နိုးလာသည်။ သူသည် ပစ္စည်းပစ္စယများ သိမ်းဆည်းကာ ချက်ချင်းပင် ခရီးဆက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သွေးသောက်ညီအစ်ကို ရှစ်ယောက်အနက် အမှတ်သုံးအစ်ကို ကျင်းစန်းထံသို့ ဦးတည်သွားနေခြင်းဖြစ်လေသည်။

သုကျိန်းသည် မြင်းကို အသားကျစီးနင်းလာခဲ့ရာ တောအုပ်ကလေးကို လွန်မြောက်သည်နှင့် ကျေးရွာကလေးတစ်ရွာကို တွေ့မြင်လိုက်ရလေသည်။

ရွာထိပ်သို့ရောက်လျှင် မြက်ရိတ်သွားမည့် ရွာသားတစ်ယောက်ကို တွေ့လိုက်ရသဖြင့် ...

"ဗျို့မိတ်ဆွေ ... ဒီရွာမှာ ကျင်းစန်းဆိုတဲ့ လူတစ်ယောက်ကို များ သိသလားဗျာ"

ရွာသားက ...

"ကျင်းစန်း ... ဟုတ်လား၊ သူက ဘာလုပ်တာလဲ"

"သူက သိုင်းသမားတစ်ယောက်ပါ"

"ဩော် ... ဆရာတော်ကိုပြောတာကိုး"

"ဗျာ"

"ခင်ဗျားပြောတဲ့ကျင်းစန်းဟာ ဒီရွာသား ဟုတ်ပါတယ်၊ သူ ရွာကိုပြန်ရောက်လာပြီး မကြာဘူး ... ဘုန်းကြီးဝတ်သွားတာဗျ၊ ဟိုးကတောင်ကုန်းလေးကို တွေ့တယ်မဟုတ်လား၊ အဲဒီတောင်ကုန်း ပေါ်မှာ ကျောင်းသင်္ခမ်းလေး ဆောက်ပြီးနေတယ်"



သုကျိန်း မျက်စိလည်သွားလေသည်။

အမှတ်စဉ်သုံးအစ်ကို ကျင်းစန်းသည် လူဝတ်ကြောင်ကိုစွန့်ကာ သာသနာ့ဘောင်သို့ ဝင်ရောက်သွားခြင်းမှာ အမှန်ပင်လော။

"ခုလိုပြောပြတာ ကျေးဇူးတင်ပါတယ်ဗျာ"

သုကျိန်းသည် ရွာသားကို နှုတ်ဆက်ကာ တောင်ကုန်းလေးဆီသို့ ဦးတည်လိုက်သည်။

မြင်းကို တောင်ခြေ၌ထားခဲ့ကာ တောင်ကုန်းပေါ်သို့ ခပ်သွက်သွက် ပြေးတက်ခဲ့လေသည်။

တောင်ကုန်းပေါ်၌ သစ်ပင်ဝါးပင်များဖြင့် စိမ်းစိမ်းစိုစို ရှိနေပါသည်။

ဝါးတောတစ်ခုရှေ့တွင် ကျောင်းသင်္ခမ်းကလေးတစ်ခု ရှိနေသည်ကို တွေ့ရလေသည်။

သုကျိန်းက ကျောင်းသင်္ခမ်းရှေ့သို့ ရောက်သွားသောအခါ ဝန်းကျင်တစ်ခုလုံး အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်နေသဖြင့် စိတ်ထဲထူးဆန်းနေသည်ဟု ထင်မိလေသည်။

သုကျိန်းက သတိကြီးစွာထားကာ အကဲခတ် ကြည့်နေစဉ်

"အင်း အင်း"

ကျောင်းသင်္ခမ်းပေါ်မှ ညည်းတွားသံသဲ့သဲ့ ထွက်ပေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်ကို ကြားလိုက်ရလေသည်။

"ဟင်"

သုကျိန်း အံ့သြသွားသည်။

ကျောင်းသခ်မ်းပေါ်သို့ ကပျာကယာ ပြေးတက်သွားလေသည်။

အပေါ်ဘက်သို့ရောက်သွားသည်နှင့် ကြမ်းပြင်ပေါ်၌လဲကျနေသည့် ဘုန်းတော်ကြီးတစ်ပါးအား တွေ့လိုက်ရလေသည်။

သုကျိန်းက သတိကြီးစွာထားကာ အနီးသို့ ချဉ်းကပ်သွားပြီး အကဲခတ်ကြည့်လိုက်၏။

ဘုန်းတော်ကြီး၏မျက်နှာကို တွေ့လိုက်ရလျှင် ...

"ဟင် ... အမှတ်သုံး အစ်ကိုကြီး"

ဟု လွှတ်ခနဲ ခေါ်လိုက်မိလေသည်။

ယခု သူရှာဖွေနေသည့် အမှတ်သုံးကျောင်းစန်းကို တွေ့လိုက်ရပြီ ဖြစ်လေသည်။

ဘုန်းတော်ကြီးသည် သုကျိန်း၏အသံကြောင့် မျက်လုံးဖွင့်လာသည်။ သုကျိန်းက ...

"အစ်ကိုစန်း ... ကျွန်တော် သုကျိန်းလေ၊ အစ်ကိုစန်း ဘာယ်လိုဖြစ်ရတာလဲ"



ဟု မချိတင်ကဲ ပြောလိုက်လေသည်။

ဘုန်းတော်ကြီး (ဝါ) ကျောင်းစန်းသည် သေလုမျောပါး ဝေဒနာ ခံစားနေရသည့်ကြားမှ သုကျိန်းကို မှတ်မိသွားဟန် ရှိလေသည်။

"သု သုကျိန်း ... အမှတ်ရှစ်ညီလေး"

ဟု တုန်တုန်ယင်ယင် ရေရွတ်လာသည်။

သုကျိန်းက ...

"အစ်ကိုစန်းကို ဘယ်သူက တိုက်ခိုက်သွားတာလဲ ... ဟင်"

ဟု အလောတကြီး မေးလိုက်လေသည်။

ကျောင်းစန်းက ...

"တောင်ပိုင်းသိုင်းရာဇာရဲ့တပည့်တွေ သိုင်းလောကထဲကို ဆင်းလာကြပြီ"

ဟု ပြောလိုက်လေသည်။

"ဟာ"

သုကျိန်း ထခုန်မိမတတ် ထိတ်လန့်သွားလေသည်။

သူ မျှော်လင့်ထားသည့်အတိုင်း ဖြစ်ပျက်လာပြီ မဟုတ်ပါလား။

တောင်ပိုင်းသိုင်းရာဇာ၏တပည့်များ သိုင်းလောကသို့ ဆင်းလာပြီဆိုလျှင် မိုးထိတောင်အဘိုးအို၏ တပည့်များ အတွက်

www.burmeseclassic.com

www.burmeseclassic.com



ကြမ္မာဆိုးကို သယ်ဆောင်လာလိမ့်မည် ဖြစ်လေသည်။

ကျောင်းစန်းက ...

"သူတို့က ဒါ့ဆီကို မနေ့ညက ရောက်လာကြတာပဲ"

"ဟင်"

သုကျိန်း လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

မနေ့ညက ကြားခဲ့ရသော လေချွန်သံများကို ပြန်လည်ကြားယောင်လာလေသည်။

သူက ညဉ့်တွင်းချင်း ကျောင်းစန်းထံ အရောက်သွားဖို့ ကြိုးစားခဲ့မည်ဆိုပါလျှင် ...။

သုကျိန်းသည် ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရ ဖြစ်လာကာ အပြစ်တင်လိုက်မိလေသည်။ ကျောင်းစန်းက ...

"သူတို့ဟာ တောင်ပိုင်းသိုင်းရာဇာရဲ့ ပညာရပ်တွေကို သေသေချာချာ လေ့ကျင့်လာခဲ့ကြတာ ထင်ရှားတယ်၊ တောင်ပိုင်း သိုင်းရာဇာ သေဆုံးသွားပြီဆိုပေမယ့် ခုတော့ သူ့ရဲ့ကိုယ်ပွားနှစ်ယောက်ကို ထားပစ်ခဲ့ပြီဆိုတာ ထင်ရှားနေတယ်"

သုကျိန်းက ...

"ဆရာကလည်း ကျွန်တော်တို့ညီအစ်ကိုရှစ်ယောက်ကို ထားပစ်ခဲ့တာပဲ"



ဟု ပြောလိုက်သည်။

ကျောင်းစန်း ခေါင်းခါယမ်းလိုက်သည်။

"မတူဘူး၊ ဆရာက တို့ရှစ်ယောက်ကိုထားခဲ့တယ်၊ ဒါပေမဲ့ တို့တစ်တွေဟာ တာဝန်မကျေတဲ့လူတွေ ဖြစ်နေပြီ"

သုကျိန်း ငိုင်သွားကာ အမှတ်ငါးရှောင်ငူ၊ အမှတ်ခြောက် ပေ့လုတို့အား ပြန်လည်မြင်ယောင်လာသည်။

ကျောင်းစန်းက ...

"တို့လူတွေဟာ ထင်ရာစိုင်းနေကြတယ်၊ ဘယ်လိုမှ စည်းရုံးမှု မရှိကြသေးဘူး၊ ဒါကြောင့် ငါလည်း စိတ်ပျက်ပြီး ဓာတိရပ်ရွာပြန်ပြီး ဘုန်းကြီးဝတ်လိုက်တာပဲ၊ ခုတော့"

စကားဆုံးအောင်မပြောနိုင်ဘဲ ချောင်းတဟွပ်ဟွပ် ဆိုးလာသည်။

သုကျိန်းက ...

"အစ်ကိုစန်း ... ဒီအတိုင်းနေလို့မဖြစ်ဘူး၊ ရော့ ... ဆေးတစ်လုံး သောက်လိုက်ပါ"

အသင့်ဆောင်ထားသော အသက်ကယ်ဆေးတစ်လုံး တိုက်ကျွေးလိုက်လေသည်။ တစ်ဖန် ကျောင်းစန်း၏ဒဏ်ရာကို စမ်းသပ် စစ်ဆေးကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းစန်းသည် အတွင်းဒဏ်ရာရသွားခြင်းဖြစ်သလို သိုင်းပညာကို ဘယ်သောအခါမှ အသုံးပြု၍မရနိုင်တော့ဘဲ လုံးဝဆုံးရှုံးသွားပြီ ဖြစ်လေသည်။

သုကျိုန်း ခံပြင်းသွားပြီး ...

"တောက် ... ရက်စက်လိုက်တာ"

ဟု ရေရွတ်လိုက်၏။

ကျင်းစန်း မချိပြုံး ပြုံးလိုက်သည်။

"ညီလေးသုကျိုန်း ... ကျုပ်က ခုလိုအသက်ရှင်နေသေးတာပဲ ကျေးဇူးတင်ရဦးမှာပါကွာ"

"ဗျာ"

"သူတို့က သိုင်းပညာယှဉ်ပြိုင်ဖို့ စိန်ခေါ်ကြတယ်၊ ကျုပ်က လက်မခံဘူး။ သူတို့ဟာ ဘယ်လိုမှ စိန်ခေါ်လို့မရတဲ့နောက်ဆုံး မိုးထိတောင်အဘိုးအိုရဲ့တပည့်တွေ သိုင်းပညာကို ဘယ်တော့မှ အသုံးပြုလို့ မရစေရဘူးဆိုပြီး ကျုပ်ရဲ့သိုင်းပညာကို ဖျက်ဆီးသွားကြတာပဲ"

သုကျိုန်း အံကြိတ်လိုက်သည်။

"ဒါဟာ ကျွန်တော်တို့ကိုရော ဆရာ့ကိုပါ စော်ကားတဲ့သဘောပဲ"

ဟု ပြောလိုက်သည်။ ကျင်းစန်းက ...



"ညီလေး ... သူတို့ဟာ အတော့်ကိုကြောက်စရာကောင်းတယ်ဆိုတာ ကျုပ်လက်တွေ့ပဲ၊ ဒါကြောင့်"

လုကျိုန်းက ...

"ဘာပဲဖြစ်ဖြစ် ကျွန်တော်က သူတို့နဲ့ရင်ဆိုင်ရမှာပါပဲ"

ဟု ပြောလိုက်၏။ ကျင်းစန်းက ...

"ညီလေး ... ဒီကိစ္စကို မင်းတစ်ယောက်တည်း တတ်နိုင်မှာ မဟုတ်ဘူး၊ ကျုပ်တို့လူတွေကလည်း ကိုယ့်သဘောနဲ့ကိုယ် ထင်ရာစိုင်းနေကြတာ၊ တို့ဂိုဏ်းတွေအားလုံး ပျက်စီးကုန်ကြရတော့မယ့် အခြေအနေ ရောက်နေပြီ"

လုကျိုန်း ခေါင်းခါယမ်းလိုက်သည်။

"ဒါမျိုးကို ကျွန်တော် ဘယ်တော့မှ အဖြစ်ခံမှာ မဟုတ်ပါဘူး"

ကျင်းစန်းက ...

"ဒါဖြင့် ညီလေး ဘယ်လိုလုပ်မယ်လို့ စိတ်ကူးထားတာလဲ"

သုကျိုန်းက ...

"ကျွန်တော်တို့ညီအစ်ကိုတစ်တွေ စည်းစည်းလုံးလုံးရှိအောင် လိုက်ပြီးစည်းရုံးမယ်၊ ပြီးရင် တောင်ပိုင်းသိုင်းရာဇာရဲ့တပည့်တွေကို ရင်ဆိုင်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းစန်း သက်ပြင်းချလိုက်သည်။

“ညီလေးရဲ့အကြံ မဆိုးပါဘူး၊ ဒါပေမဲ့”

“ဒါပေမဲ့ ဘာဖြစ်သလဲ အစ်ကိုစန်း”

“ညီလေးအကြံက ဆယ်နှစ်လောက် နောက်ကျနေပြီ”

သုကျိန်း ပါးစပ်ပိတ်ထားလိုက်လေသည်။ ကျင်းစန်းက ...

“ညီလေး ... ခုချိန်မှာ မင်း တကယ့်ကို အရေးတကြီးလုပ်ရမယ့် မင်းရဲ့အလုပ်ကတော့ ဒုက္ခရောက်တော့မယ့် မင်းရဲ့အစ်ကိုတွေကို လိုက်ပြီးကယ်တင်ဖို့ပဲ”

သုကျိန်းက ...

“အစ်ကိုစန်း ဘာကိုဆိုလိုတာလဲဟင်”

ဟုမေးလိုက်သည်။ ကျင်းစန်းက ...

“တောင်ပိုင်းသိုင်းရာဇာရဲ့တပည့်တွေဟာ တို့ညီအစ်ကိုတွေ လိုက်ရှာပြီး ရင်ဆိုင်ကြရလိမ့်မယ်၊ သူတို့ကို မယှဉ်နိုင်တာနဲ့ သိုင်းပညာကို ဖျက်ဆီးပစ်ကြလိမ့်မယ်”

သုကျိန်းက ...

“သူတို့က ဆရာရဲ့အဆက်အသွယ် သိုင်းလောကမှာ မရှိစေရဘူးလို့ ဆုံးဖြတ်ထားကြတာပေါ့”

ကျင်းစန်းက ...



“ဟုတ်တယ်”

သုကျိန်းက ...

“ကျွန်တော်က သူတို့ရှိ တားဆီးပါ့မယ်”

ကျင်းစန်းက ...

“ညီလေး ... ကျုပ်ပြောတာကို ဂရုစိုက်စေချင်တယ်၊ ခုဆိုရင် အမှတ်တစ်ဟာ အရက်သမား လုံးလုံးဖြစ်နေသလို အမှတ်နှစ်ဟာ လောင်းကစားသမားဖြစ်နေပြီ၊ အမှတ်လေးကလည်း မိန်းမပွေဖို့လောက်ပဲ စဉ်းစားနေတာ၊ အမှတ်ငါးကတော့ ငွေမျက်နှာတစ်ခုတည်းကြည့်ပြီး သိုင်းပညာကို စိတ်မဝင်စားဘူး၊ အမှတ်ခြောက်ကလည်း ရာထူးဂုဏ်ရှိန် မက်မောနေတယ်၊ အမှတ်ခုနစ်ကတော့ လွန်ခဲ့တဲ့နှစ်ကပဲ ရောဂါတစ်ခုခုနဲ့ ဆုံးပါးသွားခဲ့တယ်၊ ကဲ စဉ်းစားကြည့်စမ်း ... တို့ညီအစ်ကိုတွေရဲ့အဖြစ်က ဘယ်လောက် ရင်နာစရာကောင်းလိုက်သလဲ”

သုကျိန်း သက်ပြင်းချလိုက်သည်။ သူတို့သွေးသောက် ညီအစ်ကိုများသည် ထင်ရာစိုင်းနေကြသဖြင့် ရှေ့ရေးမတွေးဝံ့လောက်အောင် ဖြစ်နေရပြီ မဟုတ်ပါလား။ ကျင်းစန်းက ...

“ကျုပ်က ဒါတွေတွေးပြီး စိတ်ပျက်တာနဲ့ ဘုန်းကြီးဝတ်ခဲ့တာပဲ၊ ဘာပဲဖြစ်ဖြစ် ညီလေးအနေနဲ့ ဒုက္ခရောက်တော့မယ့် သွေး

www.burmeseclassic.com

www.burmeseclassic.com



သောက် အစ်ကိုတွေကို အတတ်နိုင်ဆုံး ကူညီရမယ်”

သုကျိန်းက ...

“ကျွန်တော် ဘယ်လိုကူညီရမှာလဲ”

ကျင်းစန်းက ...

“တောင်ပိုင်းနယ်စားရဲ့တပည့်နှစ်ယောက် သိုင်းလောကထဲ ခြေချလာပြီဆိုတာ ပြောပြပြီး ခါတိုင်းလို စည်းစည်းလုံးလုံးဖြစ်အောင် ကြိုးစားမှာပေါ့”

သုကျိန်းက ...

“ဒီလိုကြိုးစားရင်တောင် ဆယ်နှစ်လောက် နောက်ကျနေပြီလို့ အစ်ကိုစန်း ပြောခဲ့တယ်မဟုတ်လား”

ကျင်းစန်း သက်ပြင်းချလိုက်သည်။

“နောက်ကျနေတာအမှန်ပဲ၊ တစ်ခုပဲရှိတယ် ... သူတို့နဲ့ ထိပ်တိုက်မတွေ့ရအောင် ရှောင်ရမယ်၊ ဒါဆို သူတို့လည်း ဘာမှတတ်နိုင်ကြတော့မှာ မဟုတ်ဘူး”

သုကျိန်းက ဘာမှမပြောဘဲ နေလိုက်သည်။

သူက တောင်ပိုင်းတိုင်းရာဇာတပည့်နှစ်ယောက်နှင့် ထိပ်တိုက်ရင်ဆိုင်ရန် ဆုံးဖြတ်ထားခြင်းကြောင့် ဖြစ်လေသည်။

✲✲✲



## ရေးသွားဟန်လွှဲ

ကျင်းစန်း ...။

ကျင်းစန်းသည် သူ၏ ဓာတ်ရပ်ရွာ၌ပင် နေထိုင်ခဲ့သည်။

သိုင်းပညာဆုံးရှုံးသွားပြီဖြစ်သော်လည်း သူက မမှုတော့ပါ။

ဘုန်းကြီးဝတ်ဖြင့် တစ်သက်လုံး နေထိုင်သွားတော့မည် ဖြစ်လေသည်။

သုကျိန်းသည် ကျင်းစန်းကိုနှုတ်ဆက်ကာ ထွက်လာခဲ့၏။

သိုင်းလောကသို့ ပြန်လည်ခြေချမိလိုက်သည်နှင့် အမင်္ဂလာသတင်းများ ကြားလိုက်ရသည်။

သူဌေးကြီးရှောင်ဝူးနှင့် မြို့စားပေ့လုတို့သည် ရန်သူ့လက်ချက်ဖြင့် သေဆုံးသွားကြသည်ဆိုသော သတင်းဖြစ်လေသည်။

ရှောင်ဝူးနှင့်ပေ့လုတို့အား သုတ်သင်သွားသူများမှာ တောင်ပိုင်း သိုင်းရာဇာ၏တပည့်များဖြစ်ကြောင်း သုကျိန်း နားလည်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တောင်ပိုင်းသိုင်းရာဇာ၏ တပည့်များနှင့် ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်လေသည်။

☀

'ဂျိမ်း'

မိုးခြိမ်းသံ ထွက်ပေါ်လာလေသည်။

ကောင်းကင်ပေါ်တွင် လျှပ်နွယ်လျှပ်ပန်းများ တဖျပ်ဖျပ် ဝင်းလက်သွားလေသည်။

အေးစိမ့်သော လေပြင်းများ တိုက်ခတ်လာသည်။

'ဝေါ ဝေါ ဝေါ'

'ဝှီး ဝှီး ဝှီး'

မိုးသီးမိုးပေါက်များ ကျရောက်လာသည်။ မိုးသက်လေပြင်း ကျရောက်လာပြီဖြစ်လေသည်။

တင်းအိသည် လက်ထဲမှအရက်အိုးကို ငုံ့ကြည့်လိုက်ပြီး မ,ယူကာ တကျိုက်ကျိုက် မော့ချလိုက်သည်။

အရက်များ ဝမ်းဗိုက်ထဲ ဝင်သွားတော့မှ တစ်ကိုယ်လုံး နွေးနွေးထွေးထွေး ဖြစ်လာသည်ဟု ခံစားလိုက်ရလေသည်။

ယနေ့ ...



တင်းအိသည် ခါတိုင်းနေ့များထက် ပို၍ အရက်သောက်မိလေသည်။

အရက်သောက်စရာအကြောင်းလည်း ရှိနေသည် မဟုတ်ပါလား။

မကြာသေးမီက သတင်းဆိုးတစ်ခု ကြားခဲ့ရခြင်းကြောင့် ဖြစ်သည်။

မိုးထိတောင် အဘိုးအိုချန်းစန်းဖုံး၏ တပည့်ရှစ်ယောက်တွင် အပါအဝင်ဖြစ်ကြသော အမှတ်ငါး ရှောင်ဂူးနှင့် အမှတ်ခြောက် ပေ့လုတို့သည် ရန်သူ၏လက်ချက်မိကာ သေဆုံးသွားကြပြီမဟုတ်ပါလား။

ထိုသတင်းသည် တင်းအိအတွက် အမင်္ဂလာသတင်းဆိုး ဖြစ်လေသည်။

တင်းအိကိုယ်တိုင် ချန်းစန်းဖုံး၏ တပည့်ရှစ်ယောက်တွင် အကြီးဆုံးအမှတ်စဉ်တစ်အဖြစ် ပါဝင်ခဲ့သည် မဟုတ်ပါလား။

တင်းအိသည် အရက်ထပ်သောက်လိုက်သည်။

တင်းအိ၏ ဦးခေါင်းထဲ ရီဝေဝေဖြစ်လာသည်။

သူတို့သည် ဆရာဖြစ်သူကွယ်လွန်သွားချိန်မှစ၍ ကိုယ့်သဘောနှင့်ကိုယ် ထင်ရာစိုင်းခဲ့ကြသည် မဟုတ်ပါလား။

ထို့ကြောင့်လည်း ရန်သူပေါ်ပေါက်လာသောအခါ ဒုက္ခ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရခြင်း ဖြစ်လေသတော့သည်။

တင်းအိ သ ာ်ပြင်းချလိုက်သည်။

ရှောင်ပူးတို့ ပါး တိုက်ခိုက်သွားသူများမှာ တောင်ပိုင်းတိုင်း ရာဇာ၏ တပည့်များသာ ဖြစ်ရမည်ဟု နားလည်ထား၏။

"တကယ်လို့ သူတို့သာ ငါ့ဆီကို ရောက်လာကြရင် ဘယ်လို လုပ်မလဲ"

တင်းအိသည် ထိုအတွေးကို အထပ်ထပ် အခါခါတွေးတော စဉ်းစားခဲ့လေသည်။

တောင်ပိုင်းသိုင်းရာဇာ၏တပည့်များ ရောက်လာပါလျှင် တင်းအိသည် အမျိုးမျိုးတွေးတောစဉ်းစားပြီး အကြံတစ်ခုရလာသည်။

ထိုအကြံအဝါင်း အကောင်အထည်ဖော်ဖို့ ဆုံးဖြတ်လိုက်၏။

တောင်ပိုင်းသိုင်းရာဇာ၏ တပည့်နှစ်ယောက်ကလည်း သူ့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ရောက်ရှိလာကြပါသည်။

✵

လမ်းကြားကလေးအဆုံးတွင် အဆောက်အအုံတစ်လုံး ရှိ



သည်။ ထိုအဆောက်အအုံ၌ တင်းအိ နေထိုင်လျက် ရှိလေသည်။

ထုံးစံအတိုင်း နံနက်မိုးစင်စင်လင်းလာသည်နှင့် တင်းအိက အရက်တစ်အိုးသောက်ပြီး ဖြစ်လေသည်။

ထိုစဉ် ...

'ဒေါက် ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာသည်။

တင်းအိက ...

"တံခါးဖွေ့ရုံသာ ဖွေ့ထားတယ်၊ တွန်းဝင်ခဲ့ပါ"

သူ၏စကားသံနှင့် မရှေးမနှောင်းတွင် တံခါးပွင့်သွားပြီး လူနှစ်ယောက် လှမ်းဝင်လာကြလေသည်။

လူရွယ်တစ်ယောက်နှင့် မိန်းကလေးတစ်ယောက်တို့ ဖြစ်ကြလေသည်။

တင်းအိက ...

"မင်းတို့ဟာ ကျူပ်ဖျော်လင့်နေတဲ့လူတွေ ဖြစ်မယ်လို့ ထင်မိတယ်"

ဟု ပြောလိုက်သည်။

လူရွယ်က ...

"ဟုတ်ပါတယ်ဗျာ၊ ကျူပ်နာမည် တိမ်လွှာပါ"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ...

"ကျွန်မကတော့ ပျံလွှားပါရှင်"

မိန်းကလေးက လှပသောအပြုံး၊ ချိုလွင်သော အသံလေးဖြင့် ပြောလာလေသည်။

တင်းအိ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"တောင်ပိုင်းသိုင်းရာဇာကို ကျုပ်ဆရာကိုယ်တိုင်က လေးစားခဲ့တာပါ။ မင်းတို့နှစ်ယောက်ဟာ သူ့တပည့်တွေဆိုတော့ ချီးကျူးစရာကောင်းသူတွေပဲ ဖြစ်မယ်ထင်တယ်"

လှူရှယ် (ဝါ) တိမ်လွှာက ...

"ကျုပ်ဆရာကလည်း ခင်ဗျားတို့ဆရာကိုလေးစားပါတယ်၊ ဒါပေမဲ့ သူက ဘယ်သူ့ပညာက ပိုသာသလဲဆိုတာ သိချင်စိတ် ရှိနေခဲ့တယ်၊ သူ ကွယ်လွန်သွားတဲ့အခါ ကျုပ်တို့ကို ဆက်ပြီး တာဝန်ပေးခဲ့ပါတယ်"

တင်းအိက ...

"ဆရာ ဆရာချင်း ရှင်းမရတဲ့ကိစ္စ တပည့် တပည့်ချင်း ရှင်းနိုင်းတဲ့ သဘောပေါ့"

တိမ်လွှာက ...

"ဟုတ်ပါတယ်ဗျာ"



တင်းအိက ...

"အမှတ်ငါးနဲ့အမှတ်ခြောက်ကို သုတ်သင်လိုက်တာ မင်းတို့ပဲလား"

ဟု မေးလိုက်သည်။

တိမ်လွှာက ...

"ဟုတ်ပါတယ်၊ ကျုပ်တို့က သိုင်းပညာအရ အနိုင်အရှုံးကို ဆုံးဖြတ်ဖို့ စိတ်ဝင်စားကြပါတယ်၊ ဒါပေမဲ့ သူတို့က သူသေကိုယ်သေ ယှဉ်ပြိုင်ဖို့ သိုင်းပညာစွမ်းတယ်လို့ အထင်မှားနေကြတယ်၊ ဒါကြောင့် သူတို့ သေဆုံးသွားကြတာပါ"

တင်းအိက ...

"မင်းတို့က ညီအစ်ကိုနှစ်ယောက်ကိုလိုက်ပြီး ယှဉ်ပြိုင်မယ် ဆိုပါတော့"

တိမ်လွှာက ...

"ကျုပ်တို့က အမှတ်ငါးနဲ့ အမှတ်ခြောက်ကို သုတ်သင်ခဲ့ပါတယ်၊ အမှတ်သုံးကိုတော့ သိုင်းပညာ အသုံးမပြုနိုင်တော့အောင် ဆုံးမနိုင်ခဲ့ကြပါတယ်၊ အမှတ်ခုနစ်က ရောဂါတစ်ခုနဲ့ သေဆုံးသွားခဲ့ပြီဆိုတော့ ကံကောင်းသွားပါတယ်၊ ကျုပ်တို့ ဆက်ပြီး ယှဉ်ပြိုင်စရာ သုံးယောက်ပဲ ကျန်ပါတော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



တင်းအိက ရင်ကော့လိုက်သည်။

"ကျုပ်ကိုကော ထည့်မတွက်ဘူးလား"

တိမ်လွှာက ...

"ခင်ဗျားက အရက်ကို ဒီလောက်တောင် သောက်နေတော့ ထည့်တွက်စရာ မလိုတော့ပါဘူး"

"ဟား ဟား ဟား"

တင်းအိက ဟားတိုက်ရယ်မောလိုက်လေသည်။

"ကဲ ... ခင်ဗျားဘက်က အဆင်သင့်ရှိမယ် ထင်ပါတယ်"

ပြောပြောဆိုဆို တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

တင်းအိ လက်ကာပြလိုက်သည်။

"ခဏနေဦး"

တိမ်လွှာက ...

"ခင်ဗျား ဘာပြောချင်လို့လဲ"

တင်းအိက ...

"ကျုပ်က တခြားလူတွေလိုပဲ သိုင်းပညာယှဉ်ပြိုင်ရာမှာ သူသေကိုယ်သေ ယှဉ်ပြိုင်တိုက်ခိုက်ဖို့ အရေးကြီးတယ်၊ အမိကကျ တယ်လို့ ယူဆထားတယ်"

ပျံလွှားက ...



"ဒါတော့ ခင်ဗျားသဘောပါပဲဗျာ"

တင်းအိက ...

"ကျုပ်သဘောအတိုင်းဆိုရင် မင်းတို့လည်း ချမ်းသာရမှာ မဟုတ်ဘူး"

တိမ်လွှာက ...

"ဘာဖြစ်လို့လဲ"

"ကျုပ်က မင်းတို့ကို အနေဖော်ခေါ်သွားမှာမို့ပေါ့"

"ဟား ဟား ဟား"

တိမ်လွှာ သဘောကျစွာ ရယ်မောလိုက်သည်။

"ကောင်းပါပြီဗျာ၊ ခင်ဗျားက အဖော်ခေါ်နိုင်တယ်ဆိုရင် ခေါ်သွားပါ"

တင်းအိက ...

"စိတ်ချ"

သူက အသင့်ရှိနေကြသော ဆေးတံရှည်ကိုယူကာ မီးညှိ ဖွာရှိုက်သည်။ တိမ်လွှာက ...

"ကဲ ... ခင်ဗျား အဆင်သင့်ဖြစ်ပြီလားဗျာ"

ဟု မေးလိုက်သည်။ တင်းအိက ...

"အဆင်သင့်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးလျှင် လက်ထဲက မီးညှိထားသော ဆေးတံကို အရက်အိုးတစ်အိုးအတွင်းသို့ ထိုးထည့်လိုက်၏။

သူ၏အပြုအမူ ထူးခြားနေသည်။ တင်းအိ၏မျက်နှာ ဖြူးရွှင်နေသည်။

"တောင်ပိုင်းသိုင်းရာဇာ၏ တပည့်တွေကို ကျုပ်က ငရဲပြည်ကို အဖော်ခေါ်သွားရမှာပေါ့"

ဟု ပြောလိုက်သည်။

တိမ်လွှာ မျက်နှာပျက်သွားသည်။

"ညီမ မြန်မြန်ပြေး"

ဟု အထိတ်တလန့် အော်ပြောလိုက်သည်။

တင်းအိသည် သူတို့အား အနိုင်မရမှန်း သိထားသည့်နောက်ဆုံး အကောက်ကြံလိုက်ပြီ မဟုတ်ပါလား။

စားပွဲပေါ်၌ အစီအရီချထားသော အရက်အိုးများအနက် အရက်အိုးတစ်အိုးတွင် အရက်မဟုတ်ဘဲ ယမ်းမှုန့်များထည့်ထားကြောင်း ထင်ရှားနေသည်။

တင်းအိက မီးညှိထားသောဆေးတံကို ထိုးသွင်းလိုက်လျှင် ယမ်းမှုန့်များကို မီးစွဲလောင်ကာ ...

'ဝုန်း'



ပြင်းထန်စွာ ပေါက်ကွဲသွားလေတော့သည်။

ယမ်းအိုးပေါက် ကွဲသည့်အရှိန်ဖြင့် တင်းအိနှင့်တိမ်လွှာတို့ တစ်စစီ ဖြစ်သွားကြသည်။ ပျံလွှားမှာမူကား ...။

☼

တင်းအိ သေဆုံးသွားပြီ ဖြစ်သည်။

သုကျိန်း အံတင်းတင်း ကြိတ်လိုက်သည်။

မိုးထိတောင်အဘိုးအို၏ တပည့်များ တစ်ယောက်ပြီးတစ်ယောက် လုပ်ကြံခံနေရပါသည်။

ယခု ကျင်းစန်းကိုဖယ်လိုက်လျှင် အမှတ်နှစ် ဝမ်းအော၊ အမှတ်လေး ကျိုစုနှင့် သုကျိန်းတို့သာလျှင် ရှိတော့သည်။

သူတို့သုံးယောက်ပါ လုပ်ကြံခံရမည်ဆိုလျှင် မိုးထိတောင် အဘိုးအိုဟူသော အမည်သည် ပျောက်ကွယ်ရတော့မည် ဖြစ်သည်။

သုကျိန်းသည် တိမ်လွှာနှင့်ပျံလွှားတို့အား သဲကြီးမဲကြီး လိုက်လံရှာဖွေနေလေတော့သည်။

☼

အေးစိမ့်သောလေများ ဘိုက်ခတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



တိမ်ညိုတိမ်မည်းများသည် လေနှင့်အတူ လျင်မြန်စွာ ရွေ့လျားသွားသည်။

သုကျိန်းသည် တင်းအိမ်၏အိမ်မှ ကျောခိုင်းကာ ထွက်လာခဲ့လေသည်။

တင်းအိမ်၏အိမ်မှာ ရစရာမရှိအောင် မီးလောင်ပျက်စီးသွားလေသည်။

တင်းအိတစ်ယောက် သေဆုံးသွားပြီဖြစ်ကြောင်း ထင်ရှားနေသည်။

မိုးထိတောင်အဘိုးအို၏ ဇာပည့်များသည် တစ်ယောက်ပြီးတစ်ယောက် လုပ်ကြံခံရပြီ မဟုတ်ပါလား။

"ငါ့ဒုက္ခလှည်ကော ဘယ်ခေတ်ရောက်လာမလဲ"

သုကျိန်း တွေးတောစဉ်းစားနေမိလေသည်။

တင်းဒါဒီ၏အိမ်နှင့် တဖြည်းဖြည်း ဝေးလာခဲ့ပြီး တစ်နေရာသို့အရောက်တွင် ...

"ဟင်"

မမျှော်လင့်သော မြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ရသဖြင့် သုကျိန်း ခြေလှမ်းတုံ့ခနဲ ရပ်သွားလေသည်။

သူတွေ့လိုက်ရသည်မှာ ...



သွေးအလူးလူး ပေကျံနေသော မိန်းကလေးတစ်ယောက်ဖြစ်လေသည်။

သုကျိန်း မျက်လုံးပြူးသွားသည်။

ထိုမိန်းကလေးသည် မည်သူမည်ပါသနည်း။

အဘယ်ကြောင့် ပြင်းထန်သောဒဏ်ရာများ ရရှိထားပါသနည်း။

သုကျိန်းသည် လျစ်လျူမရှုထားနိုင်တော့ဘဲ မိန်းကလေးအား ဖေးမလိုက်လေသည်။

"အင်း အင်း"

မိန်းကလေးထံမှ ညည်းတွားသံသဲ့သဲ့ ထွက်ပေါ်လာလေသည်။ သုကျိန်း ဝမ်းသာသွားသည်။

"တော်ပါသေးရဲ့ ... အသက်ရှင်နေလို့"

ချက်ချင်းပင် အသင့်ဆောင်ထားသော အသက်ကယ်ဆေးတစ်လုံး တိုက်ကျွေးလိုက်၏။

ထို့နောက် မိန်းကလေးကို ပခုံးပေါ်ထမ်းကာ ပြေးလွှားထွက်ခွာသွားလေတော့သည်။

✲✲✲

www.burmeseclassic.com

www.burmeseclassic.com



## ဆန်းကြွယ်သောက်တရား

"အင်း … ကျွတ် ကျွတ်"

ပုံလွှားသည် မသဲမကွဲ ညည်းညူရင်း သတိရလာသည်။

သူမ မျက်လုံးဖွင့်လိုက်သောအခါ သန့်ရှင်းသပ်ရပ်သော အခန်းတစ်ခုအတွင်း၌ ရောက်ရှိနေကြောင်း တွေ့ရလေသည်။

ပုံလွှား ရင်ထိတ်သွားသည်။

"ငါ ဘယ်ရောက်နေပါလိမ့်"

သူမ လူးလိမ့်ထဖို့ ကြိုးစားလိုက်၏။

ထိုအခါ သူမ၏ခန္ဓာကိုယ် ဝဲဘက်ခြမ်းမှာ လွန်စွာမှပင် နာကျင်သွားသည်ဟု ခံစားလိုက်ရလေသည်။

သူမ ဒဏ်ရာရရှိထားခြင်း ဖြစ်ပေတော့သည်။

ပုံလွှားသည် ဒဏ်ရာကို သတိရလိုက်သည်နှင့် တိမ်လွှာကို သတိရလာလေသည်။

"အစ်ကို"



သူမ တီးတိုးရေရွတ်လိုက်မိသည်။

တိမ်လွှာမှာ မိုးထိတောင်အဘိုးအို၏ အမှတ်တစ်တပည့် တင်းအိကို ရင်ဆိုင်ရင်း တင်းအိ၏အကောက်ကြံမှုကြောင့် သေဆုံးသွားခဲ့ပြီ ဖြစ်လေသည်။

သူမသည်လည်း တိမ်လွှာက အချိန်မီ တွန်းထုတ်ပစ်နိုင်ခဲ့ခြင်းကြောင့်သာလျှင် အသက်ရှင်ခဲ့ခြင်း ဖြစ်လေသည်။

သူမနှင့်တိမ်လွှာတို့သည် မိုးထိတောင်အဘိုးအို၏ ပြိုင်ဘက် တောင်ပိုင်းသိုင်းရာဇာ၏တပည့်များ ဖြစ်ကြလေသည်။

တောင်ပိုင်းသိုင်းရာဇာသည် မကွယ်လွန်မီ သူမတို့အား သိုင်းပညာကို ဖိဖိစီးစီး လေ့ကျင့်ရန်နှင့် ပညာစုံလျှင် ပြည်မသို့ သွားရောက်ကာ မိုးတိမ်တောင်အဘိုးအို၏တပည့်များနှင့် ယှဉ်ပြိုင်ရန် မှာကြားခဲ့လေသည်။

တိမ်လွှာနှင့်ပုံလွှားတို့သည် သိုင်းပညာကို အပြင်းအထန် လေ့ကျင့်ခဲ့ကြပြီး ပညာစုံသည်နှင့် သိုင်းလောကသို့ ဆင်းလာခဲ့ကြခြင်း ဖြစ်သည်။

သူတို့သည် မိုးထိတောင်အဘိုးအို၏ တပည့်သုံးယောက်ကို အနိုင်ရခဲ့သည်။

အမှတ်တစ် တင်းအိကို ခြေရာခံမိပြီး ယှဉ်ပြိုင်ဖို့ကြိုးစားရိုန်

www.burmeseclassic.com

www.burmeseclassic.com



၌ တင်းအိ၏အကောက်ကြံမှုကို ခံလိုက်ရခြင်း ဖြစ်ပေတော့သည်။

ပျံလွှားသည် အဖြစ်အပျက်များကို ပြန်လည်အမှတ်ရလာချိန်မှာပင် ခြေသံများ ထွက်ပေါ်လာပြီး လူတစ်ယောက် အခန်းတွင်းသို့ ဝင်ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

သုကျိန်းဖြစ်သည်။

သုကျိန်းသည် ပျံလွှားနိုးနေသည်ကို မြင်လျှင် ...

"ဪ ... ညီမတောင် သတိရနေပြီကိုး။ သမားတော်ကြီး ခုလေးပဲ ပြန်သွားတယ်၊ ဆယ့်လေးငါးရက်လောက် ဆေးဝါးတွေ မှန်မှန်မှီဝဲပြီး အနားယူလိုက်ရင် ဒဏ်ရာတွေ သက်သာ ပျောက်ကင်းသွားမယ်လို့ ပြောပါတယ်"

ပျံလွှားသည် သုကျိန်းအား ငေးကြည့်နေမိသည်။

တစ်ချိန်က သူမကို လူရမ်းကားသုံးယောက်က အကြောင်းမသိဘဲ ဒုက္ခပေးဖို့ ကြိုးစားစဉ်က သုကျိန်းဝင်ရောက်ကူညီခဲ့ဖူးသည် မဟုတ်ပါလား။

သူမက မှတ်မိလိုက်သော်လည်း သုကျိန်း မမှတ်မိချေ။

ယခုလည်း သုကျိန်းသည် သူမအား ကယ်တင်လိုက်ပြန်ပြီဖြစ်သည်။

သုကျိန်းက ...



"ညီမ ... ဘာကြောင့်များ ဒီလောက်တောင် ဒဏ်ရာတွေ ရခဲ့တာလဲဟင်"

ဟု မေးလာလေသည်။

ပျံလွှား ရင်ထိတ်သွားသည်။

အမှန်အတိုင်းပြောရန် မဖြစ်နိုင်၍ ...

"ကျွန်မ ကျွန်မ လမ်းကြားတစ်ခုက ဖြတ်အသွား အိမ်တစ်အိမ်ရှေ့ရောက်တော့ ပေါက်ကွဲသံကြီးကြားရပြီး တစ်ကိုယ်လုံး ပူထူသွားတာပဲ၊ ကြောက်အားလန့်အား ထွက်ပြေးမိတာ နောက်ဆုံးမဟန်နိုင်တော့ဘဲ သတိလစ်သွားခဲ့ပါတယ်ရှင်"

ဟု လိမ်ပြောလိုက်လေသည်။

သုကျိန်းက ...

"ညီမသိပ်ကံကောင်းသွားတယ်၊ ကျုပ်သာ အတွေ့နောက်ကျရင် ဒဏ်ရာက သွေးထွက်လွန်တာနဲ့ သေဆုံးသွားရမှာပဲ၊ ဒါထက် ညီမရဲ့အိမ်ကို ပြန်ပို့ပေးမယ်၊ ညီမရဲ့အိမ် ဘယ်မှာလဲ"

ပျံလွှား ငိုင်သွားသည်။

သူမသည် တောင်ဝိုင်းသို့ ပြန်မည်မဟုတ်ပါ။ တိမ်လွှာ သေဆုံးသွားပြီဖြစ်သော်လည်း မိုးထိတောင် အသိုးအို၏ တပည့်များကို သူမ ဆက်လက်ရင်ဆိုင်ရလိမ့်မည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သုကျိန်းက ...

"ညီမရဲ့ မိဘမောင်ဘွားတွေ စိတ်ပူနေကြမှာပေါ့၊ ညီမရဲ့ အိမ်က ဘယ်မှာလဲ၊ ပြောပါ ... ကျုပ်လိုက်ပို့ပေးပါ့မယ်"

ဟု ထပ်မေးလာလေသည်။

ပျံလွှား ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ ပြန်စရာအိမ် မရှိပါဘူးရှင်"

"ဟင်"

သုကျိန်း ကြောင်အမ်းအမ်းဖြစ်သွားလေသည်။ ပျံလွှားကို မျက်လုံးပြူး၍ ကြည့်ကာ ...

"ပြန်စရာအိမ် မရှိဘူး ... ဟုတ်လား"

"ဟုတ် ဟုတ်ပါတယ်ရှင်"

သုကျိန်း အခက်ကြုံသွားလေသည်။

ပျံလွှားက ...

"ကျွန်မရဲ့ မိဘတွေက ကွယ်လွန်သွားကြပါပြီရှင်၊ ဆွေမျိုး ဉာတိ အားကိုးစရာလည်းမရှိလို့ ခြေဦးတည့်ရာ သွားရင်း ..."

သူမသည် စကားတစ်ပိုင်းတစ်စရပ်ကာ ခေါင်းငုံ့ထားလိုက်လေသည်။

သုကျိန်း စိတ်မကောင်းဖြစ်သွားသည်။



ပျံလွှားအား ဒုက္ခသည်မလေးတစ်ယောက်ဟု ထင်မှတ်သွား၏။ ထို့ကြောင့် ...

"ကဲပါလေ ... ခုလောလောဆယ်တော့ ညီမရဲ့ဒဏ်ရာတွေ ပျောက်ကင်းသက်သာသွားဖို့ အရေးကြီးပါတယ်၊ နောက်မှကြည့် စီစဉ်ကြတာပေါ့"

ဟု ပြောလိုက်သည်။ ပျံလွှားက ...

"ကျေးဇူးပါပဲရှင်"

သုကျိန်းက ...

"ကဲ ညီမ ... အေးအေးဆေးဆေး အနားယူပေတော့၊ ကျုပ် သွားလိုက်ဦးမယ်"

"ကောင်းပါပြီရှင်"

သုကျိန်းသည် ပျံလွှားကို နှုတ်ဆက်ကာ ထွက်သွားလေသည်။

☀

တစ်ရက် ...

နှစ်ရက် ...

သုံးရက် ...။

www.burmeseclassic.com

www.burmeseclassic.com



အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

သုကျိန်း၏အစီအစဉ်ဖြင့် သမားတော်ကြီးတစ်ယောက်က ပျံလွှားအား နေ့စဉ် လာရောက်ကြည့်ရှုလေသည်။

သမားတော်ကြီး၏ကုသပေးမှုကြောင့် ပျံလွှား၏ဒဏ်ရာများ တစ်စထက်တစ်စ သက်သာလာလေတော့သည်။

သုကျိန်းသည် ငိုင်နေသည်။

မိုးထိတောင်သိုင်းသမား၏ တပည့်ရှစ်ယောက်တွင် အသက်ထင်ရှား သုံးယောက်သာလျှင် ကျန်တော့သည်။

ထိုသုံးယောက်သည်လည်း မည်သည့်အချိန်အထိ သက်ဆိုးရှည်နိုင်ပါမည်နည်း။

ထူးခြားသည်မှာ တောင်ပိုင်းသိုင်းရာဇာ၏တပည့်များ သတင်းကို စုံစမ်း၍မရခြင်း ဖြစ်သည်။

မိုးထိတောင်အဘိုးအို၏တပည့်များ ထပ်မံတိုက်ခိုက်ခြင်း ခံရသည်ဟုလည်း သတင်းမကြားရတော့ပါ။

မည်သို့ဆိုစေ ...

သုကျိန်းသည် အသက်ရှင်လျက်ရှိနေသေးသည့် ဝမ်းအော့နှင့်ကျိုစုတို့အား တွေ့လိုက်၏။

သို့သော် ဒဏ်ရာရထားသောမိန်းကလေးကို ကယ်တင်ထားမိခဲ့သဖြင့် ပစ်ထား၍မရဘဲ ဘယ်မှမသွားနိုင်မလာနိုင် ဖြစ်နေတော့သည်။



သုကျိန်း တွေးတောစဉ်းစားရင်း ငေးငိုင်နေစဉ် ...

"အစ်ကို"

ခေါ်သံတစ်ချက် ထွက်ပေါ်လာသဖြင့် သုကျိန်း လှည့်ကြည့်လိုက်၏။

ပျံလွှားက သူ့ထံသို့ လှမ်းလာနေသည်ကို တွေ့လိုက်ရလေသည်။

သုကျိန်း ငေးမောသွားမိလေသည်။

ပျံလွှားသည် ငယ်ရွယ်နုနယ်ပြီး ချောမောလှပသည့် မိန်းကလေးတစ်ယောက် ဖြစ်နေသည် မဟုတ်ပါလား။

ပျံလွှား၏ဝေဒနာ အတော်ပင် သက်သာလာပြီဖြစ်လေသည်။ ပျံလွှားက ...

"အစ်ကို ... ဘာတွေ စဉ်းစားနေတာလဲဟင်"

ဟု ချိုလွင်သောအသံလေးဖြင့် မေးလေသည်။

ထိုအခါမှ သုကျိန်း သတိဝင်လာ၏။

"ဪ ... ညီ ညီမရဲ့ဒဏ်ရာတွေ သက်သာသွားပြီဆိုရင် ဒီက ထွက်သွားရင် ကောင်းမလားလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။ ပျံလွှားက …

"ဒီကထွက်သွားမယ် … ဟုတ်လား"

"ဟုတ်တယ်လေ"

အမှန်တော့ သုကျိန်းသည် ပျံလွှားအား တည်းခိုခန်းတစ်ခုသို့ ခေါ်လာကာ ဆေးကုပေးထားခြင်း ဖြစ်လေသည်။

ပျံလွှားက …

"အစ်ကိုသွားရင် ကျွန်မ"

သူမ စကားဆုံးအောင် မပြောဘဲ ခေါင်းငုံ့ထားလိုက်လေသည်။ သုကျိန်းက …

"ညီမ … ကျုပ်ဟာ အန္တရာယ်နဲ့ရင်ဆိုင်နေရတဲ့ သိုင်းသမားတစ်ယောက်ပါ။ ကျုပ်ကြောင့် ညီမ ဒုက္ခရောက်ရမှာကို မလိုလားဘူး။ ဒါကြောင့် ကျုပ်တို့ လမ်းခွဲမှဖြစ်တော့မယ်"

ဟု ပြောလိုက်၏။

ပျံလွှားက …

"ကျွန်မ နားလည်ပါတယ်ရှင်၊ ကျွန်မဟာ အစ်ကို့အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုလို ဖြစ်နေမှာကို မလိုလားပါဘူး"

သူမသည် သုကျိန်းအား အကဲခတ်ကြည့်လိုက်ပြီး …

"ကျွန်မနာမည် ယဉ်ယဉ်လို့ခေါ်ပါတယ်ရှင်၊ ကျေးဇူးပြုပြီး



ကျွန်မအသက်သခင် ကျေးဇူးရှင်အစ်ကို့ရဲ့နာမည်ကို သိခွင့်ရရင် သိပါရစေရှင်"

ဟု ပြောလိုက်သည်။

သူမ၏အမည်ရင်းမှာ ယဉ်ယဉ် ဖြစ်သည်။ တောင်ပိုင်းသိုင်းရာဇာက တိမ်လွှာနှင့်တွဲဖက်ကာ ပျံလွှားဟု အမည်ပေးခဲ့ခြင်း ဖြစ်လေသည်။ သုကျိန်းက …

"ကျုပ်နာမည် သုကျိန်းလို့ ခေါ်ပါတယ်"

ဟု ပြောပြလိုက်၏။

သုကျိန်းဆိုသောအမည်ကြားလျှင် ပျံလွှား (ဝါ) ယဉ်ယဉ်၏ မျက်နှာ ကွက်ခနဲ ပျက်သွားလေ၏။

သုကျိန်းသည် သူမ ရင်ဆိုင်ရမည့် မိုးထိတောင်အဘိုးအို၏ တပည့်များတွင် ပါဝင်နေသူ မဟုတ်ပါလား။

သုကျိန်းက …

"ညီမ သဘောတူမယ်ဆိုရင် ကျုပ် အစီအစဉ်တစ်ခု လုပ်ထားတာရှိတယ်"

ဟု ပြော၏။ ပျံလွှား (ဝါ) ယဉ်ယဉ်က …

"ဟုတ်ကဲ့ ပြောပါရှင်"

သုကျိန်းက …

www.burmeseclassic.com

www.burmeseclassic.com



"ညီမကို ဆေးကုပေးတဲ့သမားတော်ကြီးဆီမှာပဲ ညီမကို အပ်နှံထားခဲ့ချင်တယ်"

"ရှင်"

"သမားတော်ကြီးက ညီမကို သမီးတစ်ယောက်လို သဘောထားပြီး ပြုစုစောင့်ရှောက်သွားပါလိမ့်မယ်"

"ကျွန် ကျွန်မ"

"ညီမရယ် ... ခြေဦးတည့်ရာ သွားနေမယ့်အစား သမားတော်ကြီးရဲ့အိမ်ကို လိုက်သွားတာ ညီမအတွက် ပိုပြီး စိတ်ချလုံခြုံရမှာပါ။ ကျုပ်က ညီမရဲ့ရှေ့ရေးအတွက် စီစဉ်ပေးတာပါ"

ယဉ်ယဉ် ခေါင်းငုံ့ထားလိုက်လေသည်။

"အစ်ကို ကောင်းမယ်ထင်လို့ စီစဉ်တာကို ညီမ လက်ခံပါတယ်ရှင်"

ဟုပြောလိုက်သည်။

သုကျိန်း ဝမ်းသာသွားသည်။ ယဉ်ယဉ်နှင့်ပတ်သက်ပြီး စိတ်အေးရပြီ မဟုတ်ပါလား။

မကြာမီ ဝမ်းအော့တို့ထံသို့ အရောက်သွားဖို့ ဆုံးဖြတ်လိုက်လေသည်။

✷



'ဂျိမ်း'

မိုးခြိမ်းသံ ထွက်ပေါ်လာသည်။

မရှေးမနှောင်းမှာပင် မိုးစက်မိုးပေါက်များ ကျဆင်းလာ၏။

သုကျိန်းက ဟိုဟိုသည်သည် ကြည့်လိုက်သည်။

လမ်းဘေး၌ မိုးခိုစရာဇရပ်လေးတစ်ဆောင် ရှိနေပါသည်။

သုကျိန်း ဝမ်းသာသွားသည်။ ထိုဇရပ်လေးဆီသို့ ပြေးသွားပြီး မိုးခို လိုက်လေသည်။

ဇရပ်ပေါ်တွင် သူ့ထက်အရင်ရောက်နှင့်ကာ မိုးခိုနေသူ လေးယောက် ရှိနေပါသည်။

ဖာထေးရာဗရပွရှိနေသော အဝတ်အစားများ ဝတ်ထားသည့် လေလွင့်ဗေဒါကြီးတစ်ယောက်နှင့် အသက်လေးဆယ်ခန့်ရှိသူ သုံးယောက် ဖြစ်လေသည်။

ထိုလူများသည် သုကျိန်းအား တစ်ချက်ကြည့်လိုက်ပြီး ဂရုမစိုက်ကြတော့ချေ။

လေလွင့်ဗေဒါကြီးသည် ဇရပ်ထောင့်တစ်နေရာ၌ တိုင်တစ်လုံးကိုမှီကာ ငိုက်မျဉ်းနေသလို အခြားသုံးယောက်ကလည်း အရှင်းချင်း ဝိုင်းဝန်းပြောဆိုနေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ...

"ကဲ ... အဲဒီကောင်မလေးကို ဘယ်လိုလုပ်ကြမလဲ"

ဟုပြော၏။ တခြားတစ်ယောက်က ...

"ဘာလုပ်ရမလဲ ... အရွယ်ကောင်းလေးပဲကွ၊ ဖြားယောင်းသွေးဆောင်ပြီး အသုံးချလိုက်ကြတာပေါ့"

ကျန်တစ်ယောက်က ...

"နေပါဦး ... ဘယ်လိုအသုံးချမလဲ"

"တို့အတွက် ပျော်တော်ဆက်ခိုင်းရမှာပေါ့ကွာ"

"ဟား ဟား ဟား"

နားစွန်နားဖျား ကြားလိုက်ရသော စကားများကြောင့် သုကျိန်းက ထိုလူသုံးယောက်အား မသိမသာ အကဲခတ်ကြည့်လိုက်မိလေသည်။

ထိုလူသုံးယောက်မှာ ထင်ရာစိုင်းမည့်အသွင် ရှိသူများဟု သုကျိန်းသတိပြုမိလိုက်၏။

မိန်းကလေးတစ်ယောက်အား ဖျက်လိုဖျက်ဆီးပြုလုပ်ရန် တိုင်ပင်နေကြခြင်းဖြစ်ကြောင်းလည်း နားလည်သဘောပေါက်လိုက်၏။

မည်သို့ဆိုစေ ... သူ့တွင် ရှေ့ဆက်သွားစရာ အရေးတကြီး



ကိစ္စ ရှိနေသဖြင့် လျစ်လျူရှုထားလိုက်ရလေသည်။

မိုးမြန်မြန်တိတ်သွားပါတော့ဟု ဆုတောင်းနေလိုက်လေ့သည်။

ထိုလူသုံးယောက်ကား မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ ဆက်လက် ပြောဆိုနေကြလေသည်။ ပထမလူက ...

"ဟင်း ဟင်း ... သမားတော်ကြီးရဲ့အိမ်မှာ အလုပ်လုပ်နေတဲ့ ငါ့ညီက အကွက်ကောင်းတွေ့ရင် ငါ့ကို ဘယ်တော့မှ မမေ့ဘူးလေကွာ၊ ခုလည်း သမားတော်ဆီကို ခိုးကိုးရာမဲ့တဲ့ မိန်းကလေး တစ်ယောက် ရောက်လာတာကြောင့် ငါ့ကို အကြောင်းကြားလိုက်တာပဲ"

ဒုတိယလူက ...

"နေပါဦး ... ငါတို့က အဲဒီမိန်းကလေးကို ခေါ်သွားမယ်ဆိုရင် သမားတော်ကြီးက သဘောတူပါ့မလား"

ပထမလူက ...

"သူက သဘောမတူတော့ကော အရေးလား၊ တို့က ဘယ်သူမှမသိအောင် ဖမ်းခေါ်သွားမှာပဲလေ"

တတိယလူက ...

"ဟုတ်တာပေါ့၊ သမားတော်ကြီးအတွက် တာဝန်တောင် ပေါ့သွားသေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယလူက ...

"အဆင်ပြေရင်လည်း ပြီးတာပဲ၊ ကဲ ... မိုးတောင်စဲသွားပြီ၊ သွားကြစို့"

စကားဆုံးလျှင် ဇရပ်ပေါ်မှခုနစ်ဆင်းကာ ပြေးလွှားသွားကြလေသည်။ သုကျိန်းမှာ ကိုယ်နှင့်မဆိုင်ဟုသဘောမထားနိုင်တော့ပါ။

ထိုလူသုံးယောက် ပြောသွားသောစကားများသည် ယဉ်ယဉ်နှင့်ပတ်သက်နေသည်ဟု ယူဆမိသည်မဟုတ်ပါလား။

ထို့ကြောင့် ဇရပ်ပေါ်မှခုနစ်ဆင်းကာ ပြေးလိုက်သွားမိလေတော့သည်။

✵

သမားတော်ကြီး၏အိမ်မှာ တိတ်ဆိတ်၍ နေလေသည်။

သုကျိန်းရောက်လာသောအခါ သမားတော်ကြီးသည် ဆေးကုဖို့ ခရီးထွက်သွားကြောင်း သိရ၏။

သုကျိန်း စိတ်ပူသွားလေသည်။

သမားတော်ကြီးထံ၌ အပ်နှံထားခဲ့သော ယဉ်ယဉ်အား မသမာသူများက အကောက်ကြံကာ ဖျက်ဆီးပစ်နိုင်သည် မဟုတ်ပါလား။



သမားတော်ကြီး၏အိမ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် ...

"ကယ်တော်မူပါရှင်"

အော်ဟစ်သံနှင့်အတူ မိန်းကလေးတစ်ယောက် ပြေးထွက်လာသည်ကို တွေ့လိုက်ရ၏။

ယဉ်ယဉ်ဖြစ်လေသည်။ ယဉ်ယဉ်သည် သုကျိန်းကိုမြင်လျှင် အားကိုးတကြီး ပြေးလာလေသည်။ သုကျိန်း ရင်ထိတ်သွားသည်။

"ညီမ ဘာဖြစ်လို့လဲ"

ဟုမေးကာ အသင့်ဆီးကြို ဖေးမလိုက်၏။ ယဉ်ယဉ်က သုကျိန်း၏ရင်ခွင်ထဲသို့ တိုးဝင်ကာ ငိုချလိုက်လေသည်။

သုကျိန်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ညီမ ... ဘယ်လိုဖြစ်တာလဲ ပြောပါဦး"

ယဉ်ယဉ်က ...

"ကျွန် ကျွန်မ"

ထိုစဉ် ဇရပ်ပေါ်၌ တွေ့ခဲ့ရသူသုံးယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူသုံးယောက်အနက် တစ်ယောက်က ...

"မိန်းကလေး ... ကျုပ်တို့နဲ့လိုက်ခဲ့ရင် ကောင်းမယ်"

ဟုပြောလေသည်။ သုကျိန်းမှာ အခြေအနေမှန်ကို သိသော

www.burmeseclassic.com

www.burmeseclassic.com



ပေါက်သွားကာ ဒေါသထွက်သွားလေတော့သည်။

"ခင်ဗျားတို့ တော်တော်ယုတ်မာပါလား"

ဟု ငေါက်လိုက်သည်။

"မင်း အေးအေးဆေးဆေး ထွက်သွားပါ"

"သေချင်လို့လား"

ခြိမ်းခြောက်အော်ငေါက်လိုက်လေသည်။

သုကျိန်း ဒေါသ ထွက်သွားလေသည်။

"ဘယ်သူတွေက သေချင်နေသလဲဆိုတာ သိရမှာပေါ့ဗျာ"

ယဉ်ယဉ်ကို နောက်ကျောတွင်ထားလိုက်ပြီး ထိုလူ သုံးယောက်နှင့် ရင်ဆိုင်လိုက်လေသည်။

ထိုလူသုံးယောက်သည် သုကျိန်းအား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။ တိုက်ပွဲမှာ ရုတ်ခြည်းဖြစ်ပေါ်လာလေသည်။

'ဝုန်း'

"အား"

"အောင်မယ်လေး"

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာသည်။ ထိုလူ သုံးယောက်မှာ ဖရိုဖရဲ လွင့်စဉ်သွားကြလေတော့သည်။

သူတို့သည် ဆက်၍ နောင့်ယှက်ခြင်းမပြုဝံ့ဘဲ ထွက်ပြေး



သွားကြလေသည်။

ယဉ်ယဉ်အတွက် အနှောင့်အယှက် ကင်းသွားပြီ ဖြစ်လေသည်။ သုကျိန်းက ...

"ညီမ ... ကျုပ်နဲ့သာ လိုက်ခဲ့ပါတော့"

ဟု ပြောလိုက်လေသည်။

အမှန်တော့ ထိုသို့ဖြစ်လာရလေအောင် အချိန်တိုတိုအတွင်း ယဉ်ယဉ်က စီစဉ်ဖန်တီးခဲ့ခြင်း ဖြစ်ပါ သည်။

သူမ ဖန်တီးသော ဖြစ်ရပ်ဖြစ်ကြောင်း သုကျိန်း မရိပ်မိလိုက်ချေ။ ယဉ်ယဉ်၏ အကြံအစည် အောင်မြင်သွားခဲ့သည်။

ယဉ်ယဉ်သည် သူ၏ ရန်သူတော်တစ်ယောက် ဖြစ်နေသည်ကိုလည်း သုကျိန်း မသိနိုင်ခဲ့ပါတကား။

☼

ချန်အန်းမြို့ ...။

ချန်အန်းမြို့သည် ထင်ရှားကျော်ကြားသော မြို့တော်ကြီး တစ်ခု ဖြစ်ပါသည်။

အလွန်စည်ကားသိုက်မြိုက်ပြီး နေရောညပါ သက်ဝင်လှုပ်ရှားနေသည် ဆိုနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



သုကျိန်းနှင့်ယဉ်ယဉ်တို့သည် ချမ်းအန်းမြို့သို့ ရောက်ရှိလာကြပြီဖြစ်လေသည်။ သူတို့သည် တည်းခိုခန်းတစ်ခုသို့ဝင်ကာ အခန်းများ ငှားရမ်းလိုက်ကြသည်။

ထို့နောက် သုကျိန်းသည် ယဉ်ယဉ်အား တည်းခိုခန်း၌ ထားရစ်ခဲ့ကာ ဝမ်းအော့ကို ရှာဖွေရန် ထွက်လာခဲ့လေတော့သည်။

✵

ဝမ်းအော့ ...။

ဝမ်းအော့သည် မိုးထိတောင်အသိုးအိုး၏ တပည့်ရှစ်ယောက်အနက် အမှတ်စဉ် နှစ်အဆင့်ရှိသူ ဖြစ်လေသည်။

ဝမ်းအော့သည် လောင်းကစားသမားလုံးလုံး ဖြစ်နေပြီဟု သိခဲ့ရလေသည်။ ထို့ကြောင့် သုကျိန်းသည် ချမ်းအန်းမြို့မှ လောင်းကစားဝိုင်းများ၌ လိုက်လံရှာဖွေခဲ့ရလေသည်။

လောင်းကစားဝိုင်းများတွင် အနက်ရောင်သိုင်းသမားများ၊ ဒုစရိုက်သမားများ ကျင်လည်ကျက်စားလျက်ရှိသည် မဟုတ်ပါလား။

သုကျိန်းသည် အန္တရာယ်ကျားရဲတွင်းထဲသို့ တိုးဝင်ခဲ့ခြင်း ဖြစ်လေတော့သည်။

✵



ငွေချိတ်လောင်းကစားဝိုင်း ...။

ငွေချိတ်လောင်းကစားဝိုင်းသည် ချမ်းအန်းမြို့၌ ကြေးအကြီးဆုံး၊ နာမည်အကြီးဆုံး လောင်းကစားဝိုင်း ဖြစ်လေသည်။

သုကျိန်းသည် ငွေချိတ်လောင်းကစား ဂေဟာအတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် လူသန်ကြီးတစ်ယောက်က ဟန့်တားလိုက်လေသည်။

သုကျိန်းသည် လာနေကျဖောက်သည်တစ်ယောက် မဟုတ်ဘဲ မျက်နှာစိမ်းတစ်ယောက် ဖြစ်နေသည် မဟုတ်ပါလား။

လူသန်ကြီးက ...

"မင်း ဘယ်သွားမလို့လဲ"

ဟု ခပ်ထန်ထန် မေးလာလေသည်။ သုကျိန်းက ...

"ကျုပ်က လောင်းကစားမလို့ပေါ့ဗျ"

"ဩော်"

လူသန်ကြီးသည် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး ...

"ကောင်းပြီ၊ လောင်းကစားမယ်ဆိုရင် မင်းမှာ ငွေအလုံအလောက် ပါမှာပေါ့"

"ဒါပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



သုကျိန်းသည် လောင်းကစားသမားတစ်ယောက် မဟုတ်သော်လည်း ဒုစရိုက်လောက၏ အခြေအနေကို ကောင်းစွာ သဘောပေါက်ထားလေသည်။

ငွေတုံးလေးတစ်တုံး ထုတ်ယူကာ လူသန်ကြီး၏ လက်ထဲ ထည့်ပေးလိုက်သည်။

"ကျုပ်ကို ကံကောင်းပါစေလို့ ဆုတောင်းပေး၊ ခင်ဗျားကို ဒီထက်ပိုပြီးဆုချမယ်"

ဟုပြောလိုက်သည်။

တားဆီးနေသော လူသန်ကြီး၏မျက်နှာထား ချက်ချင်း ပြောင်းလဲသွားတော့သည်။ မျက်နှာကြီး ပြုံးဖြဲဖြဲဖြစ်သွားလေသည်။

"ဟဲ ဟဲ ဟဲ ... မင်း အနိုင်ရပါစေကွာ"

ဟု ဆုတောင်းပေးလိုက်သလို လမ်းဖွင့်ပေးလိုက်သည်။

သုကျိန်းက ခပ်တည်တည်ပင် လောင်းကစားဂေဟာတွင်းသို့ ဝင်လာခဲ့လေသည်။

လောင်းကစားဂေဟာအတွင်း၌ လောင်းကစားသမားများဖြင့် ကြိတ်ကြိတ်တိုး စည်ကားနေပါသည်။

လောင်းကစားနည်းများမှာလည်း စုံလင်လှပေသည်။

လောင်းကစားသမားများသည် ကိုယ်ကြိုက်နှစ်သက်ရာ



ကစားနည်းများဖြင့် ဝိုင်းဖွဲ့လောင်းစကားနေကြသည်။

သုကျိန်းသည် ဂေဟာအတွင်းသို့ရောက်လာလျှင် ဝမ်းအော့အား ရှာဖွေလိုက်သည်။

ဝမ်းအော့သည် ငွေချိတ်လောင်းစကားဝိုင်း၌ ကျင်လည် ကျက်စားနေသည်ဟု သတင်းရခဲ့သည် မဟုတ်ပါလား။

သုကျိန်းအကဲခတ်နေစဉ် မလှမ်းမကမ်းတစ်နေရာမှ ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

သုကျိန်း လှမ်းကြည့်လိုက်ရာ လောင်းကစားသမား တစ်ယောက်နှင့် ဒိုင်လုပ်သူတို့ အချင်းများနေကြသည်ကို တွေ့လိုက်ရလေသည်။

မကြာပါချေ ...။ လူသန်ကြီးသုံးလေးယောက် ရောက်ရှိလာကြပြီး လောင်းကစားသမားအား အပြင်ဘက် ဆွဲထုတ်သွားကြသည်ကို တွေ့လိုက်ရလေသည်။

ထိုလူနောက်သို့ မသိမသာ လိုက်သွားလိုက်၏။

တစ်ခဏအတွင်းပင် လောင်းကစားဂေဟာ အပြင်ဘက်သို့ ပြန်လည်ရောက်ရှိ သွားလေသည်။

ထိုခါးစောင့် လူသန်ကြီးက ...

"ဘယ်လိုလဲ ... ကံကောင်းခဲ့ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



ဟုမေးလေသည်။ သုကျိန်း ခေါင်းခါယမ်းလိုက်သည်။

"ဒီနေ့ ကံမကောင်းဘူးဗျ၊ ကျုပ်ပါသမျှ အကုန်ရှုံးသွားတယ်၊ နောက်နေ့မှ ထပ်လာမယ်"

"ကောင်းပြီလေ၊ နောက်နေ့လည်း ကံကောင်းပါစေလို့ ဆုတောင်းပေးရသေးတာပေါ့"

"သွားပြီဗျို့"

"ကောင်းပြီ ကောင်းပြီ"

သုကျိန်း လောင်းကစားဂေဟာအတွင်းမှ ခပ်သွက်သွက်ထွက်လာခဲ့လေသည်။

အပြင်ဘက်သို့ရောက်လျှင် ဒိုင်လုပ်သူနှင့် အချင်းများသဖြင့် လူကြမ်းကြီးများ၏ ဆွဲထုတ်ခြင်းခံရသူက ရှေ့မှခေါင်းငိုက်စိုက်ချကာ သွားနေသည်ကို တွေ့ရလေသည်။

ထိုလူသည် တစ်စုံတစ်ခု မကျေနပ်သလို တတွတ်တွတ်ရေရွတ်ပြောဆိုနေ၏။ သုကျိန်းသည် ထိုသူကိုမီအောင်လိုက်သွားပြီး

"ခဏနေပါဦးဗျာ"

ဟု ပြောလိုက်သည်။ ထိုသူသည် သုကျိန်းကို တစ်ချက်လှည့်ကြည့်လိုက်ပြီး ...

"ဘာလဲကွ"



သုကျိန်းက ...

"ကျုပ်လည်း လောင်းကစားမှာ ရှုံးလာတာပဲ၊ ခင်ဗျားလိုပါပဲဗျာ၊ ဒါပေမဲ့ ကျုပ်မှာ အရက်သောက်ဖို့ ငွေကျန်သေးတယ်၊ ခင်ဗျားအရက်သောက်ချင်တယ်ဆိုရင် ကျုပ်တိုက်ပါ့မယ်"

ဟုပြောလိုက်လေသည်။ ထိုလူ ဝမ်းသာသွားသည်။

"မင်း တကယ်ပြောတာလား"

"တကယ်ပေါ့ဗျာ"

"ဒါဖြင့်လာ"

ထိုလူသည် ရှေ့မှဦးဆောင်လျှောက်သွားပြီး အရက်ဆိုင်အတွင်း လှမ်းဝင်လိုက်လေသည်။

ဆိုင်ထဲသို့ရောက်သွားပြီး နေရာယူလိုက်မိသည်နှင့် ဆိုင်လုလင်တစ်ယောက် ရောက်လာပြီး ...

"ဗျို့ ဆရာကြီး ... အကြွေးတော့ မရောင်းနိုင်ဘူးနော်၊ ဆရာကြီးရဲ့အကြွေးတွေက များနေပြီ"

ဟု ပြောလေသည်။ ထိုလူက ...

"ငါ အကြွေးမသောက်ပါဘူးကွ"

ဟုပြောကာ သုကျိန်းကို လှမ်းကြည့်လိုက်၏။ သုကျိန်းက ငွေတုံးလေးတစ်တုံးထုတ်ကာ လှမ်းပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လုလင်က ...

"ဟဲ ဟဲ ... ဒါဆိုရင်တော့ ဆရာကြီးဘာမှာမလဲ၊ ကြိုက်ရာမှာဗျို့"

ရယ်ရယ်မောမော ပြောလေသည်။ ထိုလူက စားသောက်ဖွယ်ရာနှင့် အရက်များ မှာကြားလိုက်သည်။

ဆိုင်လုလင်က ချက်ချင်းလာချပေးလေသည်။

ထိုလူက အရက်တစ်ခွက် ငုံ့သောက်လိုက်ပြီးမှ ...

"မင်းကို ကျေးဇူးတင်ပါတယ်ကွာ"

ဟု ပြောလေသည်။ သုကျိန်းက ...

"ကျွန်တော့်ကို ကျေးဇူးတင်စရာမလိုပါဘူး။ ဆရာ့ကို ကျေးဇူးတင်ရမှာပါ"

ထိုလူမျက်မှောင်ကြုတ်သွားသည်။

"ဆရာ့ကိုကျေးဇူးတင်ရမှာ ...ဟုတ်လား"

"ဟုတ်တယ် ... ဆရာ့ဆီမှာ ပညာအတူတကွ သင်ကြားခဲ့ရလို့ ကျုပ်တို့တစ်တွေဟာ ပညာသင်ဘက် ညီအစ်ကိုတွေ ဖြစ်ခဲ့ကြတာပေါ့ဗျာ"

"ဟင်"

ထိုလူ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ သုကျိန်းကို မျက်လုံး



ပြူးကာ ကြည့်လိုက်လေသည်။ သုကျိန်း ပြုံးလိုက်သည်။

"အမွှာနှစ်အစ်ကိုတော့ ကျုပ်ကိုတောင် မမှတ်မိတော့ဘူးလားဗျာ"

ဟု ပြောလိုက်သည်။ ထိုလူမှာ အမွှာနှစ် ဝမ်းအော့ ဖြစ်လေသည်။ ဝမ်းအော့က ...

"မင်း မင်းက ဘယ်သူလဲ"

"သုကျိန်းလေ"

"ဟာ"

ဝမ်းအော့ ဝမ်းသာအားရ ဖြစ်သွားလေသည်။

"ညီလေးသုကျိန်း ... မင်းဟာ အတော်ကြီးကို ပြောင်းလဲသွားတာကိုး။ မှတ်တောင် မမှတ်မိတော့ဘူး၊ ငါ့ကို စိတ်မဆိုးပါနဲ့ကွာ၊ ငါ တကယ် မမှတ်မိလို့ပါ"

သုကျိန်းက ...

"ကျုပ် စိတ်မဆိုးပါဘူးဗျာ၊ တကယ်တော့ ပြောင်းလဲသွားတာ ကျုပ်မဟုတ်ပါဘူး၊ အစ်ကိုအော့ပါ"

ဝမ်းအော့က ...

"ကျုပ် ကျုပ်က ပြောင်းလဲသွားတယ် ... ဟုတ်လား"

သုကျိန်းက ...

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုအော့ သိပါတယ်ဗျာ"

ဝမ်းအော့ ခေါင်းငိုက်စိုက်ကျသွားလေသည်။ သုကျိန်းက စောင့်ကြည့်နေလိုက်သည်။ အတော်လေးကြာမှ ...

"အင်း ... ကျုပ်က အတော့်ကိုဖြောင်းလဲသွားခဲ့ပါပြီ၊ ခုဆိုရင် ကျုပ်ဟာ လောင်းကစားသမားကြီးတစ်ယောက်လုံးလုံး ဖြစ်နေပြီလေ"

"ဒါကတော့ အစ်ကိုကြီးဟာ ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးပစ်လိုက်တာပဲ"

ဝမ်းအော့က ...

"ကျုပ်ဘဝနဲ့ကျုပ် ရှိပါစေတော့ကွာ"

သုကျိန်းက ...

"အစ်ကိုကြီး ... အခု မိုးထိတောင်အဘိုးအိုရဲ့ တပည့်တွေ ဘယ်နှယောက်များ ကျန်တော့တယ် ထင်လို့လဲ"

ဝမ်းအော့ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

သုကျိန်းကို မျက်လုံးပြူးကာ ကြည့်လိုက်ပြီး ...

"ညီလေး ... မင်း ဘာတွေပြောနေတာလဲ"

သုကျိန်းက ...

"အစ်ကိုရှစ်ယောက်မှာ သုံးယောက်ပဲ အသက်ရှင်လျက်



ရှိတော့တယ်ဗျ"

ဝမ်းအော့ သက်ပြင်းချလိုက်သည်။

"အင်းလေ ... နှစ်တွေလည်း ကြာညောင်းခဲ့ပြီကိုး"

သုကျိန်းက ...

"ကျုပ်တို့"

သူ့စကားဆုံးအောင် မပြောလိုက်ရပါချေ။ ခြေသံများ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး လူတစ်စု ဆိုင်ထဲသို့ ဝင်လာကြသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ထိုလူစုသည် သုကျိန်းတို့အနီးသို့ရောက်လာကြသည်။

သုကျိန်းက မျက်မှောင်ကြုတ်ကာ ကြည့်နေစဉ်မှာပင် ...

"သြော် ... ဆရာကြူးလင်ကိုး"

ဝမ်းအော့၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ရောက်လာကြသူများမှာ လက်နက်ကိုယ်စီ ကိုင်ထားကြပြီး ခက်ထန်ကြမ်းတမ်းကြသူများ ဖြစ်လေသည်။

အသက်လေးဆယ်ကျော်ခန့်ရှိသူတစ်ယောက်က ဦးဆောင်လာခြင်းဖြစ်သည်။ ကြူးလင်က ...

"ဝမ်းအော့ ... မင်းက ဆိုင်ထဲမှာသောင်းကျန်းသွားသေးတာက ဘာသဘောလဲကွ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလေသည်။ ဝမ်းအော့က ...

"မင်း ဘာမှ ဆင်ခြေမပေးနဲ့၊ မင်းမှာ အကြွေးတွေလည်း များနေပြီ၊ ဘယ်လိုလုပ်မယ်ဆိုတာပဲပြော"

"ကျုပ် ကျုပ်က"

"မင်းက မဖြေရှင်းတတ်တော့ဘူး မဟုတ်လား"

"ဟုတ် ဟုတ်ပါတယ်ဗျာ"

ဝမ်းအော့သည် ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး ဖြစ်နေပါသည်။ သူကျိန်းသည် ဝမ်းအော့ကိုကြည့်ကာ ခံပြင်းလာလေသည်။

ကြိုးလင်က ...

"မင်း မဖြေရှင်းတတ်ဘူးဆိုရင် ငါဖြေရှင်းပေးမယ် ... မင်း သဘောတူလား"

ဟု မေးသည်။ ဝမ်းအော့က ...

"တူ တူပါတယ်ဗျာ"

"ကောင်းပြီ"

ကြိုးလင်သည် ဝမ်းအော့ကိုစိုက်ကြည့်လိုက်ပြီး ...

"ကျုပ်တို့ရဲ့ပြိုင်ဘက် လောင်းကစားဝိုင်းပိုင်ရှင်ကို လုပ်ကြံပေးရမယ်၊ ဒါဆိုရင် မင်းအပေါ်မှာ တင်နေတဲ့အကြွေးတွေကို လျှော်ပစ်လိုက်မယ့်အပြင် ငွေတစ်သောင်း ထပ်ပေးမယ် ... ဘယ်လိုလဲ"



ဟု မေးလေသည်။ ဝမ်းအော့က စဉ်းစားခြင်းပင်မပြုဘဲ...

"ကျုပ် သဘောတူပါတယ်ဗျာ"

ဟု ပြောလိုက်သည်။ ကြိုးလင်က ...

"ကောင်းပြီ"

ငွေလွှဲလက်မှတ်တစ်ထပ်ကို ဝမ်းအော့ရှေ့သို့ ပစ်ချပေးလိုက်လေသည်။

"အဲဒီငွေကို မင်းပိုင်သွားပြီ"

ဝမ်းအော့က ငွေလွှဲလက်မှတ်များကို သိမ်းကြုံးယူလိုက်လေသည်။ ကြိုးလင်က ...

"ဝမ်းအော့"

"ပြောပါဗျာ"

"ငါတို့က အပေးအကမ်း ရက်ရောတယ်ဆိုတာ မင်းသိပါတယ်၊ ဒါပေမဲ့ တိတိကျကျလုပ်မှလည်း ကြိုက်တယ်နော်"

"စိတ်ချပါဗျာ"

ကြိုးလင်က ...

"မနက်ဖြန် နေ့ဝင်ချိန်မှာ မင်းရဲ့သတင်းကို ငါ စောင့်နေမယ် ... ဟုတ်ပြီလား"

"ကောင်းပါပြီဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ကြိုးလင်သည် သူ၏လူများကို လက်ဌေ့ယမ်းပြလိုက်ပြီး ဆိုင်ထဲမှ ပြန်ထွက်သွားလေသည်။

ကြိုးလင်တို့ ထွက်သွားပြီးသည်နှင့် ဝမ်းအော့ လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။ သုကျိန်းကို ပြုံးပြလိုက်ပြီး ...

“ကဲ ညီလေး ... ဘာစားချင်သလဲ၊ ဘာလုပ်ချင်သလဲ”

ဟု မေးလေသည်။ သုကျိန်းခေါင်းခါပြလိုက်သည်။

ဝမ်းအော့က ...

“ဒါဖြင့် ညီလေး ခဏစောင့်နေဦး၊ ဟောဒီမှာ အရင်းအနှီးရှိနေပြီ၊ တစ်လှည့်နှစ်လှည့်လောက် အနိုင်ရလိုက်တာနဲ့ လက်ဖျားငွေသီးသွားမှာ”

ဟုပြောကာ ထိုင်ရာမှထလိုက်လေသည်။

လက်ထဲ ငွေရောက်လာသည်နှင့် လောင်းကစားဝိုင်းသို့ ပြေးတော့မည် ဖြစ်လေသည်။

သုကျိန်းသည် ဝမ်းအော့ကိုကြည့်ရင်း ရင်ထဲဝယ် ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်ခံစားလာရလေတော့သည်။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း (ဇာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၂ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ-၄၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း နှင့် မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။



## ၁

## အတုံ့အလှည့်

'ဂျိမ်း'

'ဂျိမ်း'

မိုးခြိမ်းသံများ ထွက်ပေါ်လာလေသည်။

အေးစိမ့်သောလေပြင်းများသည် ပက်ကျဲလိုက်သလို လွင့်စဉ်ကျရောက်လာသည်။

သုကျိန်းက ပြတင်းတံခါးကို ပိတ်လိုက်သည်။

အချိန်အခါမဟုတ် မိုးရွာလာခြင်းကြောင့် တင်းအိသည် သူ့တို့ထံ ရောက်လာပါတော့မည်လောဟု တွေးမိသည်။

ဝမ်းအော့သည် လောင်းကစားသမားလုံးလုံး ဖြစ်နေပါသည်။

ငွေချိတ် လောင်းကစားဝိုင်းတွင် တင်နေသောအကြွေးက လည်ပင်းခိုက်နေပြီဖြစ်သည်။

အကြွေးမဆပ်နိုင်သဖြင့် ငွေချိတ်လောင်းကစားဝိုင်းပိုင်ရှင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးလင် စေခိုင်းသမျှ ပြုလုပ်နေရသည်။

သုကျိန်းသည် ဝမ်းအော့အတွက် စိတ်မချမ်းမသာ ဖြစ်လေသည်။

မိုးထိတောင်အဘိုးအိုနှင့် စန်းဖုံး၏တပည့်ရှစ်ယောက်တွင် ဝါဝင်ကြသူများသည် ဆရာမရှိတော့သည့်နောက်ပိုင်းတွင် ကိုယ့်သဘောနှင့်ကိုယ် ထင်ရာစိုင်းခဲ့ကြလေသည်။

လောင်းကစားသမား၊ အရက်သမား၊ ငွေမက်သူ၊ ရာထူးမက်သူ၊ မိန်းမပွေသူ စသည် စသည်ဖြင့် ပျက်စီးချင်တိုင်း ပျက်စီးနေကြပါသည်။

ထိုအခြင်းအရာများကိုသာ တမလွန်ဘဝ ရောက်ရှိနေသော မိုးထိတောင်အဘိုးအို ချန်းစန်းဖုံး သိနိုင်မည်ဆိုပါလျှင် ...။

သုကျိန်းသည် တွေးတောရင်း ရင်ထဲလေးလံလာလေသည်။

"တကယ်လို့သာ တောင်ပိုင်းသိုင်းရာဇာရဲ့ တပည့်တွေနဲ့ ရင်ဆိုင်ရရင် ဘယ်လိုရှိပါ့မလဲ"

ဟု ညည်းတွားလိုက်မိလေသည်။

ထိုစဉ် ...

'ဒေါက် ဒေါက်'

'ဒေါက် ဒေါက်'



တံခါးခေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

သုကျိန်းက ...

"အစ်ကိုဝမ်းအော့ ရောက်လာပြီထင်တယ်"

ဟုတွေးကာ တံခါးပေါက်ဆီသို့ လှမ်းလျှောက်သွားလိုက်လေသည်။

ဝမ်းအော့သည် ငွေချိုတ်လောင်းကစားဝိုင်း ကြီးလင်ထံမှ ရထားသောငွေများဖြင့် ဆက်လက် လောင်းကစားနေပါသည်။

သုကျိန်းက မစောင့်နိုင်တော့သဖြင့် ပြန်လာခဲ့ခြင်းဖြစ်အေ။

တည်းခိုခန်း၌ တွေ့ဆုံကြရန် လိုက်လာခဲ့ဖို့ မှာထားပစ်ခဲ့လေသည်။

ယခု ဝမ်းအော့လိုက်လာပြီဟု ထင်မှတ်လိုက်မိလေသည်။

ထို့ကြောင့် ခပ်သွက်သွက်လှမ်းသွားပြီး တံခါးဖွင့်ပေးလိုက်လေသည်။

တံခါးပွင့်သွားသည်နှင့် ...

အပြင်ဘက်၌ အနက်ရောင်ဝတ်ဆင်ကာ မျက်နှာဖုံးစွပ်ထားသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်သောအဖြစ်မို့ သုကျိန်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"မင်း ဘယ်သူလဲ"

ဟု လွှတ်ခနဲ မေးလိုက်သည်။

အနက်ရောင်ဝတ်ထားသူက အဖြေမပေးပါ။

အသင့်ကိုင်ထားသော ဓားတစ်လက်ဖြင့် လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေသည်။

ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာသည်။

သုကျိန်း ထိတ်လန့်သွားလေသည်။

ကပျာကယာ ဒူးကွေး၍ ခါးကော့ကာ ခန္ဓာကိုယ်အပေါ်ပိုင်းကို နောက်လှန်ချလိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူ၏ဓားသည် သုကျိန်း၏ မျက်နှာအနီးမှ ပွတ်ကာသီကာ ဖြတ်ကျော်သွားလေသည်။

သုကျိန်းက ...

"ယား"

ဩသံပေးကာ လက်နှစ်ဖက်ဆန့်ထုတ်ပြီး ဓားကို လက်ဝါးနှစ်ဖက်ဖြင့် ညှပ်ကာ ဖမ်းထားလိုက်လေသည်။



'ဖပ်'

ဓားသည် သုကျိန်း၏လက်ဝါးနှစ်ဖက်ကြား၌ ဖိညှပ်ထားခြင်း ခံရပြီး ပြန်လည်ဆွဲနုတ်၍မရတော့ချေ။

အနက်ရောင်ဝတ်ထားသူသည် ဓားကို ပြန်လည်ဆွဲယူဖို့ ကြိုးစားလိုက်လေသည်။

ဓားဆွဲနုတ်၍ မရနိုင်တော့မှန်းသိလျှင် ဓားကို လက်လွှတ်ကာ ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။

သုကျိန်းက နောက်ကျွမ်းပစ်ကာ လျှပ်တစ်ပြက် ခုန်ထွက်လိုက်လေသည်။

အနက်ရောင်ဝတ်ထားသူ၏ ခြေထောက်ကန်ချက်ကို ပွတ်ကာသီကာလေး လွတ်မြောက်သွားသ ည်။

သုကျိန်း၏လက်ထဲ၌ ဓားရောက်သွားပြီ ဖြစ်ပါသည်။

သုကျိန်းက ...

"ဒီတစ်ခါတော့ မင်းအလှည့်ပဲ"

ဟုငေါက်ကာ ဓားကို တရစပ် ဝှေ့ယမ်းတိုက်ခိုက်လိုက်လေသည်။

သုကျိန်း၏လက်ထဲ ကိုင်ထားသောဓားသည် ချေးတုန်ခါသွားကာ ဓားစက်ဝိုင်းသုံးခု ဖြစ်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဝတ်ထားသူ၏ ရင်ဘတ်နှင့် ဝဲယာပခုံးနှစ်ဖက်သို့ တိုးဝင်သွားလေသည်။

သူ၏ဓားကွက်မှာ ထူးဆန်းလှပေသည်။

အနက်ရောင်ဝတ်ဆင်ထားသူ ရင်ထိတ်သွားသည်။

အခြေအနေမဟန်မှန်းသိလျှင် ကပျာကယာ နောက်ဆုတ်ရောင်တိမ်းလိုက်လေသည်။

သုကျိန်းက ...

"မင်း ဘယ်ပြေးမလဲ"

ဟု အော်ငေါက်ကာ လိုက်လံတိုက်ခိုက်လိုက်လေသည်။

သို့သော် အနက်ရောင်ဝတ်ထားသူသည် ကြမ်းပြင်ပေါ် ခြေဆောင့်ကာ အပေါ်ခုန်တက်လိုက်လျှင် ...

"ဟိတ်"

'ဝုန်း'

ခေါင်မိုးတွင် အပေါက်ကြီးတစ်ခု ဖြစ်ပေါ်လာလေသည်။

အနက်ရောင်ဝတ်ထားသူသည် ခေါင်မိုးပေါ်မှတစ်ဆင့် အပြင်ဘက်သို့ တိုးထွက်သွားလေသည်။

သုကျိန်း လိုက်သွားရန် ဟန်ပြင်လိုက်သော်လည်း နောက်ကျနေပြီဖြစ်ကြောင်း ရိပ်မိလိုက်သည်။



ထို့ကြောင့် ...

"မင်းဓား မင်းပြန်ယူသွား"

ဟု အော်ပြောကာ ဓားကို ပစ်လွှတ်လိုက်လေသည်။

'ဝှစ်'

စူးရှသော လေတိုးသံနှင့်အတူ ဓားရှည်သည် ခေါင်မိုးပေါက်မှတစ်ဆင့် အပြင်ဘက် ထိုးထွက်သွား၏။

မရှေးမနှောင်းမှာပင် ...

"အား"

စူးရှသောအော်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

သုကျိန်းပြုံးလိုက်သည်။

အနက်ရောင်ဝတ်ထားသူမှာ အသက်အန္တရာယ်ထိခိုက်မည် မဟုတ်သော်လည်း ဒဏ်ရာအနာတရဖြစ်သွားကြောင်း ထင်ရှားနေသည် မဟုတ်ပါလား။

သုကျိန်းသည် အခန်းတွင်းသို့ အေးအေးဆေးဆေးပင် ပြန်ဝင်လာခဲ့လေသည်။

တဖွဲဖွဲ ရွာသွန်းနေသောမိုးသည် တဖြည်းဖြည်း အားကောင်းလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အေးစိမ့်မှုသည် ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံထား၏။

တည်းခိုခန်းမှာ တိတ်ဆိတ်ငြိမ်သက်နေသည်။

အနက်ရောင်ဝတ်ထားသူတစ်ယောက်က သုကျိန်းအား လာရောက်လုပ်ကြံခဲ့သည့်အဖြစ်ကို မည်သူမျှ သတိပြုမိလိုက်ကြမည် မထင်ချေ။

အချိန်များ ကုန်ဆုံးသွားသည်။

ညဉ့်နက်လာသည်။

ဝမ်းအော့သည် လောင်းကစားဝိုင်း၌ အရှိန်တက်နေပုံရသည်။

ယခုတိုင် ရောက်မလာသေးချေ။

သုကျိန်းသည် အနားယူလိုစိတ်များ ပေါ်ပေါက်လာသဖြင့် အခန်းတံခါးပိတ်ကာ ခုတင်ပေါ် လှဲချလိုက်လေတော့သည်။

✵

မိုးစင်စင်လင်းလာပြီ ဖြစ်ပါသည်။

သုကျိန်း၏စိတ်ထဲ၌ မေးခနဲသာ အိပ်စက်လိုက်ရသည်ဟု ထင်မှတ်မိသည်။



မျက်လုံးဖွင့်လိုက်သည်နှင့် မိုးလင်းနေပြီ မဟုတ်ပါလား။

သုကျိန်းက တံခါးပေါက်ဆီသို့ လှမ်းကြည့်လိုက်၏။ တံခါးပိတ်ထား၏။

ညက ဝမ်းအော့ ရောက်မလာကြောင်း ထင်ရှားလေသည်။

သုကျိန်း စိတ်ပျက်သွားသည်။

"အစ်ကိုဝမ်းအော့ဟာ အခုထိ ဘာကြောင့်ရောက်မလာတာလဲ"

ခုတင်ပေါ်မှ လူးလိမ့်ထလိုက်သည်။ တံခါးဖွင့်ကာ အပြင်ဘက် ထွက်ခဲ့လေသည်။

တည်းခိုခန်းနှင့်အတူ တွဲဖွင့်လှစ်ထားသော စားသောက်ခန်းမတွင် လူစည်ကားနေပြီ ဖြစ်သည်။

သုကျိန်းသည် ယဉ်ယဉ်နေထိုင်သော အခန်းဆီသို့ ထွက်လာခဲ့သည်။

အခန်းရှေ့ရောက်လျှင် တံခါးခေါက်လိုက်သည်။

'ဒေါက် ဒေါက်'

မမျှော်လင့်ပါဘဲ ယဉ်ယဉ်နှင့်ပတ်သက်သမျှ ကိစ္စအဝဝကို သူ တာဝန်ယူနေရသည်မဟုတ်ပါလား။

'ဒေါက် ဒေါက်'

www.burmeseclassic.com

www.burmeseclassic.com



တံခါးခေါက်သံ ကျယ်လောင်စွာ ထွက်ပေါ်လာပါသော်လည်း ယဉ်ယဉ်၏အသံ မကြားရချေ။

သုကျိန်းက ...

"ညီမ ယဉ်ယဉ် ... တံခါးဖွင့်ပါဦး"

ဟု ပြောလိုက်လေသည်။

အတန်ကြာသည့်တိုင် တုံ့ပြန်သံ မကြားရသလို တံခါးလည်း ပွင့်မလာပါချေ။

သုကျိန်း အံ့ဩသွားသည်။

"ညီမ"

ဟုခေါ်ကာ တံခါးတွန်းဖွင့်လိုက်သည်။

'ကျွီ'

ဆေးရုံသာဆေးထားသော အခန်းတံခါး ပွင့်သွားလေသည်။

"ညီမ ယဉ်ယဉ်"

သုကျိန်းက အခန်းတွင်းသို့ လှမ်းဝင်လိုက်သည်။ ယဉ်ယဉ်ကို မတွေ့ရပါ။

ယဉ်ယဉ်မည်သည့်နေရာ ရောက်ရှိနေပါသနည်း။

ယဉ်ယဉ်တစ်ယောက် ပျောက်ခြင်းမလှ ပျောက်နေပြီ ဖြစ်ပါသည်။



သုကျိန်း ထိတ်လန့်သွားသည်။

အခန်းတွင်းမှ ကပျာကယာ ထွက်ခဲ့သည်။

တည်းခိုခန်းထဲ၌ကော စားသောက်ခန်းမ၌ပါ ယဉ်ယဉ်ကို လိုက်ရှာပြီး မတွေ့သည့်အဆုံး စိတ်ပျက်လက်ပျက်ဖြင့် တည်းခိုခန်း အပြင်ဘက်သို့ ထွက်လာခဲ့လေတော့သည်။

☀

မိုးတဖျောက်ဖျောက် ရွာသွန်းနေသည်။

အချိန်အခါမဟုတ်ဘဲ မိုးရွာနေခြင်း ဖြစ်လေသည်။

သုကျိန်းသည် ယဉ်ယဉ်ကို ရှာမတွေ့သည့်နောက်ဆုံး ငွေချိတ်လောင်းကစားဝိုင်းဘက်သို့ ခြေဦးလှည့်လာခဲ့ခြင်း ဖြစ်သည်။

ငွေချိတ်လောင်းကစားဝိုင်းမှာ နံနက်စောစောအချိန်မို့ တံခါးတစ်ချပ်သာ ဖွင့်ထားပြီး အစောင့်တစ်ယောက်က ထိုင်ခုံတစ်လုံး၌ ထိုင်ကာ ငိုက်မျဉ်းနေသည်ကို တွေ့ရလေသည်။

သုကျိန်းက ...

"မိတ်ဆွေ"

ဟု ခေါ်လိုက်မှ အစောင့်မျက်လုံး ဖွင့်ကြည့်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သုကျိန်းကိုမြင်လျှင် ...

"ဘာကိစ္စလဲ"

လေသံမာမာဖြင့် မေးလေသည်။

သုကျိန်းက ...

"ကျုပ် မိတ်ဆွေတစ်ယောက်ကိုလာရှာတာပါ"

"ဘယ်သူလဲ"

"ဝမ်းအော့ပါဗျာ"

"ဝမ်းအော့"

"ဟုတ်ပါတယ်"

"ဟား ဟား ဟား"

အစောင့်က ရယ်မောလိုက်လေသည်။ သုကျိန်း မကျေမနပ်ဖြစ်သွားသည်။

"ခင်ဗျား ဘာရယ်တာလဲဗျ"

"ဩော် ... လောင်းကစားသမား ဝမ်းအော့လိုလူကို အရေးလုပ် မေးနေတဲ့လူရှိလို့ သဘောကျပြီး ရယ်တာပါ"

တစ်ဆက်တည်းပင် အစောင့်က ဆက်ပြောလိုက်၏။

"ညက သူ အရှုံးကြီးရှုံးသွားလို့ ကြွေးရှင်နိုင်းတဲ့အလုပ်ကို သွားလုပ်နေတယ်"



သုကျိန်း မျက်မှောင်ကုတ်သွား၏။

"နေပါဦး ... ဝမ်းအော့လို လောင်းကစားသမားက ဘာလုပ်တတ်မှာမို့လဲ"

"ဝမ်းအော့က လောင်းကစားသမားဆိုပေမယ့် သိုင်းပညာမခေဘူးဗျ။ ဒါကြောင့် သူ့ကိုခိုင်းလို့ရတာပေါ့"

"ဩော် ... သူဟာ သိုင်းသမားကိုး"

"ဟုတ်ပါတယ်ဗျာ"

"ဒါနဲ့ သူ ဘယ်ကိုသွားတာလဲဗျ"

"အနောက်ဘက်က မြို့ပြင်ကို၊ အဲဒီမှာ လောင်းကစားဝိုင်းရဲ့ပြိုင်ဘက်တွေ စခန်းချနေတယ်လေ"

"ခုလိုပြောပြတာ ကျေးဇူးတင်ပါပဲဗျာ၊ ကျုပ်ကို ခွင့်ပြုပါဦး"

"ကောင်းပြီ ... ခင်ဗျားလိုက်သွားရင် သတိတော့ထားမှဖြစ်မယ်၊ ရွှေလုံဝိုဏ်းက လူတွေဟာ အတော့်ကိုကြောက်စရာကောင်းတယ်"

"ရပါတယ်ဗျာ ... ကျုပ် သွားလိုက်ဦးမယ်"

သုကျိန်းက နှုတ်ဆက်ထွက်ခွာသွားလေသည်။

အစောင့်က ဂရုတစိုက်ငေးမကြည့်ဘဲ ကျန်ရစ်ခဲ့၏။

မကြာပါချေ ... ။

www.burmeseclassic.com

www.burmeseclassic.com



သုကျိန်းသည် အနောက်ဘက်မြို့ပြင်သို့ ရောက်ရှိသွားလေတော့သည်။

✲

မြို့ပြင်တွင် ဟောင်းနွမ်းနေသောအဆောက်အအုံ အတော်များများ ရှိလေသည်။

ယခင်က စည်စည်ကားကားရှိခဲ့သော အရပ်ဒေသတစ်ခု ဖြစ်ကြောင်းထင်ရှားသည်။

နောက်ပိုင်းတွင် မြို့လယ်ပိုင်းသို့ ပြောင်းရွှေ့သွားကြခြင်းကြောင့် တစ်စထက်တစ်စ ခြောက်သွေ့သွားဟန်တူသည့်သဘောဖြစ်သည်။

သုကျိန်း မြို့ပြင်သို့ရောက်လာ၏။

လူသူတစ်စုံတစ်ယောက်မှ မတွေ့ရသဖြင့် သုကျိန်း အံ့သြသွားသည်။

မြို့အနောက်ဘက်တွင် ရွှေလှံဂိုဏ်းသည် ကြီးစိုးနေသည်။

ယခု ရွှေလှံဂိုဏ်းမှလူများအား မတွေ့ရသည်မှာ အဘယ်ကြောင့်ပါနည်း။ သုကျိန်း တွေးတောနေစဉ်မှာပင် ...

"အင်း အင်း"



ညည်းညူသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟင်"

သုကျိန်း ရင်ထိတ်သွားသည်။

လှမ်းကြည့်လိုက်သောအခါ လမ်းဘေး၌ သစ်ပင်တစ်ပင်ကို မှီကာ ထိုင်နေသူတစ်ယောက်ကို တွေ့လိုက်ရသည်။

ထိုလူကိုမြင်လျှင် သုကျိန်း မျက်လုံးပြူးသွားကာ ...

"ဟင် ... အစ်ကိုဝမ်းအော့"

လွှတ်ခနဲ အော်ရင်း ကမန်းကတန်း သွားရောက်ပေးမလိုက်လေသည်။

ဝမ်းအော့၏တစ်ကိုယ်လုံး ဒဏ်ရာဗရပွဖြင့် သွေးခြင်းခြင်းနီနေ၏။

"ဘယ်လိုဖြစ်ရတာလဲ အစ်ကိုဝမ်းအော့ရယ်"

သုကျိန်းက စိတ်မကောင်းစွာဖြင့် မေးလိုက်သည်။

ဝမ်းအော့ မျက်လုံးဖွင့်ကြည့်လာသည်။ သုကျိန်းကို မြင်သည့်အခါ ...

"ညီလေးသုကျိန်း"

"အစ်ကို ... ဘယ်လိုဖြစ်တာလဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း"

ဝမ်းအေးက မပွင့်တပွင့် ရယ်ရင်း ...

"ဘယ်လိုဖြစ်ရမလဲကွာ ... ရွှေလုံဂိုဏ်းကလူတွေ ပေးလိုက်တဲ့ ဒဏ်ရာဒဏ်ချက်တွေပေါ့"

သုကျိန်းက ဟိုဟိုသည်သည် ကြည့်လိုက်လေသည်။

ပတ်ဝန်းကျင်တွင် လူသူကင်းရှင်းနေသည်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရချေ။

"ညီလေး သူတို့ မရှိတော့ပါဘူးကွာ၊ ထွက်ပြေးကုန်ကြပါပြီ"

"ထွက်ပြေးကုန်ပြီ"

"ဟုတ်တယ် ... သူတို့ရဲ့ခေါင်းဆောင် သေဆုံးသွားတော့ သူတို့လည်း ထွက်ပြေးသွားကြတာပေါ့"

သုကျိန်း သက်ပြင်းချလိုက်လေသည်။ ဝမ်းအေးက ဆက်ပြောလိုက်သည်။

"ငါက ကြိုးလင်ရဲ့အကြွေး ကျေသွားတဲ့အပြင် သူ့ဆီမှာတောင် ထပ်ပြီးရစရာရှိနေပြီ"

"အစ်ကို ... သူတို့နဲ့ ဘာကြောင့်ပတ်သက်ချင်ရတာလဲ"

"ဟ ... ငါက လောင်းကစားရမှ ကျေနပ်တာလေ"

"အစ်ကို့ဒဏ်ရာတွေကို ဂရုမစိုက်တော့ဘူးလား"



"အား ... ကျွတ် ကျွတ်၊ ငါ့ဒဏ်ရာတွေက မပြောပလောက်ပါဘူးကွာ၊ မကြာခင် သက်သာပျောက်ကင်းသွားမှာပါ"

သုကျိန်း ခေါင်းခါယမ်းလိုက်သည်။

"ဒီလိုနေလို့ မဖြစ်ဘူး... သမားတော်ဆီကို သွားမှဖြစ်မယ်"

"ရပါတယ်ကွာ ... ငါ့အတွက် စိတ်မပူစမ်းပါနဲ့"

"အစ်ကို ... ကျွန်တော့်စကား နားထောင်ပါ၊ ကဲ ... သွားကြရအောင်"

ပြောပြောဆိုဆို ဝမ်းအေးကို ပွေ့ထူလိုက်လေသည်။

ဝမ်းအေးက ...

"ရပါတယ်ကွာ"

ဟု ပြောနေသော်လည်း သုကျိန်းခေါ်သွားသောအခါ အကြောက်အကန် ငြင်းမနေတော့ချေ။

☼

သုကျိန်းသည် ဝမ်းအေးအား သမားတော်ထံသို့ ခေါ်သွားပြီး ဆေးကုပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းအော့မှာ ဤမြို့ကလေး၌ နေထိုင်ခဲ့သည်မှာ ကြာပြီ ဖြစ်သည်။

ပေပေတေတေ လောင်းကစားသမားဘဝဖြင့် နေလာသည်ဖြစ်၍ သူ့အား လူတိုင်းကသိကြလေသည်။

သမားတော်ကြီးသည် ဝမ်းအော့ကို ဆေးကုပေးဖို့ စိတ်မပါချေ။

သို့သော် သုကျိုန်းက တောင်းပန်သည့်အပြင် ငွေကိုပါ ပေးလိုက်ရာ သမားတော်က လက်ခံလိုက်လေသည်။ ဆေးကုပေးပြီး လိမ်းဆေးသောက်ဆေးများ ပေးလိုက်လေ၏။

သူ၏အိမ်တွင် လက်ခံကာ ဆေးကုပေးဖို့တော့ ငြင်းဆန်လေသည်။

ဝမ်းအော့ ဒဏ်ရာရထားသည့်နောက်ကွယ်တွင် ပြဿနာများ ရှိနေသည် မဟုတ်ပါလား။

ထို့ကြောင့် သုကျိုန်းသည် ဝမ်းအော့ကို သူနေထိုင်သော တည်းခိုခန်းသို့ ခေါ်လာပြီး အခန်းတစ်ခန်း ငှားပေးရလေသည်။

ဝမ်းအော့အတွက်စိတ်ချရသောအခါ သုကျိုန်းသည် ပျောက်ဆုံးနေသော ယဉ်ယဉ်ကို လိုက်ရှာဖွေရပြန်လေတော့သည်။

✹



နေမွန်းတည့်တော့မည် ဖြစ်လေသည်။

သုကျိုန်းသည် ယဉ်ယဉ်အား လိုက်လံရှာဖွေခဲ့သည်မှာ မောပန်းသွားပြီဖြစ်၏။

သို့သော် ယဉ်ယဉ်ကို ရှာမတွေ့ပေ။

ယဉ်ယဉ်တစ်ယောက် မည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။

သုကျိုန်းသည် ရှာမတွေ့သည့်အဆုံး စိတ်ပျက်ကာ တည်းခိုခန်းသို့ ပြန်လာခဲ့လေသည်။

တည်းခိုခန်းသို့ရောက်လျှင် ယဉ်ယဉ်၏အခန်းဆီသို့ လျှောက်သွားလေသည်။

ယဉ်ယဉ့်အခန်းသို့ ရောက်သည့်အခါ အခန်းတံခါးပွင့်နေသည်ကို တွေ့ရလေသည်။

"ဟင်"

သုကျိုန်း အံ့သြသွား၏။

အခန်းတံခါး အဘယ့်ကြောင့် ပွင့်နေပါရသနည်း။

သုကျိုန်းက သတိကြီးစွာထားကာ အခန်းတွင်းသို့ ဝင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ဤတွင် ခုတင်ပေါ်၌ထိုင်နေသော ယဉ်ယဉ်ကို တွေ့လိုက်ရလေသည်။

"ညီမ"

သုကျိန်း လှမ်းခေါ်လိုက်လေသည်။

ယဉ်ယဉ်က ...

"အစ်ကို"

ချက်ချင်း ငေါက်ခနဲ ထလာလေသည်။ သူမ လှုပ်ရှားလိုက်သောအခါ ...

"အင်း"

သူမ၏လက်တစ်ဖက် နာကျင်သွားပုံရသည်။ မျက်နှာရှုံ့မဲ့ကာ ညည်းညူလိုက်လေသည်။

သုကျိန်းက ...

"ညီမ ... ဘယ်လိုဖြစ်တာလဲ"

ယဉ်ယဉ်သည် အခန်းတွင်းမှ အပြေးတစ်ပိုင်း ထွက်လာပြီး

"အစ်ကိုရယ် ... ကျွန်မ ကြောက်လိုက်တာ"

ဟု အထိတ်တလန့် ပြောလေသည်။ သုကျိန်း အံ့သြသွားသည်။



"ဘာဖြစ်လို့လဲ ညီမ"

"ကျွန် ကျွန်မကြောက်တယ်၊ အစ်ကို့ရဲ့မိတ်ဆွေတော့ ဒုက္ခရောက်တော့မယ် ထင်တယ်"

"ဟင်"

သုကျိန်းက ယဉ်ယဉ်၏လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီး ...

"ညီမ ... အစ်ကိုဝမ်းအော့ကို ပြောတာလား"

"ဟုတ် ဟုတ်ပါတယ်ရှင်"

"သူက"

"သူ့ကို လူတစ်ယောက်က ဒုက္ခပေးလိမ့်မယ်"

"ဟင်"

သုကျိန်းသည် ယဉ်ယဉ်ကို ဇာအံ့တသြ ကြည့်လိုက်မိလေသည်။

"ဘယ်သူက ဒုက္ခပေးမှာလဲ"

ယဉ်ယဉ်က ...

"အနက်ရောင်ဝတ်ထားတဲ့ လူတစ်ယောက်ပါ"

"အနက်ရောင်ဝတ်ထားတဲ့လူ"

"ဟုတ်တယ် အစ်ကို ... ကျွန်မ အခန်းကို ပြန်လာတုန်းက

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဝတ်ထားတဲ့လူတစ်ယောက် သူ့ရဲ့အခန်းထဲကို ဝင်သွားတာ တွေ့ရတယ်"

သုကျိန်းသည် ချက်ချင်းပင် ဝမ်းအော့ရှိရာအခန်းသို့ ပြေးသွားလေသည်။

ဝမ်းအော့ကား သုကျိန်းရောက်လာသည်ကို မျက်လုံးအပြူးသားနှင့် ကြည့်နေ၏။

သို့သော် မြင်ပုံမရတော့ပါ။

သူ၏ရင်ဝ၌ စိုက်ဝင်နေသော ဓားက သူ၏ဝိညာဉ်ကို နုတ်ယူသွားပြီ မဟုတ်ပါလော။

နောက်မှလိုက်ပါလာသော ယဉ်ယဉ်က ...

"ကျွန်မ ကြောက်တယ်အစ်ကို၊ ဒီက မြန်မြန်ထွက်သွားကြပါစို့ရှင်"

ဟု ပြောလေသည်။

သုကျိန်း ပင့်သက်ရှိုက်လိုက်သည်။

ဝမ်းအော့ သေဆုံးသွားပြီဖြစ်၍ ဤနေရာ၌ ဆက်နေ၍လည်း အကြောင်းမထူးတော့ပေ။

သို့သော် ...

"သူ့ကိုလုပ်ကြံတဲ့သူ ဖော်ထုတ်နိုင်ဖို့ အရေးကြီးတယ်"



ဟု ပြောလိုက်သည်။ ယဉ်ယဉ်က ...

"အစ်ကို လူသတ်သမားက"

သူမ စကားဆုံးအောင် မပြောလိုက်ရပါချေ။ ဆူဆူညံညံ အသံများ ထွက်ပေါ်လာပြီး လူတစ်စု ရောက်လာသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ထိုလူစုအား ဦးဆောင်လာသူမှာ ငွေချိတ်လောင်းကစားဝိုင်းမှ ကြိုးလင်ဖြစ်ပါသည်။

ကြိုးလင်သည် သုကျိန်းကိုမြင်လျှင် ...

"ဘယ်လိုလဲ ... ဝမ်းအော့ကို မင်းခေါ်သွားတာဆို"

သုကျိန်းက ...

"ဟုတ်တယ်"

"အခု သူဘယ်မှာလဲ"

"သေပြီ"

"ဘာကွ"

"သူ သေသွားပြီလေ"

ကြိုးလင်က ...

"မဖြစ်နိုင်တာဘဲ၊ သူက ရွှေလုံ့ဝိုဏ်းကို ဖြိုခွဲနိုင်မယ့်သေးတာပေါ့၊ သူ့ကြောင့် ပြဿနာတောင်ပေါ်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



သုကျိန်းက ...

"ဘယ်လိုပြဿနာလဲဗျ"

ကြီးလင်က ...

"သူက ရွှေလှံ့ဂိုဏ်းနဲ့ ဘာမှမပက်သက်တဲ့ လူတစ်ယောက်ကို သတ်ပစ်ခဲ့လို့ပဲ"

"ဘာဗျ"

ကြီးလင်က မကျေမနပ်ဖြင့် ...

"သူ့ကို ကျုပ်က ရွှေလှံ့ဂိုဏ်းကို တိုက်ခိုက်နိုင်းလိုက်တာ၊ ခုတော့ သူ့ကြောင့် ဒုက္ခရောက်ရပြီ"

သုကျိန်းက ...

"ဘယ်လိုဖြစ်တာလဲ ... ပြောပါဦးဗျ"

ကြီးလင်က ...

"ရွှေလှံ့ဂိုဏ်းမှာ သူဌေးကြီးစိန်ရှောင်ရဲ့သား သခင်လေး စိန့်ကျူးက အလည်အပတ် ရောက်နေတာမှာ ဝမ်းအော့က ပြေးဝင်ပြီး တိုက်ခိုက်လိုက်တော့ ရွှေလှံ့ဂိုဏ်းပျက်စီးသွားတဲ့အပြင် သခင်လေး စိန့်ကျူး သေဆုံးသွားခဲ့ရတယ်လေ"

"ဩော်"

"ခုတော့ သူဌေးကြီးစိန့်ရှောင်က ကျုပ်တို့ကို ပြဿနာရှာလာပြီဗျ"



သုကျိန်းက ...

"ဝမ်းအော့ကို ခင်ဗျားတို့ငွေပေးပြီးခိုင်းခဲ့တာ မဟုတ်လား။ ဒါကြောင့် ခင်ဗျားတို့မှာ တာဝန်ရှိတာပေါ့၊ ခင်ဗျားတို့ရှင်းပေါ့"

"ဘာဗျ"

ကြီးလင် ဒေါပွသွားလေသည်။

"ဝမ်းအော့က ကျုပ်တို့ကို အကြွေးတွေပေးစရာ ရှိနေတာပဲ။ ဒါကြောင့် ကျုပ်တို့ရဲ့ပြိုင်ဘက်ကို ချေမှုန်းခိုင်းတာ၊ သူက မဆီမဆိုင် သခင်လေးစိန့်ကျူးကို ဒုက္ခပေးတာ ကောင်းသလား"

သုကျိန်းက ...

"ဘာပဲဖြစ်ဖြစ် ဝမ်းအော့ သေဆုံးသွားပြီ၊ ခင်ဗျားတို့ရဲ့ကိစ္စကို ခင်ဗျားတို့ ဆက်ရှင်းပေတော့"

ကြီးလင်က ...

"ကောင်းပြီ ...ဝမ်းအော့ရဲ့အလောင်းကို ကျုပ်ကြည့်မယ်။ သူသေဆုံးသွားပြီဆိုတာ အမှန်ဆိုရင် သူ့ရဲ့အလောင်းကို ကျုပ်သယ်သွားမယ်၊ ဒါမှ သူဌေးကြီးစိန့်ရှောင် ဖြေရှင်းလို့ရမှာ"

လူတိုင်းသည် ဝမ်းအော့နှင့်ပတ်သက်ပြီး စိတ်ဓာတ်ကျနေပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ...

"ခင်ဗျားသဘောပဲလေ၊ ကောင်းမယ်ထင်သလို ကြည့်ပြီး စီစဉ်ပါ"

သူက သဘောတူခွင့်ပြုလိုက်သည်။

ကြိုးလင်တို့ ဝမ်းအော့၏အခန်းတွင်းသို့ ဝင်သွားသောအခါ သုကျိန်းသည် ယဉ်ယဉ်ကိုခေါ်၍ တည်းခိုခန်းမှ ထွက်လာခဲ့လေတော့သည်။

***



## အရိပ်ပမာ

မွန်းလွဲပိုင်းအချိန်ဖြစ်သည်။

သုကျိန်းနှင့် ယဉ်ယဉ်တို့သည် တောလမ်းကလေးအတိုင်း လျှောက်လှမ်းလာခဲ့ကြလေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

စိမ်းလန်းစိုပြည်သောသစ်ပင်များကြား၌ ရောင်စုံတောပန်းပင်များ အစီအရီ ပေါက်ရောက်လျက်ရှိသည်။

လေပြည်လေညင်း ဖွေ့ယမ်းတိုက်ခိုက်လာသောအခါ မွှေးကြိုင်သင်းပျံ့သော ရနံ့များ လွင့်ပျံလာသည်။

ကျေးငှက်ကလေးများ၏ ဘာသာဘာဝ သီကျွေးသံများလည်း ကြားနေရသည်။

သုကျိန်းနှင့်ယဉ်ယဉ်တို့သည် ခပ်သုတ်သုတ် လျှောက်ခဲ့ကြရင်း တစ်နေရာသို့အရောက်တွင် ...

"အစ်ကို ... ကျွန်မတို့ ခဏလောက် နားကြပါစို့လားရှင်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေသည်။

မှန်ပေသည် ...။

သူမသည် တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက်စို့ရွှဲလာကာ မောပန်းနွမ်းနယ်နေပြီ ဖြစ် လေသည်။

သုကျိန်းသည် သူမအပေါ် ကရုဏာသက်သွားပြီး ...

"ကောင်းပြီလေ နားကြတာပေါ့"

ဟု ပြောလိုက်သည်။

နှစ်ယောက်သား အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်၌ထိုင်ကာ အနားယူလိုက်ကြလေသည်။

ယဉ်ယဉ်က ...

"အစ်ကို"

သုကျိန်းက ...

"ပြောပါညီမ"

ယဉ်ယဉ်က ...

"အစ်ကို ဘယ်သွားမလဲဟင်"

ဟု မေးလာလေသည်။

သုကျိန်းက ...

"ဘာဖြစ်လို့လဲ ညီမ"



ယဉ်ယဉ်က ...

"ဪ ... ဒီအတိုင်းပဲ လျှောက်သွားနေတော့မှာလားရှင်"

သုကျိန်း ပြုံးလိုက်သည်။

"ဒီအတိုင်းတော့ ဘယ်လျှောက်သွားနေပါ့မလဲ ညီမရယ်၊ အစ်ကို လုပ်စရာရှိတဲ့ကိစ္စလေးတွေ ပြီးပြတ်သွားအောင် လုပ်ရမှာပါ"

ယဉ်ယဉ်က ...

"ဪ ... အစ်ကို့မှာ ဆောင်ရွက်စရာကိစ္စတွေ ရှိနေသေးတာကိုး"

သုကျိန်းက ...

"ဟုတ်ပါတယ် ညီမရယ်"

ယဉ်ယဉ်က ...

"အစ်ကို ဘာတွေ ဆောင်ရွက်ရမယ်ဆိုတာ ပြောပြနိုင်ရင် ပြောပြပါလားရှင်"

သုကျိန်း သက်ပြင်းချလိုက်လေသည်။

"အစ်ကိုနဲ့ ပညာသင်ဖက် သွေးသောက်ညီအစ်ကိုတွေနဲ့ တွေ့ဆုံဖို့ပဲ၊ ပြီးရင် မိုးထိတောင်ကို သွားရမှာဖြစ်ပါတယ်"

ယဉ်ယဉ်က ...

"မိုးထိတောင်ကို သွားရမှာ ... ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ညီမ"

"ကျွန်မလည်း လိုက်လို့ရမလားဟင်"

သုကျိုန်းက ...

"ညီမ သွားစရာမရှိဘူးဆိုရင်လည်း လိုက်ခဲ့ပေါ့"

ယဉ်ယဉ် သက်ပြင်းချလိုက်လေသည်။

"အင်း ... အစ်ကို စိတ်မဆိုးဘူးဆိုရင် ညီမက အမှန်အတိုင်း ပြောပြချင်ပါတယ်"

သုကျိုန်း မျက်မှောင်ကြုတ်သွားလေသည်။

"ညီမ ဘာပြောမလို့လဲ"

ယဉ်ယဉ်က ...

"ကျွန်မမှာ အဒေါ်တစ်ယောက်ရှိပါတယ်၊ သူ့ဆီကို သွားရမှာ မဝံ့ရဲလို့ အစ်ကို့ကို မပြောဘဲနေခဲ့တာပါ"

"ဪ"

ယဉ်ယဉ်တွင် ဆွေမျိုးညာတိတစ်ယောက် ရှိနေသည်ဟု ကြားလိုက်ရသဖြင့် သုကျိုန်း ဝမ်းသာသွားလေသည်။

ယဉ်ယဉ်က ...

"ကျွန်မအဒေါ်နဲ့ ကင်းကွာနေခဲ့တာ ကြာပါပြီ၊ အခုချိန်မှာ ပြန်တွေ့ရင် သူက လက်ခံမယ်, လက်မခံဘူးဆိုတာ မပြောနိုင်ပါဘူး



ရှင်၊ ဒါကြောင့် ကျွန်မ ဘာမှမပြောဘဲ နေခဲ့တာပါ"

သုကျိုန်းက ...

"ကိုယ့်ဆွေမျိုးသားချင်းတစ်ယောက် အခက်အခဲ ကြုံနေရတာကို ဘယ်သူကလက်ပိုက်ကြည့်နေမှာလဲ ညီမရယ်၊ ညီမရဲ့အဒေါ်နဲ့ သွားတွေ့သင့်တာပေါ့"

ဟုပြောလိုက်သည်။ ယဉ်ယဉ်က ...

"ကျွန်မအဒေါ်ဆီကို အစ်ကို လိုက်ပို့ပေးနိုင်မလားဟင်"

ဟု မေးလေသည်။

သုကျိုန်းက ...

"လိုက်ပို့ပေးမှာပေါ့၊ ညီမရဲ့အဒေါ်က ဘယ်မှာနေသလဲ ပြောပါဦး"

ယဉ်ယဉ်က ...

"ဒေါ်ဒေါ်ဟာ ကျန်းနန်နယ်မှာ နေထိုင်ပါတယ်ရှင်"

ထိုစကားကြားလျှင် သုကျိုန်း ဝမ်းသာသွားလေသည်။

သူသွားရမည့် ခရီးလမ်းဆုံးဖြစ်သော မိုးထိတောင်သည် ကျန်းနန်နယ် ပိုင်နက်ထဲ၌ တည်ရှိနေသည် မဟုတ်ပါလား။

"ဟာ ... ဒါဆို အတော်ပဲ၊ မိုးထိတောင်ကိုသွားရင်း ညီမ အဒေါ်ဆီကို ဝင်ကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီရှင်"

သူတို့နှစ်ယောက် ရှေ့ခရီးဆက်ရန် ဟန်ပြင်လိုက်ကြလေသည်။

ထိုစဉ် ...

"မင်းတို့ ဘယ်ပြေးကြမလဲ"

အော်ငေါက်သံများ ထွက်ပေါ်လာကာ လူတစ်စု ရောက်ရှိလာပြီး ဝိုင်းရံလိုက်ကြလေသည်။

သုကျိန်းနှင့်ယဉ်ယဉ်တို့ ရင်ထိတ်သွားကြသည်။

ယဉ်ယဉ်က ...

"အစ်ကို ... ကျွန်မကြောက်တယ်"

အလန့်တကြား ပြောလာလေသည်။

သုကျိန်း လက်ကာပြလိုက်သည်။

"ညီမ ... ဘာမှကြောက်စရာ မလိုဘူး၊ သူတို့အတွက် ကျုပ် တာဝန်ယူပါတယ်"

ဟု ပြောလိုက်သည်။

ရောက်ရှိလာကြသူများသည် အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသလို လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြလေသည်။



သုကျိန်း ထိုင်ရာမှ ထလိုက်သည်။ ထိုလူများနှင့် မျက်နှာချင်းဆိုင်ကာ ...

"ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဒါက ဘာသဘောလဲ"

ဟု မေးလိုက်လေသည်။

ရောက်ရှိလာကြသူများအား ဦးဆောင်လာသူမှာ လူသန်ကြီးတစ်ယောက် ဖြစ်လေသည်။

ထိုလူသန်ကြီးသည် မျက်နှာထားခက်ထန်ပြီး ရိုင်းစိုင်းကြမ်းတမ်းမည့်သူတစ်ယောက် ဖြစ်ပုံရလေသည်။

ထိုလူသည် သုကျိန်းအား မျက်လောင့်နီကြီးဖြင့် ကြည့်လိုက်ပြီး ...

"ဘာသဘောလဲ ... ဟုတ်လား၊ မင်းကိုခုံးမဖို့ လိုက်လာတာပေါ့ကွ"

သုကျိန်း အံ့သြသွားသည်။

"ကျုပ်ကို ခုံးမဖို့ ... ဟုတ်လား၊ ခင်ဗျားတို့ကိုလည်း ကျုပ် မသိရပါလား"

"အေး ... ငါတို့ကို မသိဘူးဆိုရင် သူဌေးကြီးစိန်ရှောင်ကို တော့ သိရမှာပေါ့"

"သူဌေးကြီးစိန်ရှောင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"လက်စသတ်တော့ သခင်လေးစိန့်ကျူးအတွက် မကျေနပ်လို့ ခင်ဗျားတို့ လိုက်လာကြတာကိုး"

လူသန်ကြီးက ...

"သူဌေးကြီးက မင်းကိုဆုံးမဖို့ ငါတို့ကို လွှတ်လိုက်တာပဲကွ"

သုကျိန်း မကျေမနပ်ဖြစ်သွားလေသည်။

"သခင်လေး သေဆုံးသွားရတဲ့ကိစ္စဟာ ကျုပ်နဲ့ ဘာမှမဆိုင်ဘူးဗျ"

လူသန်ကြီးက ...

"သခင်လေးဝမ်းအော့ရဲ့လက်ချက်နဲ့ သေဆုံးသွားရတာ မင်း ဘာပြောချင်သေးသလဲ"

သုကျိန်း သက်ပြင်းချလိုက်သည်။

"ဒါကိုတော့ ကျုပ် မငြင်းချင်ပါဘူးဗျာ"

"ဝမ်းအော့ဟာ မင်းရဲ့ သွေးသောက်ညီအစ်ကိုမဟုတ်လား၊ ဒါကြောင့် မင်းနဲ့လည်း သက်ဆိုင်နေတာပေါ့"

"ဟာ ... ဘာဆိုင်လို့လဲ"

"ဆိုင်တယ်၊ မင်းတို့ဟာ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ဖြစ်မယ်"



လူသန်ကြီးက မတရားစွပ်စွဲလာလေသည်။

သုကျိန်းက ...

"ဝမ်းအော့ကို စေခိုင်းခဲ့တာ ငွေချိတ်လောင်းကစားဝိုင်းက လူတွေပဲ၊ ဒါကြောင့် မကျေနပ်ရင် သူတို့နဲ့သွားပြီးရှင်းပေါ့ဗျာ"

ဟု တမင်ပြောလိုက်လေသည်။

လူသန်ကြီးက ...

"ငွေချိတ်လောင်းကစားဝိုင်းက လူတွေပါတယ် ... ဟုတ်လား"

"သူတို့က ရွှေလုံ့ဂိုဏ်းကို တိုက်ခိုက်ဖို့ ဝမ်းအော့ကို လွှတ်လိုက်လို့ ဝမ်းအော့က တိုက်ခိုက်ရင်း ရွှေလုံ့ဂိုဏ်းမှာ ရောက်နေတဲ့ သခင်လေးစိန့်ကျူး သေဆုံးသွားရတာ"

လူသန်ကြီးက ...

"ဘာပဲဖြစ်ဖြစ် ဝမ်းအော့က မင်းနဲ့ပတ်သက်နေတာပဲ၊ ဒါကြောင့် မင်းဖြေရှင်းရလိမ့်မယ်"

စကားဆုံးလျှင် လက်ဝှေ့ယမ်းပြလိုက်လေသည်။

ထိုအခါ လူသန်ကြီးနှင့်အတူ လိုက်ပါလာကြသူများသည် ချက်ချင်းပင် သုကျိန်းကို ဝိုင်းရံထားလိုက်ကြလေသည်။

"အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ယဉ်က အထိတ်တလန့် အော်လိုက်သည်။

သုကျိန်းက ...

"ညီမ ... ဘာမှမကြောက်နဲ့၊ သူတို့ကို အစ်ကို မောင်းထုတ်လိုက်ပါ့မယ်"

ဟု ပြောလိုက်သည်။

လူသန်ကြီးက ...

"အံမယ် ... ကြီးကျယ်လိုက်တာ၊ မင်း ဘယ်လောက်တတ်နိုင်မှာမို့လဲ၊ ဟေ့ ... ဝိုင်းပြီး ဆုံးမလိုက်ကြစမ်းဟေ့"

ဟု အမိန့်ပေးလိုက်လေသည်။

သူ၏လူများသည် ချက်ချင်းပင် သုကျိန်းအား ဝိုင်းရံတိုက်ခိုက်လိုက်လေသည်။

တိုက်ပွဲကို ရှောင်လွှဲမရမှန်းသိ၍ သုကျိန်းကလည်း ပြန်လည် တိုက်ခိုက်လိုက်ရလေသည်။

တောတန်းလေးအတွင်း၌ ပြင်းထန်သောတိုက်ပွဲ ပေါ်ပေါက်လာလေသည်။

သဘာဝအလှအပများသည် တစ်ခဏအတွင်းမှာပင် အရုပ်ဆိုး အကြည်းတန်သွားသည်။

'ဒုန်း'



"အား"

"သေပါပြီဗျ"

စူးရှသောအော်ဟစ်သံများလည်း တစ်ခဲနက်ထွက်ပေါ်လာလေတော့သည်။

✵

လူသန်ကြီးတို့လူစုသည် ကြေးစားသိုင်းသမားများ ဖြစ်ကြောင်း ထင်ရှားလေသည်။

သူဌေးကြီးစိန်ရှောင်သည် သားဖြစ်သူ သေဆုံးသွားသဖြင့် မကျေနပ်ဘဲ ကြေးစားများကိုငှားရမ်းကာ စေလွှတ်လိုက်ခြင်းဖြစ်ကြောင်း ထင်ရှားနေပါသည်။

သူတို့သည် သုကျိန်းအား လွယ်လင့်တကူ အနိုင်ရလိမ့်မည်ဟု ယုံကြည်ထားကြသည်။

သို့သော် သုကျိန်းက ပြန်လည်တိုက်ခိုက်ရာ အားလုံး ဖရိုဖရဲဖြစ်သွားကြလေတော့သည်။

သုကျိန်းက သူတို့ထင်မှတ်ထားကြသည်ထက် ပိုမိုကြောက်စရာကောင်းသူဖြစ်နေသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သုကျိန်းသည် ကြေးစားသိုင်းသမားတစ်ယောက်၏ လက်ထဲမှ ဓားကို လုယူကာ ပြန်လည်တိုက်ခိုက်လိုက်လျှင် လူသန်ကြီးတို့ လူစု ဖရိုဖရဲ ဖြစ်သွားကြလေတော့သည်။

"ရပ်လိုက်စမ်း"

လူသန်ကြီးက ငေါက်လိုက်လေသည်။

သူ၏လူများ ချက်ချင်း နောက်ဆုတ်သွားကြသည်။

လူသန်ကြီး ရှေ့သို့ထွက်လိုက်ပြီး ...

"မင်းက ဘယ်ဆိုးလို့လဲ"

ဟု ပြော၏။

သုကျိန်းက ...

"ခင်ဗျားတို့ အေးအေးဆေးဆေး ပြန်သွားကြတာ ကောင်းပါလိမ့်မယ်ဗျာ"

လူသန်ကြီးက ...

"စိတ်ချ ... ကျုပ်က မင်းကိုဆုံးမပြီးမှ ပြန်မှာ"

"ခင်ဗျား မှားနေပြီ"

"ဟေ့ ... အပိုတွေပြောမနေနဲ့၊ သေဖို့သာပြင်ထား"

စကားဆုံးလျှင် လူသန်ကြီးက စတင်တိုက်ခိုက်လိုက်လေသည်။



သုကျိန်းကလည်း ပြန်လည်တိုက်ခိုက်လိုက်ရ၏။

လူသန်ကြီးမှာ ခေသူမဟုတ်ချေ။ ခွန်အားဗလကောင်းပြီး သူ၏တိုက်ခိုက်မှုသည် ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေလေသည်။

သုကျိန်း မပေါ့ဆခဲ့ပါ။ သတိကြီးစွာထားပြီး ပြန်လည်တိုက်ခိုက်ရလေသည်။

မည်သို့ဆိုစေ ...

သုကျိန်းသည် မိုးထိတောင်အဘိုးအိုထံမှ သိုင်းပညာသင်ယူခဲ့ရသည့်အပြင် လူသူကင်းဝေးသောအရပ်သို့ သွားကာ ဆယ်နှစ်ဆယ်မိုးလုံးလုံး သိုင်းပညာ အပြင်းအထန် လေ့ကျင့်ထားခဲ့သူ ဖြစ်သည်။

ထို့ကြောင့် တကယ်တမ်း ယှဉ်ပြိုင်လိုက်ကြသောအခါ လူသန်ကြီးမှာ သုကျိန်းကို ကြာရှည်မယှဉ်နိုင်တော့ပါ။

သုကျိန်း၏ လျှပ်တစ်ပြက် တိုက်ချလိုက်သော လက်သီးသည် လူသန်ကြီး၏မေးရိုးကို ထိုးချလိုက်လေသည်။

'ခွပ်'

"အား"

လူသန်ကြီး ပက်လက်လန်ကာ လဲကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြေပေါ်တွင် ဆန့်ဆန့်ကြီးလဲကျကာ သတိလစ်မေ့မြော သွားလေတော့သည်။

ခေါင်းဆောင်ဖြစ်သော လူသန်ကြီးခံလိုက်ရသည်နှင့် ငယ်သားများ မနေဝံ့ကြတော့ချေ။

"ပြေးဟေ့ ပြေးဟေ့"

လူသန်ကြီးကို သယ်ဆောင်ကာ ထွက်ပြေးသွားကြလေ တော့သည်။

☼

သူဌေးကြီးစိန်နှရောင် စေလွှတ်လိုက်သည့်လူသန်ကြီးတို့လူစု သည် သုကျိန်းကို မယှဉ်နိုင်ဘဲ မရှုမလှ အရေးနိမ့်ကာ ထွက်ပြေး သွားကြပြီဖြစ်လေသည်။

ယဉ်ယဉ်က ...

"တော်ပါသေးရဲ့ရှင်"

ဟု ညည်းတွားလိုက်လေသည်။

သူမသည် သုကျိန်းအတွက် စိုးရိမ်ပူပန်နေခဲ့ရသည် မဟုတ် ပါလား။



သုကျိန်း ပြုံးလိုက်သည်။

"ဘာမှ မပူပါနဲ့ညီမရယ် ... သူတို့ ဘာမှ မတတ်နိုင်ကြပါ ဘူး"

ဟု ပြောလိုက်သည်။ ထိုဉ်ယဉ်က ...

"ကျွန်မတို့ သွားကြပါစို့ရှင်"

"ကောင်းပြီ"

သူတို့နှစ်ယောက် ထွက်သွားကြရန် ဟန်ပြင်လိုက်ကြလေ သည်။ ထိုစဉ် ...

"ရပ်လိုက်စမ်း"

အော်ငေါက်ဟန့်တားသံ ထွက်ပေါ်လာလေသည်။

သုကျိန်းတို့ ပြန်လှည့်လိုက်ကြလျှင် လူတစ်စု ပြေးလွှား ရောက်ရှိလာကြပြန်သည်ကို တွေ့မြင်လိုက်ရပြန်လေတော့သည်။

☼

လူတစ်စု ပြေးလွှားရောက်ရှိလာကြသည်။

ထိုလူစုအား ဦးဆောင်လာသူမှာ ငွေချိတ်လောင်းကစား ဝိုင်းမှ ကြုံးလင်ခေါင်းဆောင်လာသော လူစုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သုကျိုန်း စိတ်ပျက်သွားလေသည်။

"ခင်ဗျားက ဘာတွေများ ဒုက္ခပေးချင်သေးလို့လဲ"

ဟု မေးလိုက်သည်။

ကြိုးလင်က ...

"မင်း ထွက်သွားလို့ မရတော့ဘူးကွ"

"ဘာဗျ"

"ဝမ်းအော့ကြောင့် သူဌေးကြီးစိန်ရှောင်က ကျုပ်တို့ကို မကျေနပ်တော့ဘူး၊ ရွှေလုံဂိုဏ်းကလူတွေကလည်း အပေါင်းအဖော်တွေ ခေါ်လာပြီး ကျုပ်တို့ကို ဒုက္ခပေးဖို့ စိုင်းပြင်းနေကြပြီ"

သုကျိုန်းက ...

"ခင်ဗျားတို့ကိစ္စ ကျုပ်နဲ့ ဘာဆိုင်လို့လဲ"

ကြိုးလင်က ...

"မင်းက ဝမ်းအော့နဲ့ ပတ်သက်နေတာပဲ၊ ဒါကြောင့် မင်းနဲ့လည်း ပတ်သက်နေတယ်"

"အို ... မဆိုင်ပါဘူးဗျာ"

ကြိုးလင်က ...

"ကဲ ... အဝိုတွေ ပြောမနေနဲ့၊ မင်း ကျုပ်တို့နဲ့လိုက်ခဲ့မလား မလိုက်ဘူးလား"



သုကျိုန်းက ခေါင်းခါယမ်းလိုက်သည်။

"ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်မလိုက်နိုင်ပါဘူး"

ကြိုးလင်က ...

"ကောင်းကောင်းမွန်မွန်ခေါ်တာ မလိုက်ဘူးဆိုရင် ကျုပ်တို့က အဓမ္မခေါ်တဲ့အခါ မတရားဘူးလို့ မပြောနဲ့နော်"

သုကျိုန်းက ...

"စိတ်ချပါ ... ခင်ဗျားတို့ ဘယ်လိုပဲခေါ်ခေါ် ကျုပ်ကတော့ မလိုက်ဘူးဗျ"

ကြိုးလင် ဒေါသထွက်လာလေသည်။

"အေး ... မင်း ဘယ်လောက်ခေါင်းမာနိုင်မလဲ ကြည့်ကြသေးတာပေါ့"

စကားဆုံးလျှင် လက်ဝှေ့ယမ်းပြလိုက်လေသည်။

ကြိုးလင်၏လူများသည် ချက်ချင်းဝိုင်းရံကာ တိုက်ခိုက်လေသည်။

သုကျိုန်းလည်း မနေနိုင်တော့ဘဲ ပြန်လည်တိုက်ခိုက်လိုက်၏။

ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာပြန်လေသည်။

'ဝုန်း'

www.burmeseclassic.com

www.burmeseclassic.com



"အား"

"အောင်မယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

သုကျိန်း၏ တိုက်ခိုက်မှုကြောင့် ကြိုးလင်၏လူများ ဖရိုဖရဲ ဖြစ်သွားကြလေတော့သည်။

ကြိုးလင် ဒေါပွနေသည်။

"ဟေ့ကောင်တွေ ဘာလုပ်နေကြတာလဲ … မြားနဲ့ပစ်ကြပါ တော့လား"

ဟု ပြောလိုက်သည်။

ထိုအခါ သူ၏လူများသည် အသင့်ယူဆောင်လာကြသော လေးမြားများ ထုတ်ယူကာ ပစ်ခတ်လိုက်ကြလေသည်။

'ဗွစ် ဗွစ် ဗွစ်'

'ဗိုး ဗိုး ဗိုး'

မြားသံများသည် ပလူပျံအောင် ပစ်လွှင့်သွားလေသည်။

သုကျိန်း ရင်ထိတ်သွား၏။

"ညီမ … နောက်ဆုတ်လိုက်"

ဟု အော်ပြောကာ မြေပေါ်ကျနေသော ဓားတစ်လက်ကို



ကောက်ယူကာ ဝှေ့ယမ်းကာ ထွက်လိုက်လေသည်။

'တောက် တောက် တောက်'

မြားတံများသည် အပိုင်းပိုင်းပြတ်ကာ မြေပေါ်ကျသွားလေသည်။

သို့တိုင် ကြိုးလင်၏လူများသည် အချို့က မြားဖြင့် ပစ်ခတ်နေကြသည်ကို အခွင့်ကောင်းယူကာ အချို့က ပြေးဝင်တိုက်ခိုက်လာကြသည်။

သုကျိန်း ရင်ထိတ်သွား၏။

"ညီမ နောက်ဆုတ်လိုက်"

ယဉ်ယဉ် ထိခိုက်မိမည်ကို စိုးရိမ်ကာ နောက်ဆုတ်စေလိုက်၏။

သုကျိန်းကား ကြိုးလင်တို့လူစုနှင့် ရင်ဆိုင်တိုက်ခိုက်လိုက်လေသည်။ ထိုစဉ် …

"အောင်မယ်လေး"

ယဉ်ယဉ်၏ စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

သုကျိန်း ရင်ထိတ်သွားလေ၏။

ကပျာကယာ လှည့်ကြည့်လိုက်သောအခါ ရှုနှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



သည် သစ်ပင်တစ်ပင် နောက်ကွယ်မှ ပြေးထွက်လာကြပြီး ယဉ်ယဉ်အား ဖမ်းချုပ်လိုက်သည်ကို တွေ့လိုက်ရလေသည်။

သုကျိန်း မျက်လုံးများပြာဝေသွားသည်။

"လွှတ်လိုက်စမ်း"

ဟုအော်ငေါက်ကာ ပြေးဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် ...

"ရပ်လိုက်စမ်း၊ ရှေ့ကို ခြေတစ်လှမ်းတိုးလိုက်တာနဲ့ မိန်းကလေး သေသွားမယ်"

ဟု ငေါက်လိုက်လေသည်။

သုကျိန်း ကိုယ်ရှိန်သတ်ကာ ခြေလှမ်းရပ်လိုက်လေ၏။

"ဟား ဟား ဟား"

ကြိုးလင် သဘောကျစွာ ရယ်မောလိုက်လေ၏။

သုကျိန်းက ...

"ခင်ဗျားတို့ မတရားမလုပ်နဲ့၊ ယဉ်ယဉ်ကို လွှတ်လိုက်ကြစမ်း"

ဟု ငေါက်လိုက်လေသည်။

ကြိုးလင်က ...



"ဟင်း ဟင်း ... မိန်းကလေး ဒုက္ခမရောက်စေချင်ရင် မင်း အေးအေးဆေးဆေး အဖမ်းခံပါ"

"ဘာဗျ"

"မင်း အဖမ်းခံရမယ်"

"ကျုပ်က ဘာကြောင့်အဖမ်းခံရမှာလဲ၊ ခင်ဗျားတို့ မတရား လုပ်လို့ရမယ် မထင်နဲ့"

ကြိုးလင်က ...

"စိတ်ချ ... မင်းကို မတရားမလုပ်ဘူး၊ ဝမ်အော့ရဲ့လုပ်ရပ်ကို မင်း ဆက်ပြီး တာဝန်ယူဖြေရှင်းပေးရမယ်"

သုကျိန်းက ...

"ကျုပ် ဘာမှ လုပ်မပေးနိုင်ဘူး"

ကြိုးလင်က ...

"မင်း ဒီလောက်တောင် ခေါင်းမာနေရင်လည်း သိကြသေးတာပေါ့"

သူ၏လူများကို လက်ဝှေ့ယမ်းပြကာ အမိန့်ပေးလိုက်လေသည်။

"ဟေ့ကောင်တွေ ... ကောင်မလေးကို သတ်ပစ်လိုက်ကြစမ်း"

www.burmeseclassic.com

www.burmeseclassic.com



သူ၏လူများသည် လက်နက်များ အသင့်ပြင်လိုက်ကြ၏။ ယဉ်ယဉ်အား သတ်ပစ်ဖို့ ဟန်ပြင်လိုက်ကြလေသည်။

သုကျိန်း ထိတ်လန့်သွားလေသည်။

"မလုပ်နဲ့"

ကပျာကယာ ဟန့်တားလိုက်လေသည်။

"ဟား ဟား ဟား"

ကြိုးလင်က ရယ်မောလိုက်လေသည်။

"ဘယ်လိုလဲ ... မင်းက ဝမ်းအေ့ရဲ့ မပြီးပြတ်သေးတဲ့ကိစ္စကို ဆက်ပြီး တာဝန်ယူမလား"

သုကျိန်းက ...

"ကျုပ်နဲ့ဘာဆိုင်လို့လဲ"

"မင်းက ဆက်လုပ်ပေးမလား, မလုပ်ဘူးလားဆိုတာသာ ပြောပါ"

"ကျုပ် မလုပ်နိုင်ဘူး"

ကြိုးလင်က ...

"ကောင်းပြီ ... မင်း တာဝန်မယူဘူးဆိုရင် မိန်းကလေး အတွက်လည်း ကျုပ် တာဝန်မယူနိုင်ဘူး"

"ခင် ခင်ဗျား"



"ကျုပ်က မိန်းကလေးကို ခေါ်သွားမယ်၊ မင်း စဉ်းစားပေါ့ ... ဟုတ်ပြီလား"

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်သွားလေသည်။

သူ၏လူများသည်လည်း ယဉ်ယဉ်ကို ဖမ်းဆီးကာ ခေါ်ဆောင်သွားကြ သည်။

သုကျိန်းက ...

"ရပ်လိုက်"

ဟုအော်ငေါက်ကာ ပြေးလိုက်သွားလေသည်။ သို့သော် —

"မင်းက စိတ်လိုက်မာန်ပါ လုပ်မယ်ဆိုရင် မိန်းကလေးသာ အရင်ဆုံး ဒုက္ခရောက်သွားလိမ့်မယ်"

ကြိုးလင်က ခြိမ်းခြောက်လိုက်လျှင် သုကျိန်း ခြေလှမ်းရပ်သွားလေတော့သည်။

"ဟား ဟား ဟား"

ကြိုးလင်သည် ဟားတိုက်ရယ်မောရင်း ယဉ်ယဉ်ကို ဖမ်းဆီးခေါ်ဆောင်ကာ ထွက်သွား၏။

သုကျိန်း အားမတန် မာန်လျှော့လိုက်ရလေသည်။

"ရပ်လိုက်၊ ခင်ဗျားတို့ ဘာခိုင်းချင်လဲ ... ပြောပါ၊ ကျုပ် လုပ်ပေးပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရလေသည်။

ကြိုးလင် ခြေလှမ်းရပ်လိုက်လေသည်။

သုကျိုန်းကို လှည့်ကြည့်လိုက်ပြီး ...

"မိုးမချုပ်ခင် ငွေချိတ်လောင်းကစားဝိုင်းကို လာခဲ့ပါ၊ ကျုပ်တို့ပြန်ပြီး တွေ့ကြတာပေါ့"

ဟုပြောကာ ဆက်၍ ထွက်သွားလေသည်။

သုကျိုန်းကား အံတင်းတင်းကြိတ်ကာ ကျန်ရစ်ခဲ့လေတော့သည်။

✲✲✲



## လှည့်ကွက်

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

နေဝင်ဆည်းဆာအချိန်သို့ပင် ရောက်ရှိလာပြီ ဖြစ်လေသည်။

သုကျိုန်းသည် မြို့ထဲသို့ ပြန်လည်ရောက်ရှိလာသည်။

ငွေချိတ်လောင်းကစားဂေဟာသို့ ဦးတည်လာခဲ့ခြင်း ဖြစ်ပေတော့သည်။

ငွေချိတ်လောင်းကစားဂေဟာရှေ့၌ ချိတ်ဆွဲထားသောမီးပုံးများမှာ လေငွေ့ယမ်းတိုက်ခတ်လာသောအခါ ယိမ်းနွဲ့လှုပ်ရှားနေသည်။

လောင်းကစားဂေဟာအရှေ့တွင် ထိုင်ခုံတစ်လုံးရှိနေပြီး အစောင့်တစ်ယောက်က ထိုင်နေသည်။

ဝတ်ကောင်းစားလှ ဝတ်ဆင်ထားကြသူများသည် အစောင့်ကို ဖြတ်ကျော်ကာ တံခါးပေါက်ကိုဖြတ်၍ လောင်းကစားဂေဟာ

www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ ဝင်သွားကြလေသည်။

အစောင့်၏တာဝန်မှာ လာနေကျမဟုတ်သူများကို စစ်ဆေးဖို့ ဖြစ်ပါသည်။

ယနေ့ညနေတွင် နေ့စဉ်လာနေကျ ဖောက်သည်များချည်း ရောက်လာခြင်းဖြစ်သည်။ လူစိမ်း သူစိမ်းတစ်ယောက်မျှ မပါချေ။

အစောင့်သည် မျက်နှာစိမ်းများ ရောက်လာပါစေဟု ဆုတောင်းနေမိလေသည်။

မျက်နှာစိမ်းရောက်လာမှသာ သူ့အတွက် ငွေကြေးငွေစရှင်မည်မဟုတ်ပါလား။

မကြာပါချေ ...။

အစောင့်မျှော်လင့်နေသည့် မျက်နှာစိမ်းတစ်ယောက် ရောက်ရှိလာလေသည်။

သုကျိန်းဖြစ်ပါသည်။

သုကျိန်းကိုမြင်လျှင် အစောင့်က ...

"ဘယ်သွားမလို့လဲ"

ထိုင်ရာမှထကာ ဟန့်တားလိုက်လေသည်။

သုကျိန်းက ...

"ကျုပ်က ကြိုးလင်နဲ့ တွေ့ဖို့လာတာ"



"ဘာဗျ"

"ကြိုးလင်နဲ့တွေ့ချင်တယ် ... ဘယ်မှာလဲ"

"ခင်ဗျား ဘယ်သူလဲ"

"သုကျိန်း"

အစောင့်က ...

"သုကျိန်း ... ဟုတ်လား၊ တစ်ခါမှ မကြားဖူးပါဘူး"

"ကြိုးလင်ကို ကျုပ်ရောက်လာတဲ့အကြောင်း သွားပြီး သတင်းပို့လိုက်ပါ"

"ခင်ဗျားက"

"ခင်ဗျားကြောင့် ကျုပ်တို့တွေ့ဆုံကြဖို့ရှိန်းထားတာ နောက်ကျသွားရင် ကြိုးလင်က ခင်ဗျားကို ခွင့်လွှတ်မှာ မဟုတ်ဘူး"

ထိုအခါ အစောင့်မှာမနေနိုင်တော့သဲ ...

"ကောင်းပြီ ... ခင်ဗျား ဒီမှာ ခဏစောင့်နေပါ"

စကားဆုံးလျှင် လေးငါးကစားဂေဟာအတွင်းသို့ ဝင်သွားလေသည်။

သုကျိန်း ကြာကြာမစောင့်လိုက်ရပါ။ အစောင့်သည် အမြေတစ်ပိုင်း ရောက်လာပြီး ...

"ဆရာလေး ... အထဲကိုကြွပါဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ရှိရှိသေသေ ပြောလာလေသည်။

အခြေအနေကား အပြောင်းလဲကြီး ပြောင်းလဲသွားပြီ ဖြစ်လေသည်။

သုကျိန်းက ကြည့်လိုက်ရာ အစောင့်၏ပါးပြင်တစ်ဖက်၌ လက်ငါးချောင်းရာထင်ကာ နီရဲနေသည်ကို တွေ့ရ၏။

ကြိုးလင်က အစောင့်ကို ပါးရိုက်ဆုံးမလိုက်ကြောင်း ထင်ရှားနေပါသည်။

သုကျိန်း ဘာမှမပြောတော့ဘဲ အစောင့်ခေါ်ဆောင်သွားရာ နောက်သို့ လိုက်ပါသွားလေသည်။

မကြာပါချေ ...။

ငွေချိတ်လောင်းကစားဂေဟာအတွင်းဘက်ရှိ သီးသန့်အခန်းတစ်ခုအတွင်းသို့ ရောက်ရှိသွားလေတော့သည်။

✵

သီးသန့်အခန်း ...။

သီးသန့်အခန်းအတွင်း၌ ကြိုးလင်က အသင့်စောင့်ကြိုနေပါသည်။



သုကျိန်း ရောက်လာသောအခါ နေရာထိုင်ခင်းပေးပြီး ကြို့ဆိုလိုက်လေသည်။

"ကြွပါဗျာ ကြွပါ ... ထိုင်ပါ"

သုကျိန်းက ထိုင်ခုံတစ်လုံးဆွဲကာ ထိုင်ချလိုက်ပြီး ...

"ယဉ်ယဉ် ဘယ်မှာလဲ"

ဟု မေးလိုက်လေသည်။

ကြိုးလင်က ...

"ရှိပါတယ်ဗျာ ... ဘေးမသီရန်မခ ရှိပါတယ်"

"သူ့ကိုခေါ်လိုက်ပါ"

"စိတ်ချပါဗျာ ... ကျုပ်လက်ထဲမှာ မှဲ့တစ်ပေါက်မှ မစွန်းစေရဘူးလို့ အာမခံပါတယ်၊ ခင်ဗျားက ကျုပ်ခိုင်းတာကိုသာ ဖြစ်အောင်လုပ်ပေးပါ၊ ယဉ်ယဉ့်ကို ပြန်လွှတ်ပေးပါ့မယ်၊ ပြီးတော့ ခင်ဗျားအတွက်လည်း မနစ်နာစေရပါဘူး"

သုကျိန်းက ...

"ယဉ်ယဉ် ဘေးမသီရန်မခ ရှိနေတယ်ဆိုတာကို ကျုပ်က ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ"

ကြိုးလင်က ...

"စိတ်ချပါဗျာ ... ကျုပ် အာမခံပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သုကျိန်းက ...

"ယဉ်ယဉ်ကို မတွေ့ရသေးဘဲ သူ ဘေးမသီရန်မခ ရှိတယ်ဆိုတာ ကျုပ် ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ"

ကြိုးလင်က ...

"ကျုပ်ခိုင်းတာကို လုပ်ပေးပြီးတာနဲ့ ယဉ်ယဉ်ကို တွေ့ရမှာပါ"

သုကျိန်း မကျေမနပ်ဖြစ်သွားလေသည်။

သို့သော် ...

ကြိုးလင်သည် နိုင်ကွက်ကိုင်ထားနိုင်ပြီဖြစ်၍ အလျှော့ပေးမည်မဟုတ်ကြောင်း နားလည်ထားမိသဖြင့် စိတ်လျှော့လိုက်ရလေသည်။

"ကောင်းပြီ ... ကျုပ် ဘာလုပ်ပေးရမလဲ ပြောပါ"

ကြိုးလင်က ...

"ရွှေလုံ့ဂိုဏ်းက လူတချို့ဟာ ဝမ်းအော့ကြောင့် ခံလိုက်ရတာကို မကျေနပ်လို့ ခေါင်းဖြူဘီလူးကို အကူအညီတောင်းထားကြတယ်လေ"

"ခေါင်းဖြူဘီလူး ... ဟုတ်လား"

"ဟုတ်တယ် ... ခေါင်းဖြူဘီလူးဟာ အတော့်ကို ကြောက်စရာကောင်းတယ်၊ ကျုပ်တို့ ငွေချိတ်လောင်းကစားဝိုင်းကို ဖျက်ဆီးပစ်လိမ့်မယ်"



သုကျိန်းက ...

"ခင်ဗျားတို့က သူ့ကို ရင်မဆိုင်နိုင်ကြဘူးလား"

ကြိုးလင်က ...

"စိတ်ချ ... ကျုပ်တို့က ရင်ဆိုင်မှာပါ၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်သလဲ"

"ခေါင်းဖြူဘီလူးကို အာရုံစိုက်နေတဲ့အချိန်မှာ ရွှေလုံ့ဂိုဏ်းက လူတွေ အကောက်ကြံမှာကို စိုးရိမ်ရတယ်"

"ဪ"

ကြိုးလင်သည် သုကျိန်းအား စိုက်ကြည့်လိုက်ပြီး ...

"ခေါင်းဖြူဘီလူးကို ခင်ဗျား ရင်ဆိုင်ပေးရမယ်"

ဟု ပြောလေသည်။

သုကျိန်းက ...

"လက်စသတ်တော့ ခင်ဗျားတို့ မလုပ်နိုင်တဲ့ကိစ္စ ကျုပ်ကို လုပ်ခိုင်းတဲ့သဘောကိုး"

ကြိုးလင်က ဘာမှမပြောဘဲ နေလိုက်လေသည်။

သုကျိန်း က ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ခေါင်းဖြူဘီလူးကို ရင်ဆိုင်ဖို့ သဘောမတူဘူး ဆိုရင်ကော"

ကြိုးလင်က ...

"ဒါဆိုရင်တော့ ယဉ်ယဉ်အတွက် ကျုပ်က တာဝန်ယူနိုင်မှာ မဟုတ်ပါဘူးဗျာ"

သုကျိန်း မကျေမနပ် ဖြစ်သွားသည်။

"ကျုပ်က ခင်ဗျားကို ခွင့်လွှတ်မှာမဟုတ်ဘူး"

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။ ကြိုးလင် ပြုံးလိုက်သည်။

"ခင်ဗျားက ခေါင်းဖြူဘီလူးကို ဆုံးမနိုင်မယ်လို့ ကျုပ် ယုံကြည်ထားပါတယ်"

သုကျိန်းက ...

"သူက မြို့ပြင်သုသာန်မှာ စောင့်နေလိမ့်မယ်၊ ဒီည လထွက်တဲ့အချိန်မှာ တွေ့ရလိမ့်မယ်၊ ကျုပ်တို့ဘက်က သွားမတွေ့ဘူးဆိုရင် ငွေချိတ်လောင်းကစားဝိုင်းကို လိုက်လာပြီး ဖျက်ဆီးပစ်လိမ့်မယ်"

သုကျိန်းက ...

"ကောင်းပြီ ... ကျုပ်က ခင်ဗျားတို့ကိုယ်စား ခေါင်းဖြူဘီလူးနဲ့ သွားတွေ့မယ်၊ ကျုပ်ပြန်လာတာနဲ့ ယဉ်ယဉ်ကို တွေ့ချင်တယ်၊ ဒါမှမဟုတ်ရင်တော့ ငွေချိတ်လောင်းကစားဂေဟာကို ခေါင်းဖြူဘီလူးရောက်လာတာထက် ဆိုးသွားလိမ့်မယ်"



ဟု ပြောလိုက်လေသည်။

"ဟား ဟား ဟား"

ကြိုးလင် ရယ်မောလိုက်လေသည်။

"စိတ်ချပါဗျာ ... ခင်ဗျားသာ ခေါင်းဖြူဘီလူးကို ဆုံးမလိုက်ပါ။ ကျုပ်က ယဉ်ယဉ်ကို လွှတ်ပေးလိုက်ပါ့မယ်၊ ပြီးတော့ ခင်ဗျားတို့ မနစ်နာစေရပါဘူးဗျာ"

သုကျိန်းက ...

"မလိုဘူး ... ယဉ်ယဉ်သာ မှဲ့တစ်ပေါက် မစွန်းစေနဲ့"

စကားဆုံးသည်နှင့် ထိုင်ရာမှထကာ လှည့်ထွက်လာခဲ့လေတော့သည်။

☼

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နေရောင်ကွယ်ပျောက်သွားသည်နှင့် အမှောင်ထုက ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံလိုက်လေသည်။

သုကျိန်းသည် မြို့ပြင်သုသာန်သို့ ဦးတည်သွားနေသည်။ ပတ်ဝန်းကျင်တွင် လူသူရှင်းကာ တိတ်ဆိတ်ငြိမ်သက်နေပါသည်။

သုကျိန်းသည် သတိကြီးစွာထားရင်း သုသာန်မြေထဲသို့ ဦးတည်သွားနေခြင်း ဖြစ်လေ၏။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွား၏။

ကောင်းကင်ပေါ်တွင် လဝန်းထွက်ပေါ်လာသည်။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး ပြင်းလင်းရှင်းရှင်း သာသာယာယာ ဖြစ်လာလေသည်။

သုကျိန်းသည် မြေနီလမ်းလေးအတိုင်း လျှောက်လာရင်း အရှေ့ဘက်၌ တောင်ကုန်းလေးတစ်ခုကို တွေ့လိုက်ရလေ၏။

သုသာန်မြေသည် ထိုတောင်ကုန်းလေးပေါ်၌ တည်ရှိနေခြင်း ဖြစ်ပါ၏။

သုကျိန်းသည် ခပ်သွက်သွက် လှမ်းသွားလိုက်ရာ တောင်ကုန်းလေးပေါ်သို့ ရောက်မှန်းမသိ ရောက်ရှိသွားသည်။

တောင်ကုန်းပေါ်၌ သုသာန်မြေရှိနေပါသည်။

မြေပုံမှတ်တိုင်များ ထိုးထိုးထောင်ထောင် ရှိနေ၏။



အုတ်ဂူများလည်း ပြန့်ကျဲနေ၏။

အချို့သော အုတ်ဂူများသည် သစ်သစ်လွင်လွင် ရှိနေပါသော်လည်း ...

အချို့သော အုတ်ဂူများမှာ ဟောင်းနွမ်းဆွေးမြည့်ကာ ပျက်စီးယိုယွင်းနေပြီ ဖြစ်လေသည်။

သုကျိန်းသည် သုသာန်မြေသို့ရောက်လျှင် ဟိုဟိုဒီဒီ ကြည့်လိုက်လေသည်။

လူရိပ်လူယောင် မတွေ့ရပါချေ။

အေးမြသောလေများ တိုက်ခတ်လာသည်။

'ဂစ်'

ညဉ့်ငှက်တစ်ကောင်သည် စူးစူးရှရှ အော်မြည်ကာ ဦးခေါင်းပေါ်မှ ဖြတ်သန်းသွား၏။

သုကျိန်း၏ ပင့်သက်ရှိုက်လိုက်လေ၏။

အုတ်ဂူတစ်လုံးရှေ့တွင် ခြေလှမ်းရပ်လိုက်၏။

"ခေါင်းဖြူဘီလူး မရောက်သေးဘူးထင်တယ်"

သူ၏အတွေးမဆုံးမီ ...

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အနီး၌ အုတ်ဂူတစ်လုံးမှာ အက်ကွဲပွင့်ထွက်သွားပြီး လူတစ်ယောက်ခုန်ထွက်လာကာ လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေသည်။

သုကျိန်းကား အလစ်အငိုက်ဖမ်းကာ တိုက်ခိုက်လိုက်ခြင်းဖြစ်ပေတော့သည်။

သုကျိန်း ရင်ထိတ်သွား၏။

"ယား"

ဗြာသံပေးကာ မြေပေါ် ခြေအစုံဆောင့်၍ အပေါ်ခုန်တက်ရှောင်တိမ်းလိုက်လေ၏။

'ချွမ်း'

ခါး၌ချိတ်ထားသောဓားသည် သူ၏လက်ထဲသို့ ရောက်လာပြီဖြစ်၏။

လေထဲ၌ ကျွမ်းတစ်ပတ် ပစ်လိုက်ပြီးလျှင် ဓားငွေ့ယမ်းကာ တိုက်ခိုက်လိုက်လေ၏။

အုတ်ဂူထဲမှ ထွက်လာသူကလည်း ...

"ဟိတ်"

ဗြာသံပေးကာ လေထဲခုန်တက်ပြီး တိုက်ခိုက်လာပါသည်။

ထိုလူသည် ဝါရင့်သိုင်းသမားတစ်ယောက် ဖြစ်ပုံရလေသည်။



သူ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါ၏။

သို့သော် သုကျိန်းက ပြန်လည်တိုက်ခိုက်လိုက်သောအခါ ...

'ချွမ်း'

"အား"

ဓားမချင်း ပြင်းထန်စွာ ထိတွေ့မိသောအသံနှင့်အတူ စူးရှသော အော်ဟစ်သံထွက်ပေါ်လာလေ၏။

အလစ်အငိုက်ဖမ်းကာ တိုက်ခိုက်လာသူမှာ ဒဏ်ရာရသွားကာ ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

သုကျိန်းက မြေပေါ်ခုန်ဆင်းလိုက်လေသည်။

ထိုလူ၏ ပြေးလမ်းကို ပိတ်ဆို့ထားလိုက်သည်။

"ခင်ဗျား ဘယ်သူလဲ၊ ဘာကြောင့် ကျုပ်ကို တိုက်ခိုက်ရတာလဲ"

ဟု မေးလိုက်လေသည်။

ထိုလူက ...

"ကျုပ်က မင်စာ"

"ဘာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်စာလေ … ခေါင်းဖြူဘီလူးရဲ့ ရှေ့တော်ပြေးပေါ့ဗျာ"

သုကျိန်း မဲ့ပြုံးပြုံးလိုက်သည်။

"ခေါင်းဖြူဘီလူး ဘယ်မှာလဲ"

ဟု မေးလိုက်လေသည်။

ထိုလူက …

"စိတ်ချ … မင်းကို သုတ်သင်ရှင်းလင်းပစ်ဖို့ ထွက်လာလိမ့်မယ်"

သုကျိန်းက …

"ခေါင်းဖြူဘီလူးသာ ထွက်မသွားရင် ခင်ဗျား အရင်ဆုံး သေသွားလိမ့်မယ်"

ဟု ငေါက်လိုက်သည်။

ထိုလူက …

"မင်းက ဘာတတ်နိုင်မှာမို့လို့လဲ"

ဟု ကြုံးဝါးကာ ဓားရှေ့ယမ်းပြီး တိုက်ခိုက်လိုက်လေသည်။

သူ၏လက်တစ်ဖက်မှာ ဒဏ်ရာရထားသည်ဖြစ်သော်လည်း ကျန်လက်တစ်ဖက်မှ ဓားကိုင်ကာ တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ဝဲဘက်လက်ဖြင့် ဓားကိုင်ကာ တိုက်ခိုက်ပါသော်လည်း သူ



၏တိုက်ခိုက်မှုမှာ ပြင်းထန်နေလေသည်။

သုကျိန်းကလည်း သတိကြီးစွာထားကာ ပြန်လည်တိုက်ခိုက်လိုက်သည်။

နှစ်ယောက်သား ရင်ဆိုင်လိုက်ကြသောအခါ သုကျိန်းအား ထိုလူ မယှဉ်နိုင်ကြောင်း ထင်ရှားပေါ်လွင်လာလေသည်။

'ချွမ်း ချွမ်း'

ဓားဓားချင်း ပြင်းထန်စွာ ထိကွေ့သောအခါ ထွက်ပေါ်လာသည်။

ထိုလူ၏လက်ထဲမှ ဓားသည် အဝေးသို့ လွင့်စဉ်သွားသည်။

ထို့အပြင် သုကျိန်း၏ဓားသည် ထိုလူ၏ ကိုင်ထားသော လက်ကို ခုတ်ချမိလိုက်လေသည်။

"အား"

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်။ ထိုလူသည် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေသည်။

သုကျိန်းက ဆက်၍ တိုက်ခိုက်ခြင်း မပြုတော့ဘဲ …

"ခင်ဗျားရဲ့ဆရာကို လွှတ်လိုက်တာကောင်းမယ်"

ဟု ပြောလိုက်သည်။ မင်စာဆိုသူက …

"ကောင်းပြီ မင်းစောင့်နေပါ၊ ကျုပ်ဆရာ မကြာခင် ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာလိမ့်မယ်”

စကားဆုံးလျှင် ချာခနဲလှည့်ကာ ပြေးထွက်သွားလေသည်။ ထိုလူသည် တကယ့်မင်စာတစ်ကောင်ပမာ ရိပ်ခနဲ ရိပ်ခနဲ ပြေးလွှားသွားကာ တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ကွယ်ပျောက်သွားခဲ့လေတော့သည်။

✵

မင်စာဆိုသူ ထွက်ပြေးကွယ်ပျောက်သွားပြီ ဖြစ်လေသည်။

သုကျိန်း သက်ပြင်းချလိုက်သည်။

မင်စာဆိုသူသည်ပင် ကြောက်စရာကောင်းသူ ဖြစ်နေရကား သူ၏ဆရာ ခေါင်းဖြူဘီလူးသည် အလွန်ကြောက်စရာ ကောင်းလိမ့်မည်ဖြစ်ကြောင်း ထင်ရှားနေသည်။

သုကျိန်းသည် သတိကြီးစွာထားကာ စောင့်ဆိုင်းနေလိုက်လေသည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

လဝန်းသည် ကောင်းကင်အလယ်ဗဟိုသို့ ရောက်လာသည်။



ညသန်းခေါင်အချိန်သို့ရောက်လာပြီ ဖြစ်လေသည်။

“အင်း … ခေါင်းဖြူဘီလူး ရောက်လာဖို့ အချိန်တန်ပြီ”

သူ၏စကားမဆုံးမီ အရပ်အစားလေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

သုကျိန်း လှမ်းကြည့်လိုက်ရာ လူရိပ်တစ်ခုသည် သုသာန်မြေထဲသို့ ရိပ်ခနဲ ရောက်ရှိလာသည်ကို တွေ့လိုက်ရသည်။

သုကျိန်းက …

“ခင်ဗျား ရောက်လာပြီကိုး”

ဟု ပြောလိုက်လေသည်။

မှန်ပေသည် …။

သုသာန်မြေထဲသို့ ခေါင်းဖြူဘီလူး ရောက်ရှိလာပြီ ဖြစ်လေသည်။

ခေါင်းဖြူဘီလူးသည် နာမည်နှင့်လိုက်အောင် ဦးခေါင်းတစ်ခုလုံး ဆွတ်ဆွတ်ဖြူဖွေးနေသည်။

ခန္ဓာကိုယ်ပိန်ပိန်ပါးပါးရှိပြီး မျက်နှာမှာ တစ္ဆေသရဲ တစ်ကောင်နှင့် တူလှသည်။

ညသန်းခေါင်အချိန် သုသာန်မြေထဲ၌ ခေါင်းဖြူဘီလူးကို တွေ့လိုက်ရသည်မှာ ကြက်သီးထစရာ ကောင်း[illegible]ဟန်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သုကျိန်းကား စိုးစဉ်းမျှ ကြောက်ရွံ့ခြင်းမရှိပါချေ။

အသက်ငယ်ရွယ်သော်လည်း အတွေ့အကြုံရင့်ကျက်သူ တစ်ယောက် ဖြစ်နေသည်မဟုတ်ပါလား။

ခေါင်းဖြူဘီလူးသည် သုကျိန်းအား ခြေဆုံးခေါင်းဆုံး စိုက်ကြည့်လိုက်ပြီး ...

"မင်းက ငါ့တပည့်ကို ဆုံးမလိုက်တယ် ... ဟုတ်လား"

ဟု မေးလေသည်။

သုကျိန်းက ...

"သူသာ ကျုပ်ကို ရန်မပြုရင် ကျုပ်ကလည်း သူ့ကို တိုက်ခိုက်မှာ မဟုတ်ပါဘူး"

ဟု ပြောလိုက်သည်။

ခေါင်းဖြူဘီလူးက ...

"ထားပါတော့လေ၊ မင်းက ရွှေလုံ့ဂိုဏ်းကို ဖျက်ဆီးပစ်လိုက်တဲ့ ဝမ်းအော့ ... ဟုတ်လား"

ဟု မေးပြန်သည်။ သုကျိန်း ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး"

ခေါင်းဖြူဘီလူး မျက်မှောင်ကြုတ်သွား၏။

"ဝမ်းအော့ မဟုတ်ဘူး"



"မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူလဲ"

"သုကျိန်း"

ခေါင်းဖြူဘီလူးက ...

"သုကျိန်းဆိုတဲ့နာမည်ကို တစ်ခါမှ မကြားဖူးပါလား"

သုကျိန်းက ...

"ခင်ဗျား အခု ကြားဖူးပြီမဟုတ်လား"

ခေါင်းဖြူဘီလူးက ...

"ဝမ်းအော့က ဘာကြောင့် မလာတာလဲ"

သုကျိန်းက ...

"သူ သေသွားပြီဗျ"

ခေါင်းဖြူဘီလူးက ...

"ဟင် ... သေသွားပြီ"

သုကျိန်း ပြန်ဖြေ၏။

"ဟုတ်တယ်"

ခေါင်းဖြူဘီလူးက ...

မင်း လိမ်ပြောတာလား"

"ကျုပ် လိမ်ပြောနေတာမဟုတ်ဘူး။ အခု သူ့ကိုယ်စား

www.burmeseclassic.com

www.burmeseclassic.com



ကျူပ်လာခဲ့တာဗျ"

"ဩော်"

ခေါင်းဖြူဘီလူး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"မင်းဟာ ငွေချိတ်လောင်းကစားဂေဟာအတွက် ဝမ်းအော့ ကိုယ်စား လာခဲ့တာပေါ့ … ဟုတ်လား"

သုကျိန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

ခေါင်းဖြူဘီလူးက …

"ကောင်းပြီ … မင်းကိုရှင်းပြီးမှ ငွေချိတ်လောင်းကစားဂေဟာကို သွားပြီး မီးရှို့ပစ်မယ်"

သုကျိန်းက …

"ခင်ဗျားက ကျူပ်ကိုအနိုင်ရအောင်ပဲ ကြိုးစားကြည့်ပါဦး"

ခေါင်းဖြူဘီလူးက …

"စိတ်ချ … မင်းသာသတိထားပါ"

စကားဆုံးလျှင် လက်ဝှေ့ယမ်းကာ တိုက်ခိုက်လိုက်လေသည်။

သူ၏လက်ဝါးကို ဖြန့်လိုက်သောအခါ လက်ချောင်းကလေးများသည် သိန်းငှက်ခြေချောင်းများပမာ ရှိနေသလို ရှည်လျားပြီး



ချွန်ထက်နေသော လက်သည်းများ ရှိနေသည်ကို တွေ့ရလေသည်။

လက်သည်းရှည်များသည် လက်နက်သဖွယ်ဖြစ်နေပြီး ကုတ်ဆွဲတိုက်ခိုက်ခြင်း ခံရပါက သက်သာလိမ့်မည် မဟုတ်ချေ။

သုကျိန်းသည် မပေါ့ဆရဲ့သဖြင့် ဓားဝှေ့ယမ်းကာ ပြန်လည်ခုခံတိုက်ခိုက်လိုက်ရလေသည်။

သူတို့နှစ်ယောက်သည် ထိပ်တန်းသိုင်းသမားများဖြစ်၍ သူတို့၏တိုက်ခိုက်မှုသည် ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါသည်။

သူတို့သည် ထိပ်တန်းသိုင်းကွက်များအသုံးပြုကာ သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နေကြလေသည်။

ခေါင်းဖြူဘီလူးသည် သုကျိန်းအား လွယ်လင့်တကူ အနိုင်မရနိုင်မှန်း သဘောပေါက်လိုက်လေသည်။

ထို့ကြောင့် …

"သတိထား"

ဟု ကြုံးဝါးကာ တိုက်ကွက်ပြောင်းလဲ တိုက်ခိုက်လိုက်လေ၏။

လက်ဝါးတွင် အတွင်းအားစုစည်းကာ အတွင်းအားချင်းယှဉ်ပြိုင်ရန် ကြိုးစားလိုက်ခြင်းဖြစ်သည်။

'ဝုန်း ဝုန်း'

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဖြူဘီလူး၏ လက်ဝါးရိုက်ချက်ကြောင့် အုတ်ဂူများ ကျိုးပဲ့ပျက်စီးကုန်လေသည်။

သုကျိန်းက ကပျာကယာ ရှောင်တိမ်းလိုက်သည်။

ခေါင်းဖြူဘီလူး၏အတွင်းအားသည် ကြောက်စရာကောင်းအောင် ထက်မြက်နေကြောင်း ထင်ရှားပေသည်။

သို့သော် သုကျိန်းက အတွင်းအားချင်း ယှဉ်ပြိုင်ဖို့ မစဉ်းစားပေ။

ခေါင်းဖြူဘီလူးအား အနိုင်ယူနိုင်မည့် နည်းလမ်းကို တွေ့မြင်ထားပြီးဖြစ်လေသည်။

သုကျိန်းက ရှောင်တိမ်းနေသဖြင့် ခေါင်းဖြူဘီလူးသည် ဒေါသထွက်လာပြီးလျှင် ...

"မင်း သတ္တိမရှိဘူးလား၊ ဘာကြောင့်ထွက်ပြေးနေရတာလဲ"

ဟု ကြုံးဝါးကာ တရကြမ်းဖိ၍ တိုက်ခိုက်လိုက်လေသည်။

သုကျိန်းက ...

"ကျုပ် ဘာကြောင့် ရှောင်တိမ်းနေရသလဲဆိုတာ ခင်ဗျား သိရလိမ့်မယ်"

စကားဆုံးလျှင် ခေါင်းဖြူဘီလူးအနီးသို့ လျှပ်တစ်ပြက် ချဉ်းကပ်လိုက်လေသည်။



ခေါင်းဖြူဘီလူးက ...

"သေပေတော့"

ဟု အော်ဟစ်ကာ လက်ဝါးဖြင့် ရိုက်ချလိုက်လေ၏။

သူ၏လက်ဝါးရိုက်ချက် ထိမှန်သွားပါလျှင် သုကျိန်း လဲကျ သေဆုံးသွားလိမ့်မည် ဖြစ်သည်။

သုကျိန်းသည် ထိပ်တိုက်ရင်မဆိုင်ဘဲ လက်ညှိုးတစ်ချောင်းဖြင့် ခေါင်းဖြူဘီလူး၏ လက်ဝါးအလယ်တည့်တည့်သို့ ထောက်ချလိုက်လေသည်။

သူ၏လှုပ်ရှားမှုသည် လျှပ်တစ်ပြက်ဆိုသလို လျင်မြန်လွန်းလှသည်။

ခေါင်းဖြူဘီလူး ရင်ထိတ်သွား၏။

ကပျာကယာ လက်ဝါးကို ရုပ်သိမ်းဖို့ ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်သည်။

သုကျိန်း၏လက်ညှိုးသည် ခေါင်းဖြူဘီလူး၏ လက်ဝါးအလယ်တည့်တည့်သို့ ထောက်ချလိုက်မိလေသည်။

"အင့်"

ခေါင်းဖြူဘီလူး မသဲမကွဲ ညည်းညူလိုက်သည်။ ဒယီးဒယိုင်နှင့် နောက်ဆုတ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏လက်ဝါးပြင်ပေါ်မှ အမိကကျသော သွေးကြောနေရာသို့ တိုက်ခိုက်ခြင်းခံလိုက်ရသည်ဖြစ်ရာ ခန္ဓာကိုယ် ဆတ်ခနဲတုန်ယင်သွားပြီး ...

'ဝေါ့'

ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်လေသည်။

ခေါင်းဖြူဘီလူးသည် အတွင်းဒဏ် ပြင်းပြင်းထန်ထန် ရရှိသွားပြီ ဖြစ်လေသည်။

သုကျိန်းက ဆက်၍တိုက်ခိုက်ခြင်းမပြုဘဲ နောက်ဆုတ်လိုက်၏။

"ခင်ဗျား ရှုံးသွားပြီ"

ဟု ပြောလိုက်သည်။

ခေါင်းဖြူဘီလူးသည် အသက်ဝအောင် ရှူရှိုက်လိုက်ပြီးမှ သုကျိန်းကိုကြည့်ကာ ...

"ဟုတ်တယ် ... ကျုပ် ရှုံးသွားပြီ"

သုကျိန်းက ...

"ငွေချိတ် လောင်းကစားဂေဟာကို မှေ့ပစ်လိုက်ပါတော့ဗျာ"

ခေါင်းဖြူဘီလူးက ...



"စိတ်ချ ... ကျုပ်က သူတို့ကို စိတ်မဝင်စားတော့ပါဘူး။ ကျုပ်စိတ်ဝင်စားတာ မင်းပဲ"

"ကျုပ်"

"ဟုတ်တယ်"

"နေပါဦး ... ခင်ဗျားက ဘာကို စိတ်ဝင်စားတာလဲ"

ခေါင်းဖြူဘီလူးက ...

"မင်းရဲ့သိုင်းပညာကို စိတ်ဝင်စားတာပါ။ မင်းဟာ နယ်နယ်ရရ သိုင်းသမားတစ်ယောက် မဟုတ်ဘူး"

သုကျိန်း ဘာမှမပြောဘဲ နေလိုက်လေသည်။

ခေါင်းဖြူဘီလူးက ...

"မင်းရဲ့ဆရာက ဘယ်သူလဲ"

ဟု မေးလေသည်။

"ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ် ပြောမပြပါရစေနဲ့"

"ကောင်းပြီ ... မပြောချင်ရင်လည်း နေနိုင်ပါတယ်၊ နောက်နောင် ကျုပ် မင်းကိုတွေ့ရင် ရန်မပြုဘူး၊ မင်းကကော"

"ခင်ဗျားသာ မတရားမလုပ်နဲ့၊ ကျုပ် ခင်ဗျားကို ရန်ပြုစရာအကြောင်းမရှိဘူး"

ခေါင်းဖြူဘီလူး ဝမ်းသာသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ဟာ ဘယ်တော့မှ မိတ်ဆွေတွေ မဖြစ်နိုင်ကြဘူး ဆိုတာ ကျုပ်သိတယ်၊ ဒါပေမဲ့ ရန်သူမဖြစ်ကြဘူးဆိုတာပဲ ဝမ်းသာစရာကောင်းလှပါပြီ၊ ကဲ ... ကျုပ်သွားတော့မယ်"

"ကောင်းပါပြီဗျာ"

ခေါင်းဖြူဘီလူးသည် သုကျိန်းကို စိုက်ကြည့်ပြီး ချာခနဲ လှည့်ထွက်သွားလေတော့သည်။

☼

ခေါင်းဖြူဘီလူးသည် သုသာန်မြေထဲမှ ထွက်သွားပြီး ဖြစ်လေသည်။

သုကျိန်း သက်ပြင်းချလိုက်သည်။

ငွေချိတ်လောင်းကစားဝိုင်းအတွက် အန္တရာယ်ကင်းသွားပြီ ဖြစ်ပါသည်။

ထို့အတူ ယဉ်ယဉ်သည်လည်း အန္တရာယ်ကင်းသွားတော့မည် မဟုတ်ပါလား။

သုကျိန်းသည် ငွေချိတ် လောင်းကစားဝိုင်းသို့ သွားရန် ခြေလှမ်းပြင်လိုက်သည်။



ထိုစဉ်မှာပင် ...

'ဝုန်း'

"အား"

"အောင်မယ်လေး"

'ဖုန်း'

"သေပါပြီဗျာ"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

သုကျိန်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ဘယ်လို ဖြစ်တာပါလိမ့်"

ချက်ချင်းပင် အော်ဟစ်သံများ ထွက်ပေါ်လာရာဆီသို့ ဦးတည် ပြေးလွှားလာခဲ့လေသည်။

သုသာန်မြေပြောက်ဘက်သို့ ထွက်လိုက်သည်နှင့် လရောင်ဖြင့် မြေပေါ်တွင် လဲကျသေဆုံးသွားနေသော အလောင်းကြီးများကို တွေ့လိုက်ရလေသည်။

"ဟင်"

သုသာန်မြေအပြင်ဘက်၌ တိုက်ပွဲကြီးတစ်ခု ဖြစ်ပေါ်ခဲ့သည်မှာ ထင်ရှားနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သူတို့သည် ဤနေရာ၌ လာရောက်တိုက်ခိုက်ခဲ့ကြပါ သနည်း။

ထိုစဉ် ...

"အောင်မယ်လေး"

အဝေးမှ စူးရှသော အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ထိုအော်ဟစ်သံသည် ယဉ်ယဉ်၏အသံဖြစ်ကြောင်း မှတ်မိလိုက်သဖြင့် ...

"ညီမ ယဉ်ယဉ်"

သုကျိန်းသည် အော်ဟစ်သံထွက်ပေါ်လာရာဆီသို့ တစ်ဟုန်ထိုး ပြေးသွားလေသည်။

သစ်ပင် ချုံနွယ်များကြားမှဖြတ်ကာ မြေကွက်လပ်တစ်ခုသို့ ရောက်သွား၏။

ထိုမြေကွက်လပ်သို့ရောက်သည်နှင့် ခြေလှမ်းတုံ့ခနဲ ရပ်တန့်သွားရပြန်လေသည်။

အကြောင်းမှာ ...

မြေကွက်လပ်တွင် လဲကျသေဆုံးနေသည့်အလောင်းများ ပြန့်ကျဲနေသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။



မြေပေါ်၌ ပြန့်ကျဲနေသော အလောင်းများကို ကြည့်လိုက်ရုံဖြင့် ငွေချိတ်လောင်းကစားဂေဟာမှ လူများဖြစ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

"ငွေချိတ်လောင်းကစားဂေဟာက လူတွေပါလား"

ဟု ရေရွတ်မိလိုက်လေသည်။ သုကျိန်းက ဟိုဟိုသည်သည် အကဲခတ်ကြည့်လိုက်စဉ် ...

"အင်း အင်း"

ညည်းညူသံနှင့်အတူ မြေပေါ်၌ လဲကျနေသူတစ်ယောက် လူးလွန့်လှုပ်ရှားလာသည်ကို တွေ့လိုက်ရလေသည်။

သုကျိန်းသည် ချက်ချင်းပင် ထိုလူအနီးသို့ ချဉ်းကပ်သွားကာ ဖေးမလိုက်လေသည်။

ထိုလူမှာ ...

ကြိုးလင် ဖြစ်နေတော့သည်။

☼

ကြိုးလင်သည် သေလုမျောပါးဒဏ်ရာကြီး ရထားသည်ကို တွေ့ရ၏။

ကြိုးလင်အား သမားတော်ထံသို့ ခေါ်[illegible]သွားလျှင်

www.burmeseclassic.com

www.burmeseclassic.com



လည်း အသက်ချမ်းသာဖွယ် မမြင်တော့ကြောင်း သုကျိန်း သဘော ပေါက်လိုက်လေသည်။

"ခင်ဗျား ဘယ်လိုဖြစ်ရတာလဲ"

ကြုံးလင်က အားယူပြီး ...

"ကြောက် ကြောက်စရာကောင်းလိုက်တာဗျာ"

"ကြောက်စရာကောင်းတယ် ဟုတ်လား၊ ဘယ်သူလဲ"

"ဘယ်သူရှိမလဲ၊ ဟို မိန်း"

ကြုံးလင်၏ စကားမဆုံးမီ ...

"အစ်ကို"

ခေါ်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ သည်။ သုကျိန်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

"ယဉ်ယဉ်"

မှန်ပေသည်။

ယဉ်ယဉ်၏ခေါ်သံကို ကြားလိုက်ရသည် မဟုတ်ပါလား။

သုကျိန်းသည် ကြုံးလင်ကိုပင် ဂရုမစိုက်နိုင်တော့ဘဲ ယဉ် ယဉ်၏အသံ ထွက်ပေါ်လာရာဆီသို့ ဦးတည်ကာ ပြေးလွှားသွားလေ တော့သည်။

✵



လရောင်အောက်တွင် ယှဉ်ယဉ်တစ်ယောက်တည်း ယောင် ချာချာ ဖြစ်နေသည်ကို တွေ့ရလေသည်။

"ညီမ ယဉ်ယဉ်"

"အစ်ကို"

ယဉ်ယဉ်သည် သုကျိန်းကို တွေ့မြင်သွားပြီး ပြေးလွှားလာ ကာ သုကျိန်း၏ရင်ခွင်ထဲ တိုးဝင်လိုက်လေသည်။

"ကျွန်မ ကြောက်လိုက်တာ အစ်ကိုရယ်"

"ညီမ ဘယ်လိုဖြစ်ပြီး ဒီနေရာကို ရောက်လာတာလဲ"

သုကျိန်းက မေးလိုက်သည်။

ယဉ်ယဉ်က ...

"ကျွန်မ ကျွန်မကို ငွေချိတ်လောင်းကစားဂေဟာက ဆရာ ကြုံးလင်တို့ ခေါ်လာကြတာ"

"သြော်"

"ဒီနေရာရောက်တဲ့အခါ အမှောင်ထဲကလူတစ်ယောက် ထွက်လာပြီး တိုက်ခိုက်ခဲ့တာပဲ၊ ဆရာကြုံးလင်တို့လူ မရှုမလှ အရေးနိမ့်သွားကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



သုကျိုန်း ရင်ထိတ်သွား၏။

ကြိုးလင်တို့လူစုအား တစ်ယောက်တည်း တိုက်ခိုက်သုတ်သင်သွားသူသည် ခေသူမဟုတ်ကြောင်း ထင်ရှားနေသည် မဟုတ်ပါလား။

"အဲဒီလူ ဘယ်သူလဲဆိုတာ ညီမသိလား"

"အနက်ရောင်ဝတ်ပြီး မျက်နှာဖုံးစွပ်ထားတဲ့လူပါ"

"ဟင်"

သုကျိုန်း အံ့ဩသွားလေသည်။

ကြိုးလင်းတို့လူစုအား ခေါင်းဖြူဘီလူး သို့မဟုတ် မင်စာက တိုက်ခိုက်သွားခြင်း ဖြစ်မည်ဟု ယုံကြည်ထားလေသည်။

ယခုတော့ ...

သူ့အား လုပ်ကြံဖို့ ကြိုးစားခဲ့သည့် အနက်ရောင်ဝတ် မျက်နှာဖုံးစွပ်ထားသူက တိုက်ခိုက်သွားခြင်း မဟုတ်ပါလား။

သုကျိုန်းသည် ကြိုးလင်ပြောသည့် စကားတစ်ပိုင်းတစ်စကို သတိရလာလေသည်။

ထို့ကြောင့် ...

"လာ ညီမ ... ကြိုးလင်ဆီကို သွားကြရအောင်"

ယဉ်ယဉ်၏ လက်ကိုဆွဲကာ ပြေးထွက်သွားလေသည်။



ယဉ်ယဉ်လည်း ဘုမသိ ဘမသိ လိုက်သွားရလေသည်။

မကြာပါချေ ...။

ကြိုးလင်လဲကျနေသောနေရာဆီသို့ ရောက်ရှိသွားကြလေသည်။

ကြိုးလင်ကား မြေပေါ်တွင် လဲကျနေသည်။

သုကျိုန်းတို့ ရောက်သွားကြသောအခါ ကြိုးလင်မှာ မလှုပ်မယှက် အသက်ပျောက်နေပြီ ဖြစ်သည်ကို တွေ့ရလေသည်။

သုကျိုန်း စိတ်ပျက်သွားလေသည်။

ထူးခြားသော သဲလွန်စတစ်ခု ပျောက်ဆုံးသွားပြီ မဟုတ်ပါလား။

မည်သို့ဆိုစေ ...

ဝမ်းအော့နှင့်ပတ်သက်သော ပြဿနာတစ်ရပ်ကို ဖြေရှင်းပြီးပြီ ဖြစ်လေသည်။

ဤနေရာ၌ ဆက်၍နေစရာမလိုအပ်တော့ကြောင်း သဘောပေါက်လိုက်သည်။

ထို့ကြောင့် ...

"လာ ညီမ ... သွားကြစို့"

ယဉ်ယဉ်၏လက်ကိုဆွဲကာ ထွက်လာခဲ့တော့သည်။

www.burmeseclassic.com



သူတို့သည် ...

ဖြစ်ပျက်ခဲ့သမျှကို လျစ်လျူရှုကာ ရှေ့ခရီးဆက်ရတော့မည် ဖြစ်လေသည်။

✲✲✲



၈

ရန်စ

နေသာသော နေ့တစ်နေ့ဖြစ်သည်။

သုကျိန်းနှင့်ယဉ်ယဉ်တို့ သည် ကျန်းနန်နယ်သို့ ဦးတည်ခရီးနှင်လာကြရင်း မြို့တစ်မြို့သို့ ရောက်ရှိလာကြလေသည်။

သုကျိန်းသည် မြို့ထဲ လှမ်းဝင်မိသည်နှင့် တစ်စုံတစ်ခုကို သတိရလာပြီး ...

"လာ ညီမ ... ကျုပ်တို့ သိုင်းဆရာကြီးဂူဝေကို သွားပြီးဂါရဝပြုကြရအောင်"

ယဉ်ယဉ် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"သိုင်းဆရာကြီးဂူဝေ ... ဟုတ်လား"

"ဟုတ်တယ်လေ"

"ကျွန်မမှ မသိတာ"

"ညီမ မသိပေမယ့် ကျုပ်တော့သိတယ်လေ၊ ဆရာကြီးဂူဝေဟာ ကျုပ်ရဲ့ဆရာနဲ့ မိတ်ဆွေရင်းချာ တစ်ယောက်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

သုကျိန်းက ...

"ကျုပ်တို့က ဆရာကြီးဝူဝေရှိနေတဲ့အရပ်ကို ရောက်ပါလျက် ဝင်ပြီး ဂါရဝမပြုဘူးဆိုရင် ရိုင်းပျသလို ဖြစ်နေလိမ့်မယ်"

"ဒါဆိုလည်း အစ်ကို့သဘောပါပဲလေ"

"လာ ညီမ"

သုကျိန်းက ရှေ့မှ လမ်းပြခေါ်ဆောင်သွားလေသည်။ ယဉ်ယဉ်လည်း လိုက်သွားသည်။

မကြာပါချေ ...။ သူတို့နှစ်ယောက်သည် ခမ်းနားထည်ဝါလှသည့် အဆောက်အအုံကြီးတစ်ခု ရှေ့သို့ရောက်ရှိသွားကြလေတော့သည်။

☼

သိုင်းဆရာကြီးဝူဝေ ...။

သိုင်းဆရာကြီးဝူဝေသည်လည်း သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားသော သိုင်းသမားကြီးတစ်ယောက် ဖြစ်လေ၏။



အဆောက်အအုံရှေ့တွင် လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသော အစောင့်အကြပ်များ စောင့်ကြပ်နေကြသည်။

သုကျိန်းတို့ရောက်လာသည်ကိုတွေ့လျှင် အစောင့်နှစ်ယောက်သည် လက်ထဲကိုင်ထားသော လှံရှည်နှစ်လက်တို့ ကြက်ခြေခတ် သဏ္ဌာန်ယှဉ်ကာ ဟန့်တားလိုက်ကြလေသည်။

"ဘယ်သူလဲ ဘာကိစ္စလဲ"

ဟုလည်း ခပ်ထန်ထန် မေးလေသည်။

သုကျိန်းက ...

"ကျုပ်က သုကျိန်းပါ၊ ဆရာကြီးဝူဝေကို လာရောက် ဂါရဝပြုခြင်း ဖြစ်ပါတယ်"

"ဆရာကြီး မအားဘူး၊ ဧည့်သည်တစ်ယောက်နဲ့ တွေ့ဆုံနေတယ်၊ ဒါကြောင့် နောက်မှလာခဲ့ကြပါ"

သုကျိန်း မတတ်နိုင်တော့ပါ။

"ကောင်းပါပြီဗျာ"

ယဉ်ယဉ်ကိုခေါ်ကာ လှည့်ထွက်ရန် ဟန်ပြင်လိုက်သည်ဆိုစဉ် ...

"နေဦး ... ဆရာကြီးမေးရင် မင်းတို့ ဘယ်သူတွေလို့ ပြောလိုက်ရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



အစောင့်တစ်ယောက်က လှမ်းမေးရာ၊ သုကျိန်းက ...

"ဩော် ... မိုးထိတောင်အဘိုးအိုရဲ့ တပည့်လို့ ပြောပြလိုက်ပါဗျာ"

အစောင့်နှစ်ယောက်တို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

မိုးထိတောင်အဘိုးအိုသည် တစ်ချိန်က သိုင်းလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သည် မဟုတ်ပါလား။

မိုးထိတောင်အဘိုးအို၏အမည်ကို သိုင်းလောက၌ မကြားဖူးသူမရှိချေ။

အစောင့်တစ်ယောက်က ...

"ခင်ဗျားဟာ မိုးထိတောင်အဘိုးအိုရဲ့ တပည့် ... ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"နေပါဦး ... မိုးထိတောင်အဘိုးအိုမှာ တပည့်ရှစ်ယောက်ရှိ တာပဲ၊ ခင်ဗျားက အမှတ်စဉ်ဘယ်လောက်လဲ"

"ကျုပ်က အမှတ်စဉ်ရှစ်သုကျိန်းပါ"

အစောင့်တို့သည် သုကျိန်းကို အကဲခတ်ကြည့်လိုက်ကြပြီး ခေါင်းချင်းဆိုင်ကာ တိုင်ပင်လိုက်ကြသည်။



ပြီးလျှင် ...

"မိတ်ဆွေ ခဏစောင့်ပါလား၊ မိတ်ဆွေရောက်လာတဲ့ အကြောင်း ဆရာကြီးဆီ သွားပြီးပြောပြပေးပါ့မယ်"

သုကျိန်း ဝမ်းသာသွားသည်။

"ဒါဆိုရင်လည်း ကျေးဇူးပါပဲဗျာ"

ယဉ်ယဉ်နှင့်အတူ စောင့်ဆိုင်းနေလိုက်သည်။

အစောင့်တစ်ယောက်သည် အဆောက်အအုံအတွင်းဘက်သို့ ဝင်ရောက်သွားလေသည်။

မကြာပါချေ ... အစောင့်ပြန်ထွက်လာသည်။

သုကျိန်းကို ဦးညွှတ်လိုက်ပြီး ...

"ဆရာကြီးက လက်ခံတွေ့ဆုံပါလိမ့်မယ်၊ အထဲကိုကြွပါဗျာ"

ဟု လေးလေးစားစား ပြောလေသည်။

သုကျိန်းက ...

"ကျေးဇူးပါပဲဗျာ"

အစောင့်က လမ်းပြခေါ်ဆောင်သွားလျှင် သုကျိန်းနှင့် ယဉ်ယဉ်တို့ လိုက်ပါသွားကြသည်။

မကြာပါချေ ...။

www.burmeseclassic.com

www.burmeseclassic.com



အဆောက်အအုံအတွင်းဘက်၌ ကျယ်ဝန်းသော ဧည့်ခန်းမဆောင်သို့ ရောက်ရှိသွားကြသည်။

"ထိုင်ပါဗျာ"

အစောင့်သည် နေရာထိုင်ခင်းပေးကာ စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံလေသည်။

သုကျိန်းနှင့်ယဉ်ယဉ်တို့သည် သိုင်းဆရာကြီးဂူဝေကို စောင့်ဆိုင်းနေလိုက်ကြသည်။

ကြာကြာမစောင့်လိုက်ရပါ။ အတွင်းဘက်မှ အဘိုးအိုနှစ်ယောက် လှမ်းထွက်လာကြသည်ကို တွေ့မြင်လိုက်ရသည်။

တစ်ယောက်မှာ အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး တည်ကြည်ခန့်ညားသော ဥပဓိရုပ်ရှိသည်။

စာပေသမားတစ်ယောက်နှင့် တူလေသည်။

ကျန်တစ်ယောက်မှာမူ အဖိုးတန်ပိုးဖဲအင်္ကျီများ ဝတ်ဆင်ထား၏။ ရာထူးရာခံရှိသူတစ်ယောက်နှင့် တူလှပေတော့သည်။

ထိုအဘိုးအိုနှစ်ယောက် ဧည့်ခန်းအတွင်းသို့ ရောက်လာကြလျှင် သုကျိန်းနှင့်ယဉ်ယဉ်တို့ ထိုင်ရာမှ ထလိုက်ကြသည်။

သုကျိန်းက ...

"ဆရာကြီးကို ဂါရဝပြုပါတယ် ခင်ဗျာ"



လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ရင်း ပြောလိုက်သည်။

အဖြူရောင်ဝတ်အဘိုးအိုနှင့် သိုင်းဆရာကြီးဂူဝေ ဖြစ်လေသည်။

ဆရာကြီး ဂူဝေက ...

"မိုးထိတောင်အဘိုးအိုရဲ့တပည့်ရောက်လာတာ ကျုပ်တာဝမ်းသာအားရ ထွက်လာခဲ့တာ၊ ဟောဒီကမြို့စားနဲ့တောင် စကားလက်စ ဖြတ်လာခဲ့ရတာ"

ဟု ပြောလေသည်။

သုကျိန်းက ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသော အဘိုးအိုကို ဦးညွှတ်လိုက်သည်။

ဆရာကြီးဂူဝေက ...

"ထိုင်ပါ ထိုင်ပါ"

ဟုပြောသည်။

သုကျိန်း ပြန်ထိုင်လိုက်သည်။

ဆရာကြီးဂူဝေတို့လည်း ထိုင်လိုက်ကြသည်။

အားလုံး မျက်နှာချင်းဆိုင်ထိုင်မိကြလျှင် ဆရာကြီးဂူဝေက

"အင်း ... ဘာလိုလို့နဲ့ မိုးထိတောင်အဘိုးအို ကွယ်လွန်သွားခဲ့တာတောင် အတော်ကြာပါပေါ့လား"

www.burmeseclassic.com

www.burmeseclassic.com



သုကျိန်းက ...

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်က ဆရာ့ကို ဂါရဝပြုဖို့ မိုးထိတောင်ကို သွားမလို့ပါ"

ဆရာကြီးဂူဝေ ပြုံးလိုက်သည်။

"မင်းတို့က ကိုယ့်ဆရာသမားကို ဂါရဝပြုဖို့ သတိရကြသေးတာကိုး"

"ဗျာ"

သုကျိန်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ဆရာကြီး ဂူဝေက ...

"မိုးထိတောင်အဘိုးအိုဟာ ကွယ်လွန်သွားပြီးတဲ့နောက်ပိုင်းမှာ အရှက်တကွဲ အကျိုးနည်းဖြစ်ရတာ အတော့်ကို ဝမ်းနည်းစရာကောင်းတာပဲ"

သုကျိန်းစိတ်ထဲ မရိုးမရွ ဖြစ်လာလေသည်။

ဆရာကြီးဂူဝေသည် သူ့အား အထင်အမြင်သေးစွာ ပြောဆိုဆက်ဆံနေသည့်သဘော ရှိနေသည်မဟုတ်ပါလား။

ဆရာကြီးဂူဝေက ဆက်ပြောလိုက်သည်။

"မိုးထိတောင်အဘိုးအိုမှာ တပည့်ရှစ်ယောက်တောင် ရှိခဲ့တာ၊ ဆရာ့ခြေရာနင်းပြီး သိုင်းလောကအကျိုး၊ အများအကျိုး သယ်



ပိုးဆောင်ရွက်ကြမယ်များ မှတ်ပါတယ်... ခုတော့ စိတ်ထင်ရာ လျှောက်လုပ်နေကြတာပဲ၊ အရက်သမားဖြစ်တဲ့လူနဲ့ လောင်းကစားသမားနဲ့၊ မိုးထိတောင်အဘိုးအိုဟာ ဒီလိုတပည့်မျိုးတွေကိုမှ ရှာရှာဖွေဖွေ မွေးတတ်တာ ရယ်စရာတောင်ကောင်းနေပြီ"

ထိုစကားကြားလျှင် သုကျိန်း မျက်နှာပျက်သွားလေတော့သည်။

ဆရာကြီးဂူဝေသည် မိုးထိတောင်အဘိုးအို၏ ဂုဏ်သိက္ခာကို ထိခိုက်ပြောဆိုနေသည် မဟုတ်ပါလား။

တပည့်များ မကောင်းသဖြင့် ယခုလို အပြောခံနေရခြင်းဖြစ်ကြောင်းလည်း ဆင်ခြင်မိလိုက်လေသည်။

ဆရာကြီးဂူဝေ၏ ညွှန်သည်က ...

"ဆရာကြီးဂူဝေနဲ့ မိုးထိတောင်အဘိုးအိုတို့ တစ်ချိန်က သိုင်းပညာနဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့ဖူးကြတယ်ဆိုတာကို ကျုပ် ကြားမိတယ်ဗျ"

ဆရာကြီးဂူဝေက ...

"သိပ်မှန်တာပေါ့ဗျာ၊ အဲဒီတုန်းက ကျုပ်ဟာ သိုင်းပညာရဲ့ အနှစ်သာရကို နက်နက်နဲနဲ သဘောမပေါက်ခဲ့သေးဘူးလေ၊ ဒါကြောင့် အရှုံးပေးခဲ့ရတာပေါ့၊ အင်း ... အခုချိန်ဆိုရင်တော့ဗျာ မိုးထိ

www.burmeseclassic.com



တောင် အဘိုးအို ကျုပ်ကိုအရှုံးပေးရမှာ သေချာတယ် ... ဟား ဟား ဟား"

ပြောပြီး ဟားတိုက်ရယ်မောလိုက်လေသည်။

ယခု ဆရာကြီးဂူဝေသည် မိုးထိတောင်အဘိုးအိုအပေါ်၌ မကျေနပ်ချက်ရှိနေကြောင်း သူ ကျိန်းသေပေါက် သိလာလေတော့သည်။

ဆရာကြီးဂူဝေသည် သိုင်းလောက၌ ပြိုင်ဘက်ကင်း သိုင်းသမားဘွဲ့ထူးကို လိုချင်မက်မောနေသူဖြစ်ကြောင်းလည်း ရိပ်မိလာလေသည်။

ချည့်သည်က ...

"အင်း ... ဆရာကြီးရဲ့ လက်ရှိသိုင်းပညာနဲ့ဆိုရင် မိုးထိတောင်သိုင်းသမားတောင် ယှဉ်နိုင်မှာမဟုတ်ဘူးလို့ ကျုပ် ယုံကြည်ပါတယ်ဗျာ"

သူကျိန်း စိတ်ပျက်သွားသည်။

ဝါစဉ်ကြီးသော သိုင်းသမားကြီးတစ်ယောက်အား လေးစားသမှုဖြင့် ဝင်ရောက်ဂါရဝပြုခြင်း ဖြစ်သည်။

ဆရာကြီးဂူဝေက စော်ကားမော်ကား ပြောနေသည်ကို ဆက်၍ နားမထောင်လိုတော့ပါ။



ထို့ကြောင့် ...

"ဆရာကြီးခင်ဗျာ ... ကျွန်တော့်မှာ သွားစရာရှိသေးတဲ့အတွက် ခွင့်ပြုဖို့ မေတ္တာရပ်ခံပါတယ် ခင်ဗျာ"

ဆရာကြီးဂူဝေ မျက်မှောင်ကြုတ်သွားသည်။

"မင်း သွားတော့မလို့လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ခုပဲ ရောက်တယ်၊ ခုပဲ သွားတော့မလို့လား"

"ကျွန်တော့်မှာ သွားစရာရှိသေးလို့ပါ ခင်ဗျာ"

ဆရာကြီးဂူဝေတို့က ရယ်မောလိုက်လေ၏။

"ဟား ဟား ဟား ... မင်းဆရာအကြောင်းပြောလို့ မင်းက စိတ်ဆိုးသွားတာ မဟုတ်လား"

"ဟာ ... ဒီလို မဟုတ်ပါဘူးခင်ဗျာ"

"အေး ... မင်းဆရာသာ ခုချိန်အသက်ရှင်နေမယ်ဆိုရင် အသုံးမကျတဲ့တပည့်တွေကြောင့် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ဝစ်ရွင်မှာပဲ၊ ပြီးတော့ သူ့ရဲ့ပညာဟာ အသုံးမကျ၊ အရာမဝင်တော့ဘူးဆိုတာလည်း နားလည်သွားလိမ့်မယ်"

ယခုတစ်ကြိမ် သူကျိန်းသည် စိတ်မထိန်းနိုင်တော့ဘဲ ဒေါသထွက်လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့တပည့်တွေ အသုံးမကျတာနဲ့ ဆရာ့ကို စော်ကား မော်ကားပြောဖို့ မကောင်းပါဘူးခင်ဗျာ"

ဆရာကြီးဂူဝေက ...

"သူက အသေစောသွားလို့ကွ၊ နို့မဟုတ်ရင် ဒီထက်တောင် ပိုပြီး အရှက်တကွဲ အကျိုးနည်းဖြစ်သွားဦးမှာ"

သုကျိန်းက ...

"ဆရာ့ရဲ့သိုင်းပညာဟာ ပြိုင်ဘက်ကင်းတယ်ဆိုတာ လူတိုင်း လက်ခံကြပါတယ် ခင်ဗျာ"

မခံချင်စိတ်ဖြင့် ပြောလိုက်လေသည်။

"ဟား ဟား ဟား"

ဆရာကြီးဂူဝေက ဟားတိုက်ရယ်မောလိုက်လေ၏။

"မင်းကအပြောကြီးလှချည်လား၊ မင်းရဲ့ဆရာက ဒီလောက်လည်း မဟုတ်သေးပါဘူးကွာ"

"ဆရာရဲ့ပညာဟာ တကယ့်ကို ပြိုင်ဘက်ကင်းတယ် ဆိုတာ သေချာပါတယ်"

"ဩော် ... ဒါဆို မင်းက မင်းဆရာရဲ့ပညာကို ရထားလို့ ပြောနိုင်တာပေါ့ ... ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"



"ကောင်းပြီ ... မင်းဆရာရဲ့ပညာ ဘယ်လောက်ရှိတယ်ဆိုတာ ကျုပ် လေ့လာကြည့်ရသေးတာပေါ့"

စကားဆုံးလျှင် ထိုင်ရာမှထလိုက်လေသည်။

ယဉ်ယဉ် ဗိတ်ပူသွားသည်။

"အစ်ကို"

သုကျိန်း လက်ကာပြလိုက်သည်။

"မပူနဲ့ ညီမ ... ဆရာကြီးက ကျုပ်ကို ဒုက္ခရောက်အောင် လုပ်မှာမဟုတ်ပါဘူး"

ဆရာကြီးဂူဝေ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"ဟုတ်တယ် ဟုတ်တယ် ... ကျုပ်က မင်းကို ဒုက္ခမပေးဘူး။ မိုးထိတောင်အဘိုးအိုရဲ့ အသုံးမကျတဲ့တပည့်တွေကို ဆုံးမပေးတဲ့ သဘောပါ ... ဟဲ ဟဲ"

သုကျိန်းသည် ဆရာကြီးဂူဝေနှင့် ထိပ်တိုက်ရင်ဆိုင်ရမည့် အရေး ရှောင်လွှဲ၍ မရတော့ချေ။

"ကဲ လာ ... သိုင်းလေ့ကျင့်ဆောင်ကို သွားကြစို့"

ဆရာကြီးဂူဝေက ပြောကာ ဦးဆောင်ခေါ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သုကျိန်းလည်း မတတ်သာတော့ဘဲ လိုက်သွားရလေတော့သည်။

☼

သိုင်းလေ့ကျင့်ဆောင် ...။

အဆောင်မှာ ကျယ်ဝန်းလှပေသည်။

အဆောင်၏ ဝဲယာတစ်ဖက်တစ်ချက်တွင် ဓားလှံလက်နက်များ တင်ထားသော သစ်သားစင်များ အစီအရီ ရှိနေပါသည်။

အဆောင်ထဲသို့ ရောက်သွားကြသောအခါ ဆရာကြီးဝူဝေက ...

"ကဲ ... မင်းကြိုက်တဲ့လက်နက်ကို အသုံးပြုနိုင်တယ်"

ဟု ပြောလေသည်။

သုကျိန်း သက်ပြင်းချလိုက်လေသည်။ ဆရာကြီးဝူဝေနှင့် ရင်ဆိုင်ဖို့ စိတ်မရှိတော့ချေ။ ထို့ကြောင့် ...

"ဆရာကြီးခင်ဗျာ ... ကျွန်တော် ပြောမှားဆိုမှားရှိခဲ့ရင် ခွင့်လွှတ်ပါ။ ကျွန်တော် ဆရာကြီးနဲ့ ယှဉ်ပြိုင်ခြင်းမပြုလိုတော့ပါဘူး ခင်ဗျာ"



ဟု ပြောလိုက်လေသည်။

ဆရာကြီးဝူဝေ မျက်မှောင်ကြုတ်သွားသည်။

"ဘာပြောတယ်ကွ"

"ကျွန်တော် ယှဉ်ပြိုင်လိုစိတ် မရှိတော့ပါဘူး ခင်ဗျာ"

ဟု ပြောလိုက်လေသည်။

ဆရာကြီးဝူဝေက ...

"ဘာဖြစ်လို့လဲ ... မင်း ငါ့ကို မယှဉ်နိုင်ဘူးဆိုတာ သဘောပေါက်လိုက်လို့လား"

"မဟုတ်ပါဘူး"

"ဘာကွ"

သုကျိန်းက တည်ကြည်သောမျက်နှာထားဖြင့် ...

"ကျွန်တော်ဟာ ဦးကို ကြည်ညိုလေးစားပါတယ်၊ ကျွန်တော်ဟာ ငယ်ရွယ်သူတစ်ယောက်လည်း ဖြစ်တဲ့အတွက် ဦးနဲ့မယှဉ်ပြိုင်တော့ပါဘူး ခင်ဗျာ"

"ဟား ဟား ဟား"

ဆရာကြီးဝူဝေက ဟားတိုက်ရယ်မောလိုက်လေသည်။

"မင်းက ငါ့ကို မယှဉ်ရဲရင် မယှဉ်ရဲဘူးလို့ ပြောစမ်းပါကွ"

သုကျိန်းက စိတ်ကိုချုပ်နိမ့်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ကျွန်တော် မယုံနိုင်ပါဘူး ခင်ဗျာ"

ဟု ပြောလိုက်လေသည်။

ဆရာကြီးဝူဝေသည် သုကျိန်းကို အထင်သေးစွာကြည့်လိုက်ပြီး ...

"မင်းဆရာရဲ့ အသုံးမကျတဲ့ပညာတွေ ပေါ်ပေါက်သွားမှာကို စိုးရိမ်လို့မဟုတ်လား"

ဟု မေးလေသည်။

သုကျိန်းက ...

"ကျွန်တော်ဟာ ဆရာကောင်းတပည့် မပီသတဲ့ တပည့်မိုက် တစ်ယောက် ဖြစ်ချင်ဖြစ်ပါလိမ့်မယ်ခင်ဗျာ၊ ဒါပေမဲ့ ဆရာဟာ ပြိုင်ဘက်ကင်းတဲ့ သိုင်းသမားဖြစ်ခဲ့တာ အမှန်ပါပဲ"

ဆရာကြီးဝူဝေက ...

"မင်းရဲ့ဆရာဟာ ပြိုင်ဘက်ကင်းတယ်ဆိုရင် မင်းတို့ရဲ့ပညာဟာ မှတ်ကျောက်တင်ခံနိုင်ရမှာပေါ့"

သုကျိန်းက ...

"ကျွန်တော့်ကိုခွင့်လွှတ်ပါ ခင်ဗျာ၊ သွားခွင့်ပြုပါဦး"

စကားဆုံးလျှင် လှည့်ထွက်သွားရန် ဟန်ပြင်လိုက်လေ၏။

မြို့စားကြီးက ...



"နေပါဦး ... မင်းက ဘာကြောင့် စိတ်ပြောင်းသွားရတာလဲ"

ဟု လှမ်းမေးလာလေသည်။

သုကျိန်းက ...

"မြို့စားကြီးခင်ဗျာ ... ကျွန်တော့်ဆရာသာ သက်ရှိထင်ရှားရှိနေဦးမယ်ဆိုရင် ဆရာကြီးဝူဝေနဲ့ ယှဉ်ပြိုင်တာကို ဘယ်နည်းနဲ့မှ ခွင့်ပြုမှာ မဟုတ်ဘူးလို့ ထွေးမိလို့ပါ ခင်ဗျာ"

ဟု ရှင်းပြလိုက်လေသည်။

မြို့စားကြီးက ...

"အင်း ... ဒါလည်း ဟုတ်တာပဲ၊ ဆရာကြီးဝူဝေဟာ မင်းရဲ့ဆရာနဲ့ဆိုရင် မိတ်ဆွေတွေ မဟုတ်လား"

ဆရာကြီးဝူဝေက ...

"ကျုပ်တို့က မိတ်ဆွေတွေ မဟုတ်ကြပါဘူးဗျ"

ဟု ပြောလာလေသည်။

သုကျိန်းသည် ကြားလိုက်ရသော စကားကြောင့် ကိုယ့်နားကိုယ်ပင် မယုံကြည်နိုင်အောင် ဖြစ်သွားလေသည်။

ဆရာကြီးဝူဝေက ...

"ရှင်းရှင်းပြောရရင် ကျုပ်က မိုးထိတောင်အဘိုးအိုနဲ့ ယှဉ်

www.burmeseclassic.com

www.burmeseclassic.com



ဖြိုင်ဖို့ အမြဲတမ်း ကြိုးစားခဲ့တာပါ၊ အခြေအနေမပေးလို့ ထိပ်တိုက် ရင်မဆိုင်ဖြစ်ခဲ့တာ”

သုကျိန်းသည် ဆရာကြီးဂူဝေကို မယုံကြည်နိုင်စွာ ကြည့်နေလိုက်မိလေသည်။

ဆရာကြီးဂူဝေသည် မိတ်ဆွေဟန်ဆောင်သော ရန်သူတစ်ယောက် ဖြစ်ကြောင်း သဘောပေါက်လာသည်။

လာရောက်ဂါရဝပြုမိခြင်းသည် အမှားကြီးမှားနေပြီ မဟုတ်ပါလား။

သုကျိန်း ငေးငိုင်နေစဉ် ဆရာကြီးဂူဝေက ...

“မင်းမသွားခင် ငါ့ရဲ့သိုင်းတစ်ကွက်လောက် လေ့လာသွားရင် ကောင်းမယ်”

ဟု ပြောလေသည်။

သုကျိန်း ရင်ထိတ်သွားလေသည်။

ဆရာကြီးဂူဝေက ...

“မင်းဟာ မိုးထိတောင်အဘိုးအိုရဲ့တပည့်မှန်ရင် ကျုပ်ရဲ့ သိုင်းကွက်ကို ခုခံနိုင်ရမှာပေါ့”

စကားဆုံးလျှင် လက်တစ်ဖက်ဲ ဆန့်ထုတ်ကာ လက်ဝါးဖြင့် ရိုက်ချတိုက်ခိုက်လိုက်လေသည်။



သူ၏လုပ်ရပ်သည် တရားမျှတမှုမရှိသော လုပ်ရပ်ဖြစ်သည်။

အသက်အရွယ်နှင့် သိုင်းပညာဝါစဉ် ကြီးသူတစ်ယောက်က လူငယ်တစ်ယောက်အပေါ် လက်ဦးမှုယူကာ တိုက်ခိုက်လိုက်ခြင်းသည် ကောက်ကျစ်စဉ်းလဲမှု မည်ပေသည်။

သုကျိန်းသည် ယှဉ်ပြိုင်တိုက်ခိုက်ဖို့လည်း ငြင်းဆိုထားသည် မဟုတ်ပါလား။

ယခုတော့ သုကျိန်းအပေါ် တမင်အနိုင်ကျင့် တိုက်ခိုက်လိုက်သလို ဖြစ်နေ၏။

သုကျိန်း ခံပြင်းလာလေသည်။

ဆရာကြီးဂူဝေ၏ ကောက်ကျစ်မှုကြောင့် ဒုက္ခရောက်ရမည်ကို မလိုလားပါချေ။

ထို့ကြောင့် ...

“ဆရာကြီး မတရားမလုပ်ပါနဲ့ဗျာ”

ပြောကာ လက်ဝှေ့ယမ်းပြီး ပြန်လည်ခုခံလိုက်လေသည်။ နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိကြသလို ဖြစ်သွားပါတော့သည်။

‘ဝုန်း’

www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာလေသည်။

သုကျိန်းသည် ဆရာကြီးဂူဝေတို့သည် ထိပ်တိုက် ရင်ဆိုင်လိုက်ကြပြီး ကပျာကယာ နောက်ဆုတ်လိုက်ကြရလေတော့သည်။

✲

ဆရာကြီးဂူဝေ မျက်မှောင်ကြုတ်သွား၏။

မိုးထိတောင် အဘိုးအို၏ တပည့်များသည် ဆရာ့စကားနားမထောင်ဘဲ အကျင့်ပျက်သော ထင်ရာစိုင်းနေကြသူများဟု သိုင်းလောကတစ်ခုလုံး သိနေကြပြီ မဟုတ်ပါလား။

သုကျိန်းကိုလည်း လွယ်လင့်တကူ အနိုင်ရလိမ့်မည်ဟု ယုံကြည်ထားလေသည်။

သုကျိန်းကို အနိုင်ယူလိုက်ပြီး မိုးထိတောင်အဘိုးအို၏ တပည့်ကို ဆုံးမလိုက်သည်ဟု ကြွားလုံးထုတ်နိုင်လိမ့်မည် ဖြစ်သည်။

သို့သော် ...

တကယ်တမ်း ရင်ဆိုင်လိုက်ကြသောအခါ ဆရာကြီးဂူဝေသည် မျှော်လင့်သလိုဖြစ်မလာသဖြင့် အံ့သြသွားလေသည်။



သုကျိန်းသည် သူမျှော်လင့်ထားသည်ထက် ပိုပြီး ကြောက်စရာကောင်းသူတစ်ယောက် ဖြစ်နေသည် မဟုတ်ပါလား။

ဆရာကြီးဂူဝေသည် သုကျိန်းကို မျက်လုံးပြူးကာ ကြည့်လိုက်ပြီး ...

"မင်း ဘယ်ဆိုးလို့လဲ"

ဟု ပြောလိုက်လေသည်။

သုကျိန်းက ...

"ကျွန်တော့်ကို သွားခွင့်ပြုပါ ခင်ဗျာ"

စကားဆုံးလျှင် လှည့်ထွက်သွားရန် ဟန်ပြင်လိုက်၏။

"မင်း ဒီအတိုင်းထွက်သွားလို့ ရမလား"

ဆရာကြီးဂူဝေက အော်ငေါက်လိုက်သည်။

ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

မြို့စားကြီးက ...

"သူသွားချင် သွားပါစေတော့ဗျာ"

ဟု ကြားဝင်ပြောလာလေသည်။ ဆရာကြီးဂူဝေ မကျေမနပ် ဖြစ်သွားသည်။

"ကျုပ်က အနှစ်နှစ်အလလ ကြိုးစားခဲ့တာ မိုးထိတောင်အဘိုးအိုနဲ့ ဘယ်သူက သာသလဲဆိုတာ သိချင်လို့ဗျ"

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီးက ...

"အင်း ... ဒီအတိုင်းဆိုရင် ခင်ဗျားဟာ တောင်ပိုင်းသိုင်းရာဇာနဲ့ တူနေပြီ"

ဟု ရယ်သွမ်းသွေးကာ စကားပြောလိုက်သည်။

ဆရာကြီး ဂူဝေက ...

"တောင်ပိုင်းသိုင်းရာဇာနဲ့ မနှိုင်းယှဉ်ပါနဲ့ဗျာ၊ သူဟာ ဘာမှ အသုံးမကျတဲ့လူပါ"

ဟု ပြောလိုက်သည်။

ထိုစကားကြားလျှင် ယဉ်ယဉ် ဆတ်ခနဲ ခေါင်းထောင်လာသည်။

ဆရာကြီးဂူဝေကို မျက်လုံးပြူးကာ စိုက်ကြည့်လိုက်လေသည်။

ဆရာကြီးဂူဝေက ...

"တောင်ပိုင်းသိုင်းရာဇာဟာ မိုးထိတောင်အဘိုးအိုတောင် ယှဉ်ပြိုင်နိုင်တာမှ မဟုတ်တဲ့၊ ကျုပ်က သူ့ကို ဂရုမစိုက်သေးပါဘူးဗျာ"

ဟု ထပ်ပြောလိုက်လေသည်။

ယဉ်ယဉ်က မနေနိုင်ပါတော့ချေ။



"ဒီမယ် ... မိုးထိတောင်အဘိုးအိုကို မပြောနဲ့ သူ့တပည့်ကိုတောင် ယှဉ်နိုင်လို့လား"

ဟု ပြောလိုက်လေသည်။

"ဘာ"

ဆရာကြီးဂူဝေ ခံပြင်းသွားလေသည်။

"ကျုပ်က ဘာကြောင့် မဆုံးမနိုင်ရမှာလဲ"

ယဉ်ယဉ်က ...

"အစ်ကို ...အစ်ကို့ရဲ့ဆရာသမားကို ဒီလောက်တောင် စော်ကားနေတာ လက်ပိုက်ကြည့်နေတော့မှာလား"

ဟု သုကျိန်းအား ပြောလိုက်လေသည်။

သုကျိန်း ပင့်သက်ရှိုက်လိုက်သည်။

ဆရာကြီးဂူဝေက ...

"စိတ်ချ ... ကျုပ် မင်းကို ဆုံးမပြမယ်"

စကားဆုံးလျှင် သုကျိန်းအား တိုက်ခိုက်လိုက်လေသည်။

ယခုတစ်ကြိမ် ဆရာကြီးဂူဝေသည် အကောင်းဆုံးသိုင်းကွက်များ ထုတ်ဖော်ကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

အကယ်၍ သုကျိန်းကသာ ပြန်လည်တိုက်ခိုက်ခြင်းပြုလျှင်

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခရောက်သွားလိမ့်မည် ဖြစ်လေသည်။

သုကျိန်းသည် ဘာမှ မတတ်နိုင်တော့သဖြင့် သတိကြီးစွာထားကာ ပြန်လည်တိုက်ခိုက်ရလေသည်။

ဆရာကြီးဝူဝေသည် ထိပ်သီးသိုင်းသမားကြီးတစ်ယောက်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

သူ၏တိုက်ခိုက်မှုသည် သုကျိန်း၏တစ်ကိုယ်လုံး လွှမ်းခြုံသွားသည်။

မြို့စားကြီးသည် တိုက်ပွဲကိုကြည့်ရင်း သုကျိန်းအတွက် စိုးရိမ်ပူပန်လာလေသည်။

ထို့ကြောင့် ...

"တော်ကြပါတော့ဗျာ၊ ဆက်ပြီး မတိုက်ခိုက်ကြပါနဲ့တော့၊ တစ်ယောက်နဲ့တစ်ယောက် ထိခိုက်ကုန်ကြပါလိမ့်မယ်"

အော်ပြောလိုက်လေသည်။

သို့သော် ...

သုကျိန်းနှင့်ဆရာကြီး ဝေဝူတို့ကား နောက်ဆုတ်၍မရဘဲဆက်၍ ရင်ဆိုင်တိုက်ခိုက်နေကြလေသည်။

ယဉ်ယဉ်သည် တိုက်ပွဲကို မျက်တောင်မခတ်ဘဲကြည့်နေသည်။



ဆရာကြီးဝူဝေ၏ တိုက်ကွက်များထက် သုကျိန်း၏တိုက်ကွက်များကို ပို၍ ဂရုစိုက်ကြည့်နေခြင်းဖြစ်၏။

သုကျိန်းသည် ပညာကုန်မထုတ်ဘဲ လျှိုထားသည်ဟု သူမထင်မိလေသည်။

သုကျိန်းသည် ရှောင်တိမ်းဖို့သာ ကြိုးစားနေပြီး ထိထိရောက်ရောက် ပြန်လည်တိုက်ခိုက်ခြင်း၊ မပြုချေ။

သုကျိန်းကသာ ထိထိရောက်ရောက် ပြန်လည်တိုက်ခိုက်မည်ဆိုပါက ဆရာကြီးဝူဝေ အရေးနိမ့်သွားလိမ့်မည်ဟု ယုံကြည်မိသည်။

သူမသည် တိုက်ပွဲကို မျက်တောင်မခတ် ကြည့်နေလိုက်သည်။

သူမသည် တောင်ပိုင်းသိုင်းရာဇာ၏ တပည့်တစ်ယောက်မဟုတ်ပါလား။

သူမသည် ဆရာနှင့်မိုးထိတောင်အ ဘိုးအို၏ မပြီးပြတ်သေးသော ယှဉ်ပြိုင်မှုကို ဆက်၍တာဝန်ယူရန် သူတို့သိုင်းလောကသို့ ဆင်းလာခဲ့ကြခြင်းဖြစ်သည်။

မိုးထိတောင်အဘိုးအို၏တပည့်များသည် သူတို့၏ လက်ချက်ဖြင့် မရှုမလှ ဖြစ်ခဲ့ကြရ၏။

www.burmeseclassic.com



ထိုနည်းတူ အမှတ်တစ် အရက်သမား တင်းအိကြောင့် တိမ်လွှာမှာ သေဆုံးသွားခဲ့ရလေသည်။

ပုံလွှားတစ်ဖြစ်လဲ ယဉ်ယဉ်၏ ဘဝအမှန်ကို သုကျိန်းမသိခဲ့ချေ။

ယဉ်ယဉ်သည် စော် ကောဖးမော်ကားနိုင်လှသော ဆရာကြီးဂူဝေအပေါ် လုံးဝမကျေပ်နိုင်ဘဲ ဖြစ်ရတော့သည်။

သုကျိန်းက မှတ်ယောက်သားလောက် ဆုံးမလိုက်ပါစေဟုလည်း ဆုတောင်းနေမိလေတော့သည်။

သူမ အကဲခတ်ကြည့်နေစဉ် ဆရာကြီးဂူဝေ၏ တိုက်ခိုက်မှုမှာ ပို၍ပြင်းထန်လာကာ သက်ဝါးရိပ်များသည် သုကျိန်း၏တစ်ကိုယ်လုံး လွှမ်းခြုံသွားသည်ကို တွေ့လိုက်ရလေသည်။

သုကျိန်း ပြန်လည်မတိုက်ခိုက်၍ မဖြစ်တော့မှန်း နားလည်လိုက်လေသည်။

အရေးအကြောင်း ကြုံရချိန်တွင် သုကျိန်းသည် မည်သို့ ခုခံကာကွယ်လိမ့်မည်နည်း။

မည်သို့သော သိုင်းကွက်များကို ထုတ်ဖော်အသုံးပြုလိမ့်မည်နည်း။

ယဉ်ယဉ်သိလိုစိတ် ပြင်းပြနေပါတော့သည်။



သို့သော် သုကျိန်းနှင့်ဆရာကြီးဂူဝေတို့သည် လူချင်းပူးပေါင်းသွားကြပြီး မည်သို့ ဆက်လက်တိုက်ခိုက်ကြသည်ကို ခွဲခြားသိမြင်ရန် ခက်ခဲသွားလေသည်။

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာလေသည်။

သုကျိန်းနှင့် ဆရာကြီးဂူဝေတို့ လူချင်းကွဲသွားကြပြီး နောက်ဆုတ်လိုက်ကြလေသည်။

သူတို့ ဆက်၍တိုက်ခိုက်ခြင်း မပြုကြတော့ပါ။

တိုက်ပွဲ ပြီးဆုံးသွားပြီ ဖြစ်လေသည်။

☼

သုကျိန်းက မလှုပ်မယှက် ရပ်နေသည်။

မြို့စားကြီးကား ဦးခေါင်းတဆတ်ဆတ် ညိတ်နေ၏။

သူ၏စကားကို နားထောင်ပြီး သိုင်းဆရာကြီးဂူဝေနှင့် သုကျိန်းတို့ ဆက်၍ တိုက်ခိုက်ခြင်းမပြုဘဲ နောက်ဆုတ်လိုက်ကြသည် ထင်မှတ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ယဉ်ကား အားမလိုအားမရ ဖြစ်နေသည်။

သုကျိန်း၏တိုက်ခိုက်မှုကို မတွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

သုကျိန်းက ...

"ဆရာကြီး ကျွန်တော်သွားလို့ ရပြီလားဗျာ"

ဟု မေးလိုက်လေသည်။

ဆရာကြီးဂူဝေ သက်ပြင်းချလိုက်သည်။

"မင်း မသွားပါနဲ့ဦး၊ ကျုပ်ဆီကို ရောက်လာပြီးမှတော့ တစ်ရက်တလေ အနားယူသွားပါ၊ ဒါမှမဟုတ်ရင် ဧည့်ဝတ်မကျေလို့ ကျုပ်က စိတ်ကောင်းနိုင်မှာ မဟုတ်ဘူး"

ဟု ပြောလေသည်။

ထိုစကားကြားလျှင် သုကျိန်းသာမက ယဉ်ယဉ်ပါ အံ့ဩသွားရလေတော့သည်။

ဆရာကြီးဂူဝေသည် အပြောင်းအလဲမြန်လှသည် မဟုတ်ပါလား။

သုကျိန်းက ...

"ကိစ္စမရှိပါဘူး ခင်ဗျာ၊ ကျွန်တော့်ကို သွားခွင့်ပြုပါ၊ ဆရာကြီးကို ကျေးဇူးတင်ပါတယ်"



ဟု ပြောလိုက်သည်။

ဆရာကြီးဂူဝေက ...

"မင်းက ကျုပ်ကို စိတ်ဆိုးနေလို့မဟုတ်လား"

"ဗျာ"

"ဒီမှာ ကျုပ်က မင်းကို တမင်စိတ်ဆိုးအောင်ပြောပြီး စိတ်စမ်းကြည့်လိုက်တာပါ"

သုကျိန်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ဆရာကြီး ဂူဝေက ...

"ကျုပ်နဲ့ မိုးထိတောင်အဘိုးအိုတို့ဟာ တကယ့် သွေးသောက်မိတ်ဆွေတွေပါ၊ သူမရှိတော့တဲ့နောက်ပိုင်း သူ့ရဲ့တပည့်တွေဟာ ထင်ရာစိုင်းနေကြတယ်လို့ သိရတယ်၊ ဒါကြောင့် ကျုပ်က မင်းရဲ့စိတ်ကို စမ်းသပ်ကြည့်လိုက်တာပါ"

သုကျိန်း ရင်ထိတ်သွားသည်။

ဆရာကြီးဂူဝေက အမှန်အတိုင်း ပြောနေခြင်းမှ ဟုတ်ပါ၏လော။

သူ၏အသွင်သည် အလွန်တည်ကြည်လေးနက်နေသည်ကို တွေ့ရလေသည်။

သူတို့နှစ်ယောက် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြရာတွင် ဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com



ဂူဝေ အရေးနိမ့်သွားသည်ကို ကာယကံရှင်နှင့် သုကျိန်းတို့သာ နားလည်ထားကြလေသည်။

သုကျိန်းသည် ဆရာကြီးဂူဝေအား အနိုင်ယူလိုက်မိသည့်အတွက် နောင်တရနေမိသည်။

သူ၏လုပ်ရပ်သည် ရိုင်းပျသွားပြီဟုလည်း တွေးနေမိလေသည်။

ဆရာကြီးဂူဝေက ...

"မောင်ရင်လေး ... ကျုပ်ဆီမှာ တစ်ရက်နှစ်ရက်လောက်အနားယူပါ။ ကျုပ်က ဧည့်ဝတ်ပြုပါရစေ"

ဟု ထပ်မံဖိတ်ခေါ်လေသည်။ သုကျိန်း မနေနိုင်တော့ပါချေ။

"ကောင်းပါပြီခင်ဗျာ"

ဟု သဘောတူလိုက်ရလေတော့သည်။

☼

ဆရာကြီးဂူဝေသည် သုကျိန်းနှင့်ယဉ်ယဉ်ကို လိုလေသေးမရှိ ဧည့်ခံကျွေးမွေးခဲ့လေသည်။



သူ၏ ဧည့်ဝတ်ကျေပွန်မှုကြောင့် သုကျိန်းမှာ အားတုံ့အားနာ ဖြစ်ရလေသည်။

မည်သို့ဆိုစေ ...

တစ်ညတာ တည်းခိုပြီး နောက်တစ်နေ့မနက် မိုးစင်စင်လင်းလာသည်နှင့် ထွက်သွားရန် ဆုံးဖြတ်ထားလေသည်။

☼

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီ ဖြစ်လေသည်။

နေရောင်ခြည်အောက်ဝယ် ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။

သုကျိန်းနှင့်ယဉ်ယဉ်တို့သည် ဆရာကြီးဂူဝေကို နှုတ်ဆက်ကာ ရှေ့ခရီးဆက်လာကြပြီ ဖြစ်လေသည်။

မြို့ပြင်သို့ရောက်လာသောအခါ ယဉ်ယဉ်က ...

"အစ်ကို ... ကျွန်မပြောစရာရှိလို့"

ဟု စကားစလိုက်လေသည်။

သုကျိန်းက ...

"ညီမ ဘာပြောချင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ယဉ်က ...

"ဆရာကြီးဂူဝေကို ကျွန်မ သဘောမကျဘူး"

ဟု ပြောလေသည်။

သုကျိန်း ခြေလှမ်းတုံ့ခနဲ ရပ်သွား၏။ ယဉ်ယဉ်ကို လှည့်ကြည့်လိုက်ပြီး ...

"ညီမ ဘယ်လိုပြောလိုက်တာလဲ"

ယဉ်ယဉ်က ...

"ဆရာကြီးဂူဝေကို သဘောမကျဘူးလို့ ပြောတာလေ"

သုကျိန်းက ...

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်သည်။

ယဉ်ယဉ်က ...

"သူဟာ ခုတစ်မျိုး တော်ကြာတစ်မျိုး ပြောင်းလဲတတ်လို့ပေါ့"

"ဩော်"

"သူဟာ ကောက်ကျစ်စဉ်းလဲမယ့်လူတစ်ယောက်လို့ ကျွန်မ ထင်တယ်"

သုကျိန်း သက်ပြင်းချလိုက်သည်။



"ထားလိုက်ပါတော့ ညီမရယ် ... သူလည်း နောင်တရလောက်ပြီ ထင်ပါတယ်"

သူက ဆရာကြီးဂူဝေကို အနိုင်ယူခဲ့သည်ဖြစ်၍ ထိုသို့ ပြောလိုက်ခြင်း ဖြစ်လေသည်။

ယဉ်ယဉ်က ...

"သူဟာ တကယ့်ကို အလိုကြီးတဲ့လူတစ်ယောက်ဆိုတာ သေချာတယ်"

သုကျိန်း သက်ပြင်းချလိုက်ရလေသည်။

ယဉ်ယဉ်က ...

"ထားပါတော့လေ၊ သူ့ဆီက ထွက်လာခဲ့ကြပြီပဲ၊ ဒါထက် အစ်ကို ဘယ်ကိုဆက်သွားမလဲဟင်"

သုကျိန်းက ...

"အမှတ်သုံးအစ်ကို စန်းဖုံးဆီကို သွားမယ်လို့ စိတ်ကူးထားတယ်၊ သူ့ကိုပါခေါ်ပြီး မိုးထိတောင်ကို သွားကြတာပေါ့"

ယဉ်ယဉ်က ...

"ကျွန်မလည်း လိုက်မယ်နော်"

သုကျိန်း ပြုံးလိုက်သည်။

"လိုက်ရမှာပေါ့၊ ကျန်းနန်ကိုရောက်တော့ ညီမရဲ့ အခြေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူကို လိုက်ရှာကြတာပေါ့၊ မကောင်းဘူးလား"

"ကောင်းပါတယ် အစ်ကို"

"ကဲ ... သွားကြရအောင်"

"ဟုတ်ကဲ့"

သူတို့နှစ်ယောက် ရှေ့ခရီးဆက်ရန် ဟန်ပြင်လိုက်ကြလေသည်။

ထိုစဉ် သုကျိန်း မသဲမကွဲ ညည်းညူလိုက်သည်။

သူ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသလို ခြေလှမ်း တုံ့ခနဲရပ်သွားလေသည်။

ယဉ်ယဉ်က ...

"အစ်ကို ဘာဖြစ်လို့လဲဟင်"

အလန့်တကြား မေးလိုက်လေသည်။

သုကျိန်းက ယဉ်ယဉ်ဘက်သို့ လှည့်လိုက်၏။

သူ၏မျက်နှာ သွေးဆုတ်ကာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

မျက်လုံးကြီးပြူးကာ ယဉ်ယဉ်ကိုကြည့်လိုက်သည်။

ယဉ်ယဉ်က ...

"အစ်ကို အစ်ကို"

သူမ အထိတ်တလန့် ခေါ်လိုက်စဉ် သုကျိန်းက ...



"ညီမ ကျွပ်"

တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်ပါသော်လည်း မပြောနိုင်တော့ပေ။

'ဝုန်း'

မြေပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

☼

သုကျိန်းသည် မြေပေါ်တွင် ဆန့်ဆန့်ကြီး လဲကျနေလေသည်။

ယဉ်ယဉ် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"အစ်ကို အစ်ကို"

သူမ တကြော်ကြော် ခေါ်လိုက်သော်လည်း သုကျိန်း တုတ်တုတ်မျှ မလှုပ်ချေ။

ယဉ်ယဉ်က ...

"ဒုက္ခပါပဲ ... ဘယ်လိုဖြစ်သွားသလဲ မသိဘူး"

သုကျိန်း၏သွေးကြောများကို စမ်းသပ်ကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ယဉ်သည် တောင်ဝိုင်းသိုင်းရာဇာ၏ တပည့်ဖြစ်သလို ထိပ်တန်းသိုင်းပညာများ တတ်မြောက်ထားသူ ဖြစ်ပါသည်။

သုကျိန်းနှင့်ဆိုလျှင် ရန်ဘက်များဖြစ်သည်ဟု ဆိုနိုင်၏။

သို့သော် သုကျိန်းသည် သူမအပေါ်တွင် စိတ်ကောင်းစေတနာထားပြီး ကူညီစောင့်ရှောက်ခဲ့သည် မဟုတ်ပါလား။

ယဉ်ယဉ်သည် သုကျိန်းအား စစ်ဆေးကြည့်လိုက်သောအခါ ...

"ဟင် ... သူက အဆိပ်မိထားပါလား"

ဟု လွှတ်ခနဲ ရေရွတ်လိုက်မိလေသည်။

သုကျိန်း အဆိပ်မိထားပြီဖြစ်သည်။

အဘယ့်ကြောင့်ပါနည်း။

ယဉ်ယဉ်သည် ဆရာကြီးဂူဝေ၏မျက်နှာကို ဖျတ်ခနဲ မြင်ယောင်လာလေသည်။

"လက်စသတ်တော့ ဒီလူယုတ်မာကြီးရဲ့လက်ချက်ကိုး"

ဟု ရေရွတ်လိုက်လေသည်။

မြေပေါ်လဲကျနေသည့် သုကျိန်းကို လှမ်းကြည့်လိုက်သည်။

သုကျိန်းကား အဆိပ်ဒဏ်ကြောင့် သတိလစ်မေ့မြောနေပြီ ဖြစ်ပါသည်။



ယဉ်ယဉ်သည် သုကျိန်းကိုကြည့်ရင်း အတွေးများ ကြွယ်ဝလာလေသည်။

"သူ့ကို တစ်ချိန်မှာ ငါ သုတ်သင်ပစ်ရမှာပဲ၊ ခုချိန်မှာ ရှင်းပစ်လိုက်ရင် ဘာမှပင်ပန်းစရာမလိုတော့ဘူး၊ ငါ့အတွက် အခွင့်အရေးပဲ"

ဟု တွေးလိုက်လေသည်။

သုကျိန်းသည် မလှုပ်မယှက် ရှိနေသည်။

ယဉ်ယဉ်သည် သုကျိန်းအား လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်လေသည်။

သို့သော် ...

သူမ၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာသည်။

လက်ကို ပြန်လည်ရုပ်သိမ်းလိုက်မိလေသည်။

သုကျိန်းသည် သူမအပေါ် စေတနာမှန်ဖြင့် ကူညီခဲ့သူ ဖြစ်ပါသည်။

သုကျိန်းသည် အဆိပ်မိထားပြီး သတိလစ်နေချိန်တွင် သူမက လုပ်ကြံသင့်ပါသလော။

ယဉ်ယဉ်က ...

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး၊ သူ့ကို ရင်ဆိုင်ချင်ရင် မျက်နှာချင်းဆိုင် ရင်ဆိုင်တာ အကောင်းဆုံးပဲ"

ဟု ဆုံးဖြတ်လိုက်လေသည်။

သုကျိန်း၏ အခြေအနေကို လက်ပိုက်ကြည့်နေ၍ မဖြစ်တော့ပါ။

"သူ့အတွက်၊ အဆိပ်ဖြေဆေးကို ရအောင်ရှာမှပဲ"

ယဉ်ယဉ်သည် သုကျိန်းအား ချုံဖုတ်များကြားထဲသို့ ဆွဲသွင်းထားလိုက်သည်။

ထို့နောက် ...

ကိုယ်ဖော့ပညာ အသုံးပြုကာ လျင်မြန်စွာ ပြေးလွှားသွားလေသည်။

သူမ၏ခြေလှမ်းများသည် ဆရာကြီးဂူဝေ၏ အိမ်သို့ ဦးတည်နေပါတော့သည်။

☼

"ဟား ဟား ဟား"

ဆရာကြီးဂူဝေက သဘောကျစွာ ရယ်မောလိုက်လေသည်။



သူက သုကျိန်းအား ရင်ဆိုင်တိုက်ခိုက်ကာ ဒဏ်နိုင်ယှဉ်ပြီးလျှင် မိုးထိတောင်အဘိုးအို၏တပည့်များ မလိမ္မာ၍ ဆုံးမလိုက်သည်ဟု သိုင်းလောက၌ ကြေညာရန် ဆုံးဖြတ်ထားလေသည်။

သို့သော် နှစ်ယောက်သား ရင်ဆိုင်လိုက်ကြသော်လည်း အနိုင်မရသည့်အပြင် အရေးနိမ့်ခဲ့ရလေသည်။

ဆရာကြီးဂူဝေ လန့်ဖျပ်သွားသည်။

သုကျိန်းကို အရေးနိမ့်လိုက်သဖြင့် အရှက်ကွဲ၍တော့မည့် အရေးကို မြင်ယောင်လာသည်။

ထို့ကြောင့် ဟန်ဆောင်ကာ ဖျုံဖျုံဂှာဂှာဆက်ဆံပြီး အဆိပ်ခတ် လုပ်ကြံလိုက်ခြင်း ဖြစ်ပေတော့သည်။

ဆရာကြီးဂူဝေသည် သဘောကျစွာ ရယ်မောလိုက်ပြီးမှ ...

"သုကျိန်း ... မင်း ဘာများတတ်နိုင်ဦးမှာလဲ"

ဟု ကြုံးဝါးလိုက်လေ၏။

ထိုစဉ် အစောင့်တစ်ယောက် ပြေးလွှားဝင်ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

ဂူဝေက ...

"ဘာကိစ္စလဲဟေ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သည်။

အစောင့်က ...

"လူတစ်ယောက်က စာတစ်စောင် လာပေးသွားပါတယ် ခင်ဗျာ"

ဟုပြောကာ စာတစ်စောင်ပေးလေသည်။

"ဘာပါလိမ့်"

ဆရာကြီးဂူဝေက စာကိုယူကာ ဖောက်ဖတ်လိုက်လေသည်။

စာထဲ၌ ...

*ဆရာကြီးဂူဝေ ...*

*တောင်ပိုင်းသိုင်းရာဇာကို စော်ကားမော်ကား ပြောဆိုတဲ့အတွက် တောင်ပိုင်းသိုင်းရာဇာရဲ့တပည့်က ဆုံးမလိမ့်မယ်။*

*သတိထားပါ။*

ဆရာကြီးဂူဝေ မျက်နှာပျက်သွားလေသည်။

စာလာပေး သော အစောင့်ကို ဒေါသတကြီး ကြည့်လိုက်ပြီး ...



"ဒီစာကို ဘယ်အချိန်တုန်းက လာပေးသွားတာလဲ၊ အဲဒီလူကော ဘယ်ရောက်သွားပြီလဲ"

ဟု ငေါက်လိုက်လေသည်။

အစောင့်က ...

"ထွက်သွားပါပြီ။ သူ့ကိုတွေ့ချင်ရင် မြို့ပြင်ကို လိုက်ခဲ့ပါလို့ မှာသွားပါတယ် ခင်ဗျာ"

ဆရာကြီးဂူဝေ တွေဝေသွားလေ၏။ အတန်ကြာ စဉ်းစားလိုက်ပြီးမှ ...

"ကောင်းပြီ ... သူ ဘယ်သူလဲဆိုတာ သိရအောင် ငါသွားကြည့်မယ်"

ဟု ဆုံးဖြတ်လိုက်သည်။

ဆရာကြီးဝေဂူသည် သူကျိန်းကို အရေးနိမ့်ခဲ့သော်လည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ရှိနေဆဲ ဖြစ်လေသည်။

ထို့ကြောင့်လည်း မြို့ပြင်သို့ လိုက်သွားရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပေတော့သည်။

✵

www.burmeseclassic.com

www.burmeseclassic.com



မြို့ပြင် ...။

ဆရာကြီးဝူဝေသည် မြို့ပြင်သို့ ထွက်လာခဲ့လေသည်။

သူ့အား စာလာပေးသွားသူသည် ရန်သူမဟုတ်ဟု ယုံကြည်ထား၏။

ရန်သူဖြစ်လျှင်လည်း မှုစရာမလိုဟု ထင်မိသည်။

အကယ်၍ သူ့အား စာလာပေးသွားသူမှာ တောင်ပိုင်းသိုင်းရာဇာ၏တပည့် တိမ်လွှာဆိုသည့် ပျံငှက်ဖြစ်နေကြောင်း သိနိုင်မည် ဆိုပါလျှင် ...။

မြို့ပြင်တွင် လူသွားလူလာ ရှင်းနေသည်။

ဆရာကြီးဝူဝေသည် ဟိုဟိုသည်သည်ကြည့်ရင်း လျှောက်လာခဲ့ရာ တစ်နေရာသို့ အရောက်တွင် ...

"ရှင် တကယ်ပဲ လာခဲ့တာကိုး"

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဆရာကြီးဝူဝေ ခြေလှမ်းရပ်သွားသည်။ စကားသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်၏။

ထိုအခါ ...

သစ်ပင်တစ်ပင်နောက်ကွယ်မှ လှမ်းထွက်လာသည့် ယဉ်ယဉ်ကို တွေ့လိုက်ရသည်။



ဆရာကြီးဝူဝေ မျက်မှောင်ကြုတ်သွားသည်။

"မင်း ... မင်း ..."

ယဉ်ယဉ်က ...

"ရှင့်မှာ အဆိပ်ဖြေဆေးပါသလား"

ဟု မေးလိုက်သည်။

ဆရာကြီးဝူဝေက ...

"အဆိပ်ဖြေဆေး"

"ဟုတ်တယ်"

"မင်း ဘာတွေ လာပြောနေတာလဲ"

ယဉ်ယဉ်က ...

"ရှင် မသိချင်ယောင်ဆောင်မနေပါနဲ့လေ၊ အစ်ကိုသုက္ကန်းကို ရှင်က အဆိပ်ခတ်လိုက်တယ် မဟုတ်လား"

ဆရာကြီးဝူဝေ မဲ့ပြုံး ပြုံးလိုက်သည်။

"ဟင်း ဟင်း ... သူက ငါ့ကိုယှဉ်လို့ ဘယ်ရမလဲ"

ဟု ပြောလိုက်သည်။

ယဉ်ယဉ်က ...

"သူဟာ အလစ်အငိုက်မိပြီး အဆိပ်မိသွားတာ၊ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရှိသေးတယ်"

"ဟား ဟား ဟား"

ဆရာကြီးဝူဝေက ရယ်မောလိုက်သည်။

"မင်းက ဘာတတ်နိုင်မှာမို့လဲ"

ဟု ပြောလိုက်သည်။

ယဉ်ယဉ်က ...

"ကျွန်မပေးလိုက်တဲ့စာကို ရှင်ဖတ်ရလိမ့်မယ်ထင်တယ်"

ဆရာကြီးဝူဝေက ...

"ဖတ်ရသားပဲ၊ အဲဒါဘာဖြစ်သလဲ"

ယဉ်ယဉ်က ...

"တောင်ပိုင်းသိုင်းရာဇာကို စော်ကားရင် သူ့တပည့်တွေက လက်ခံမှာ မဟုတ်ဘူးဆိုတာ ရှင်နားလည်သဘောပေါက်သင့်တယ်"

ဆရာကြီးဝူဝေက ...

"ကျုပ်က ဂရုစိုက်ရမှာလား"

ဟု အငေါ်တူးကာ ပြောလိုက်လေသည်။

ယဉ်ယဉ်က ...

"ရှင် ဒီလိုစော်ကားတာ သေချင်လို့လား"

"ဘာကွ"



"တောင်ပိုင်းသိုင်းရာဇာရဲ့တပည့် တိမ်လွှာဆိုတာကျွန်မပဲ"

ဆရာကြီးဝူဝေ ကြောင်အမ်းအမ်းဖြစ်သွားသည်။ ယဉ်ယဉ်ကို စိုက်ကြည့်ရင်း ...

"မင်းဟာ တောင်ပိုင်းသိုင်းရာဇာရဲ့ တပည့် ... ဟုတ်လား"

"ဟုတ်တယ်"

"ဟား ဟား ဟား"

ဆရာကြီးဝူဝေ ဟားတိုက်ရယ်မောလိုက်သည်။

ယဉ်ယဉ်က တည်ကြည်သောမျက်နှာထားဖြင့် ...

"အဆိပ်ဖြေဆေးပေးပါ"

လက်ဝါးဖြန့်ကာ တောင်းလိုက်သည်။ ဆရာကြီးဝူဝေ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က ဘာဖြစ်လို့ ပေးရမှာလဲ"

"ကောင်းပြီ"

ယဉ်ယဉ်သည် ရှည်ရှည်ဝေးဝေး ပြောမနေတော့ဘဲ ဆရာကြီး ဝူဝေထံသို့ ခုန်ဝင်ကာ လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေတော့သည်။

✲

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ယဉ်က စတင်တိုက်ခိုက်လိုက်လေသည်။

ဆရာကြီး ဂူဝေသည် သူမကို အထင်မကြီးပါချေ။

"မင်း ဘာတတ်နိုင်မှာမို့လဲ"

ဟု ကြုံးဝါးကာ လက်ဝှေ့ယမ်းလိုက်လေသည်။

ယဉ်ယဉ်သည် ချက်ချင်း နောက်ဆုတ်သွားရလိမ့်မည်ဟု ယုံကြည်ထားသည်။

သို့သော် ယဉ်ယဉ်သည် နောက်ဆုတ်မသွားသည့်အပြင် ဆရာကြီးဂူဝေကို ပြန်လည်တိုက်ခိုက်လိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်သည်နှင့် ...

'ဖြောင်း'

"အား"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဆရာကြီးဂူဝေ၏ လက်တစ်ဖက် တွဲလောင်းကျသွားသည်။ ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

ယဉ်ယဉ်က ဆက်၍တိုက်ခိုက်ခြင်း မပြုချေ။ ဆရာကြီး ဂူဝေကို စိုက်ကြည့်ကာ ...



"အဆိပ်ဖြေဆေးပေးပါ"

ဟု တောင်းလိုက်လေသည်။

ဆရာကြီးဂူဝေသည် ယဉ်ယဉ်ကို မယုံကြည်နိုင်စွာ ကြည့်နေပါသည်။

"မင်း ... မင်း ..."

စကား ထစ်ထစ်ငေါ့ငေါ့ဖြစ်ကာ ဘာမှ မပြောနိုင်ချေ။

ယဉ်ယဉ်က ...

"အဆိပ်ဖြေဆေး မပေးရင် ရှင် ပိုပြီးဒုက္ခရောက်သွားလိမ့်မယ်"

ဆရာကြီးဂူဝေ အံကြိတ်လိုက်သည်။

"ငါက မင်းကို ကြောက်နေရမှာလား၊ သေဖို့သာပြင်ထားတော့"

ဟု ကြုံးဝါးကာ အကောင်းပကတိ ကျန်နေသော လက်တစ်ဖက်ဖြင့် တိုက်ခိုက်လိုက်လေသည်။

ယဉ်ယဉ်က ...

"ရှင် ဒုက္ခရောက်ချင်နေပြီကိုး"

သူမသည် လက်ဝါးစောင်းနှစ်ဖက်ဖြင့် တရကြမ်း တိုက်ခိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏တိုက်ခိုက်မှုသည် သုကျိန်း၏တိုက်ခိုက်မှုထက် ပိုပြီး ပြင်းထန်နေသည်။

ဆရာကြီးဝူဝေမှာ ယဉ်ယဉ်ကို အလေ်သေးမိသဖြင့် ဒုက္ခရောက်သွားလေတော့သည်။

ယဉ်ယဉ်က ပြင်းထန်စွာ တိုက်ခိုက်လိုက်ရာ ...

'ဝုန်း'

"အား"

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာသည်။

ဆရာကြီးဝူဝေ၏ အကောင်းပကတိ ကျန်နေသော လက်တစ်ဖက် သွင်သွင်ကျိုးသွားကာ နောက်ဆုတ်လိုက်ရလေသည်။

ယခု ဆရာကြီးဝူဝေ၏ လက်နှစ်ဖက်စလုံး သွင်သွင်ကျိုးသွားပြီ ဖြစ်လေသည်။

ဆရာကြီးဝူဝေ ထိတ်လန့်နေသည်။

"မင်း မင်း ဘယ်သူလဲ"

ယဉ်ယဉ်က ဆရာကြီးဝူဝေကို စိုက်ကြည့်ရင်း ...

"အဆိပ်ဖြေဆေးပေးပါ"

ယခုတစ်ကြိမ် ဆရာကြီးဝူဝေ ခေါင်းမမာနိုင်ပါတော့ချေ။

"ကျုပ် ပေးပါ့မယ်ဗျာ"



အကျီအိတ်ထဲသို့ ခဲခဲယဉ်းယဉ်းနှိုက်ကာ အဆိပ်ဖြေဆေးပုလင်းအား ထုတ်ယူလိုက်လေသည်။

ယဉ်ယဉ်က အဆိပ်ဖြေဆေးပုလင်းကို ဖျတ်ခနဲ လုယူလိုက်ပြီးလျှင် ...

"အစ်ကိုသုကျိန်းအပေါ် အကောက်ကြံပြီး အဆိပ်ခတ်လိုက်တဲ့အတွက် ရှင့်ရဲ့လက်နှစ်ဖက်ကို အလျော်ယူလိုက်တာပဲ၊ ကျွန်မတို့ကိစ္စကို ဆက်ပြီး ရှင်းလိုက်ရအောင်"

"ဘာ"

ဆရာကြီးဝူဝေ၏အံသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

"ရှင်က တောင်ပိုင်းသိုင်းရာဇာကို စော်ကားခဲ့တယ် မဟုတ်လား"

"ကျုပ် ... ကျုပ် ..."

"ရှင်စော်ကားတဲ့အတွက် ရမယ့်အပြစ်ဒဏ်ကတော့ သေဒဏ်ပဲရှင့်"

"မင်း ... မင်း ..."

"ရှင် သေဖို့သာပြင်ထားပေတော့"

စကားဆုံးလျှင် ယဉ်ယဉ်က စတင်တိုက်ခိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဝှူဝေသည် ကြောက်အားလန့်အားခုခံရန် ကြိုးစား မိသော်လည်း သူ၏လက်နှစ်ဖက်မှာ အသုံးမဝင်တော့ပါ။

ယဉ်ယဉ်၏ ပြင်းထန်သောတိုက်ခိုက်မှုကို ခံလိုက်ရလျှင်...

'ဝုန်း'

"အား"

စူးရှကျယ်လောင်စွာ အော်ဟစ်ကာ မြေပေါ်လဲကျသွား လေတော့သည်။

✲✲✲



## ကိုယ့်ရှူးကိုယ်ပတ်

"အား ... ကျွတ် ကျွတ်"

သုကျိန်းသည် ညည်းညူရင်း သတိရလာလေသည်။

မျက်လုံးဖွင့်လိုက်သောအခါ စိုးရိမ်ပူပန်စွာဖြင့် အပေါ်မှ မိုးကြည့်နေသည့် ယဉ်ယဉ်ကို တွေ့လိုက်ရလေသည်။

"ဟင် ... ညီမ"

သုကျိန်း ကပျာကယာ လူးလိမ့်ထလိုက်လေသည်။

ယဉ်ယဉ်က ...

"အစ်ကို သတိရလာပြီနော်၊ ဝမ်းသာလိုက်တာရှင်"

သုကျိန်းက ...

"ကျုပ် ကျုပ် ဘယ်လိုဖြစ်သွားရတာလဲ"

ယဉ်ယဉ်က ...

"ကျွန်မလည်း မပြောတတ်ဘူး၊ တောလမ်းလေးက ဖြတ် လာရင်း အစ်ကိုလဲကျပြီး သတိလစ်သွားတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် သတိလစ်သွားတယ်"

"ဟုတ်တယ်လေ"

"ကျုပ် ဘယ်လိုဖြစ်သွားတာလဲ"

ယဉ်ယဉ် ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မလည်း မပြောတတ်တော့ပါဘူးရှင်"

သုကျိန်း ခေါင်းကုတ်လိုက်လေသည်။

"ထူးဆန်းလိုက်တာ၊ ကျုပ် ဒီလို တစ်ခါမှ မဖြစ်ခဲ့ဖူးဘူး ညီမရဲ့"

ယဉ်ယဉ် စိတ်ထဲမှ ကျိတ်ပြုံးလိုက်သည်။

သူမသည် ကောက်ကျစ်လှသည့် ဆရာကြီးဂူဝေထံမှ အဆိပ်ဖြေဆေးယူကာ သုတ်သင်ရှင်းလင်းခဲ့ကြောင်းကိုမူ ရှင်းမပြတော့ပေ။

သုကျိန်းက ကောင်းကင်ပေါ် မော့ကြည့်လိုက်သည်။ နေမွန်းတည့်တော့မည် ဖြစ်သည်။

"အချိန်တောင် အတော်လင့်သွားပြီ၊ ကျုပ်လည်း ဘာမှမဖြစ်တော့ဘူး၊ ရှေ့ခရီးဆက်ကြတာပေါ့၊ ညီမ ... ဘယ်လိုသဘောရသလဲ"

ယဉ်ယဉ်ကို မေးလိုက်လေသည်။



ယဉ်ယဉ်က သဘောတူလိုက်သည်။

"ဟုတ်ကဲ့ အစ်ကို ...သွားကြတာပေါ့"

နှစ်ယောက်သား ရှေ့ခရီးဆက်သွားကြလေသည်။

ယဉ်ယဉ်သည် တောင်ပိုင်းသိုင်းရာဇာ၏ တပည့်တစ်ယောက်ဖြစ်ကြောင်းကိုသာ သုကျိန်း သိနိုင်မည်ဆိုပါလျှင် ...။

✵

ကျန်းနန်နယ် ...။

ကျန်းနန်နယ်သည် လွန်စွာမှပင် သာယာလှပသော နယ်တစ်နယ် ဖြစ်လေသည်။

နွေမိုးဆောင်း ဥတုသုံးရာသီ သာယာလှပသော နယ်ဖြစ်၏။

ယခု သုကျိန်းနှင့်ယဉ်ယဉ်တို့သည် ကျန်းနန်နယ်သို့ ရောက်လာကြပြီ ဖြစ်လေသည်။ သုကျိန်းက ...

"ညီမရဲ့အဒေါ်ကို အရင်သွားရှာကြမလား"

သုကျိန်းက ယဉ်ယဉ်၏သဘောထားကို မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ယဉ်က အနည်းငယ်စဉ်းစားလိုက်ပြီးမှ ...

"အစ်ကိုသဘောပါပဲရှင်"

ဟု ပြောလိုက်လေသည်။

သုကျိန်းက ...

"ညီမ ... ကျုပ်တို့ဟာ မိုးထိတောင်ပေါ်မှာ ဆရာ့ရဲ့အုတ်ဂူကို သွားရောက်ကန်တော့ဖို့ တာဝန်ရှိကြတယ်၊ ကျုပ်တို့ဆရာရဲ့ ရန်သူ တောင်ပိုင်းသိုင်းရာဇာရဲ့တပည့်တွေဟာ သိုင်းလောကထဲကို ဆင်းလာကြပြီလို့သိရတယ်"

ယဉ်ယဉ်က ...

"တောင်ပိုင်းသိုင်းရာဇာရဲ့တပည့်တွေနဲ့ အစ်ကိုတို့ဟာ ရန်သူတွေ ... ဟုတ်လား"

ဟု မေးလိုက်သည်။

သုကျိန်း သက်ပြင်းချလိုက်သည်။

"ကျုပ်ကတော့ သူတို့အပေါ်မှာ ရန်သူလို သဘောမထားပါဘူး၊ ဒါပေမဲ့ သူတို့ကတော့ ကျုပ်တို့ကို ရန်သူလို သဘောထားနေကြမှာ သေချာပါတယ်"

ယဉ်ယဉ်က ...

"သူတို့က ဘာကြောင့် အစ်ကိုတို့ကို ရန်သူလိုသဘောထား



ချင်ရတာလဲ"

သုကျိန်းက ...

"သိုင်းပညာကြောင့်ပေါ့ ညီမရယ်"

"သိုင်းပညာကြောင့်"

"ဟုတ်တယ်"

ယဉ်ယဉ်က ...

"ကျွန်မ မသိလို့ ရှင်းပြပါလားရှင်"

တမင် မသိချင်ယောင်ဆောင်ကာ မေးလိုက်လေသည်။

သုကျိန်းက ...

"တစ်ချိန်ကတော့ သိုင်းလောကမှာ မိုးထိတောင်အဘိုးအိုနဲ့ တောင်ပိုင်းသိုင်းရာဇာဆိုတဲ့ သိုင်းသမားကြီးနှစ်ယောက် ရှိခဲ့ကြတယ်၊ သူတို့ဟာ သိုင်းပညာအထွတ်အထိပ်ရောက်နေကြပြီး သိုင်းလောကတစ်ခုလုံးရဲ့ ပြိုင်ဘက်ကင်းသိုင်းသမားကြီးဆိုတဲ့ ဘွဲ့ထူးကို ရလိုကြတယ်"

ယဉ်ယဉ်က ...

"နှစ်ယောက်စလုံး ဒီလိုရည်ရွယ်ချက်ရှိကြတယ်ဆိုရင် ထိပ်တိုက် ကြမှာပေါ့နော်"

ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သုကျိန်း ခေါင်းညိတ်လိုက်သည်။

"ဒါပေါ့ ... သူတို့နှစ်ယောက်ဟာ အမှန်ပဲ ထိပ်တိုက်ရင်ဆိုင် တွေ့ခဲ့ကြတယ်"

ယဉ်ယဉ်က ...

"လူချင်း ယှဉ်ပြိုင်ခဲ့ကြတော့ ဘယ်သူ အနိုင်ရသွားသလဲ ဟင်"

ဟု မေးလိုက်ပြန်သည်။

သုကျိန်းက ...

"ဘယ်သူမှ အနိုင်မရဘဲ သရေပွဲဖြစ်သွားခဲ့တယ်"

"ဩော်"

"သူတို့ဟာ ထပ်ပြီးယှဉ်ပြိုင်ကြဖို့ချိန်းဆိုခဲ့ကြပေမယ့် မကြာပါဘူး ... နှစ်ယောက်စလုံး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားခဲ့ကြတော့ ထပ်မယှဉ်ဖြစ်ခဲ့ဘူး"

ယဉ်ယဉ်က ...

"အစ်ကိုက တောင်ပိုင်းသိုင်းရာဇာရဲ့တပည့်တွေကျင်း မပြောဘူးလား"

သုကျိန်း ခေါင်းခါယမ်းလိုက်သည်။

"ရှင်းပြစရာ မလိုဘူးလေ၊ အဖြစ်အပျက်ကို အားလုံးက



သိနေကြတာပဲ"

ယဉ်ယဉ်က ...

"ဒါဆို တောင်ပိုင်းသိုင်းရာဇာရဲ့တပည့်တွေနဲ့ တွေ့ရင်ကော ဘယ်လိုလုပ်မလဲ"

သုကျိန်း ပခုံးတွန့်လိုက်၏။

"ရင်ဆိုင်ဖို့ပဲ ရှိတာပေါ့ညီမရယ်"

"ဟင်"

ယဉ်ယဉ် လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။ သုကျိန်းကို အံ့သြတကြီး ကြည့်လိုက်ပြီး ...

"အစ်ကိုက သူတို့နဲ့ ရင်ဆိုင်မယ် ... ဟုတ်လား"

ဟု မေးလိုက်လေသည်။

သုကျိန်းက ...

"သူတို့နဲ့တွေ့မှတော့ ရင်ဆိုင်ဖို့ပဲ ရှိတော့တာပေါ့၊ ရှောင်လို့မှ မရတော့ဘဲ၊ ပြီးတော့ ..."

"ပြီးတော့ ဘာဖြစ်သလဲ အစ်ကို"

သုကျိန်းက ...

"ဆရာမှာခဲ့တဲ့ စကားရှိနေတာပဲ ညီမရယ်"

ယဉ်ယဉ် စိတ်ဝင်စားလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို့ဆရာက ဘာများ မှာကြားသွားလို့လဲဟင်"

သူကျိန်းက ...

"သိုင်းပညာကို ကြိုးစားလေ့ကျင့်ရမယ်၊ ပြီးတော့ တောင်ဝိုင်းသိုင်းရာဇာရဲ့ တပည့်တွေနဲ့တွေ့ရင် အနိုင်ရအောင် ယှဉ်ပြိုင်ရမယ်လို့ မှာကြားသွားတယ်"

"ဩော်"

ယဉ်ယဉ် ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

ယခု သူမသည် အခြေအနေမှန်ကို နားလည်သဘောပေါက်ပြီ ဖြစ်လေသည်။

သူကျိန်းသည် ဆရာဖြစ်သူ၏စကားကို မြေဝယ်မကျ နားထောင်မည့်သူ ဖြစ်နေသည်။

သူမကော မည်သို့ ဆုံးဖြတ်ရမည်နည်း။

သူမကလည်း ဆရာဖြစ်သူ၏စကားကို နားထောင်ရလိမ့်မယ် မဟုတ်ပါလား။

သူကျိန်းက ...

"အစ်ကို ထင်တယ် ... တောင်ဝိုင်းသိုင်းရာဇာရဲ့တပည့်တွေလည်း မိုးထိတောင်ကို ရောက်လာကြလိမ့်မယ်"

ယဉ်ယဉ်က ...



"ဒါကြောင့် ဒေါ်ဒေါ်ဆီကိုကျွန်မကို အရင်ဆုံးလိုက်ပို့ပေးဖို့ အစ်ကို ဆုံးဖြတ်လိုက်တာပေါ့ ... ဟုတ်လား"

သူကျိန်းက ဘာမှမပြောဘဲ နေလိုက်လေသည်။

ယဉ်ယဉ်က ...

"ကောင်းပါပြီရှင် ... ဒေါ်ဒေါ်ဆီကို ကျွန်မသွားပါ့မယ်"

ဟု ပြောလိုက်လေသည်။

☼

ယဉ်ယဉ့်တွင် အဒေါ်တစ်ယောက် အမှန်ပင်ရှိနေပါသည်။

သူမ၏အဒေါ်ထံသို့ သူကျိန်းအား ခေါ်ဆောင်သွားလေသည်။

ယဉ်ယဉ်၏အဒေါ်သည် လှပသော ခြံဝင်းတစ်ခုအတွင်း၌ နေထိုင်လျက်ရှိလေသည်။

ခြံဝင်းအတွင်း၌ ရောင်စုံပန်းများ ဝွားဝွားစွင့်စွင့် ဖူးပွင့်လျက်ရှိပေသည်။

ပန်းရနံ့များဖြင့် ခြံဝင်းတစ်ခုလုံး ကြိုင်လှိုင်သင်းပျံ့နေသည်။

ပျားပိတုန်း လိပ်ပြာများသည် ဟိုမှသည်မှ ပျံဝဲကာ ပန်း

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရည် စုပ်ယူနေကြသည်။

သုကျိုန်းနှင့်ယဉ်ယဉ်တို့ ထိုခြံဝင်းအတွင်းသို့ ဝင်လာခဲ့ကြလေသည်။

ယဉ်ယဉ်က ...

"အစ်ကို ... ကျွန်မအဒေါ်ရဲ့ ခြံက မသာယာဘူးလားဟင်"

ဟု မေးလိုက်လေသည်။

သုကျိုန်း ပြုံးလိုက်သည်။

"ဘယ်လိုပြောလိုက်တာလဲ ညီမရယ်၊ ဒီလောက်လှပတဲ့ နေရာမျိုးကို အစ်ကို မတွေ့ဖူးသေးဘူး"

ယဉ်ယဉ်က ...

"ဒေါ်ဒေါ်က အလှအပကြိုက်တယ်လေ၊ ပြီးတော့ သိပ်သဘောကောင်းတာရှင့်"

"ဪ"

နှစ်ယောက်သား ပန်းပင်များကြားမှဖြတ်ကာ လျှောက်လာခဲ့ကြရာ ...

မကြာပါချေ ... သေးငယ်သော်လည်း လှပစွာဆောက်လုပ်ထားသည့် အိမ်လေးတစ်လုံးကို တွေ့မြင်လိုက်ရသည်။

"အဲဒါ ဒေါ်ဒေါ်ရဲ့အိမ်ပေါ့"



သူတို့အိမ်ရှေ့သို့ ရောက်သွားသောအခါ ပန်းပင်များကြား၌ အလုပ်ရှုပ်နေသော အမျိုးသမီးကြီးတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ယဉ်ယဉ်က ...

"ဒေါ်လေးကူး"

ဟု ခေါ်လိုက်လေသည်။

သူမ၏အသံကြောင့် အမျိုးသမီးကြီး လှည့်ကြည့်လာပါသည်။

ယဉ်ယဉ့်ကိုမြင်လျှင် ...

"ဟင် ... ညည်းရောက်လာပြီကိုး"

ဟု ဝမ်းသာအားရ ပြောလေသည်။

သုကျိုန်းကား ထိုအမျိုးသမီးကြီး၏ မျက်နှာကိုမြင်လျှင် ဝမ်းမသာနိုင်အောင် ဖြစ်သွားလေသည်။

အကြောင်းမှာ ...

ထိုအမျိုးသမီးကြီးသည် မျက်နှာတွင် ကျောက်ပေါက်ရာ အမာရွတ်များ ဗရပွနှင့်နေပြီး ကြောက်မက်ဖွယ်ကောင်းအောင် အရုပ်ဆိုးအကျည်းတန်နေခြင်းကြောင့် ဖြစ်လေသည်။

ယဉ်ယဉ်က ...

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဒေါ် ... ဒါ ကျွန်မရဲ့ကျေးဇူးရှင်ပါ။ သုကျိုန်းလို့ ခေါ်ပါတယ်ရှင်"

ဟု သုကျိုန်းနှင့် မိတ်ဆက်ပေးလိုက်လေသည်။

သုကျိုန်းက ဦးညွှတ်ဂါရဝပြုလိုက်သည်။

"ကျွန်တော်က သုကျိုန်းပါခင်ဗျာ"

အမျိုးသမီးကြီးက ...

"ကျုပ်ကို ဒေါ်လေးကူးလို့ ခေါ်နိုင်ပါတယ်၊ ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေးပေါ့ကွယ်"

"ဟုတ်ကဲ့ခင်ဗျ"

"ကဲ လာ ... အိမ်ထဲဝင်ကြဦး"

ဒေါ်လေးကူးဆိုသည့် အမျိုးသမီးကြီးက ဦးဆောင်ခေါ်သွားလေသည်။

သုကျိုန်းနှင့်ယဉ်ယဉ်တို့လည်း လိုက်သွားကြသည်။

ဒေါ်လေးကူးသည် သူတို့အား လိုလေသေးမရှိ ဧည့်ခံကျွေးမွေးခဲ့လေသည်။

ရုပ်ဆိုးသော်လည်း သဘောကောင်းလှသော ဒေါ်လေးကူးကြောင့် သုကျိုန်းမှာ ယဉ်ယဉ်အတွက် စိတ်ချသွားရလေတော့သည်။

☼



ညနေစောင်းပြီ ဖြစ်သည်။

သုကျိုန်းနှင့် ယဉ်ယဉ်တို့သည် မြို့ထဲသို့ ရောက်လာကြလေသည်။

ယဉ်ယဉ်က ဒေါ်လေးကူးထံ၌ ခွင့်တောင်းကာ သုကျိုန်းကို လိုက်ပို့ခြင်းဖြစ်သည်။

ယခု သူမတို့နှစ်ယောက်သည် လမ်းခွဲကြရတော့မည် ဖြစ်သည်။

ယဉ်ယဉ်သည် ဒေါ်လေးကူးနှင့်အတူ နေရစ်ခဲ့တော့မည်ဖြစ်လေသည်။

ယဉ်ယဉ်က ...

"အစ်ကို ... မိုးထိတောင်ကို ဆက်သွားဦးမှာလားဟင်"

ဟု မေးလေသည်။

သုကျိုန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ညီမ ... မိုးထိတောင်ပေါ်က ဆရာ့ရဲ့အုတ်ဂူကို အရောက်သွားပြီး ဂါရဝပြုရလိမ့်မယ်"

ယဉ်ယဉ်က ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း မိုးထိတောင်ကို လိုက်ခဲ့ချင်တယ်"

သုကျိန်းက ...

"အစ်ကိုလည်း ခေါ်သွားချင်ပါတယ်၊ ဒါပေမဲ့ မလိုက်ပါနဲ့ ညီမရယ်၊ အန္တရာယ်များပါတယ်"

ယဉ်ယဉ်က ...

"တောင်ဝိုင်းသိုင်းရာဇာရဲ့တပည့်တွေကို သတိထားပါနော်"

"စိတ်ချပါ ညီမရယ်"

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ခွဲခွာရတော့မည်မို့ ရင်ထဲ ခံစားနေရသည်။

မဖျော်လင့်ဘဲ တစ်ယောက်ကိုတစ်ယောက် သံယောဇဉ်ငြိတွယ်မိကြပြီ မဟုတ်ပါလား။

ထိုစဉ် ...

"ဟော့ ညီလေး"

ရုတ်တရက် ခေါ်သံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

သုကျိန်း လှမ်းကြည့်လိုက်သောအခါ ပန်းရောင်ဝတ်ဆင်



ထားသူတစ်ယောက် မြေလှမ်းကျဲကျဲဖြင့် လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူကိုမြင်လျှင် သုကျိန်း ဝမ်းသာသွားသည်။

"အစ်ကိုစန်းဖုံး"

ဟု လွှတ်ခနဲ ခေါ်လိုက်သည်။

မှန်ပေသည် ...။

ထိုလူမှာ မိုးထိတောင်အဘိုးအို၏ တပည့်ခုနစ်ယောက်အနက် တတိယမြောက် စန်းဖုံးဖြစ်လေသည်။

သုကျိန်းနှင့်အတူ သွေးသောက်ခုနစ်ယောက်ရှိသည့်အနက် တတိယမြောက် စန်းဖုံးတစ်ယောက်သာလျှင် ကျန်ပါတော့သည်။

ကျန်သွေးသောက်ညီအစ်ကိုများကား အကြောင်းအမျိုးမျိုးကြောင့် သေဆုံးသွားကြပြီဖြစ်သည်။

နောက်ဆုံးကျန်နေသော စန်းဖုံးကို တွေ့လိုက်ရသဖြင့် သုကျိန်း ဝမ်းသာသွားခြင်း ဖြစ်ပါတော့သည်။

စန်းဖုံးသည် အနီးသို့ရောက်လာပြီး သုကျိန်း၏ပခုံးကို လှမ်းပုတ်လိုက်လေသည်။

"ညီလေး သုကျိန်း ... မင်း ဘယ်တုန်းက မြို့ပြည်ကို ဆင်းလာခဲ့တာလဲ၊ မင်းက အချောအလှတွေနဲ့ ကြီးပွားနေပါလား ..."

www.burmeseclassic.com

www.burmeseclassic.com



ဟု ရယ်ရယ်မောမော ပြောလေသည်။

သုကျိန်း မျက်နှာပျက်သွားသည်။

"ဟာ ... အစ်ကိုကလည်း ဘာတွေလျှောက်ပြောနေတာလဲ၊ ဒါ ကျွန်တော့်မိတ်ဆွေပါ"

"မိတ်ဆွေ"

စန်းဖုံးသည် ယဉ်ယဉ်ကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်လေသည်။

ယဉ်ယဉ်သည် နတ်မိမယ်လေးအလား ချောမောလှပသူ တစ်ယောက် မဟုတ်ပါလား။

စန်းဖုံး သဘောကျစွာ ပြုံးလိုက်သည်။

"ငါ့ညီရဲ့မိတ်ဆွေဆိုရင် အစ်ကို့ကို မိတ်ဆက်ပေးပါလားကွ"

ဟု ပြောလာလေသည်။

သုကျိန်းသည် စန်းဖုံးကိုကြည့်ရင်း စိတ်ပျက်သွားပါတော့သည်။

သို့သော် ... စန်းဖုံးက တောင်းဆိုလာနေသည်ဖြစ်ရကား မတတ်သာတော့ဘဲ ...

"ညီမ ... ဒါ ကျုပ်ရဲ့ သွေးသောက်အစ်ကို စန်းဖုံးပါ"



"အစ်ကိုလတ် ... ဒါကတော့ ကျွန်တော့်မိတ်ဆွေ ယဉ်ယဉ်ပါဗျာ"

ဟု မိတ်ဆက်ပေးလိုက်ရလေတော့သည်။

စန်းဖုံးက ...

"ညီမလေး ... ကျုပ်ကို သေသေချာချာ မှတ်ထားပါ၊ ကျုပ်ဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့တဲ့ မိုးထိတောင်အဘိုးအိုရဲ့ တပည့်ခုနစ်ယောက်ထဲက တတိယတပည့်ပါ၊ ဘယ်လိုအခက်အခဲပဲရှိရှိ ဘယ်လိုအကူအညီပဲလိုလို ပြောပါ ... ကျုပ်ကူညီပေးပါ့မယ်၊ ဟုတ်ပြီလား ... ဟဲ ဟဲ ဟဲ"

ရယ်သွမ်းသွေးကာ ပြောလိုက်လေသည်။

ယဉ်ယဉ်က အသိအမှတ်ပြုသည့်သဘောဖြင့် ခေါင်းညိတ်ပြလိုက်ပြီး ...

"ကျေးဇူးတင်ပါတယ်ရှင်"

ဟုပြောလိုက်လေသည်။

စန်းဖုံးက ...

"ကဲ ညီလေး ... ကြိုတုန်းဆုံတုန်း တစ်ခုခု စားသောက်ရအောင်၊ ဟောဒီညီမလေးကိုလည်း ခေါ်ခဲ့၊ အစ်ကို ကျွေးမွေးပါ့ရစေ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဖိတ်ခေါ်လာလေသည်။ သုကျိန်းက ...

"အစ်ကိုလတ် ... ကျွန်တော်တို့ မိုးထိတောင်ကို သွားရဦးမယ်မဟုတ်လား"

စန်းဖုံးက ...

"ညီလေးကလည်းကွာ ... အချိန်တွေအများကြီး ရှိပါတယ်၊ အေးအေးဆေးဆေးပေါ့၊ ကဲ ... လာ လာ"

ရှေ့မှ ဦးဆောင်ခေါ်သွားလေသည်။

သုကျိန်းနှင့်ယဉ်ယဉ်တို့ မငြင်းနိုင်ကြတော့ဘဲ လိုက်ပါသွားကြရလေတော့သည်။

✵

စန်းဖုံး ...။

စန်းဖုံးသည် မိုးထိတောင်အဘိုးအို တပည့်ခုနစ်ယောက်တွင် ပါဝင်သူ ဖြစ်လေသည်။

အခြားတပည့်များသည် ဝါသနာအမျိုးမျိုးဖြင့် ထင်ရာစိုင်းနေကြ၏။

ယခု ...



စန်းဖုံးသည်လည်း မည်သို့သောအခြေအနေ ရှိနေပါသနည်း။

ထိုအချက်ကို များမကြာမီ သုကျိန်း သတိပြုမိလိုက်လေတော့သည်။

စန်းဖုံးသည် မိန်းမပွေသူတစ်ယောက် ဖြစ်နေသည်တကား။

စားသောက်ဆိုင်သို့အရောက်တွင် စန်းဖုံးက လိုလေသေးမရှိ မှာကြားကျွေးမွေးလေသည်။

သုကျိန်းကို ရှိသည်ဟုပင် သဘောမထားတော့ပါ။

ယဉ်ယဉ်ကိုသာ စကားဖောင်ဖွဲ့လောက်အောင် ပြောပြီးရင်းနှီးမှုရယူလေသည်။

မိန်းကလေးတစ်ယောက် အထင်ကြီးလာနိုင်လောက်အောင် အပြောကောင်းသူ ဖြစ်နေသည်။

တော်ရုံတန်ရုံ မိန်းကလေးဆိုလျှင် စန်းဖုံးကို အထင်ကြီးသာသဘောကျသွားမည့် ဖြစ်လေသည်။

ယဉ်ယဉ်ကား ...

နှယ်နှယ်ရရ မိန်းကလေးတစ်ယောက် မဟုတ်ပါ။

သူမသည် စန်းဖုံး၏ရည်ရွယ်ချက်ကို ကောင်းစွာသိနေ၏

www.burmeseclassic.com

www.burmeseclassic.com



စန်းဖုံးပြောသမျှ ပြုံး၍ နားထောင်နေလေသည်။ စန်းဖုံးကို စိတ်ဝင်စားသယောင် ဖော်ပြနေသည်။

အမှန်တော့ ...

သူမသည် မိုးထိတောင်အဘိုးအို၏ တပည့်တစ်ယောက်ဖြစ်သော စန်းဖုံးကို လှည့်ကွက်ဆင်နေခြင်း ဖြစ်ပါတော့သည်။

သုကျိန်းသည် စန်းဖုံးနှင့်ယဉ်ယဉ်တို့ ရင်းရင်းနှီးနှီး ဖြစ်နေကြသည်ကို သဘောကျနေ၏။

စန်းဖုံးသည် ကောင်းသူတစ်ယောက်မဟုတ်ကြောင်းလည်း သဘောပေါက်လာသည်။

မည်သို့ဆိုစေ ...

ယဉ်ယဉ်က ကျေကျေနပ်နပ် လက်ခံနေသဖြင့် မည်သို့မျှ မပြောသာအောင် ရှိနေပါသည်။

စန်းဖုံးနှင့်ယဉ်ယဉ်တို့သည် သုကျိန်းရှိနေသည်ဟုပင် သဘောမထားကြတော့ချေ။

ကြာသော် ...

သုကျိန်း သည်းမခံနိုင်တော့ပါ။

"ကဲ ... အစ်ကိုလတ်တို့ စကားပြောနေကြဦး၊ ကျွန်တော် အပြင်သွားလိုက်ဦးမယ်"



ဟုပြောကာ ရှောင်ထွက်လာခဲ့လေတော့သည်။

✵

•

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားပြီ ဖြစ်ပါသည်။

အိမ်တိုင်းအိမ်တိုင်းတွင် မီးအိမ်များ ထွန်းညှိထားလိုက်ကြပြီ ဖြစ်သည်။

လမ်းပေါ်၌ အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသူများ ဥဒဟို သွားလာနေကြဆဲ။

သုကျိန်းသည် ဟိုဟိုသည်သည် ငေးမောရင်း မင်းလမ်းမကြီးအတိုင်း လျှောက်လာခဲ့လေသည်။

သူ၏စိတ်များ လွင့်ပျံ့နေသည်။ စိတ်နှင့် ခန္ဓာကိုယ် ကင်းကွာနေသည် ဆိုနိုင်၏။

ဦးတည်ရာမဲ့ကာ ခြေဦးတည့်ရာ လှမ်းသွားနေခြင်း ဖြစ်ပါသည်။

သူ၏မျက်လုံးထဲ၌ ရယ်ရယ်မောမော စကားပြောနေကြသည့် ယဉ်ယဉ်နှင့်စန်းဖုံးတို့အား မြင်ယောင်နေမိသည်။

သူတို့သည် ယနေ့ညနေမှ စတင်တွေ့ဆုံ သိကျွမ်းခဲ့ကြခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။

အဘယ်ကြောင့်များ သိဟောင်းကျွမ်းဟောင်းများကဲ့သို့ ရင်းနှီးခင်မင်ပါသနည်း။

သုကျိန်း၏ရင်ထဲ မနာလိုစိတ်များ ဖြစ်ပေါ်လာသည်။

ယဉ်ယဉ်ကို မကျေမနပ် ဖြစ်လာသည်။

ယဉ်ယဉ်သည် သူ့ထက်ပိုပြီး စန်းဖုံးအား အခွင့်အရေးပေးသလို ရှိနေသည် မဟုတ်ပါလား။

သုကျိန်း တွေဝေငေးမောကာ လျှောက်သွားနေစဉ်မှာပင်...

‘ဝှစ်’

လေတိုးသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရုတ်တရက် သုကျိန်းသည် သတိဝင်လာသည်။

တစ်စုံတစ်ယောက်က လက်နက်ပုန်းဖြင့် တိတ်တဆိတ် ချောင်းမြောင်း ပစ်ခတ်ထားသည်ဟု သဘောပေါက်လိုက်သည်။

ထို့ကြောင့် ဝဲဘက်သို့ ကပျာကယာ ခုန်ရှောင်လိုက်လေသည်။

သုကျိန်း အချိန်မီလေး သတိဝင်လာသဖြင့် ကံကောင်းသွားသည်ဟု ဆိုနိုင်ပါတော့သည်။



‘ရှီ’

ပစ်လွှင့်လာသော လက်နက်ပုန်းသည် သူ၏နံဘေးမှ ပွတ်ကာ သီကာလေး ဖြတ်ကျော်သွားလေတော့သည်။

အကယ်၍ လက်နက်ပုန်းသာ ထိမှန်သွားမည်ဆိုပါလျှင် မည်သို့သောအန္တရာယ်မျိုးနှင့် ဆက်လက်ရင်ဆိုင်ရမည် မဆိုသာတော့။

သုကျိန်းသည် ပတ်ဝန်းကျင်ကို သတိထားကြည့်လိုက်လေသည်။

ထိုအခါ ...

မလှမ်းမကမ်းရှိ လမ်းကြားတစ်ခုအတွင်းသို့ လူရိပ်တစ်ခု လှစ်ခနဲ ပြေးဝင်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

သုကျိန်း ဒေါသူသွားသည်။

“လက်နက်ပုန်းနဲ့ ချောင်းပစ်ပြီး ခုမှထွက်ပြေးလို့ ရမလား”

ဟု စိတ်ထဲမှ ကြိုးဝါးလိုက်သည်။

ချက်ချင်းပင် လမ်းကြားအတွင်းသို့ ပြေးလိုက်သွားလေသည်။

လမ်းကြားထဲသို့ရောက်သောအခါ လူတစ်ယောက်သည် သွင်မြန်စွာ ပြေးလွှားသွားနေသည်ကို တွေ့ရလေသည်။

“မင်း ဘယ်လောက်ပြေးနိုင်မလဲ”

www.burmeseclassic.com

www.burmeseclassic.com



သုကျိန်းက ကြုံးဝါးရင်း တစ်ဟုန်ထိုး ပြေးလိုက်သွားလေတော့သည်။

☼

ရှေ့မှ ပြေးသွားသူသည် လူရှင်းသော မြို့ဖွန်တစ်နေရာသို့အရောက်တွင် ဆက်၍ ပြေးလွှားသွားခြင်း မရှိတော့ဘဲ ခြေလှမ်းရပ်လိုက်လေသည်။

နောက်မှလိုက်လာသည့် သုကျိန်းအား စောင့်နေသည့်သဘော ဖြစ်လေသည်။

မကြာပါချေ ...။

သုကျိန်း ပြေးလွှားရောက်ရှိလာလေသည်။

ထိုလူက ရပ်စောင့်နေသည်ကိုတွေ့ရလျှင် သုကျိန်း ခြေလှမ်းရပ်လိုက်သည်။

ထိုလူကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်လေသည်။

ထိုလူက ...

"မိုးထိတောင်အဘိုးအိုရဲ့ တပည့်တွေထဲမှာ အသက်ရှင်လျက် မင်းတစ်ယောက်ပဲ ကျန်တော့တယ်"



ဟု ပြောလာလေသည်။

"ဟား ဟား ဟား"

ထိုစကားကြောင့် သုကျိန်းက ရယ်မောလိုက်လေသည်။

"ခင်ဗျားက ကျုပ် ဘယ်သူလဲဆိုတာ သိနေတာကိုး၊ ဒါပေမဲ့ ခင်ဗျားမှားသွားပြီ၊ ကျုပ်တစ်ယောက်တည်းအသက်ရှင်နေတာ မဟုတ်ဘူးဗျ"

ထိုလူက ...

"ငါ့စကားမှန်တယ်ဆိုတာ မကြာခင် မင်းသိရပါလိမ့်မယ်၊ မင်းလည်း ငါ့လက်ချက်နဲ့ သေရမှာပါ"

သုကျိန်းက ...

"ခင်ဗျားဘယ်သူလဲ၊ ကျုပ်တို့ ရန်ငြိုးရန်စမရှိဘူးထင်တယ်၊ ခင်ဗျားက ဘာကြောင့် ကျုပ်ကို ဒီလောက်တောင် မုန်းတီးနေရတာလဲဗျ"

ထိုလူက ...

"မင်း သဘောမပေါက်သေးဘဲကိုး၊ တို့တစ်တွေ ရန်ငြိုးရန်စမရှိကြပေမယ့် ငါက မိုးထိအောင်အဘိုးအိုရဲ့လူဆိုရင် သတ်သင်ပစ်မယ်လို့ ဆုံးဖြတ်ထားတယ်လေ"

သုကျိန်း မျက်မှောင်ကြုတ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ခင်ဗျားဟာ တောင်ပိုင်းသိုင်းရာဇာနဲ့ ပတ်သက်နေတာပေါ့ ... ဟုတ်လား"

ထိုလူရယ်မောလိုက်လေသည်။

"သိပ်မှန်တာပေါ့၊ ဟဲ ဟဲ ဟဲ ... ငါက မင်းကို ဆုံးမသုတ်သင်ပစ်မှပေါ့"

သုကျိန်းက ထိုလူအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်လေသည်။

ထိုလူသည် အနက်ရောင်ဝတ်ထားပြီး မျက်နှာဖုံးစွပ်ကာ ရုပ်ဖျက်ထားလေသည်။

မည်သူမည်ဝါဖြစ်ကြောင်း ရုတ်တရက် မသိနိုင်ပါချေ။

သုကျိန်းက ...

"သတ္တိရှိရင် မျက်နှာဖုံးချွတ်လိုက်ပါ"

ဟု ပြောလိုက်သည်။ ထိုလူက ...

"စိတ်ချ ... မင်း သေခါနီးကျရင် ကျုပ်ရဲ့မျက်နှာကို တွေ့မြင်ခွင့်ရပါလိမ့်မယ်"

သုကျိန်း စိတ်ပျက်သွားလေသည်။

ထိုလူနှင့် ရင်မဆိုင်၍မရနိုင်တော့မှန်းလည်း သဘောပေါက်လိုက်လေသည်။



ထို့ကြောင့် ...

"ကောင်းပြီ ... ခင်ဗျားကစမလား ကျုပ်က စရမလားပြောပါ"

ဟု မေးလိုက်သည်။

"ဘယ်သူကပဲစစ အရေးမကြီးပါဘူး၊ မင်းသာ သတိထားပေတော့"

စကားဆုံးသည်နှင့် ထိုလူသည် လက်နှစ်ဖက် ဝှေ့ယမ်းလိုက်လေ၏။

'ဝှစ် ဝှစ် ဝှစ်'

စူးရှသော လေတိုးသံနှင့်အတူ လက်နက်ပုန်းလေးများ တစ်ဟုန်ထိုး ပစ်လွှင့်လာလေသည်။

"ခင်ဗျားပညာ ဒါအကုန်ပဲလား"

သုကျိန်းက ကြိုးဝါးကာ လက်ဝှေ့ယမ်း၍ ကာကွယ်လိုက်လေသည်။

လေပွေလှိုင်းတစ်ခု ရုတ်တရက် ဖြစ်ပေါ်လာပြီး လက်နက်ပုန်းလေးများ မြေပေါ်သို့ တဖြုတ်ဖြုတ် ပြုတ်ကျသွားအါး၊

ထိုလူသည် လက်နက်ပုန်းဖြင့် တိုက်ခိုက်ရာ အရေးမကြီးမှန်းသိလျှင် ...

www.burmeseclassic.com

www.burmeseclassic.com



"သေပေတော့"

ဟု ကြုံးဝါးကာ လျှပ်တစ်ပြက် ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

"သေပေတော့"

ဟု ကြုံးဝါးကာ လျှပ်တစ်ပြက် ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ထိုလူ၏သိုင်းပညာမှာ မခေမှန်း ရိပ်မိသဖြင့် သုကျိန်းလည်း သတိကြီးစွာထားကာ ပြန်လည်ခုခံ တိုက်ခိုက်လိုက်လေတော့သည်။

ထိုလူနှင့် သုကျိန်းတို့ သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နေကြချိန်တွင်။

✻

စားသောက်ဆိုင်ထဲ၌ တစ်စထက်တစ်စ လူစည်ကားလာ၏။

ယဉ်ယဉ်နှင့်စန်းဖုံးတို့ကား မျက်နှာချင်းဆိုင်ထိုင်ကာ စားသောက်နေကြဆဲ ဖြစ်လေသည်။



သုကျိန်းကား အပြင်ထွက်သွားပြီး ဆိုင်ထဲပြန်လည်ဝင်ရောက်လာခြင်း မရှိတော့ချေ။

စန်းဖုံးသည် လုံးဝဂရုမစိုက်ဘဲ ယဉ်ယဉ်ကိုသာ တရင်းတနှီး ပြောဆိုနေလေသည်။

ယဉ်ယဉ်က စန်းဖုံး၏စကားများတို့ သဘောကျသည့်အလား ရယ်ရယ်မောမော ရှိနေ၏။

အတော်လေးကြာတော့မှ ...

"အစ်ကိုသုကျိန်းကလည်း ပြန်မလာသေးပါလား"

စန်းဖုံး ရယ်မောလိုက်လေသည်။

"သူ စိတ်ဆိုးပြီးထွက်သွားတာ ဖြစ်မှာပေါ့"

"ရှင်"

ယဉ်ယဉ်က အံ့သြသွားဟန်ဖြင့် ...

"စိတ်ဆိုးပြီးထွက်သွားတာ ... ဟုတ်လား"

ဟု မေးလိုက်လေသည်။ စန်းဖုံးက ရယ်မောလိုက်လေသည်။

"ဟုတ်တယ်လေ၊ အစ်ကိုနဲ့ညီမ ရင်းရင်းနှီးနှီး ဖြစ်သွားကြတာကို သူက မနာလိုလို့ နေမှာပေါ့ ... ဟဲ ဟဲ"

"အို ... ဘာဆိုင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်တာပေါ့ ညီမရယ်၊ ညီမက ဘိပ်လှတဲ့မိန်းကလေး တစ်ယောက်မဟုတ်လား"

"ရှင်"

"ဟင်း ဟင်း … တကယ်လို့ အစ်ကို့ဘဝစ်သက်မှာ ညီမလို ချောမောလှပတဲ့ မိန်းကလေးမျိုး မတွေ့သေးဘူး၊ ညီမနဲ့ ခုလို မိတ်ဆွေဖြစ်လိုက်ရတာ သိပ်ကိုက်ကောင်းတာပဲ၊ ဖြစ်နိုင်ရင် ခုထက်ပိုပြီး တောင် ရင်းနှီးချင်ပါသေးတယ်"

"ကျွန်မက ဒီအစ်ကိုသုကျိန်းနဲ့ပတ်သက်ပြီး အစ်ကိုကြီး တစ်ယောက်လို ခင်မင်ပါတယ်ရှင်"

ယဉ်ယဉ်က အလိုက်သင့် ပြောလိုက်လေသည်။

စန်းဖုံး ကျေနပ်သွားသည်။

"ညီမ … သုကျိန်းကို ဘာမှထည့်တွက်မနေနဲ့၊ သူဟာ သိုင်းပညာတစ်ခုကလွဲပြီး ဘာကိုမှ စိတ်ဝင်စားတာမဟုတ်ဘူး"

"ဩော် … ဟုတ်လား"

"ညီမ စဉ်းစားကြည့်လေ … ဆရာကွယ်လွန်သွားပြီး ဆယ်နှစ်ဆယ်မိုး ကြာတဲ့တိုင်အောင် တောထဲတောင်ထဲမှာ တစ်ယောက်တည်းသွားနေပြီး သိုင်းလေ့ကျင့်ခဲ့တယ်တဲ့၊ ဘယ်လောက် ရူးသွပ်မိုက်မဲသလဲ"



"သူက ဘာကြောင့်များ ဒီလောက်ဝေဘင် ကြိုးစားရတာလဲဟင်"

"သူက ရည်ရွယ်ချက်ကြီးမှာယ်လေ၊ တစ်နေ့မှာ ဆရာရဲ့နေရာကို ဆက်ဆံနိုင်ရမယ်ဆိုတဲ့သဘောပေါ့၊ ရှင်းရှင်းပြောရရင် ဆရာ့ရဲ့ပြိုင်ဘက်တွေနဲ့ ရင်ဆိုင်ဖို့ထက် တပည့်တွေထဲမှာ သူဟာ အတော်ဆုံးဆိုတာမျိုးဖြစ်အောင် ကြိုးစားခဲ့တာပေါ့"

သုကျိန်းအပေါ် မလိုတမာစကား ပြောလိုက်ခြင်းဖြစ်သည်။

ယဉ်ယဉ်က …

"သူက ဆရာ့ရဲ့ပြိုင်ဘက်တွေနဲ့ ရင်ဆိုင်မယ်ဆိုတာက ကော ဘယ်လိုသဘောလဲဟင်"

စန်းဖုံးက …

"ဆရာရဲ့ပြိုင်ဘက်ဟောင်း တောင်ပိုင်းသိုင်းရာဇာက သေဆုံးသွားပြီ၊ ဒါပေမဲ့ တပည့်တွေ ကျန်ရစ်ခဲ့သေးတယ်လေ၊ သုကျိန်းက တောင်ပိုင်းသိုင်းရာဇာရဲ့တပည့်တွေကို ယှဉ်ပြိုင်အနိုင်ယူဖို့ ဆုံးဖြတ်ထားတာ"

ယဉ်ယဉ် မျက်နှာပျက်သွားသည်။

တစ်နေ့တွင် သူမနှင့် သုကျိန်းတို့ ထိပ်တိုက်ရင်ဆိုင်ရမည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒါတွေထားလိုက်ပါတော့၊ သူကျိန်းလည်း ပြန်လာတော့မှာ မဟုတ်ဘူး၊ ညီမကို ကျုပ်လိုက်ပို့ပေးပါ့မယ် ... ဟုတ်ပြီလား"

ယဉ်ယဉ်က ချက်ချင်း သဘောတူလိုက်လေသည်။

"ကောင်းပါပြီရှင်"

သူတို့နှစ်ယောက်သည် စားသောက်ခကျသင့်ငွေ ပေးချေကာ ဆိုင်ထဲမှ ထွက်လာခဲ့ကြလေတော့၏။

☼

လမ်းဘေးတစ်ဖက်တစ်ချက်ရှိ အိမ်များမှ ထွန်းညှိထားသော မီးရောင်များသည် လမ်းပေါ်သို့တိုင် ဖြာကျနေလေသည်။

စန်းဖိုးနှင့်ယဉ်ယဉ်တို့ ပခုံးချင်းယှဉ်ကာ လျှောက်လာခဲ့ကြလေသည်။

စန်းဖိုးက ...

"အင်း ... အစ်ကိုတော့ အခုလို ကြုံတွေ့ရလိမ့်မယ်လို့ တစ်သက်လုံး မမျှော်လင့်ခဲ့ဘူး"

ဟုပြောလာလေသည်။



ယဉ်ယဉ်က ...

"အစ်ကိုကြီး ဘာကိုဆိုလိုတာလဲ"

ဟု မေးလိုက်သည်။

စန်းဖိုးက တစ်ချက်ရယ်မောလိုက်ပြီး ...

"ဩော် ... လရောင်အောက်မှာ နတ်မိမယ်လေးတစ်ယောက်နဲ့ အတူတွဲပြီး လမ်းလျှောက်ရလိမ့်မယ်ဆိုတာကိုပေါ့"

"ရှင်"

ယဉ်ယဉ် ခြေလှမ်းရပ်လိုက်လေသည်။

စန်းဖိုးသည် ဇာတိပြလာပြီ မဟုတ်ပါလား။ စန်းဖိုးက ...

"ညီမရယ် ... ကျုပ်တော့ ညီမကို မြင်မြင်ချင်းပဲ အရူးအမူးစွဲလမ်းသွားမိတာ အမှန်ပါပဲကွယ်"

ဟုပြောလေသည်။

ယဉ်ယဉ်က ...

"အို ... ကျွန်မ ကျွန်မ"

စန်းဖိုးက ...

"ညီမ အစ်ကို့ကို မငြင်းပါနဲ့ကွယ်၊ အစ်ကိုလေ ညီမအတွက် ဘာမဆို ပေးဆပ်ရဲပါတယ်၊ ညီမကိုတော့ လက်လွှတ်ဆုံးရှုံးမခံပါရစေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ယဉ်ယဉ်၏ လက်တစ်ဖက်ကို လှမ်းဆွဲရန် ဟန်ပြင်လိုက်၏။

ယဉ်ယဉ်က ဂေါပျာကယာ နောက်ဆုတ်လိုက်သည်။

"ကျွန်မ"

စန်းဖုံးက ...

"ညီမ ... အစ်ကိုနဲ့လိုက်ခဲ့မယ် မဟုတ်လားဟင်"

"ဟို ဟို"

"ဘာလဲ ... ဘုကျိန်းကြောင့်လား။ သူ့ကို ထည့်တွက်မနေစမ်းပါနဲ့၊ အလကားကောင်လေးပါ"

"မဟုတ်ဘူး၊ ကျွန်မ ..."

"လာပါ ညီမရယ်"

စန်းဖုံးသည် ယဉ်ယဉ်အား မည်သည့်နည်းနှင့်မျှ လက်လွှတ်မခံနိုင်တော့သည့်သဘော ရှိလေသည်။

ရှေ့သို့ လှုပ်တစ်ပြက်တိုးကာ ယဉ်ယဉ်ကို သွေးကြောဖိတ်လိုက်၏။

ထို့နောက် ဆတ်ခနဲပွေ့ချီကာ ပခုံးပေါ်ထမ်းပြီး ပြေးထွက်သွားလေတော့သည်။

✷



မျက်နှာဖုံးစွပ်ထားသူ၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါသည်။

အထူးသဖြင့် ထိုလူ၏ လက်ဝါးသိုင်းကွက်များသည် လေမုန်တိုင်း တိုက်ခတ်စဉ် ပင်လယ်ပြင်၌ ထကြွလာသော လှိုင်းလုံးကြီးများနှင့် အလားသဏ္ဌာန်တူလေသည်။

သုကျိန်းသည် သတိကြီးစွာထားကာ ရှောင်တိမ်းရင်း ...

"ခင်ဗျားဟာ တောင်ပိုင်းသိုင်းရာဇာနဲ့ ဘယ်လိုပတ်သက်နေသလဲ"

ဟု မေးလိုက်မိသည်။

"ဟား ဟား ဟား"

ထိုလူက ပကားတိုက်ရယ်မောလိုက်သည်။

"မင်း ဘယ်ဆိုးလို့လဲ၊ ငါ့ရဲ့သိုင်းကွက်ကိုကြည့်ပြီး ငါဘယ်သူနဲ့ပတ်သက်နေတယ်ဆိုတာ ခန့်မှန်းနိုင်တာကိုး၊ ဟုတ်တယ် ... ငါဟာ တောင်ပိုင်းသိုင်းရာဇာရဲ့ ညီမဝမ်းကွဲတော်တယ်၊ မိုးထိတောင် အဘိုးအိုရဲ့တပည့်တွေကို သုတ်သင်ရှင်းလင်းပစ်ဖို့ ငါမှာသည်း တာဝန်ရှိနေတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူမှာ ရုပ်ဖျက်ထားသော ဒေါ်လေးကူး ဖြစ်လေသည်။

✵

ဒေါ်လေးကူး ...။

ဒေါ်လေးကူးသည် တောင်ပိုင်းသိုင်းရာဇာ၏ ညီမဝမ်းကွဲတော်စပ်သူ ဖြစ်သည်။

မိုးထိတောင်အဘိုးအိုနှင့် ပတ်သက်နေသူများကို မုန်းတီးနေသူလည်း ဖြစ်သည်။

ယဉ်ယဉ်နှင့်သုကျိန်းတို့ သူမထံသို့ ရောက်လာပြီးနောက်တွင် သုကျိန်းအား သုတ်သင်ပစ်ဖို့ ဒေါ်လေးကူးက ဆုံးဖြတ်ခဲ့လေသည်။

ဒေါ်လေးကူးသည် စကားဆုံးသည်နှင့် သုကျိန်းအား ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်သည်။

သုကျိန်း၏နေရာ၌ မိုးထိတောင်အဘိုးအို၏ အခြားတပည့်တစ်ယောက်သာ ဖြစ်နေပါက ဒေါ်လေးကူး၏တိုက်ခိုက်မှုကြောင့် မရှုမလှ ဒုက္ခရောက်သွားနိုင်ပါသည်။

သုကျိန်းသည် ဆရာ့စကားကို မြေဝယ်မကျ နားထောင်ကာ သိုင်းပညာကို ဆယ်နှစ်ဆယ်မိုး လေ့ကျင့်ခဲ့သဖြင့် ထိပ်တန်း



အဆင့်သို့ ရောက်နေခြင်းကြောင့်သာလျှင် ဒေါ်လေးကူးအား ရင်ဆိုင်နိုင်ခြင်း ဖြစ်ပေတော့သည်။

သုကျိန်းသည် ဒေါ်လေးကူးအား ပေါ့ပေါ့တန်တန် သဘောထား၍ မဖြစ်မှန်း နားလည်လိုက်သဖြင့် အစွမ်းထက်သော သိုင်းကွက်များ ထုတ်ဖော်ကာ တိုက်ခိုက်လိုက်လေသည်။

သူတို့နှစ်ယောက်၏တိုက်ပွဲသည် တစ်စထက်တစ်စ ပြင်းထန်လာသည်။

နောက်ဆုံး နှစ်ယောက်သား ရှောင်လွှဲမရအောင် ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလေသည်။

ဤတွင် ...

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

သုကျိန်းနှင့် ဒေါ်လေးကူးတို့ ပြိုင်တူ နောက်ဆုတ်လိုက်ကြသည်။

သုကျိန်းက မလှုပ်မယှက်ရပ်လျက် ဒေါ်လေးကူးကို စိုက်ကြည့်နေ၏။

ဒေါ်လေးကူးကလည်း ကျောက်ရုပ်တစ်ရုပ်ပမာ ရပ်ကာ သုကျိန်းအား စိုက်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အတော်ကလေးကြာတော့မှ ဒေါ်လေးကူး၏ ခန္ဓာကိုယ်သည် တဆတ်ဆတ် တုန်ယင်လာပြီး ...

'ဝုန်း'

မြေပေါ် အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

☼

ဒေါ်လေးကူးသည် မြေပေါ်၌ လဲကျနေ၏။

တိုက်ပွဲတွင် မရှုမလှ အရေးနိမ့်သွားကြောင်း ထင်ရှားပေါ်လွင်နေသည်။

သုကျိန်း သက်ပြင်းချလိုက်၏။

သူ အသုံးပြုလိုက်သော သိုင်းကွက်၏ အစွမ်းထက်မြက်မှုကို သူ ကောင်းစွာ သဘောပေါက်ထားပါသည်။

ဒေါ်လေးကူးသည် မည်သည့်နည်းနှင့်အမျှ အသက်ရှင်နိုင်တော့မည်မဟုတ်ကြောင်း သိထား၏။

သုကျိန်းက ...

"ခင်ဗျားကသာ ကျုပ်ကို ဒုက္ခပေးဖို့ မကြိုးစားရင် ကျုပ်ကလည်း ခင်ဗျားကို ခုလို တိုက်ခိုက်ဖြစ်မှာ မဟုတ်ဘူး"

ဟု ပြောလိုက်သည်။



"အင်း အင်း"

ဒေါ်လေးကူး၏ ညည်းညူသံ ထွက်ပေါ်လာသည်။

သူမသည် လဲကျနေရာမှ လူးလိမ့်ထလာသည်။ မြေပေါ်၌ ထရပ်လာနိုင် သည်နှင့် ...

'ဝေါ့'

ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်လေသည်။

သုကျိန်း စိတ်မကောင်းဖြစ်သွားသည်။

"ကျုပ် စိတ်မကောင်းပါဘူးဗျာ"

ဟုလည်း လွှတ်ခနဲ ပြောလိုက်မိလေသည်။

"ဟား ဟား ဟား"

ဒေါ်လေးကူး ဟားတိုက်ရယ်မောလိုက်လေသည်။

"သုကျိန်း ... မင်း ကံကောင်းသွားတယ်၊ ဒါပေမဲ့ ကြာကြာ ကံမကောင်းနိုင်ပါဘူး၊ မင်းရဲ့အစ်ကို စန်းဖုံးက သေသွားတော့မယ်၊ မင်းလည်း မိုးထိတောင်ပေါ်ကို ရောက်တာနဲ့ သေရမှာပဲ"

"ဘာဗျ"

"ဟား ဟား ဟား ... ငါပြောတာ မယုံရင် စန်းဖုံးကို သွားရှာကြည့်ပါလား"

သုကျိန်း ထိတ်လန့်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



စန်းဖုံး ဒုက္ခရောက်တော့မည်ဟုလည်း စိတ်ထဲ ခံစားလာရသည်။ ထို့ကြောင့် …

"ကျုပ်ကလည်း တောင်ပိုင်းသိုင်းရာဇာနဲ့ ပတ်သက်နေတဲ့ လူတွေကို ခွင့်လွှတ်မှာ မဟုတ်ဘူး"

ဟု ပြောလိုက်သည်။

စကားဆုံးလျှင် ချာခနဲလှည့်ကာ ပြေးထွက်လာခဲ့လေသည်။

စန်းဖုံးအား ကူညီဖို့ အရေးကြီးသည်ဟု ခံယူထားသည်။

သူက စန်းဖုံးကို အမှန်ပင် ကူညီနိုင်မည်လော။

✲✲✲



## လွှမ်းပုံပြင်

သုကျိန်းသည် ဒေါ်လေးကူးကို ဂရုမစိုက်တော့ပါ။

စန်းဖုံးနှင့် ယဉ်ယဉ်တို့ ကျန်ရစ်ခဲ့သည့် စားသောက်ဆိုင်ဆီသို့ ဦးတည်ကာ တစ်ဟုန်ထိုး ပြေးလွှားသွားသည်။

ဒေါ်လေးကူးသည် သုကျိန်း အံ့ထိတ်တလန့် ဖြစ်သွားသည်ကို ကြည့်ကာ …

"ဟား ဟား ဟား"

ဟားတိုက် ရယ်မောလိုက်လေသည်။

သူမ၏ရယ်သံသည် ရယ်သံနှင့်မတူဘဲ ငိုညည်းသံနှင့် တူနေပါတော့သည်။

ရယ်မောရင်း သူမ၏ခန္ဓာကိုယ် တဆတ်ဆတ် တုန်ယင်လာလေသည်။

ထို့နောက် မည်သို့မျှ မထိန်းနိုင်တော့ဘဲ —

'ဝုန်း'

www.burmeseclassic.com

www.burmeseclassic.com



မြေပေါ် လဲကျသွားလေသည်။

သူမ၏နှုတ်ခမ်းထောင့်မှ သွေးများယိုစီးကျလာလေသည်။

သူကိုနှိုး၏လက်ချက်ကြောင့် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ပြီ ဖြစ်လေသည်။

မည်နည်းနှင့်မျှ အသက်ရှင်နိုင်တော့မည် မဟုတ်ကြောင်းလည်း နားလည်ထားလေသည်။

ထိုစဉ် ...

"ဒေါ်လေး"

ခေါ်သံနှင့်အတူ လူရိပ်တစ်ခု ရောက်ရှိလာသည်။

ယဉ်ယဉ် ဖြစ်သည်။

"ဖြစ်ရလေ ဒေါ်လေးရယ်"

ယဉ်ယဉ်က မချိတင်ကဲခေါ်ရင်း ဒေါ်လေးကူးအား ဖေးမ ပွေ့ထူလိုက်လေတော့သည်။

✲

"ဟား ဟား ဟား"

စန်းဖုံးက သဘောကျစွာ ရယ်မောလိုက်လေသည်။



သူက ချောမောလှပသော ယဉ်ယဉ်ကို ဖမ်းဆီးခေါ်ဆောင်လာပြီ ဖြစ်သည်။

ယဉ်ယဉ်အား သိမ်းပိုက်နိုင်တော့မည် ဖြစ်လေသည်။

"ရှင် ရှင် ဘာလုပ်တာလဲ"

ယဉ်ယဉ်က အော်ပြောလိုက်လေသည်။ စန်းဖုံးက ...

"ဟဲ ဟဲ ... ကျုပ်က ညီမကို လက်မလွှတ်နိုင်လို့ပါကွယ်"

"ရှင် ရှင် မယုတ်မာနဲ့"

"ကျုပ်က ညီမကို အတည်တကျ လက်ထပ်ယူမှာပါ"

စန်းဖုံးသည် ကိုယ့်ကိုယ်ကိုယ် ပိုင်လှပြီ ထင်နေသည်။

ယဉ်ယဉ်၏ ထောင်ချောက်ထဲ ကျရောက်နေမှန်း မသိသေးချေ။

စန်းဖုံး တဟဲဟဲ ရယ်မောနေစဉ် ယဉ်ယဉ်က ဆတ်ခနဲ မတ်တတ်ရပ်လိုက်လေသည်။

"ဟင်"

မမျှော်လင့်သောအဖြစ်ကြောင့် စန်းဖုံး အံ့သြသွား၏။

ယဉ်ယဉ် ရှုပ်ရှား၍မရအောင် သူက သွေးကြောပိတ်ထားခဲ့သည် မဟုတ်ပါလား။

"ဟင် ... မင်း မင်း"

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ယဉ် ပြုံးလိုက်သည်။

"ရှင်က သွေးကြောပိတ်ထားနိုင်တယ်လို့ ထင်ခဲ့တာ ရှင့်အမှားပဲလေ"

"မင်း"

"ကျွန်မက ရှင့်ကို ဆုံးမချင်လို့ တမင်လိုက်လာခဲ့တာ"

စန်းဖုံး မျက်လုံးပြူးသွားသည်။

"မင်း ဘယ်သူလဲ"

"တိမ်လွှာပါရှင်"

စန်းဖုံး ထိတ်လန့်သွားလေသည်။

"လက်စသတ်တော့ မင်းဟာ တောင်ပိုင်းသိုင်းရာဇာရဲ့ တပည့် ဖြစ်နေတာကိုး"

ယဉ်ယဉ်က ...

"ဟုတ်တယ်၊ ကျွန်မက ရှင်တို့ကိုဆုံးမဖို့ သိုင်းလောကထဲကို ဆင်းလာခဲ့တာပဲ"

"တောက်"

စန်းဖုံး ဒေါသတကြီး တက်ခေါက်လိုက်လေသည်။

"မင်းက ငါ့ကိုလှည့်စားဖို့ ကြိုးစားခဲ့တာကိုး၊ သိကြသေးတာပေါ့"



ဟု ကြုံးဝါးကာ စတင်တိုက်ခိုက်လိုက်လေသည်။

ယဉ်ယဉ်ကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သိုင်းပညာကို လျစ်လျူရှုကာ မိန်းမပွေဖို့သာ ကြိုးစားနေသော စန်းဖုံးသည် တကယ့်တိုက်ပွဲနှင့် ရင်ဆိုင်လိုက်ရသောအခါ ယဉ်ယဉ်ကို မယှဉ်နိုင်တော့ပါချေ။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်လိုက်ရပြီး မကြာမီ —

'ဝုန်း'

"အား"

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။

စန်းဖုံးမှာ ယဉ်ယဉ်၏လက်ချက်မိကာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

☼

သုကျိန်းသည် ယဉ်ယဉ်နှင့်စန်းဖုံးတို့အား လိုက်လံရှာဖွေခဲ့လေသည်။

ယဉ်ယဉ်တို့သည် စားသောက်ဆိုင်ထဲ၌ ရှိမနေကြပါတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ယဉ်တို့သည် ဘယ်နေရာရောက်ရှိသွားပါသနည်း။

သုကျိန်း၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

ယဉ်ယဉ်သည် စန်းဖုံးအပေါ် စိတ်ဝင်စားသွားပြီလော။

မိန်းမကျမ်းကျေသည့် စန်းဖုံးက ယဉ်ယဉ်ကို စည်းရုံးသိမ်းသွင်းသွားနိုင်ပြီလော။

သူတို့နှစ်ယောက်သည် သူ့ကိုပင် လျစ်လျူရှုသွားကြပြီဟု တွေးကာ စိတ်မကောင်းဖြစ်လာလေသည်။

သုကျိန်းသည် ဆက်၍ တွေးတောစဉ်းစားမနေနိုင်တော့ဘဲ ခြေလှမ်းကျဲကျဲဖြင့် ထွက်လာခဲ့လေတော့သည်။

ထိုအချိန်တွင် ...

✵

"ဖြစ်ရလေ ဒေါ်ဒေါ်ရယ်"

ယဉ်ယဉ် မချိတင်ကဲ ဖြစ်နေသည်။

ဒေါ်လေးကူးသည် သေလုမျောပါး ဒဏ်ရာရရှိထားပြီး မဟုတ်ပါလား။



ဒေါ်လေးကူးက ...

"ယဉ်ယဉ်"

"ဟုတ်ကဲ့ ... ပြောပါ ဒေါ်ဒေါ်"

"သူ့ရဲ့သိုင်းပညာက အတော့်ကို ကြောက်စရာကောင်းတယ်၊ မိုးထိတောင်အဘိုးအိုရဲ့ တပည့်တွေထဲမှာ သူ့ကိုယှဉ်နိုင်ဖို့ မလွယ်ဘူး"

ယဉ်ယဉ် ခေါင်းညိတ်လိုက်သည်။

"ကျွန်မ သဘောပေါက်ပါတယ် ဒေါ်ဒေါ်၊ သူ့ကိုသတိထားပါ့မယ်"

ဒေါ်လေးကူးက ...

"သူ့ကိုသာ သုတ်သင်ရှင်းလင်းပစ်နိုင်မယ်ဆိုရင် တောင်ပိုင်းသိုင်းရာဇာရဲ့ပညာဟာ မိုးထိတောင်အဘိုးအိုရဲ့ ပညာထက် သာတယ်ဆိုတာ ထင်ရှားပေါ်လွင်နေပြီပေါ့"

ယဉ်ယဉ် အံကြိတ်လိုက်သည်။

"စိတ်ချပါ ဒေါ်ဒေါ် ... ကျွန်မဟာ တောင်ပိုင်းသိုင်းရာဇာရဲ့ တပည့်ပီသအောင် ကြိုးစားဆောင်ရွက်သွားမယ်ဆိုတာ ကတိပေးပါတယ်"

ဒေါ်လေးကူး ကျေနပ်အားရဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်တာကွယ်"

သူမသည် ပြောရင်း ချောင်းတဟွတ်ဟွတ် ဆိုးလာသည်။

"အဟွတ် ဟွတ်"

ယဉ်ယဉ် စိုးရိမ်သွားသည်။

"ဒေါ်လေးကို သမားတော်ဆီကို ပို့ပေးမယ်"

ပြောပြောဆိုဆို ပွေ့ထူပစ်လိုက်လေသည်။ ဒေါ်လေးကူးက ခေါင်းခါယမ်းလိုက်သည်။

"အပင်ပန်းခံမနေပါနဲ့တော့ကွယ်၊ ဒေါ်ဒေါ့်အခြေအနေကို သိပါတယ်"

"ဒေါ်ဒေါ်"

"ယဉ်ယဉ်"

ဒေါ်လေးကူးက ခေါ်လိုက်လေသည်။

ယဉ်ယဉ်က ...

"ဟုတ်ကဲ့ ... ပြောပါ ဒေါ်ဒေါ်"

ဒေါ်လေးကူးက ...

"ယဉ်ယဉ့် မိုးထိတောင်အဘိုးအိုရဲ့ တပည့်တွေကို ပြတ်ပြတ်သားသား အနိုင်ယူပါကွယ်"

ထိုစကားသည် ဒေါ်လေးကူး နောက်ဆုံးပြောသွားသော



စကား ဖြစ်လေသည်။

စကားဆုံးလျှင် ...

ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားပြီး ယဉ်ယဉ်၏ရင်ခွင်ထဲ၌ပင် ခေါင်းစိုက်စိုက်ကျကာ သေဆုံးသွားလေတော့သည်။

"ဒေါ်လေးကူး ဒေါ်လေးကူး"

ယဉ်ယဉ်က ရူးရူးကျယ်လောင်စွာ ခေါ်လိုက်သည်။

သို့သော် သူမ၏ခေါ်သံကို ဒေါ်လေးကူး ကြားနိုင်တော့မည် မဟုတ်ပါချေ။

✵

မိုးထိတောင် ...။

မိုးထိတောင်သည် မြင့်မားမတ်စောက်လွန်းပြီး အလွန်သာယာလှပသည့် တောင်တစ်လုံးဖြစ်လေသည်။

သုကျိန်းသည် မိုးထိတောင်ပေါ်သို့ ရောက်ရှိလာပြီ ဖြစ်သည်။

သူ၏ခြေလှမ်းများ လေးလံနေသည်။

မိုးထိတောင်သည် သူ၏ကျေးဇူးရှင်ဆရာ နေထိုင်ခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



သူတို့တပည့်ခုနစ်ယောက် သိုင်းပညာသင်ကြားခဲ့သော နေရာလည်း ဖြစ်သည်။

သူတို့တပည့်ခုနစ်ယောက်သည် ...

မိုးထိတောင်ပေါ်တွင် ဆရာဖြစ်သူ ကွယ်လွန်သွားပြီး ဆယ်နှစ်အကြာတွင် ပြန်လည်ဆုံတွေ့ကြရန် ချိန်းဆိုထားခဲ့ပါသည်။

ယခုတော့ သုကျိန်း တစ်ယောက်တည်းသာ ရောက်လာနိုင်တော့သည်။

ဆယ်နှစ် ...။

ဆယ်နှစ်ဟူသောအချိန်မှာ လူ့ဘဝကို အပြောင်းအလဲကြီး ပြောင်းလဲသွားစေနိုင်သော အချိန်ကာလတစ်ခု မဟုတ်ပါလား။

သုကျိန်းသည် မိုးထိတောင်အပေါ် ရောက်သည်နှင့် တစ်ချိန်က နေထိုင် ပညာသင်ကြားခဲ့ရပုံများ၊ သွေးသောက်ညီအစ်ကိုများနှင့် ပျော်ရွှင်စွာ နေထိုင်ခဲ့ရပုံများ၊ ဆရာဖြစ်သူ ဆုံးမဩဝါဒ ခံယူခဲ့ပုံများကို ပြန်ပြောင်းတွေးတောရင်း မျက်ရည်ဝဲလာလေသည်။

ထိုသို့ ပျော်ရွှင်စရာ အချိန်ကာလများကို ဘယ်သောအခါမှ ပြန်လည်ရရှိနိုင်တော့မည် မဟုတ်ပါချေ။

မိုးထိတောင်၏ အရှေ့ဘက်ခြမ်းတွင် ဝါးရုံတောတစ်ခု ရှိလေသည်။



သုကျိန်းက ဝါးရုံတောဆီသို့ ဦးတည်လှမ်းသွားလိုက်လေသည်။

လေငြေ့ယမ်း တိုက်ခတ်လာသော ဝါးပင်များသည် တရှဲရှဲ မြည်သံပေးကာ ယိမ်းနွဲ့လှုပ်ရှားသွားလေသည်။

သုကျိန်းသည် ဝါးရုံတောရှေ့သို့ ရောက်သွားလျှင် ဟောင်းနွမ်းဆွေးမြည့်နေပြီဖြစ်သော အုတ်ဂူတစ်လုံးကို တွေ့မြင်လိုက်ရလေသည်။

"ဆရာ"

သုကျိန်း ရှုတ်ခနဲ ရေရွတ်လိုက်လေသည်။

ထိုအုတ်ဂူတွင် သိုင်းလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သည့် မိုးထိတောင်အဘိုးအို၏ ရုပ်ကလာပ်ရှိနေသည် မဟုတ်ပါလား။

သုကျိန်းသည် အုတ်ဂူရှေ့တွင် ဒူးထောက်ထိုင်လိုက်လေသည်။

"ဆရာ ... ကျွန်တော်သုကျိန်း ဂါရဝပြုပါတယ်"

ဟုပြောကာ ဦးသုံးကြိမ်ချပြီး ရှိခိုးကန်တော့လိုက်လေသည်။ ထိုစဉ် ...

"မိုးထိတောင်အဘိုးအိုဟာ တပည့်ခုနစ်ယောက်ကို မွေးခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



မယ့် ရှင့်လို တပည့်တစ်ယောက်ရှိသေးတော့ ဖြေသာပါသေးတယ်လေ”

အေးတိအေးစက် စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

“ဟင်”

သုကျိန်း ရှင်ထိတ်သွားသည်။

ဒူးထောက်ရာမှ ကပျာကယာထကာ စကားသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်လေသည်။

ထိုအခါ မလှမ်းမကမ်း တစ်နေရာ၌ ရပ်နေသော အနက်ရောင်ဝတ်ဆင်ထားသူတစ်ယောက် ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ မျက်နှာဖုံးစွပ်ကာ ရပ်ဖျက်ထားသူ ဖြစ်လေသည်။

သုကျိန်း မကျေမနပ် ဖြစ်သွားလေသည်။

“မင်းကိုး”

ဟု ရေရွတ်လိုက်လေသည်။

ထိုလူသည် သူ့အား လုပ်ကြံရန် ကြိုးစားခဲ့ဖူးသည် မဟုတ်ပါလား။



ထိုလူက ...

“ရှင်က မိုးထိတောင်ကိုတောင် ရောက်အောင်လာနိုင်ခဲ့တယ်ဆိုတော့ ဘယ်ဆိုးလို့လဲ၊ ကျုန်တဲ့လူတွေတော့ အခြေအနေ မကောင်းဘူးထင်တယ်”

“မင်းဟာ တောင်ဝိုင်းသိုင်းရာဇာရဲ့ တပည့်မဟုတ်လား။ သတ္တိရှိရင် မျက်နှာဖုံးစွပ်ကို ချွတ်လိုက်စမ်း”

သုကျိန်းက ငေါက်လိုက်သည်။

ထိုလူက ...

“ဟုတ်တယ်၊ ကျွန်မရဲ့ဆရာက မပြီးဆုံးသေးတဲ့ ယှဉ်ပြိုင်ပွဲကို ဆက်ပြီးတာဝန်ယူဖို့ ကျွန်မကို စေလွှတ်လိုက်တာလေ”

“ကောင်းပြီ ... ကျုပ် မင်းနဲ့ယှဉ်ပြိုင်မယ်”

“ရှင်သေချာရဲ့လား၊ ရှင့်ရဲ့သွေးသောက်ညီအစ်ကိုတချို့ ကျွန်မလက်ချက်နဲ့ သေသွားပြီဆိုတာ သတိထားဦးနော်”

သုကျိန်း ဒေါသထွက်လာသည်။

“စိတ်ချ ... ကျုပ် မင်းကို ဆုံးမပြမယ်ဆိုတာ မှတ်ထား ကဲ ... သတိထားပေတော့”

စကားဆုံးလျှင် ရုတ်တရက် ခုန်ဝင်သွားပြီး ထိုးနှက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကလည်း ပြန်လည်တိုက်ခိုက်လိုက်သည်။

သူတို့၏ယှဉ်ပြိုင်တိုက်ခိုက်မှုသည် ကြောက်ခမန်းလိလိ ပြင်းထန်နေလေတော့သည်။

☼

သုကျိန်းနှင့် အနက်ရောင်ဝတ်ထားသူတို့ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်နေကြသည်။

သုကျိန်းသည် ခံပြင်းဒေါသထွက်နေရာ၊ကား ဆယ်နှစ် ခါယ် မိုး လေ့ကျင့်ထားသည့်ပညာရပ်များကို အိတ်သွန်ဖာမှောက် ထုတ်ဖော်ကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

အနက်ရောင် ဝတ်ဆင်ထားသူကလည်း ခေသူမဟုတ်ပေ။

သူ၏တိုက်ခိုက်မှုသည်လည်း ကြောက်မက်ဖွယ် ကောင်းအောင် ပြင်းထန်နေပါသည်။

နှစ်ယောက်သား သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်လိုက်ကြရာ အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေတော့သည်။

☼



နေဝန်းနီမှာ ကောင်းကင်အလယ်ဗဟိုသို့ ရောက်ရှိလာပြီ ဖြစ်ပါသည်။

နေမွန်းတည့်ပြီဖြစ်သည့်တိုင် သုကျိန်းနှင့် အနက်ရောင်ဝတ်ထားသူတို့သည် သဲကြီးမဲကြီး ယှဉ်ပြိုင်တိုက်ခိုက်နေကြဆဲ ဖြစ်လေသည်။

သုကျိန်းသည် တောင်ပိုင်းသိုင်းရာဇာ၏တပည့်များ အနိုင်ယူမည်ဟု ဆုံးဖြတ်ထားသည်။

အကယ်၍ သူနှင့် သူသေကိုယ်သေ တိုက်နေသူမှာ တောင်ပိုင်းသိုင်းရာဇာ၏တပည့် တိမ်လွှာ (ဝါ) ယဉ်ယဉ်ဖြစ်သည်ကိုသာ သိနိုင်ခဲ့မည် ဆိုပါလျှင် ....။

သုကျိန်းမှာ အံတင်းတင်းကြိတ်ကာ ပြင်းထန်စွာ တိုက်ခိုက်နေလေတော့သည်။

☼

နေဝန်းနီသည် အနောက်ဘက်သို့ တဖြည်းဖြည်း နိမ့်ဆင်းသွားလေသည်။

နေမွန်းလွဲပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သုကျိုန်းနှင့် ယဉ်ယဉ်တို့ကား ပြင်းထန်စွာ တိုက်ခိုက်နေကြဆဲ။

ယဉ်ယဉ်သည်လည်း ဆရာဖြစ်သူ၏စကားကို မြေဝယ်မကျ နားထောင်ကာ သုကျိုန်းကို အနိုင်ရဖို့ အပြင်းအထန် ကြိုးစားနေလေသည်။

သို့ဖြင့် တိုက်ပွဲသည် ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လာပြီး လူချင်းပူးကပ်ကာ အတွင်းအားချင်း ယှဉ်ပြိုင်တိုက်ခိုက်ရသည်အထိ ဖြစ်လာပြီး နောက်ဆုံး ...

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

သုကျိုန်းရော ယဉ်ယဉ်ပါ နောက်သို့ လွင့်စဉ်ကာ မြေပေါ်လဲကျသွားလေတော့သည်။

☼

ယဉ်ယဉ်၏မျက်နှာပေါ်မှ မျက်နှာဖုံးစွပ် ကျွတ်သွား၏။ သုကျိုန်းသည် မြေပေါ်လဲကျသွားရာမှ အားယူထလိုက်ပြီး ...

'ဝေါ'



ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်သည်။

သူ့ အရေးနိမ့်သွားပြီလောဟု တွေးကာ လှမ်းကြည့်လိုက်၏။ ထိုအခါမှ ယဉ်ယဉ်ကို တွေ့လိုက်ရခြင်း ဖြစ်သည်။

သုကျိုန်းသည် ကိုယ့်မျက်လုံးကို ကိုယ်မယုံအောင် ဖြစ်သွားလေသည်။

"ဟင် ... ညီမ"

ယဉ်ယဉ်က အားယူပြုံးပြလိုက်သည်။

"တောင်ပိုင်းသိုင်းရာဇာရဲ့တပည့်ဟာ ကျွန်မပါပဲရှင်"

"ညီမ ... ဒါ ဒါ ဘယ်လိုဖြစ်ရတာလဲ"

သုကျိုန်း ထစ်ထစ်ငေါ့ငေါ့ ရေရွတ်လိုက်သည်။

ယဉ်ယဉ်က ...

"အစ်ကို ... ကျွန်မကို ခွင့်လွှတ်ပါနော်၊ ကျွန် ကျွန်မ"

သူမ စကားဆုံးအောင် မပြောနိုင်တော့ပါ။ ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေတော့သည်။

"ညီမ"

သုကျိုန်းက အသံကုန်ဟစ်အော်ခေါ်လိုက်သော်လည်း ယဉ်ယဉ် ကြားနိုင်တော့မည် မဟုတ်ချေ။

☼

www.burmeseclassic.com

www.burmeseclassic.com



မိုးထိတောင် ...။

မိုးထိတောင်သည် လွမ်းဆွတ်ဖွယ်ကောင်းသော တောင်တစ်လုံးဟု ထင်ရလေသည်။

သုကျိန်းသည် အဝေးမှနေပြီး မိုးထိတောင်ကို ငေးကြည့်နေမိ၏။ သူ၏မျက်ဝန်းအစုံ၌ မျက်ရည်များ ရစ်ဝဲနေ၏။

သူ၏အသည်းနှလုံးသည် မိုးထိတောင်ပေါ်၌ ကျန်ရစ်ခဲ့ပြီဖြစ်သည်။

မိုးထိတောင်အဘိုးအိုနှင့် တောင်ပိုင်းသိုင်းရာဇာတို့၏ ယှဉ်ပြိုင်ပွဲသည်လည်း ဆုံးခန်းတိုင်သွားပြီဟု ဆိုနိုင်ပါတော့သည်။

မည်သူနိုင်သည် ရှုံးသည်ကို သုကျိန်းအနေဖြင့် မည်သည့်အခါမျှ ဖွင့်ပြောလိမ့်မည် မဟုတ်ပေ။

သူကိုယ်တိုင်လည်း သိုင်းလောကကို ကျောခိုင်းစွန့်ခွာသွားရန် ဆုံးဖြတ်ထားပြီး ဖြစ်ပေလေတော့သည်။

တက္ကသိုလ်ဝင်းကြွယ်

www.burmeseclassic.com